
www.burmeseclassic.com


# ဓတ်ရင်

## အသည်းကွဲရေဒီယိုမှတ်တမ်း ၂



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


■ **ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် ✧ ၁၃၀၂/၂၀၀၄(၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ✧ ၁၂၃၃/၂၀၀၄(၁၁)

■ **ပုံနှိပ်ခြင်း**

ပထမအကြိမ် ၂၀၀၄ ခုနှစ်

■ **မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်**

ကိုရွှေထူး(ပြည်)

■ **မျက်နှာဖုံးပုံနှိပ်**

ဦးတိုးဝင်း(၀၂၄၃၁)နေလရောင်အော့ဖ်ဆက် အမှတ်(၉၆-ခ)၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

■ **အတွင်းပုံနှိပ်**

ဦးမောင်မောင်လေး(၀၇၀၅၁)၊ စန္ဒာဝင်းပုံနှိပ်လုပ်ငန်း အမှတ်(၂၀၉)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

■ **ထုတ်ဝေသူ**

ဦးကျော်ဟင်း(၀၉၉၁၀)၊ ယုံကြည်ချက်စာပေ၊ အမှတ်(၂၈၁)၊ ၃၁ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

■ **အုပ်ရေ**

၁၀၀၀

■ **တန်ဖိုး**

၈၅၀ ကျပ်


**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



www.burmeseclassic.com

www.burmeseclassic.com

# ဇော်ရင်

အသည်းကွဲရေဒီယိုမှတ်တမ်း ၂

ခေါင်းပါးဝတ္ထုတိုပေါင်းချုပ်

www.burmeseclassic.com

www.burmeseclassic.com

ရေဒီယိုနှစ်လုံးဓါနှောင်ထုံး




www.burmeseclassic.com

www.burmeseclassic.com

♫ ကျွန်တော်စဉ်းစားကြည့်သည် × × × အသက်တစ်ရာကျော် × × × ကျွန်တော်နေရမည်ဆိုရင် အတည် × × × သူ့ကိုချစ်တဲ့အချစ်တွေ × × × ဘယ်နားပင် သွားထားပါရမည် × × × ♫

ထိုမျှလောက် ရိုးစင်းလှပတဲ့အဖွဲ့မျိုး ကျွန်တော် မရေးတတ်ပါ။ ကိုမြကြီး ဆိုထား၍ သာ စွဲစွဲလမ်းလမ်း သတိရနေခြင်းသာ ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေကျတော့လည်း ဘယ်လိုစကားလုံးဖြင့် သုံးနှုန်းရမည်မှန်းမသိ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ဟာ ကာလများစွာ ကြာမြင့်သည်အထိ လတ်ဆတ်နေကြပါဦးမည်။ အရှိန်အဟုန်ကောင်းကောင်းနှင့် လတ်ဆတ်ခဲ့ကြသလိုပါပဲ။ အမြဲတစေ သတ်သဟ်စီ ဖြစ်နေခဲ့သည်။ နှစ်ယောက်စလုံးကလည်း ခွဲမရအောင် ပေါင်းစည်းဖို့ အိမ်မက်မမက်ရဲခဲ့ကြတာလည်းပါသည်။ ကိုယ်တွေက မပြည့်စုံတော့ ကိုယ့်ဘဝထဲမှာ သူနစ်မွန်းမည်။ သူကလည်း မောင်နှမရှစ်ယောက်၏ဝန်ကို ကျွန်တော်ထမ်းရမှာစိုးသည်။ ဒါတွေဟာ အတိအလင်းအချေအတင် ဆွေးနွေးခဲ့ကြသလားဆို တော့လည်း မဟုတ်။ နှစ်ဦးသား မျက်လုံးအကြည့်နှင့် မျက်နှာ၏ စကားများကို အသံတိတ် အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြခြင်း ဖြစ်သည်။

နှုတ်ဆက်ကြတော့ သူကကျွန်တော့်ကို ဖောင်တိန် တစ်ချောင်းလက်ဆောင် ပေးသည်။ ကျွန်တော်ဘာလက်ဆောင် ပြန်ပေးရမည်ဆိုတာကို တော်တော်နှင့်စဉ်းစား၍ မရ။ တစ်ခါတစ်လေ နှုတ်ခမ်းနီလေးဆိုးတတ်သူမို့ ပေးဖို့စိတ်ကူး လိုက်သော်လည်း နှုတ်ခမ်းနီ ထက် အရေးကြီးတာ ဘာရှိသေးလဲဟု တွေးမိဖြစ်သည်။ တစ်ခါက သူ့လက်သည်းအရှည် လေးတွေကို သိပ်ကြည့်ကောင်းတာပဲ"ဟု ပြောတော့ရယ်ပြီး 'လက်သည်းညှပ်ဝယ်ရင် ပိုက်ဆံကုန်မှာစိုးလို့'တဲ့။ တကယ့်ကိုပဲ မြတ်လေး၏ဘဝမှာ လိုအပ်ချက်တွေများလှသည်။ သူ မလိုအပ်တာ သူ့အလှတစ်ခုပဲ ရှိသည်။ သီချင်းထဲကလိုပဲ ပိုနေတဲ့အလှတွေကို ဘယ်နားသွား



ထားရမှန်း မသိအောင်လှပါသည်။ ကျွန်တော်နှင့်လည်း မတန်ပါ။ မတန်လို့ပဲ ဖူးစာဝေးခဲ့တာလားဟု ဆွေးတဲ့အခါတိုင်း တွေးပါသည်။ နောက်ဆုံးတော့ သူ့အတွက် အလိုအပ်ဆုံး မဟုတ်ပေမဲ့လည်း အပူသောက အတွေးတွေပေါ့ပါးလို ပေါ့ပါးငြားဆိုပြီး ရေဒီယိုတစ်လုံး လက်ဆောင်ပေးခဲ့ပါသည်။

'အချိန်ရှိသရွေ့ချည်းလည်း အတွေးတွေ၊ သောကတွေနဲ့ တော့ မနေနဲ့ပေါ့ဟာ . . နင်က သီချင်းတွေလည်း ကြိုက်တတ်တယ် မဟုတ်လား၊ ရေဒီယိုဖွင့်ထားတော့ ရေဒီယိုထဲမှာ စိတ်ရောက်ပြီး အာရုံကို စုစည်းထားလို့ရတာပေါ့၊ ဒါပေမဲ့ မြန်မာပိုင်းအစီအစဉ် က ညကိုးနာရီထိုးရင် ပြီးပြီဟ၊ အဲဒီအထိမှ နင့်အတွေးကွေ မပြတ်သေးတဲ့အခါ ကျတော့လည်း အင်္ဂလိပ်ပိုင်းအစီအစဉ်ကို ဆက်ဖွင့်ထားလိုက်ပါပေါ့ဟာ။ ညဉ့်နက်လာတော့လည်း နင်အိပ် ပျော်သွားမှာပေါ့'

ထိုသို့ပြောသည့်အခါ ပေါက်ပေါက်ရှာရှာတဲ့။ မြတ်လေးကို ပျော်နေစေချင်ပါသည်။ သူ့ငယ်ချင်းတွေဆိုတော့လည်း အသည်းက ခင်တွယ်သည်။ အရာရာကို ပိုလာတော့လည်း နှလုံးသားက နှောင်တွယ်သည်။

* * *

တစ်ခါက ရေဒီယိုကို အလယ်မှာထားပြီး နှစ်ယောက်သား တစ်နေကုန် နားထောင်ခဲ့ကြဖူးသည်။ အဲဒီနေ့ကတော့ ရေဒီယို အစီအစဉ်များကို ပြောကြရင်း သီချင်း ပဟေဠိလည်း လုပ်ဖြစ်သွား သေးသည်။ ထိုအစီအစဉ်ဘယ်အချိန်က ရပ်သွားတာလဲဟု ဆိုတော့ ကျွန်တော်လည်းမသိ။ မြတ်လေးက သီချင်းပဟေဠိလာ

www.burmeseclassic.com



ရင် သိပ်ပျော်ဖို့ကောင်းတဲ့အကြောင်း၊ သူလိုက်ဖြေတာ အမြဲတမ်း အမှတ်ပြည့်ရတယ်ဆိုတဲ့အကြောင်း ပြောသည့်အခါ ကျွန်တော်က တီးလုံးလေးတစ်ခု ညည်းပြသည်။ သူမဖြေနိုင်။

'နောက်တစ်ခေါက်လောက် ထပ်ဖွင့်ပြပါဦးမောင်ကြီးရယ်'

'ရေဒီယိုမှာ မောင်လေးလို့ပဲ ကြားဖူးပါဘယ်ဟာ'

'ဟယ် နင်ကလည်း ငါတို့က ရေဒီယိုမှ မဟုတ်ဘဲ။ လေဒီယိုပဲဥစ္စာ၊ နင်က ငါ့ထက်တစ်နှစ်ကြီးတော့ မောင်ကြီးပေါ့ဟာ၊ ကဲလုပ်ပါ၊ နောက်တစ်ခေါက်လောက်'

နောက်တစ်ခေါက်နှင့်လည်းမရ။ မြန်မာ့အသံမှာဆို တစ်ခေါက်ပဲ ထပ်ဖွင့်ပြတာနော် ဆိုတော့လည်း ငါတို့က မြက်ခင်းပြင်မှာလေ မြန်မာ့အသံမှာမှ မဟုတ်တာ၊ ထပ်ဖွင့် ပြဟု ဂျီကျသည်။ မြတ်လေးက စိတ်တွေလန်းဆန်းနေလျှင် ချစ်စရာကောင်းလောင်အောင် အာဝဇ္ဇန်းရွှင်သည်။

ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေမှာလည်း မေ့မရသော ရေဒီယိုနှစ်များနှင့် ကြီးပြင်းလာခဲ့ကြပါသည်။ အစီအစဉ်တွေ အားလုံးကို ကြေညာစရာမလိုဘဲ ဘာပြီးရင် ဘာလာမယ်ဆိုတာကို မှတ်မိနေသည်။ အသံလွှင့်ဇာတ်လမ်းလာမည့်နေ့ဆိုလျှင် ထမင်းအစောကြီးစားထားပြီး အိပ်ရာအဆင်သင့်ခင်းထားသည်။ အသံလွှင့်ဇာက်ကို နားထောင်ပြီး အသံရှင်ဇာတ်ဆောင် ဘယ်သူ ဘယ်ဝါဆိုသည်ကို ငြင်းကြည့်ကြပြီ။ နောက်ဆုံးဇာတ်လမ်းပြီး၍ ဤဇာတ်လမ်းတွင် ဦးဖြူအဖြစ် ဘယ်သူ၊ မဖြူအဖြစ် ဘယ်သူဆိုသည်နှင့် ကိုယ်မှန်လျှင်ပျော်ပြီး ကိုယ်မှားလျှင် အားမလို အားမရ ဖြစ်ခဲ့ကြသည်။



'အဲဒီလို အသံလွှင့်ဇာတ်တွေ ဘာဖြစ်လို့ မလွှင့်တော့တာလဲ မသိဘူးနော်'

ဟု မြတ်လေးမေးဖူးသည်။

'ဇာတ်လမ်းပမာလာနေသားပဲ'

'ဒါဖြင့် ဘဝကြေးမုံဇာတ်လမ်းစုံကျဖော့ကော'

'ဟာ အဲဒါတော့ ငါလည်းမသိဘူး၊ နင်သိချင်ရင် သောတရှင်အတွက် ပြန်ကြားချက် ကို စာရေးပြီး မေးကြည့်ပါလား'

သူ့ကိုပြောမည့်သာ ပြောလိုက်သော်လည်း ကျွန်တော်လည်း မမေးရဲပါ။ အနယ်နယ် အရပ်ရပ်မှလာသောစာများကို အလေးထားပြီး ဖြေကြားပေးနေသည့် အစီအစဉ်လေးကလည်း ရေဒီယို၏မေ့မရကဏ္ဍတစ်ရပ်ပင် ဖြစ်သည်။ တချို့ကလည်း အဆိုတော် တစ်ယောက်တည်း၏သီချင်းကို ခဏခဏလွှင့်ပေးဖို့ ပြောသည်။ မြန်မာ့အသံမှလည်း ခဏခဏနှင့်သူ့ချည်းလွှင့်ဖို့ မဖြစ်နိုင်ကြောင်းနှင့် အလှည့်ကျ လွှင့်ပေးမည်ဆိုသည့် အကြောင်း ဖြေကြားသည်။ ထိုသို့ အမျိုးမျိုးအဖုံဖုံကို ဖြေကြားနေရင်း အမေး တစ်ခုကို ဖြေသည့်အခါ

'. . . သီချင်းများကို ထုတ်လွှင့်တဲ့အခါမှာ မနက်အခါမှာ နေ့သီချင်း၊ မိုးအခါမှာ မိုးသီချင်းနဲ့ မနက်စောစောမှာ စောစောသီချင်းတို့ကိုသာ ရွေးချယ်ထုတ်လွှင့်ပေးမှာဖြစ်ပြီး မလိုက်ဖက်တဲ့သီချင်းမျိုးကိုတော့ ထုတ်လွှင့်ပေးမှာ မဟုတ်ပါဘူးလို့ ဖြေကြားပါရစေ. .'

ဟု ဖြေပြီး ထိုအစီအစဉ်အပြီးမှာ သီချင်းတစ်ပုဒ်လွှင့်တော့

www.burmeseclassic.com

www.burmeseclassic.com



♫ × × × ခုလို မိုးကလေးမျိုးတော့ × × × ချစ်တဲ့သူကို
ကိုယ်သတိရတယ် × × × အကြင်နာဆုံးရယ် × × ×
မမြင်တာကြာလို့ မုန်းပြီထင်တယ် × × × တစ်ကမ္ဘာမခြား
သေးပါဘူးကွယ် × × × ♫

ထိုအချိန်က နွေရာဦးမို့ လူတစ်ကိုယ်လုံး ချွေးဒီးဒီးကျ နေသည်။ နောက်ကျောမှာ ပန်ကာဖွင့်ပြီး မျက်နှာကို ယပ်တောင်နှင့် ခပ်နေရသည်။ ထိုသီချင်းကိုကြားတော့ သောတရှင်အတွက် ပြန်ကြားချက်ကို စိတ်ကူးထဲမှာ မေးကြည့်သည်။

"ရန်ကုန်က မောင်ဇော်ဇင်မေးတာကို ဖြေကြားပေးရမှာဖြင့်ရင် သီချင်းတစ်ပုဒ်ကို ဆုံးအောင် နားထောင်ပါလို့ပဲ ပြောပါရစေ၊ အဲဒီသီချင်းရဲ့နောက်ဆက်တွဲမှာ 'နွေကန္တာလျှောက်လှမ်းရသလို'လို့ သီဆိုထားပါသေးတယ်၊ နွေလယ်ခေါင်မှာ မိုးရွာတာမျိုးလည်း ရှိတတ်သလို မိုးရွာနေရင်း နေထပူတာမျိုးလည်း ရှိတတ်ပါတယ်၊ ခံစားမှုကိုမှီပြီး ဖွဲ့နွဲ့ရေးစပ်ထားတာမို့ တေးရေးသူရဲ့ စိတ်အစဉ်မှာ မိုးချုပ်ချင် ချုပ်နေပြီး ချက်ချင်း မိုးလင်းသွားတတ်သလို တစ်ပြိုင်တည်းမှာ မိုးတွေရွာ၊ နေတွေပူပြီး နှင်းတွေလည်း ကျလာကောင်းကျလာနိုင်ပါတယ်။ ဒါကြောင့် သီချင်းတစ်ပုဒ်ကို ဆုံးအောင် နားထောင်ခံစား ပြီးမှ မေးပါလို့ ဖြေကြားပါရစေ"

ဆိုပြီး ဖြေသွားမှ ကျွန်တော့်မှာ ဟုတ်ပေ့ဖြစ်သွားနိုင်သည်။

ရေဒီယို၏အစီအစဉ်များထဲမှာ သီချင်းပဒေသာနှင့် သောတရှင်တို့လိုရာ အစီအစဉ် များဆိုလျှင် ရေဒီယိုရှေ့မှာ



ကျွန်တော်ရှိနေတာများသည်။ ဘယ်အချိန်၊ ဘယ်နေ့၊ ဘယ်နှစ်နာရီမှာဖြင့် ယီချင်းပဒေသာများများ ကောင်းကောင်းထုတ်လွှင့်တတ်သည် ဆိုတာကိုပါ ကိုယ်ကသိနေသည်။ သိနေ၍လည်း တချို့အဖြည့်ခံအပုဒ်ကလေးများကို ဂရုတစိုက်နားထောင်ရသည်။ ရေဒီယို၏ သီချင်းမှာက သူ့ချည်းသက်သက်လွှင့်သလို အဖြည့်ခံလည်း လွှင့်သည်။ အစီအစဉ်တစ်ခုနှင့်တစ်ခုကြားမှာ သုံးမိနစ်၊ လေးမိနစ်၊ အလွန်ဆုံးငါးမိနစ်ခန့်လောက် ကွာနေတာမျိုးရှိသည်။ ဥပမာ- ဖတ်စရာ မှတ်စရာအစီအစဉ်ပြီးလျှင် ဆယ့်တစ်နာရီ သတင်း လာမည်။ ထိုအခါ ဖတ်စရာ မှတ်စရာ တိုနေလျှင် သတင်းကြေညာမည့် ဆယ့်တစ်နာရီနှင့် ကတွက်တိမဖြစ်ဘဲ သုံးလေးမိနစ်လိုသွားမည်။ ထိုသို့ဆိုလျှင် သီချင်းတစ်ပုဒ် လွှင့်ပြီး အချိန်ကို ဖြည့်လိုက်ခြင်းဖြစ်သည်။ ရေဒီယိုကို အမြဲနားသောတဆင်နေသူတွေအဖို့ကတော့ သိနေနိုင်သည်။ ဟိုးတစ်ချိန်က ကျေးလက်ဇာတ်လမ်း၏ အဓိကဇာတ်ဆောင်ဖြစ်သော ကိုသာဆန်းနှင့် မယ်ဖော့နေရာတွင် ယခုကိုကြီးထိန်နှင့် မမလုံးတို့ဖြစ်နေပြီဆိုသည်ကိုလည်း သိမည်။ မင်းကျော်မင်း၏ နေ့စဉ်သုံးအင်္ဂလိပ်စကားပြောအစီအစဉ်ပြီးလျှင် နိုင်ငံတကာသတင်းကြေညာမည်။ ပြီးလျှင် သူ့နေရာနှင့်သူ အလှည့်ကျအစီအစဉ်များလာ မည်။ ဒေါက်တာအောင်နိုင်၏ သုငယ်အဖြာဖြာ တိုင်းရင်းဆေးပညာလာမည်။ ဇာတ်လမ်းပမာ လာ လာသည့်နေ့လာမည်။ ဗုဒ္ဓဟူးနေ့ဆိုလျှင် သီချင်းကြီးလာမည်. . . စသည်ဖြင့်။

ကိုမြကြီး၏'အသက်နှင့်ယှဉ်၍ ချစ်သည်' သီချင်းကို ကျွန်တော်အထက်က ပြောသလို အဖြည့်ခံအလွှင့်လေးမှာ

www.burmeseclassic.com



စတင်ကြားရခြင်း ဖြစ်သည်။ ရေဒီယိုသီချင်းတွေမှာက တိုတိုလေး နှင့်ပြီးသွားသည့်သီချင်းက တော်တော်ရှားသည်။ စဆိုကတည်းက ပထမပိုဒ်ဆိုသည်။ နောက်တစ်ခေါက်ပြန်ကျော့သည်။ အလယ်ပိုဒ်ဆိုသည်။ တီးလုံးချည်းသက်သက် တီးသည်။ နောက်ဆုံးပိုဒ်ဆိုသည်။ သည့်နောက် အစအဆုံး တစ်ခေါက် ပြန်ဆိုသည်။ အချိန်ကြာသလောက် သီချင်းရှည် သလောက်လည်း နားထောင်ကောင်းပါသည်။ 'ကိုစိန်ဝင်း'၏'အသည်းစကား'ကို နားထောင်ရတာ ရည်းစားစာတစ်စောင် ဖတ်ရသလို နှစ်ခြိုက်မိပြီး 'ညွှန့်ညွှန့်ဇိန်'၏ 'ခရေပင်အောက်က ပိတောက်ချစ်သူ'ကို နားထောင်ရသည်မှာ အသည်းကွဲသူတစ်ယောက် ကို ကရုဏာသက်ပြီး လူမမြင်အောင် အကွယ်လေးက ချောင်းကြည့်နေသလိုပဲ ခံစားရပါသည်။ ထို့ကြောင့် သီချင်းရှည်ရှည်များကို အဖြည့်ခံလွှင့်သည့်အခါ သီချင်း၏အဆုံးကို မသိလိုက်တော့တာမျိုးလည်း ရှိသည်။ ကိုယ်သိ၍ အလွန်ကောင်းသော သီချင်းတစ်ပုဒ်ဆိုလျှင်လည်း အသံက တဖြည်းဖြည်း တိုးသွားပြီး နေ့လည်ဆယ့်နှစ်နာရီ ထိုး၍သော်လည်းကောင်း၊ သတင်းကြေညာချိန် ရောက်၍ သော်လည်းကောင်း၊ ညကိုးနာရီထိုးသွား၍သော်လည်းကောင်း၊ ညကိုးနာရီထိုးသွား၍ အင်္ဂလိပ်ဘာသာ အစီအစဉ်များကို အသံလွှင့်ပါတော့မယ်' ဆိုပြီး သီချင်းတန်းလန်းရပ်သွား၏။

အခုတလော ညရှစ်နာရီသတင်းများအပြီး သီချင်း ပဒေသာအစီအစဉ်လွှင့်သည့် နေ့၏ ညကိုးနာရီး မထိုးခင် နောက်ဆုံးသီချင်းဆိုလျှင် 'လဲ့ယဉ်မြင့်' ၏'အိပ်ရာဝင်ပုံပြင်' သီချင်းကို ခဏခဏ ကြားရသဖြင့် စာသားတွေတောင် အလွတ် ရနေသည်။ အိပ်တော့လေ. . အိပ်ချိန်ရောက်ပြီ. . ဟု သတိပေးသလိုလည်းရှိချေသည်။



* * *

". . . အဖေနဲ့ အမေက စာမတတ်ဘူးမဟုတ်လား၊ နင့်ရေဒီယိုလေးက ငါတို့ အိမ်အတွက် အဖိုးတန်ပစ္စည်းလေး တစ်ခုပါပဲဟ၊ ရေဒီယိုက နားရတယ်မရှိဘူး၊ ညကိုးနာရီ ထိုးနေပြီး အဖေရဲ့လို့တောင်ပြောယူရတယ်၊ အဘိုးအဘွား အလေးထား အစီအစဉ်ထဲက စာရေးဆရာကြီးတွေရဲ့ ကျန်းမာအသက်ရှည်အောင် နေပုံထိုင်ပုံတွေ၊ အစားအသောက် ဆင်ခြင်ပုံတွေကို နားထောင်ရတော့မှပဲ အဖေလည်း သူ့ကျန်းမာရေးကို သူဂရုစိုက်နေတာ။ နင်ပြောသလိုပါပဲ၊ ရေဒီယိုကတော့ စာမတတ်တဲ့သူ အတွက် စာတွေကို ပြောပြနေတဲ့စကားတွေ ဆိုတာ နေ၁၊ နင်လည်း ကျန်းမာရေးကို ဂရုစိုက်နေ၁၊ တို့တွေက ငယ်တော့တာ မဟုတ်ဘူး၊ အသက်က သွားနေတာ. . .'

မြတ်လေးထံမှ ရှားရှားပါးပါး စာလေးတစ်စောင် ရောက်သည်။ မြတ်လေးက စကားပြောကောင်းသလို စာရေးလည်းကောင်းသူမို့ ကျွန်တော်အကြိမ်ကြိမ် ထုတ်ဖတ်ရသည်။ သတိရသည့်အခါတိုင်း စာကိုပြန်ဖတ်ရင်း သူပေးထားသည့် မိသားစု ဓာတ်ပုံလေးကိုလည်း ထုတ်ကုတ်ကြည့်ဖြစ်သည်။ မွေးချင်းရှစ်ယောက်မှာ မြတ်လေးက တတိယ။ ပထမနှင့် နောက်ဆုံးက ယောကျ်ားလေး နှစ်ယောက် ဖြစ်ပြီး အလယ်ခြောက်ယောက်စလုံးက မိန်းကလေးတွေချည်းဖြစ်သည်။ အစ်ကိုကြီး အိမ်ထောင်သည်ကလွဲပြီး ကျန်တာလူလွတ်တွေဖြစ်သလို အကုန်လုံးကလည်း အလုပ်ကိုယ်စီ

www.burmeseclassic.com



နှင့် ဖြစ်နေကြပြီ၊ ထိုစာရခြင်းကလည်း အငယ်ဆုံး မောင်လေး ဆယ်တန်းအောင် လို့ ဝမ်းသာပြီး ရေးလိုက်ခြင်း ဟုဆိုသည်။

အရမ်းဝမ်းသာတဲ့အခါ ဒါမှမဟုတ် စိတ်တစ်ခုလုံး ပေါ့ပါးနေတဲ့အခါတိုင်း နင့်ကို သတိရလိုက်တာပါပဲဟု ပြောသဖြင့် ကိုယ့်မှာကြည်နူးရသည်။ နှစ်ယောက်စလုံးအတွက် ကတော့ အခုတိုင်းပဲ ကောင်းပါလိမ့်မည်ဟု တွေးပါသည်။ ဘဝပေး အခြေအနေ၏ အားနည်းချက်ကိုလည်းသိသည်၊ ထို့ထက်ပိုပြီး အနက်ရှိုင်းဆုံးဟု ယူဆရသည့် နှလုံးသားထောင့်စွန်း၏ ကွက်လပ်ကိုလည်း သိကြသည်ဟု ထင်ပါသည်။ ရင်ဆိုင်ဖို့သတ္တိ မရှိဘူးလားဟု တစ်ယောက်ကို တစ်ယောက် မမေးမိအောင် နေဖို့လည်း အမြဲသတိထားပါဆိုသည့် စာချုပ်တစ်ခု ရှိထားသလိုပင်။ တစ်ခါတစ်ခါများ သူက ကျွန်တော့်အကြောင်း တွေးမိလို့ တစ်နေကုန်သွားတယ်ဆိုတာမျိုးများ ရှိဖူးလေသလားတော့မသိ၊ ကျွန်တော်ကတော့ မြတ်လေးအကြောင်း တွေးမိပြီဆိုလျှင် စိတ်ခရီးအနံ့အလျား ရှည်လှသည်။ ရေဒီယိုထဲ အာယုနှင့် သာစု၏ ဆွေးနွေးခန်း အဆုံးသတ်စကားဖြင့် ပြောရလျှင် 'ကဲမြတ်လေးရေ နောက်တစ်ပတ်မှ ပြန်တွေ့ကြဦးစို့ရဲ့'ဟု ဆိုရမလိုပင်။

ကိုယ့်ပေးတဲ့ပစ္စည်းက တစ်ယောက်တည်းအတွက်တင် မကဘဲ တစ်အိမ်သားလုံး အဟွက်ပါ အရေးပါပြီး အရာထင်သည် ဆိုတော့လည်း ပီတိဖြစ်မိသည်။ မြတ်လေးပြောသလိုပါပဲ၊ ကျွန်တော့အဘိုးကလည်း စာမတတ်တော့ ရေဒီယိုကို အားကိုး သည်။ ဆရာမောင်ဆုရှင်ဟောပြောသည့် သိပ္ပံအကြောင်းတွေကို



စိတ်ဝင်တစား နားထောင်ပြီး မှတ်ထားသည်။ ထို့ကြောင့်လည်း တစ်ခါက ရေဒီယို ပဟေဠိအစီအစဉ်မှာ 'မိုးယာအာကာသယာဉ် ကြီး ဘယ်ပင်လယ်ထဲ ပြုတ်ကျသွားသလဲ' ဆိုသည်နှင့် အဘိုးက ထဖြေသည်။ ဒါတင်မကသေး ကမ္ဘာပေါ်မှာ ငရုပ်ကောင်းအများ ဆုံး တင်ပို့တဲ့နိုင်ငံ'ကို မေးတော့လည်း 'ဗီယက်နမ်ကွ ဗီယက်နမ်'ဟု ဖြေပြီး တစ်ယောက်တည်း ကျေနပ်နေသည်။ ကျွန်တော်တို့ကျတော့ ရေဒီယိုပဟေဠိကို သီချင်းပဟေဠိလောက် သိပ်မဖြေနိုင်တော့။

ရေဒီယိုနှင့်ပတ်သက်သမျှတွေကတော့ ကျွန်တော်တို့ မောင်နှမတစ်တွေတင်မဟုတ်။ သူငယ်ချင်းတွေမှာလည်း တွေ့ကြရတာတာတွေရှိသည်။ လက်ထပ်ပြီးတာ သိပ်မကြာ သေးသော ထွန်းအောင်တို့ ဇနီးမောင်နှံမှာ (ညားခါစဆိုတော့) မီးဖိုချောင်ထဲဝင် အတူချက်ကြ၊ ပြုတ်ကြပါလေ။ တစ်နေ့ 'ကြောင်လျှာသီးကြီးရှေ့ချပြီး ဘာလုပ်ရင်ကောင်းမယ် အဖြေရှာ မရဖြစ်နေသတဲ့။ ထိုအချိန်မှာပဲ ရေဒီယိုထဲက 'မြန်မာ့အစားအစာ နှင့် အာဟာရ' အစီအစဉ်ကနေပြီး ကြောင်လျှာသီးကောင်းပုံ ကောင်းနည်း ချက်ပုံချက်နည်း စားပုံစားနည်း တွေကိုလည်း ဟောပြော ပို့ချရော နှစ်ယောက်သား ကောက်ချက်လိုက်ကြတာ ဘော်တော်ကောင်းဆိုပဲ။

တီဗွီမဝယ်နိုင်သေးလို့ ရေဒီယိုလေးတစ်လုံးလောက်တော့ ဝယ်ချင်တယ်ကွာဆိုပြီး သန်းဝင်းတို့ လင်မယားက ကျွန်တော့်ကို မှာခိုင်းသည်။ ဒီကောင်တင်မဟုတ်၊ တခြား တခြား သောမိတ်ဆွေ သူငယ်ချင်းတချို့ကပါ ရေဒီယိုလိုချင်ရင် ကျွန်တော့်ကို သတိရသလို ဖြစ်နေသည်။ ကျွန်တော်ကိုယ်နှိုက်ကလည်း ရွေးဟောင်းရေဒီယို

www.burmeseclassic.com

www.burmeseclassic.com



များတွေ့လျှင် မနေနိုင်၊ ရောင်းမလို့လားဟင် ဟု ပါးစပ်ဆော့မိသည်။ တချို့ကျတော့လည်း ရေဒီယိုကို သိပ်မဖွင့်ကြတော့။ ဗီဒီယို၊ စီဒီ၊ ဗွီစီဒီနှင့် ကိုယ့်အဆိုနှင့်ကိုယ် ကာရာအိုကေနေကြတာများ၍ ရေဒီယိုကြီးတောင် ထားစရာနေရာမရှိ ရှုပ်နေသည်ဟု ထင်ကြတာလည်း ရှိသည်။ ထိုအချိန်များနှင့်ကြုံလျှင် ကျွန်တော်ဝယ်လိုက်တော့သည်။ ထို့နှင့် အိမ်မှာရှေးဟောင်း ရေဒီယိုတွေ ပုံလာပြီး တဖြည်းဖြည်းနှင့် မိတ်ဆွေအပေါင်းအသင်းများအလယ်မှာ ရေဒီယိုဝယ်ရောင်း ဖြစ်မှန်းမသိ ဖြစ်လာသည်။ တစ်ခါတစ်ခါသူကလည်း ကားတို့၊ အိမ်တို့ ရောင်းရတာထက် လက်ပေါက်ကပ်သည်။ ရှင်း၍ မဆုံးနိုင်လည်းဖြစ်ရသည်။

"ဟော့ကောင် မင်းရေဒီယိုကြီး လာကြည့်ပါဦးကွ"

အောင်မြင့်နှင့်စပြီး ပြဿနာတက်ဖူးသည်။ ထိုအခါ ဟာ ငါက ရေဒီယိုပြုပြင်ဆရာမှ မဟုတ်ဘဲကွဟု ပြောရအောင်လည်း ကိုယ်ရောင်းထားသည့် ရေဒီယိုမို့ ပြောရမှာ အားနာသည်။

"မင်းဟာက အထနှေးနေတယ်ကွ၊ ငါက ဘေးအိမ်က သီချင်းကောင်းလေးလာသံ ကြားတာနဲ့ ထဖွင့်တာပဲ။ သီချင်းဆုံးမှ အသံထွက်လာတယ်၊ ဟို ဘုသီးမပါတဲ့ ခလုတ်ကလည်း ဓာတ်လိုက်နေတယ်ကွ၊ မင်းရေဒီယိုက ဟုတ်သေးရဲ့လားကွာ"

ဝယ်စဉ်ကလည်း ဇွတ်အတင်း ဝယ်သွားသည်။ 'ငါက အဲဒီလို ရှေးဟောင်းရေဒီယို မှ ကြိုက်တာကွ'ဟုပင် ပြောသွားသေးသည်။ အဆိုးဆုံးက မင့်ရေဒီယို၊ မင်းရေဒီယိုကြီး ဆိုသည့် စကားကို က ခံရတော်တော်ခက်နေသည်။ အခုအချိန်မှာ ထိုရှေးဟောင်းရေဒီယိုတွေက အလုံးလိုက် သူ့ပစ္စည်းနှင့်သူ အင်္ဂါစုံ



ရှိမနေတော့သည်က များသည်။ ဆောင်းဘောက်စ် အသားလေးတွေကို ကြွက်ကိုက်ချင်ကိုက်ထားမည်။ အသံချိန်သည့် လိုင်းတံကလည်း မတ်မနေဘဲ တစ်စောင်းဖြစ်ချင်ဖြစ်နေမည်။ ကြီးစဉ်ငယ်လိုက် ခလုတ်တွေကလည်း အစုံပါချင်မှ ပါတတ်သည်။ ဒါကို နားမလည်တာလား၊ သက်သက်ဂျီလာကျတာလားတော့မသိ၊ နောက်ဆုံး ကျွန်တော့်မှာ ရွှေဘုံသာလမ်းရှိ ကွိစိကွစိ ရောင်းသောဆိုင်ကလေးတွေဆီသွားပြီး ရှေးဟောင်းရေဒီယို၏ စပယ်ယာပတ်စ်ကို ရှာပေးရတော့သည်။ တစ်ခါတလေတော့လည်း စိတ်တိုပြီး. . .

"မင်းမလိုချင် ငါ့ပြန်ပေး. . ."

ဟု ပြောတော့. .

"အဟင်း. . . နေပါစေကွာ၊ မင်းရေဒီယိုကြီးက အသံတော်တော်ကြည်တယ်ကွ"

* * *

ဒီမျက်နှာလေးမြင်ဖူးတယ်ဆိုသည့် သီချင်းကို ကြားဖူးကြမလားမသိ၊ 'မြင်ဖူးပါတယ်ဆို မနေ့မှဟော××× ပြုံးလိုက်ပြန်ပြီကော"ဆိုသည့် စာသားလည်းပါသည်။ ကျွန်တော်သွားသွားလာလာတွေမှာ မြတ်လေးမျက်နှာနှင့် တူတာ တစ်ခါမှ မတွေ့ဖူးပါ၊ တစ်ခါတလေကျတော့လည်း အလွမ်းပြေ တွေ့ဖူးချင်ပါသည်။ အဝတ်စ အဆင်အသစ်အဆန်းတွေကို ခေတ်တတ်သူမို့(အခြေအနေအရပေါ့လေ)ဒီအဆင်ကလေးကို မြတ်လေးဝတ်ဖူးတယ်ဆိုတာမျိုးတောင် တူတာမမြင်မတွေ့။ တစ်နေ့တော့ မျက်နှာအစား တူသော အသံကို ကြားခဲ့ရလေသည်။ ထိုအသံကို ကြားကြားချင်း ကျနော်မဆည်နိုင်အောင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လှမ်းကြည့်မိသည်။ မြတ်လေးမဟုတ်၊ ကြားကြားချင်း ချုံးကိစ္စနဲ့ ရန်ကုန်ကို အဆင်း ဈေးဝင်ဝယ်နေတာလားဟုပင် ထင်လိုက်သေးသည်။ နောက်တစ်ခေါက်များ ထပ်ပြောဦးမလားဟု ယောင်ပေပေရပ်နေမိသော်လည်း ဘာသံမှ ထပ်မကြားရတော့။ ကျွန်တော်ဘဝမှာ မြတ်လေးအသံက အသည်းထဲထိ စွဲနေခဲ့၍ပဲ ဖြစ်ပါလိမ့်မည်။ နောက်ဆုံးတော့ ထိုအသံက အသိမှာငြိကျန်ရစ်သည်။

အသံဆိုသည်ကလည်း တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသိကျွမ်းသွားကြရုံ သက်သက်နှင့် တော့ မမှတ်မိနိုင်၊ ကိုယ်နှင့် အမြဲတစေ လက်ပွန်းတတီး တွေ့ဆုံပြောဆိုရှိနေမှသာ မှတ်မိနေနိုင်တာမျိုး ဖြစ်သည်။ မနက်ခင်းအသည် ဆယ့်လေးငါးသည် ဘယ်လောက်ပဲ ဖြတ်ပြီး အော်. . ကိုယ်စားနေကျ ပဲပြုတ်သည်အသံကိုတော့ ခွဲခြားပြီး မှတ်ိမိနေသည်။ ဒါတောင် တစ်ခါတလေ ဆင်တူယိုးမှားများပြီး ခေါ်မိသည့်အခါမျိုးလည်း ရှိသည်။ ထိုအခါ 'အသံမှားလို့ မစားတော့ဘူးနော'ဟုဆိုလျှင် အားနာစရာကောင်းမည်၊ တစ်ဖန် ကိုယ်သိနေသော အသံဖြစ်ပေမယ့် ပုံမှန်ပြောနေကျစကားပြောသော လေသံမဟုတ်ဘဲ ကွဲပြားစေမည့် အသံမျိုးဆိုလျှင် အသံရော သွားပြီး သိပ်မမှတ်မိနိုင်တော့၊ ဥပမာ-'ဘေးကို' 'ဘေးကို'ဆိုတာမျိုး ထိုအရာကို ဆက်စဉ်းစားလျှင်'ဒီစပယ်ယာအသံ ငါကြားဖူးပါတယ်' ဟု တွေးမိသလို ဖြစ်သွားနိုင်သည်။

ရေဒီယိုမှ အစီအစဉ် ကြေညာသူတွေ၏အသံကို ကျွန်တော်တော်တော်များများ မှတ်မိနေသည်။ ရေဒီယိုမှ မဟုတ်ဘဲ အပြင်မှကြားရလျှင်တော့ မှတ်မိချင်မှ မှတ်မိလိမ့်မည်။ တစ်ထပ်



တည်းကျတ၁မျိုးလည်း ရှိသလို ကွဲကွဲပြားပြားကြီး ဖြစ်နေတတ်တာမျိုးလည်း ရှိသည်။ တချို့အဆိုတော်တွေကျ စကားပြောလျှင် အသံက သေးသေးမျှင်မျှင်လေးဖြစ်ပြီး သီချင်းဆိုလိုက်သည့်အခါ အသံအကြီးကြီးနှင့် သူမှဟုတ်ရဲ့လားဟုတောင် ထင်စရာဖြစ်သွားနိုင်သည်။

တပ်ခါတစ်ခါကျတော့လည်း အစီအစဉ်ကြေညာသူတွေ၏ အသံကို နားထောင်ပြီး တစ်ဦးတည်း အဖြေညှိကြည့်နေမိသည်။ ဒီအသံကတော့ 'ရင်ရင်ရွှေ'၊ ဒါတော့ 'ညိုညိုစိမ်း'ဖြစ်မယ်။ 'ဓာလာမိုး'လားမသိဘူး စသည်ဖြင့်ပေါ့လေ၊ ရေဒီယိုမှာ အစီအစဉ် ကြေညာသူတွေက ကိုယ့်အလှည့်နှင့်ကိုယ် အလှည့်ကျတာဝန် ထမ်းဆောင်ရင်း မိမိအမည်ကို ထည့်ပြောကြရသည်။ မနက်ပိုင်းမှာလည်း သူ့အချိန်နှင့်သူ ပြောသွားကြသလို ညပိုင်းကျတော့ ညနေ ခြောက်နာရီခွဲတစ်ခါနှင့် ညကိုးနာရီတစ်ခါ။

"အစီအစဉ် ကြီးကြပ်သူကတော့ ဘယ်သူဖြစ်ပြီး စက်မှုပိုင်းကြီးကြပ်သူကတော့ ဘယ်သူဖြစ်ပါတယ်၊ ယခုမြန်မာစံတော်ချိန် ညကိုးနာရီရှိပြီမို့ မြန်မာပိုင်းအစီအစဉ်များကို ဒီတင်ရပ်နားပြီး အင်္ဂလိပ်ဘာသာအစီအစဉ်များကို စတင်ထုတ်လွှင့်ပါတော့မယ်. . အခု အစီအစဉ် ကြေညာသူကတော့ 'စိုးရင်ပြုံး' ဖြစ်ပါတယ်ရှင်"

'စိုးရိမ်ပြုံး'ဟူ၍တော့ မဖြစ်နိုင်ပါ၊ (မှားမှာစိုးလို့) ထိုအသံများရှင်တွေကိုတော့ လေယူလေသိမ်းကအစ မှတ်မိနေပါသည်။ စကားပြောတဲ့အသံက ကောင်းတော့လည်း သီချင်းဆိုရင်လည်း ကောင်းမှာပဲဟု တွေးကြည့်မိသည်။ သို့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှတ်မိနေသော အသံရှင်အစီအစဉ် ကြေညာသံတွေထဲမှာ သီချင်းဆိုသူ ခင်နန်းယုထွေး မှ လွဲ၍ ကျန်တာတစ်ဦးတစ်ယောက်မှ ဆိုတာ မကြားမိ၊ သီချင်းမဆိုသော်လည်း တချို့တလေက ဇာတ်လမ်းဗမာတွေထဲမှာ အသံသရုပ်ဆောင်နေတာ အရုပ်ကိုမြင်ရသော ရုပ်ရှင်မင်းသမီးတစ်ယောက်အလား အပြောအဆိုပိုင်လှသည်။ အသံအကယ်ဒမီ ဆိုလျှင် 'ဒေါ်တင်တင်အီ' ရှိလောက်သည်။ ဒေါ်တင်တင်အီ မပါသည့် ဇာတ်လမ်းဗမာက ခေတ်စားခဲ့သည်။ ငါသလောက်လည်း သရုပ်ဆောင်ကောင်းသည်။ ငိုတဲ့အခါလည်း ငို၊ မျက်ရည်ဝဲတဲ့ စကားများဆိုလည်း ဆိုနိုင်နေသလေးနှင့်၊ ရယ်မောရင်လည်း အလိုက်သည်းလိုက် နားဆင်ရပါသည်။ ရုပ်မြင်သံကြား မဟုတ်တော့လည်း ထိုအသံရှင်များမျက်နှာကို မမြင်ရပေ။ ဘာပဲဖြစ်ဖြစ် အသံတွေကတော့ ရေဒီယိုချစ်သူတွေအတွက် လေလှိုင်းကတစ်ဆင့် မြန်မာတစ်ပြည်လုံး ပျံ့လွင့်စီးဝင်ခဲ့တယ် နေမှာ သေချာသည်။

♫ ပြန်ကြားပေးရန် ××× မြန်မာ့အသံ ××× ပညာပေးရန်
မြန်မာ့အသံ ××× ဖျော်ဖြေပေးရန် မြန်မာ့အသံ × ♫

တစ်ခါက တစ်ခုသော မြန်မာ့အသံ နှစ်လည်အစီအစဉ်တွင် ရေဒီယိုဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်ရပုံ၊ အစီအစဉ်ထုတ်လွှင့်ရပုံ၊ အမှားမှား အယွင်းယွင်းဖြစ်ခဲ့ရပုံ၊ စိတ်လှုပ်ရှားနေရပုံတို့ကို ထုတ်လွှင့်ခဲ့တာ နားထောင်ရသည်။ ထိုအစီအစဉ်မှာ သူတို့၏ အလွဲအချော်လေးတွေကို တစ်ယောက်နှင့်တစ်ယောက် ပြောပြီး ခစ်ခစ်.. ခစ်ခစ် ရယ်ကြတော့ ကိုယ်လည်း ခစ်ခစ်..



ဖြစ်ချင်လာသည်။ ကျွန်တော်ကတော့ တစ်ယောက်ထဲ နားထောင်ပြီး အသံထွက်မရယ်မိပေမဲ့လည်း မြတ်လေးတတော့ လိုက်ရယ်မိသည်တဲ့။

ရုတ်တရက် မြတ်လေး၏ရယ်သံကို သတိရသွားမိပြန်သည်။ အဘွားတွေက ဖရိုဖရဲ ဖြစ်နေတယ်လို့လည်း မဟုတ်ပါဘူး၊ စိတ်က မငြိမ်တော့လည်း ကစဉ့်ကလျားဖြစ်နေသလားလို့ပဲ မှတ်ယူထားလိုက်ပါသည်။ အသံအကြောင်းတွေ တွေးမိရင်းက ရယ်တာကိုပါ မြင်ယောင်သည်။ တစ်ဆက်တည်း ရယ်သံကို ကြားလာသည်။ အခုအချိန်ထိ တော့ မြတ်လေး၏ရယ်သံနှင့်တူသော ရယ်သံကို ကျွန်တော်တစ်ခါမှ မကြားဖူးပါ။

* * *

ကျွန်တော်ရေးပြချင်တာတွေရှိသော်လည်း ရေးမပြတတ်ပါ။ ဖွဲ့လည်း မဖွဲ့တတ်ပါ။ သို့သော်လည်း ရိုးသားသည်လည်းဖြစ်စေ၊ သဉ္ဇကြေးလှပသည်လည်း ဖြစ်စေ၊ ရင်ကို ဖွဲ့ဖွဲ့တို့ ထိလှုပ်ခတ်သည်လည်းဖြစ်စေ နောက်ဆုံးချစ်နေသမျှ ဖြစ်စေဆိုသည့် စာသော်လည်းကောင်း သီချင်းသော်လည်းကောင်း ကျွန်တော် ရေးတတ်ချင်ပါသည်။ မရေးတတ်၍ ရေးတတ်သူက ရေးလားသော သီချင်းဘိုသာ နှစ်ရှည်လများ ခံစားခဲ့ရပါသည်။

♫ ချစ်သည် × × × တစ်ယောက်ကို တစ်ယောက် × ×
×အသက်နှင့် ယှဉ်၍ ချစ်ရပါသည် × × × ကြွင်နေရ
ပါသည် × × × မှသားစာဖွဲ့ × × × သုံးနှုန်းကာဆိုပါမည်
× × × အချစ်ဆိုသည်မှာ × × ဘဝတစ်ခု၏ တန်ဖိုးထား
စရာ အတိုင်းအတာပင် ဖြစ်သည် × × ×♫

www.burmeseclassic.com



ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖြေဖျော်ပေးရန် မြန်မာ့အသံမှာ 'နှလုံးသားစာတိုက်' အခန်းကဏ္ဍသာရှိခဲ့လျှင် ကျွန်တော် အောက်ပါအတိုင်း စာပို့မည်။ ထိုအခါ ရေဒီယိုက ယခုလို ကြေညာမည်။

"... ယခုအချိန်ကစပြီး နှလုံးသားစာတိုက်အခန်းကို ရောက်ရှိလာသော အမှာစာများကို ဖတ်ကြားပါတော့မယ်။

အများပိုင်အမှတ် တစ် ငါး သုည သုည အချစ်သား မောင်ဇော်ဇင်သည် ပုံမှန်ရင်ခုန်ရင်း နှလုံးသားတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း တစ်နယ်တစ်ကျေးမှ မြတ်လေးသိစေရန် အကြောင်းကြားပါသည်။

ဟူ၍ ကြေညာပြီး ထိုအစီအစဉ်အပြီးမှာ (ကျွန်တော်သာ အစီအစဉ် ထုတ်လွှင့်ရေး မမှူးဆိုလျှင်)

"... သီချင်းပဒေသာနှင့် ဖျော်ဖြေတော့မှာမို့ အခု ပထမဦးဆုံး ကိုမြကြီးသီဆို ထားတဲ့ အာသက်နှင့်ယှဉ်၍ ချစ်သည်ဆိုတဲ့ သီချင်းနဲ့ စတင်နားဆင်ကြရပါမည်ရှင်...

ဆိုသည့်အ အစီအစဉ်ကို ရွေးချယ်တင်ဆက်ချင်ပါသည်။

အဲဒီသီချင်းထဲကလိုပါပဲ..

♪ ခုမျှားတော့× × ×　　ထားစရာ ' မရှိအောင်×××

ချစ်ရပါသည် × × ×♪

အတွေးထဲမှာတောင် ညကိုးနာရီကး မထိုးနိုင်သေး ပါလား...။

■






www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးနှင့်စကားပြောကြသည်။

မျက်လုံးနှင့် စကားပြော၍ ရသည်ဆိုသည့်အချက်ကို ဘွန်တော်လုံးဝမသိခဲ့ရိုးအမှန်ပါ။

တဖြည်းဖြည်းအမိုပွါယ်သိလာတော့ မျက်လုံးနှင့် ပြောသော စကားတွေကို မျက်တောင်က ပြန်ပိတ်တတ်ကြောင်းကိုပါ ဖူးတွေ့သိလာခဲ့ရပါသည်။

ချစ်တာကို နှစ်မှန်းသိမသွားအောင်၊ ဒေါသဖြစ်နေမှန်း မသိအောင်၊ ပျော်နေမှန်းမသိအောင်၊ နာကြည်းမှန်းတီးနေမှန်း မသိအောင်ဖြင့် အကြောင်းအရာများစွာကို စိတ်က လုံအောင် ထိန်း၍ ချသော်လည်း မျက်လုံးကတော့ ဘယ်လိုမှ ဖုန်းကွယ်လို့မရပါ။

တစ်ခါကတော့ တစ်ဘဝ၏ ပထမဆုံးအကြိမ်ပဲ ဖြစ်ပါသည်။

www.burmeseclassic.com



စွန့်ခွာခြင်း အမိပွါယ်တွေနှင့် ပြည့်လျှံနေသောမျက်လုံးတစ်စုံကို မြင်တွေ့သိရှိခံစားလိုက်ရတဲ့ အချိန်မှာပဲ သူမက မျက်လွှာချပြီး မျက်လုံးကို ကာကွယ်ခဲ့ပါသည်။ ဆယ်စုတစ်နှစ် ကြာခဲ့ပြီပဲပေါ့။

တစ်ခါတစ်လေများ သူငယ်များတွေစုံလို့ ရင်ဖွင့်ကြပြီဟေ့ဆိုရင် ကျွန်တော်က ထိုမျက်လုံးအကြောင်းကို အမြဲပြောလေ့ရှိသည်။

မျက်လုံးက ဘယ်တော့မှ ညာလို့မရဘူးကွ မှတ်ထားဟု ပိုင်ပိုင်နိုင်နိုင် ပြောမိတာနဲ့ ခင်ဦးက ဝင်ဖောက်သည်။

ကျောက်မျက်လုံးဆိုရင်တော့ ညာလို့ရပါတယ်ကွာ၊ မင်းက နည်းနည်းလျှော့ပါဦးဆိုပြီး ပြောလိုက်သည်နှင့် တဟားဟားတဟီးဟီး ဖြစ်ကာ အနောက်အပြောင်ဘက်ကို ချက်ချင်း ကူးသွားတော့သည်။

တကယ်တော့လည်း ကျွန်တော်တို့ဝိုင်းမှာ ခင်ဦးပါမှ စိုပြည်သည်။

သူကိုယ်၌က ဘယ်တော့ပဲ အတည်အခန့်လုပ်လုပ် လုပ်သမျှ အရာအားလုံးဟာသတွေချည်းဖြစ်ကုန်သည်။

ကျောင်းကသီချင်းဆိုပြိုင်ပွဲမှာ သူဝင်ဆိုမယ်ဆိုတော့ ကျွန်တော်တို့တစ်ဖွဲ့လုံးက တားသည်မရ၊ ဒီကောင်က ဝါသနာအတော်ကြီးသည်။ ခင်ဦးက အသံကောင်း, အဆိုကောင်းတစ်ယောက်ဖြစ်သော်လည်း မှတ်ဉာဏ်သိပ်ကောင်းသူတစ်ယောက်မဟုတ်။



တစ်ခါတစ်လေ သူသိပ်ဆိုချင်နေတဲ့ သီချင်းတစ်ပုဒ်ကိုဆိုရင်း ဆိုရင်း မေ့မေ့သွားတာနဲ့ သူ့ကိုယ်သူ ဒေါကန်ပြီး သီချင်းစာအုပ် တောင်းဆိုတော့သည်။

နောက်ဆုံး ပြောလို့လဲမရ။

သူ့ဝါသနာကိုလဲ မတားချင်တော့တာကြောင့် ကျွန်တော်တို့ လွှတ်ပေးလိုက်သည်။

အဲဒီနေ့က အာရ်စီထဲကို ကျွန်တော်တို့အစောဆုံးရောက်သည်။

ပထမတော့ စတိတ်နှင့် နီးနီးမှာကြည့်ဖို့ စိတ်ကူးကြသော်လည်း ဇော်ကြာဒီကောင် ကမောက်ကမဖြစ်ရင် ငါတို့ပါ သောက်ရှက်ကွဲကုန်မယ်ဟု အောင်မြင့်က သတိပေးသဖြင့် အလယ်လောက်မှာ နေရာယူဖြစ်ကြသည်။

အစီအစဉ်ရ လေးယောက်မြောက်မှာ ခင်ဦးအလှည့်။ သူဆိုမှာ ကိုသန်းလှိုင်ရဲ့ စကားပြောကောင်းတဲ့ မသည်းအူသီချင်း။

ဒီကောင်ဒီသီချင်းဆိုတာကလည်း အကြောင်းရှိသည်။ လောလောဆယ် ခင်ဦးတော့ မသိ။ ကျွန်တော်အားလုံး သူ့အလှည့်မရောက်မချင်း ရင်တခုန်ခုန်ဖြစ်နေတာ အမှန်ပင်။

သိပ်မကြာပါဘူး။ တစ်ယောက်ပြီးတစ်ယောက်နှင့် ဒီကောင့်အလှည့်ကို အစီအစဉ်ကြေညာရော ခင်ဦးတစ်ယောက် စင်ပေါ်ကို ဟန်နှင့်ပန်နှင့် တက်လာတော့သည်။

သူ့ပုံစံကိုကြည့်ပြီး အောင်ကြီးက ခွီးကနဲ ထရယ်သည်။ ကျွန်တော်တို့ ကြည့်နေစဉ်မှာပဲ မိုက်ကရိုဖုန်းကိုင်ပြီး ချောင်းဟန့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနဲ့ မဆောင်းဘောက်ထဲမှ ချောင်းဟန့်သံအရင်ထွက်လာသည်။

ပြဿနာပဲ၊ ခင်ဦး ကတော့ဟု ကျွန်တော်တို့တွေးစုန်း ရှေ့က ကျောင်းသူတစ်သိုက်ခစ်ခစ်ဆိုပြီးရယ်ကြသည်။ သိပ်မကြာ (သူ့အပြောနှင့် ပြောရရင်) အတော့ကလေး စတီးသံ ကြားရပြီး ခင်ဦးဆိုသံထွက်လာသည်။

"ရွှေပဒုမ္မာ ကြာအချပ်ကို × × × ဂုသအဟုန်လာ ဟပ်စဉ်က"

ဟုဒွေ။

ရုတ်တရက် အသံရပ်သွားသဖြင့် ကျွန်တော်တို့ ခေါင်းနပန်းကြီးသွားသည်။

သူရပ်တော့ အတီးပါ တစ်ခါတည်းရပ်သွားသည်၊ ထွန်းအောင်က ချက်ချင်းပဲ ခွေးမသားကြည့် မေ့နေပြီဟု တိုးတိုးပြောသည်။

ကျွန်တော်တို့လည်း ဒုက္ခပဲဆိုပြီး ဒီကောင့်ကို ကြည့်နေဆဲ ဆောင်းဘောက်ထဲမှ အသံမျှင်မျှင်တစ်သံထွက်လာသည်။

'ဟင် ဟင်. . ဟင့်ဟင့်ဟင်း. . . လေးအဟုန် လာဟပ်စဉ်က. . . လာဟပ်စဉ်က. . .'

ထိုအသံလည်း ကြားရော အာရုံစီတစ်ဟောလုံး ဝက်ဝက်ကွဲအောင် ရယ်ကြတော့သည်။

ထိုရယ်သံတွေက ကျွန်တော်တို့တစ်ဖွဲ့လုံးကို ဝိုင်းဟား ဝိုင်းဟား၊ မလွတ်စေနဲ့ မပြေးစေနဲ့ဟု ဝိုင်းအော်နေသယောင် ခံစားရပြီး ပြေးပေါက်မရှိအောင် (. . .) ရှက်ကွဲခဲ့ရသည်။



ခင်ဦးလုပ်ပုံက ဆိုးလွန်းသည်၊ မရရင်လည်း တစ်ခါတည်း ဆင်းမလာဘဲ သီချင်းစာသားတွေ ပြန်ပေါ်လာအောင် ပါးစပ်နှင့် ပြန်နှူးနေပေသေးသည်။

ပြီးတော့ စိတ်ထဲကလည်း မဟုတ်။

ဒါတောင် ချက်ချင်းဆင်းမလာဘဲ ခေါင်းမော့ကာ မေ့တာ ဘာဖြစ်လည်း ဆိုသည့် အကြည့်ဖြင့် အားလုံးကို ရဲရဲတင်းတင်း ကြည့်လိုက်သေးသည်။

သူကြာကြာတော့ တည်တည်မကြည့်လိုက်နိုင်ပါ။ နဂိုကတည်းကမှ မျက်နှာပိုးလုံးဝမသတ်နိုင်သူ တစ်ယောက်ပီပီ ရှုကည် တည်ကြည့်နေရင်းက. .

'ဟီး ဟီး'

ဆိုပြီး ဆင်းလာလေတော့သည်။ ကျွန်တော်တို့လည်း ထိုင်ရာမှ မပြေးရုံတမယ် ထွက်လာခဲ့ရပြီး ဒီကောင့်ကို ဆဲလည်းဆဲ ရယ်လည်းရယ်(ဆဲတာပိုများသည်)နှင့် ရက်တော်တော်ကြာသည် အထိ ပြောမဆုံးဖြစ်ခဲ့ရသည်။

ဒါကျွန်တော်တို့ချင်းဆို ဘာဖြစ်သေးလည်း၊ ခုတော့ ဒီကောင့်ကြောင့် ကျွန်တော်တို့မှာ မျက်နှာကြောမတည့်တဲ့ ကျောင်းသူတစ်ဖွဲ့ တစ်သိုက်တွေ့တိုင်း မမေ့မလျော့ဝိုင်းလှောင်ကြ တော့သည်။

တချို့ခပ်ကဲကဲ (ပျော်ပျော်နေတတ်တာကို ပြောတာပါ)ဆို ခင်ဦးဖြစ်ပုံ ဖြစ်နည်းအတိုင်း ဟင် ဟင် ဟင် ဟင့် . . . ဟင်း လေးအဟုန်လာဟပ်စဉ်က ဟပ်စဉ်ကဆိုပြီး ကျွန်တော်တို့ ဖြတ်သွား ကြားသာသောနေရာကနေ ကြုံတိုင်း ကြုံတိုင်း အလွတ်မပေး

www.burmeseclassic.com



ဟားနေကြတော့သည်။

ထိုသို့ဖြစ်တိုင်း ဖြစ်တိုင်း. . .

'ခွေးမသား ခင်ဦး'

* * *

ပျော်စရာများနှင့်သာ အစဉ်နေရပါလို၏ဟု ဆယ်သက် ဆယ်ပြန်စွာ ဆုတောင်းခဲ့သော်လည်း ဘယ်သူတစ်ဦးတစ်ယောက် မျှ ပြည့်တယ်ရယ်လို့လည်းမရှိ။

တကယ်တော့လည်း မပြည့်မှန်းသိလျက်နှင့် တောင်းတတ် သော အကျင့်ရှိ၍ တောင်းကြည့်ကြခြင်းသာဖြစ်သည်။ နှလုံးသားဆိုတာကလည်း လူခေါ်လျှပ်စစ်ဘဲလေး တီးရုံနှိပ်ရုံ လုပ်လိုက်သလိုနှင့် မြည်သွားမည်မဟုတ်။

အဆင်မသင့်တဲ့ အခါမျိုးကျတော့ လမ်းပြောင်းသွားသော ဂီတ်ဟောင်းတစ်ခုမှာ ဘတ်စ်ကား ရပ်စောင့်ရသကဲ့သို့ ဖြစ်ချ ဖြစ်သွားတတ်သည်။

ဘယ်အရာဖြစ်ဖြစ် ဘယ်သူမှ ယုံကြည်၍ မရနိုင်ဟု ထင်ထားသော်လည်းသူမတို့၏ မျက်စောင်းလေးတစ်ချက်၊ အပြုံး စလေး တစ်စနှစ်စ၊ ဆံစလေးသပ်တင်၊ နှုတ်ခမ်းယောင်ယောင် လေးစူ၊ ခြေကလေးသာသာဆောင့်၊ လက်ကိုင်ပဝါလေးလုံးချေ မျက်လွှာလှုပ်လှုပ်ချ၊ လက်သည်းနှင့် လွယ်အိတ်ကိုကုတ်ခြစ်၊ မမြင်သာအောင် ခိုးခိုးကြည့် စသည့် အပြုအမူများကို ယုံကြည်သွား သော ယောကျ်ားလေးပေါင်း သိန်းသောင်း ခြောက်ထောင်ထဲတွင် ကျွန်တော်တို့လည်းပါခဲ့ကြပါသည်။



တကယ်ဆို ကမ္ဘာလောကကြီးမှာ ချစ်ခြင်းမေတ္တာတရား ဆိုတာ (သို့တည်းမဟုတ်)ကြီးမားကျယ်ပြောလှတဲ့ အနက်ရှိုင်းဆုံး သံယောဇဉ်ဆိုတာ စသည့်ထုထည်ကြီးများလှသော စကားများဖြင့် ဦးဆောင်ခဲ့ကြသော နောင်တော့ နောင်တော်ကြီးများ၏ လက်ဖက်ဝိုင်းတို့တွင်လည်း လက်ကျဉ်သည်အထိ မေးကလေး ထောက်ပြီး နားထောင် မိန်းမောခဲ့ဖူးပါသည်။

တစ်ညတော့ ကျွန်တော်တို့ ကောင်းကောင်းသိသည်။ လက်ချောင်းကလေးတွေအပေါ်မှာ ဆိုးထားတဲ့ လက်သည်းနီကို မကြိုက်ရင် မကြိုက်သလို အချိန်မရွေး ပြန်ဖျက်ပစ်၍ ရသော် လည်း သံယောဇဉ်ဆိုတာ လက်သည်းဆိုးဆေး မဟုတ်ကြောင်း ကျွန်တော်ကောင်းကောင်း သိပါသည်။

ကျွန်တော်တို့အဖွဲ့က ဂစ်တာမကြိုက်လို့တော့မဟုတ်၊ ဂစ်တာအဖွဲ့အတော်များများနှင့် မရင်းနှီးသေးတာကတစ်ကြောင်း၊ ဆိုထက်ပိုပြီး မယ်ဒလင်ကိုပိုစိတ်ပါနေတာက တစ်ကြောင်းကြောင့် မယ်ဒလင်တီးသော အဆောင်နေကျောင်းသားကြီး ကိုတင်ရွှေနှင့် အဖွဲ့ကျနေသည်။

ခင်ဦးနှင့် အလျှင်ခင်မင်ပြီးမှ ကျွန်တော်တို့ သိကျွမ်းသွား ကြခြင်းဖြစ်သည်။ ထိုအချိန်တွေက ကျွန်တော်တို့ထက် ခင်ဦး၏ ခေါ်ရေးဂေါ်ရာဂေါ်ပြဿနာက ပိုကြီးမားသည်။

သူပိုးပန်းနေတဲ့ ကောင်မလေးက ဘယ်အချိန်ကများ သူကိုအသံကောင်းတယ်ဟု ပြောသွားမှန်းမသိ။

ဒီကောင်ကတော့ ပီတိတလိမ့်လိမ့်တက်ပြီး ညည အဆောင်မှာ သီးချင်းသွားဆိုရင် အသံနာနေမှာပိုးလို့ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါးလိပ်မသောက်။

လက်ဖက်ရည် ကြိုက်လှပါတယ်ဆိုတဲ့ကောင်က လည်ချောင်းမှာ ခွဲကပ်ကာယ်ဆိုသည့် အကြောင်းပြချက်ကလေးနှင့် ကျွန်တော့ခွက်က တစ်ငုံနှစ်ငုံလောက်သာ ယူသောက်သည်။

ဒီကောင့်ကိုကြည့်ပြီး ကျွန်တော်မနေနိုင်တော့သဖြင့် မင်းသောက်ချိုးကို နည်းနည်းပြင်ဦး။ အသံသွင်းရမယ့် အဆိုတော်တောင် မင်းလောက်ပျာနေ မှာ မဟုတ်ဘူးဟု ဘုတောခဲ့ပေးသည်။

ပြောမည့်သာပြောရသည်။ ဒီကောင်အသံကောင်းတာကိုတော့ ကျွန်တော်တို့တစ်ဖွဲ့လုံး ဝန်ခံရသည်။

ထိုစဉ်က အပြင်ဆောင်လေးများမှာ အလွန်စည်ကားလှသည်။ ဆိုင်ရာဆိုင်ရာ အဖွဲ့အဖွဲ့တွေနှင့် အဖွဲ့ပေါင်းများစွာ ၁ နေရာယူပြီး ချစ်တေးတွေကို ရေရေလည်လည် ဟစ်ကြွေးသီဆိုကြချိန်လည်းဖြစ်သည်။

တစ်ခါတစ်လေများဆို သန်းခေါင်သန်းလွဲမှ မိုးလင်းလုနီးထိ အလွင့်သံသရာရှည်သွားတာတွေလည်း ရှိသည်။

ခင်ဦးက သီးချင်းဆိုလျှင် ခေါင်းစဉ်နှင့် အကြောင်းအရာကို ရွေးပြီး ထိမိ သက်ရောက်မှုရှိစေနိုင်သည့် သီချင်းများကိုသာ ရွေးဆိုလေ့ရှိသည်။

သူ့ရဲ့အဆောင်သူကလည်း ရေဒီယိုသီချင်းတွေ ကြိုက်သတဲ့။ အဲဒီညက 'မီးထွန်းချိန်' သီချင်းကို သူဆိုသည်။ စဆိုဆိုချင်း "ကိုယ့်အသည်းကို ကိုယ်ပဲကာလိမ်"ဟုဆိုလိုက်သဖြင့် ကိုတင့်ရွှေက သူ့ပါးစပ်ကို အလျှင်အမြန်ဖမ်းပိတ်လိုက်ရသည် တစ်ဆက်တည်း . . .



"မင်းကလဲကွာ လုပ်လိုက်ပြန်ပြီ၊ ကိုယ့်အသည်းကို ကိုယ်ကာပဲလိမ်ပါကွာ၊ ဒီလိုကိုယ့်ရဲ့ အသည်းနှလုံး ကို ကိုယ်ကပဲ ဆွဲလိမ်ထားတယ်ဆိုတဲ့ သဘောကို ပြောတာဟာ ရှင်းပလား၊ ခုတော့ မင်းဥစ္စာက ကိုယ့်အသည်းကို ကိုယ်ပဲ ကာလိမ်ချိုကျနေတဲ့ စာသားကြီး"

ကိုတင်ရွှေရှင်းပြမှ ဒီကောင်မြတ်စွာအုရရားတပြီး တော်ပါသေးရဲ့။ ကိုယ်ကမျိုးနည်းတော့မလို့ဟုဆိုကာ ဇက်ကလေးပုသွားသည်။

ကိုတင်ရွှေရှင်းပြနေကတည်းက ကျွန်တော်တို့ ဟားပစ်လိုက်သည်။

လက်ဖက်ရည်တိုက်ပါမယ်ကွာ၊ တော်ပါတော့ဆိုမှ ကျွန်တော်တို့ ရယ်တာ ရပ်လိုက်သည်။

အရေးထဲ အောင်မြင့်က စာစောက စာသားကို မင်းကောင်မလေးကြားသွားပြီထင်တယ်ဟု အော်နေသေးသည်။

ထို့နောက်အားလုံးအဆင်တသင့် ရယ်ဒီဖြစ်တော့မှ ဒီကောင်ထဟဲတော့သည်။

♫ ကိုယ့်အသည်း ကိုယ်ကာပဲလိမ် × × × ဒီနေ့တော့
သူ့အဆောင် မသွားပါဘူးရယ်လို့ စိတ်ကူးမိတယ်
အကြိမ်ကြိမ် × × × ♫

တကယ်ဆို သီချင်းစာသားအမှန်က (ဒီနေ့တော့ သူ့အိမ်မသွားပါဘူးရယ်)လို့ ဖြစ်သော်လည်း မဆိုခင်ကတည်းက အိမ်အစား အဆောင်ပြောင်းဆိုမည့်အကြောင်း ကိုတင်ရွှေကို ပြောထားသည်။ ဒီကောင်ဖတ်လည်းတတ်နိုင်သည်။

www.burmeseclassic.com



♫ နေရောင်လေး ခပ်မှိန်မှိန် မီးထွန်းချိန်ရောက် ပြန်တော့
× × × ကြိုတ်ခဲထားသမျှ မတင်းတိမ်××× သွားရဦး
မယ်ကွယ် ထားနှမ အပြုံးနဲ့ ချစ်တဲ့သူ့ရဲ့ လှဆောင်အိမ်'

ဟော ဟော ကြည့်စမ်း ပြတင်းပေါက်တံခါး ဘယ်တုန်းက ပွင့်သွားတာလဲဟု အောင်မြင့်ပြောသဖြင့် ကျွန်တော်တို့လည်း အားတက်သရော ကြည့်လိုက်ကြသည်။

ခပ်ငိုက်ငိုက်ကျနေတဲ့ ခင်ဦးခါးက ပို၍မတ်သွားသည်။ ခင်ဦးက အသံကို ပို၍မြှင့်လိုက်ပြီး -

♫ ပုရစ်ကလေးတွေ ကျီကျီကြာကြာ တံထျာတေတရော
ရယ်နဲ့ လာပြန်ချေပြီကောကွယ်လို့ ပြောကြတဲ့အချိန်×
ကိုယ့်စိတ်မှာ ဂဏ္ဍာမငြိမ် တရစ်ဝဲဝဲ ×အဖြစ်သည်း သည်း
× × × မချစ်ဘဲလည်း မောင်မလာပါဘူး သည်းမြမှုရဲ့
ချစ်ဆောင်အိမ် × နေရောင်လေး ခပ်မှိန်မှိန် × မီးထွန်းချိန်
ရောက်ပြန်တော့ ကြိုတ်ခဲထားသမျှ မတင်းတိမ်× × ×
သွားရဦးမယ်ကွယ် ထားနှမအပြုံးနဲ့ ချစ်တဲ့သူ့ရဲ့
လှဆောင်အိမ် × × × ♫

သီချင်းလည်းဆုံးရော ပြတင်းပေါက်က ခုန်ထွက်လာတဲ့ လက်ခုပ်သံ ခပ်အုပ်အုပ်ကို ကြားလိုက်ရသဖြင့် ခင်ဦးအပျော်ကြီး ပျော်သွားသည်။

ပြောမည့်သာပြောရသည်။ ကျွန်တော်တို့အားလုံးလည်း အဲဒီညက ခင်ဦးနှင့်အတူ ဝိုင်းဖွဲ့ပြီး ပျော်ခဲ့ကြရပါသေးသည်။

တစ်နေ့နေ့မှာ သူတို့နှစ်ယောက် မြေလည်သွားကြမလား။ ဒီလိုနဲ့ပဲ ခင်ဦးတစ်ယောက်ဆွေးမောရမှာလည်းဆိုသည့် အကြောင်း



ကိုတော့ ကျွန်တော်တို့တစ်တွေ အလောင်းအစားလည်း မလုပ်ရဲခဲ့ကြပါ။

ခင်ဦးကလည်း ဘာလုပ်မယ်ဆိုတာကို ဘယ်တော့မှ ကြိုတင်ပြောလေ့မရှိဘဲ ဆောင်ရွက်သည့်နေ့ကျမှ ကျွန်တော်တို့ကို အဖော်ခေါ်ချင် ခေါ်သွားတတ်သည်။

အဖော်မခေါ်ဖြစ်လို့ တစ်ယောက်တည်း သူ့အကြံအစည်နှင့်သူ လုပ်လာပြီးရင်လည်း ပြဿနာပေါ်တော့မှ ကျွန်တော်တို့ အားလုံးသိကြရသည်။

သူစာရေးပြီး သူစာပေးလိုက်တုန်းက ကျွန်တော်တို့ ဘာကယ်မသိလိုက်ကြ။ ဟိုက ပြန်စာလာမှ သူစာပေးလိုက်ကြောင်း သိရသည်။

စာလာတယ်ဆိုတော့လည်း သူ့ကို ချီးမြှောက်တဲ့အနေဖြင့် ဦးချစ်မှာ လက်ဖက်ရည်တိုက်ရသည်။

ဦးချစ်ဆိုင်ရောက်မှ သူကလည်း စာကိုဖွင့်ဖတ်သည်။ သူစာသူဖတ်ပြီး ဟီး ဟီး ဟု ရယ်တော့ ကျွန်တော်တို့လည်း သိချင်သွားသည်။

ဒီကောင်လည်း စာကိုကမ်းပေးရော ကျွန်တော်တို့ သုံးယောက် အလုပ်အယက်ဖတ်ကြည့်လိုက်သည်။

စွန်းစားမှုဆိုသည်များရယ်

အချစ်စစ်အချစ်မှန်တရားရဲ့ အားဆေးတစ်ခုပါကွယ်။

ခင်ဦးလက်ရေးနှင့်ရေးထားသောစာက နှစ်ကြောင်းတည်း ဟိုတစ်ဘက်က ခင်ဦးရေးထားသောစာ၏အောက်ခြေမှာ ပဲပြန်ရေးပေးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် . . .'

'ကိုယ့်ကိုယ်ပိုင်ခံစားမှုလိုလို ဘာလိုလိုနဲ့ လာဖြီးမနေနဲ့'

'အဲဒါဟာသီချင်းထဲကစာသားကြီး'

ဩော်လက်စသတ်တော့ သူဘာသာသူ ဖတ်ပြီး ရယ်တာ . . . ဒါကြောင့်ကိုးဟု သဘောပေါက်ရတော့သည်။ ကျွန်တော်တို့ ဒီကောင့်ကို မဆဲဖြစ်ကြတော့၊ သူ့ကို ဆဲရလွန်း၍ ငရဲမှာ စီနီယာလည်း ဖြစ်လောက်ပြီ။

ရယ်ရလွန်း၍လည်း ပါးကြောတွေ အတော့ကို လျှော့ယူရပေဦးတော့မည်။

ဟိုတစ်ဘက်ကလည်း ခေသူမဟုတ်။ ရေဒီယိုသီချင်းတော်တော်များများကို ဝါးစားခဲ့သူတစ်ယောက်ဖြစ်လောက်သည်။ ဒါတောင်ဒီကောင်က မလျှော့သေး။

'ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ရိုးသားမှုကိုတော့ သူ အသိအမှတ်ပြု သွားမှာဘဲ၊'

'ကျွန်တော်ကလဲ . . .'

'ဘာဆိုင်လို့လဲ'

'ကျွတ် ဖိုးဇော်ရာ မင်းကလဲ၊ ငါ့ရည်းစားစာ မရေးတတ်ပါ လား ဆိုတဲ့ အချက်ကို သူလုံးဝသိသွားမယ်၊ အဲဒီအတွက် ရည်းစား စကားလည်း မပြောတတ်ဘူးလို့ ယူဆသွားမယ်၊ နောက်ပြီးတော့ ငါတို့နှစ်ယောက်စလုံးက ရေဒီယိုသီချင်းတွေလဲ ကြိုက်ကြတော့ သီချင်းထဲက စာသားတွေဟာ ငါတို့နှစ်ယောက်စလုံးရဲ့ စကားပေ ကွ၊ တကယ်တော့လဲ ဖိုးဇော်ရာ ငါတို့နှစ်ယောက်အတွက်က . . .



ပြောစက လေသံတွေ တက်ကြွနေပြီး ဆုံးခါနီးလည်းကျ ဆော (သူထုံးစံအတိုင်း) လေသံတွေ လေးတွဲလာသည်။

ဒါတမင်လုပ်ပြောတတ်တဲ့ အကျင့်လည်းမဟုတ်။ သူကိုယ် သူအကြောင်းသူပြောရင်း သူဘာသူ အလိုလိုဝမ်းနည်းသွား တတ်သူတစ်ယောက်ဖြစ်သည်။

ဆက်နားထောင်လျှင် မရှည် ရှည်အောင် ပြောတတ်သော အကျင့်က ရှိသောကြောင့် . . .

'ဟေ့ကောင် တော်တော် . . . မင်းလုပ်ပြန်ပြီ၊ ဘာမှလဲ ဖြစ်သေးဘူး ဘာဖြစ်မယ်ဆိုတာတောင် မသိသေးဘဲနဲ့ ဟျော့ဖလပ် လေသံကြီးနဲ့ ခံစားမနေစမ်းပါနဲ့ကွာ၊ ငါစိတ်ညစ် လွန်းလို့'

အမြန်တားရသည်။ အဲဒီနေ့ကျမှ သူနားမှာ ကျွန်တော် တစ်ယောက်တည်းရှိသည်။

ထို့ကြောင့် နှိပ်စက်ခံရရင်လဲ ကျွန်တော်တစ်ယောက် တည်းသာရှိပြီး ပြေးစရာရှိရင်လဲ ကျွန်တော်တစ်ယောက်တည်းသား ပြေးရမည်။

* * *

တက္ကသိုလ်မှာ ဟိုလူ တစ်ယောက်တော့ လွမ်းနေလေရဲ့ ဆိုတဲ့စကားမျိုးကို ဆယ်ယောက်မှာ ကိုးယောက်လောက် အပြောခံ ရသူများသည်။

မကြားတကြားပြောတာကို မကြားလို့ မသိလိုက်ကြပေမယ့် ကြားရင်လည်း ပိုလွမ်းသွားသောသူတွေရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က မမီလိုက်ကြတဲ့ လက်ချာတွေကို ဒီနေ့ ပြန်ကူးတာနဲ့ ပုံမှန်တန်းတူဖြစ်သွားနိုင်သည်ကိုတော့ အားလုံးပဲ သိကြပါသည်

သည့်တိုင်စာမေးပွဲဖြေရင်း တန်းလန်းတစ်ချောင်းတည်းသော ဖောင်တိန်မှင်ကုန်သွားသည့်အဖြစ်မျိုးနှင့် ရင်ဆိုင်တိုးကြတာလည်း ဒုနှင့်ဒေးပင်ဖြစ်သည်။

မပြေလည်သူတွေကို ဝမ်းနည်းနေသလား။ ဒါမှမဟုတ် ဝမ်းနည်းမနေပါနဲ့တော့လားကွယ်ဆိုတဲ့ စကားလေးစရုံနှင့် မျက်ရည်ပေါက်ကြီးငယ်ကျလာတာမျိုးလည်း ရှိသည်။

ပြေလည်တဲ့သူတွေကျတော့လည်း မင်းကွာ (သို့မဟုတ် နင်ဟယ်ဟု ပြောလိုက်ရုံကလေးဖြင့် အဟီး၊ ခစ်ခစ် ဖြစ်ကုန်ကြတော့သည်။

ကိုယ်ဟာ ငေးမောစဉ်တုန်းလည်း ငေးမောခဲ့။ ရယ်စရာကြုံတော့လည်း ရယ်ခဲ့မိပြီး၊ ကိုယ့်အလှည့် ကိုယ့်မှာ မရှူနိုင် မက နိုင်ဖြစ်တော့ ဘယ်သူ့နှစ်သိမ့်စကားမျိုးကိုမှ နားဝင်ခြင်း မရှိခဲ့ပေပါ။

ခင်ဦးပြောသလို . . .

သူ့ဘာသူ တူးကမ်းချင်ကမ်း၊ သရီးဝိတ်ချင်ဝိ သူငယ်ချင်း၊ ကိုယ်တို့ကတော့ ဝမ်းတောင်အဂိုးမခံနိုင်ဘူးဆို အတိုင်းပင် ဘယ်လိုမှ ဝေးမကွာစေချင်။

* * *



အုံ့အုံ့ဖြိုးဖြိုး ဖြစ်ကုန်သည်။ ခင်ဦးတစ်ယောက်ကဆုန်ဆပေါက် ပြေးလာတာကိုကြည့်ပြီး ကျွန်တော်အတတ်သိလိုက်သည်။

(အဲဒီနေ့က ကျွန်တော်တို့တစ်ဖွဲ့လုံး ဂျပ်ဆင်ကင်တီးမှာ ထိုင်နေနေကြသည်)

ခင်ဦးကရောက်ရောက်ချင်း ကိုင်းဟုဆိုကာ

ရော့ . . .

အောင်မြင့်က ခင်ဦးပေးသောစာကို အမြန်ဖွင့်လိုက်သည်။

♫ ကြင်နာမှု သမုဒ္ဒနှောင်ကြိုးတွယ်ငင် မောင့်ကိုချစ်ရ
တာလဲ အမောပါပဲရှင်၊ နှင်းဆက်ကြင်နာအသည်း
ဘယ်ခါမခွဲ၊ မြဲမြဲ ခိုင်ခိုင် ပိုင်ပိုင်သစ္စာကြိုးမျှင် တိုးတိုး
ချစ်ရပါတယ်ရှင်၊ မောင်ရေ သိစေချင်လွန်းလို့ ချစ်ခွန်းညှ
ခါခါ ပန်ကြားသက်သေတည်"။ ♫

'ဟ မင်းဥစ္စာ သီချင်းပဲကွ။ ဘာလဲ မင်းမရလို့ သူ့ကို ကူးခိုင်းလိုက်တာလားဟု' ထွန်းအောင်က ပြောလိုက်သည်နှင့် ခင်ဦးကလည်း မင်းတို့ကလဲကွာ ဆုံးအောင်ကြည့်ပါဦးဟု ပြန်ပြောသည်။

♫ x အို အတွေးသံသရာတွင် မောင်ကို ချစ်တဲ့စိတ်နဲ့
ပင် . . ကြယ်ကလေးများကို မြင်ရင် . . . မောင်ကို
ပြောကြားပေးဖို့ပင် . . . ရင်ဝယ်မော . . .
မောရပါတယ်ရှင် မိန်းမသားမို့ ပြောရအခက်သားပင်
. . . ရှက်များရှက်မိပါရဲ့ရှင်၊ ငုံးဆူ လူမသိပေယ့်

www.burmeseclassic.com

www.burmeseclassic.com



အပူမိတဲ့ ရုပ်သွင် မောင်မြင်မှာစိုး၊ တိတ်တဘိုးနဲ့ ညှိုးလျှ
သူဖြစ်အင် .. ငှက်ကလေးများကို တိုင်တည်ချင်၊
လမင်းသာပါရင်၊ မောင်ရေ ဘိစချောင်လွန်းလို့
ချစ်ခွန်းခါခါပန်ကြားသက်သေတည် . . . ♪

အဲဒါ 'ခင်ထွေးမော်'ရဲ့ 'မောင်သိစေချင်သည်'ဆိုတဲ့ သီချင်းလေ။ ကိုခင်ဦးကို တို့လက်ဆောင်ပေးတာပေါ့။

(... ...)
ခရေဆောင်

စာဆုံးသည်နှင့် ကျွန်တော်တို့အားလုံး သဘောပေါက်သွားပြီး ဟေး ခနဲ အော်ဟစ်လိုက်ကြသည်။

ဒါအဖြေ။ ခင်ဦးအတွက် အဖြေပေါ့။ စာထဲမှာ (ငုံးဆူလူမသိပေမယ့် အပူမိတဲ့ရုပ်သွင်၊ မောင်မြင်မှာစိုး၊ ညှိုးလျှသူဖြစ်အင်)ဆိုသည့် စာကြောင်းအောက်မှာ မျဉ်းတားထားတာကြည့်ပြီး အဖြေပေးပုံ ပေးနည်း မရိုးမဆန်းလေးကို ကျွန်တော်တို့ အလွန်သဘောကျ နှစ်ခြိုက်သွားကြသည်။

ထိုအဖြစ်အပျက်ကလေးက ကျွန်တော်တို့မှာတင်မဟုတ် အားလုံးရဲ့ အသည်းအမှတ်မှာ သေရာပါအောင် စွဲခဲ့ကြလေတော့သည်။

* * *



မျက်လှာချနေမှန်းသိလျှက်နှင့် မျက်လုံးပွင့်သွားအောင် ဆွဲဖွင့်ပေးဖို့ ကျွန်တော်ဘယ်တော့မှ ကြိုးစားပါ။ နာရီပေါင်း ကုဋေကုဋာကြာလို့ သူ့အလိုလို မျက်လုံးကလေးပွင့်လာမှ သူ့အမြင်မရှေ့မှာ ကျွန်တော်ရှိနေရအောင်သာ ကြိုးစားချင်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

နှလုံးသားတွေ ဘာဖြစ်လို့ အေးစက်နေတာလဲ . . . လို့ မေးမိတာ ကျွန်တော့ကိုယ် ကျွန်တော်ဖြစ်သလို၊ 'ဘာဖြစ်လို့ ရင်တွေ ခဲအာ ခဲအာ ခုန်နေရတာလဲ'ဆိုပြီး မရှက်တရှက် ပြန်ပြန်မေးမိတာလဲ ကျွန်တော်ပါပဲ။

ဘယ်သူက ဘာမေးလို့ဘာတွေပြန်ဖြေဖြေ သူကတော့ ကျွန်တော့ကို မကြာမကြာ မေးပြောပြောတဲ့ စကားတခွန်းတော့ ရှိပါသည်။

'ဘာကြောင်ကြောင်နေတာလဲမသိဘူး' . . . ဟု ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတစ်ယောက်က မိန်းကလေးတစ်ယောက် ဖြတ်သွားတာ မြင်လို့လှမ်းပြီး သိပ်လှတာပဲ, ဘယ်ကပြန်လာတာလဲ, ဆိုပြီး စတာနောက်တာမျိုးတွေကို ကျွန်တော်တို့တုန်းကတော့ တွေ့ရတာ နည်းပါသည်။ (များများစားစားရှိရင်လဲ ရှိမှာပေါ့လေ၊ ကျွန်တော်ကိုယ်၌ အတွေ့အကြုံ နည်းတာလဲဖြစ်မှာပါ) အများဆုံး ကြုံရတာကတော့ သီချင်းလေးနှင့်စတာ၊ စကားကိုယ်စား သီချင်းလေးနဲ့ ပြောတာမျိုးတော့ နောင်မှတ်တွေလက်ထက်ကထဲက ကျွန်တော်တို့ထိမြင်နေကြုံရသည်။

မတင်တင်အုန်းက ဖြူဖြူ၊ ဝဝ၊ ပုပု၊ ဖိုင့်ဖိုင့်။ ကိုတင်မောင်လွင်ကလည်း အဲဒီ ဝဝ ကစ်ကစ် ကလေးကိုပဲ ချစ်တယ်ကွယ် ဆိုပြီး မတင်တင်အုန်းကို တွေ့တိုင်း . . .

♪ 'မလှပေမယ့် × × × ချစ်တတ်သူပါကွယ် × × ×
ယုံကြည်ချက်က ပြင်းထန်လှတယ် × × '♫

ဆိုပြီးစသည်။ မတင်တင်အုန်းအနေနဲ့ကလည်း 'ချစ်တတ်သူပါကွယ်' ဆိုတဲ့စကားကိုတော့ သဘောကျချင်ကျမှာပေါ့လေ။ ဒါပေမယ့် 'မလှပေမယ့်'ဆိုတာကြီးကို တော်တော်စိတ်မြင်ကပ်ပြီး ကိုတင်မောင်လွင်ကို လုံးဝအကာပ်မခံခဲ့တာ နှစ် နှစ်ကျော် သုံးနှစ် နီး နီး။

ကျွန်တော်တို့အရွယ်၊ ကျွန်တော်တို့အလှည့်မှာ သန်းဝင်းကတော့ စပယ်ကို သီချင်းစာသားရေးပြီး ဘယ်သူမှ မသိအောင် စာသွားပေးသည်။ ကျွန်တော်တို့လည်း သိရော အတင်းလုပြီး စာကို ဖွင့်ဖတ်ကြသည်။ ရေးပုံကို ကြည့်ပါဦး။



♫ "မောင်ကြံရွယ်တဲ့ စပယ်တစ်ကုံး × × ×
× × × × ×
× × × × ×
အရွယ်ကြောကို × ×
မောင်ဘယ်တော့မှ မမုန်း × × ×♫

မောင်သန်းဝင်း

စာဖတ်ပြီးပြီးချင်း ကျွန်တော်တို့ ဝိုင်းဟားတော့ ဒီကောင် မျက်မှောင်ကြုံ့သည်။ အောင်မြင့်က . . .

'မင်းကတော်တော်ကြောင်တဲ့ကောင်၊ စာသားလဲ အလွတ်မရဘဲနဲ့ ခပ်တည်တည်နဲ့။'

'မင်းကကော ရလို့လား'

'မင်းရေးထားတာနဲ့တော့ တစ်ကြောင်းနှစ်ကြောင်းပို ရတယ် သူငယ်ချင်း'

'ဘာပဲပြောပြောကွာ ငါရေးထားတဲ့ စာတစ်ကြောင်း နှစ်ကြောင်းက စပယ်အတွက်ငါ့ရဲ့ အဓိကပဲ'

ကျွန်တော်တို့ဘာပြောပြော သန်းဝင်းကတော့ သူ့ခံယူချက်နှင့်သူ စာကို စပယ့်လက်ထဲရောက်အောင်ပို့ခဲ့သည်။ သိပ်မကြာ။ အမှုတွဲက ပါလာသည်။ အဲဒီ မောင်ကြံရွယ်တဲ့ စပယ်တကုံး သီချင်း တစ်ပုဒ်လုံး သူ့ရှေ့မှာ အစအဆုံး ရေးပြရမတဲ့လေ ဆိုတော့ သန်းဝင်းအကြီးအကျယ် ဒုက္ခရောက်တော့တာပါဘဲ။ နောက်ဆုံး သူငယ်ချင်းတွေကပါ မနေနိုင်တော့ဘဲ တေး ၁၀၀၀။ တေး ၁၀၀။ စာအုပ်တွေကို အပူတပြင်းရှာ၊ တွေ့ဖွေ့ခဲ့ဝယ်။ ဝယ်ပြီးလက်ထဲ ရောက်တာနဲ့ သန်းဝင်းက အလွတ်ကျက်။ ဒါတောင် နှစ်ပတ်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြာမှ သန်းဝင်းက သီချင်းကို အလွတ်ရသည်။ ထိုကြားထဲမှာ သန်းဝင်း ဝမ်းတွေသွားလို့ ကျောင်းမတက်နိုင်ပါဆိုသည့် အကြောင်းပြချက်နှင့် ဖြီးတာရသေးသည်။

(ခုချိန်၊ ခုရွယ် . . . ဘဝဒုက္ခအခက်အခဲတွေနဲ့ နပမ်းလုံးနေရတဲ့အချိန်မှာ ဒါတွေကို တွေးမိတော့ ရင်ဘတ်ထဲက မျက်ရည်ကျသည်)

ခုတော့လည်း သန်းဝင်းတို့က သားနဲ့သမီးနဲ့ . . အသီးအညွှာတွယ်နေပြီ။

ကျွန်တော့်မှာသာ . . .။

* * *

တက္ကသိုလ်မှာဝေတဲ့ နှင်းကို ကျွန်တော်တို့နှစ်ယောက်စလုံး ကောင်းကောင်းမမြင်ဖူးခဲ့ကြသော်လည်း တက္ကသိုလ်မှာ နှင်းတွေဝေနေတယ် ဆိုတာလေးကို ကြားရုံနှင့် 'လွမ်းစရာလေးနေမှာနော်' ဆိုသည့် ခံစားမှုမျိုး နှစ်ဦးစလုံးမှာ ရှိတယ်ဆိုတာ သိခဲ့ကြပါသည်။

ဒီလိုနှင့်သာ သိသိကြီးကို မသိမသာနဲ့ ခပ်တည်တည်ဖြတ်ကျော်လာခဲ့ကြတာကိုတော့ ကျွန်တော့်အနေနှင့် (သူတော့မသိပါ) အဖြေမထွက်ခဲ့ပါ။ လေးနှစ်တာကာလတုံးလုံး ကျွန်တော်တို့နှစ်ယောက်ဟာ နာရီပေါင်း ခြောက်နာရီကြာအောင် သစ်တပင်အောက်မှာ ထိုင်ဖြစ်ခဲ့ကြပြီး စကားတွေ အများကြီးပြောဖြစ်ခဲ့ကြတာ အဲဒီရက်ကလေးတစ်ရက်သာရှိခဲ့ဖူးပါသည်။

အဲဒီနေ့ကတော့ ကျွန်တော်ကလည်း ဘာရယ်မဟုတ်ပါဘူး။ သူကလဲ စာတအုပ်ဖတ်နေတော့ ပျင်းပျင်းရှိတာနဲ့



♫ "မေလေးရယ် × × × ဒါတွေတွေးကွယ် × × ×
ကြာလေဝေးမယ် × × × ဒီအဖြစ်ကြုံးတော့ × × ×
မရောက်လိုသူမယ် × × × နှစ်ကိုယ်တူနီးရာစခန်းကို ×
× × မြန်းကြွဖို့လိုက်ခဲ့ ခေါ်ချင်တယ် × × ×'♫

ကိုယ့်ဟာကိုယ် တိုးတိုးကလေးဆိုညည်းနေမိတော့လည်း သူ့ကို သတိမထားမိ၊ သူကလဲ စာအုပ်အဖတ်မပျက်ဆိုတော့

♫ 'ကိုယ်ဘဝ ကိုယ့်အရေး × × × ကိုယ်ပိုင်အတွေးနဲ့ ×
× × ကိုယ်တို့ဆွေးနွေးကြမယ်လေ ဒါမှလဲ × × ×
နှစ်ကိုယ်ချစ်သဲ × × × နီးကြရမယ့် အရေးက သေချာ
တယ် × × ×♫

အာတွေတွေနဲ့ နောက်တစ်ပိုဒ်ဆိုမယ့်အလုပ်

'နှင်ဆိုတဲ့သီချင်းက ဘာအဓိပ္ပါယ်လဲ'

ကောက်ခါငင်ခါ ရုတ်တရက်ကြီးထမေးတော့ ကျွန်တော် ကြောင်သွားသည်။

'နှင်ကလဲ ရုတ်တရက်ကြီးဟာ လန့်လိုက်တာ'

'လန့်တာအသာထားပါ၊ နှင့်သီချင်းအဓိပ္ပာယ်ပြောပါဦး'

'ဟာ ဒါငါ့သီချင်းမှ မဟုတ်ဘဲ ခင်လေးရယ်'

'အေးလေ အဲဒီသီချင်းကို နှင်ကြိုက်လို့ဆိုတော့ နှင့်အတွက်တော့ အဓိပ္ပာယ်ရှိရမှာပေါ့'

'ရေဒီယိုသီချင်းတွေကို ငါတော်တော်များများကြိုက်တာပဲ၊ ကြိုက်လို့ဆိုတိုင်း အဓိပ္ပါယ်ရှိရမှာလား'

'မသိဘူးလေ နှင်သီချင်းဆိုတာ ငါမကြားဖူးလို့

www.burmeseclassic.com



'ခင်လေးကတော့ခက်ပြီ. . ။ ငါကနင့်ရှေ့မှာ သီချင်းလာလာဆိုပြနေရမှာလားဟ . . . ။

'နင်ခုနဆိုတဲ့ နှစ်ကိုယ်တူနီးရာစခန်းကို သွားမယ့် နင့်နှစ်ကိုယ်ချစ်သဲကို ကြုံရင်တော့ ပြစမ်းပါဦးဟာ မြင်ဖူးချင်လို့'

ခင်လေးက ဖွတ်တရွတ်တရပ်စပ်စကားတွေပြောနေတော့ ကျွန်တော်စိတ်တွေအိုက်သွားသည်။ ခင်လေးမျက်နှာကို သေသေချာချာ ကြည့်ပြီးပြန်ပြောလိုက်သည်။

'ခင်လေးရာ. . . ဟာသတွေ မပြောစမ်းပါနဲ့၊ ငါ့လိုကောင်ကို ကြိုက်မယ့်သူတွေရင် ပြစမ်းပါဟာ . . .'

ထိုအခါခင်လေးဆီမှ ဘာသံမှ ထွက်မလာတော့ဘဲ တော်တော်ကြာအောင် တိတ်ဆိတ်သွားသည်။ သရက်ရွက်တွေ ကြွေကျသံကိုပင် ကြားရသည်။ ပြီးမှ ကျွန်တော်ကို လုံးဝမကြည့်ပဲ ပြောသည်. . . ။

'အေးလေ . . နင်ကကြောင်တောင်တောင်နဲ့ ဘယ်သူက နင့်ကို ကြိုက်ရဲမှာလဲ . . .'

ထိုစကားကြားကြားချင်း သရက်သီးတွေ အလုံးလိုက် အလုံးလိုက် ခေါင်းပေါ်ပြုတ်ကျလာသလိုခံစားလိုက်ရသည်။ ထိုစကားစုတွေ နောက်ပိုင်းပြောဖြစ်သော စကားတွေက ကျွန်တော့် နားထဲလုံးဝရောက်မလာတော့၊ ရုပ်ရှင်အကြောင်း၊ အဆိုတော်တွေ အကြောင်း၊ စာအကြောင်း၊ ပေအကြောင်း. . ဘာအကြောင်းမှ ခေါင်းထဲရောက်မလာတော့ . . . ။

ကျောင်းတွေပြီးလို့ အသီးသီးလမ်းခွဲကြ၊ လုပ်ငန်းတွေကိုယ်စီ ဝင်ကြ ဘယ်သူတွေဘာတွေလုပ်ကြ . . . ကျွန်တော်ကတော့



ဆယ်စုတနှစ်ကျော်ကျော်ယခုထိ . . ည . . ည. . . ခင်လေး စကားတွေကို ကြားနေရပါသည်. . . . ။

* * *

ခင်လေး ကျွန်တော့်ထံပို့သော စာဆယ့်လေးငါး ခြောက်စောင်စလုံးမှာ 'လာလည်နော်' ဆိုတာ အမြဲပါသည်။ ခင်လေးက နယ်မြို့လေးတမြို့မှာ အရာရှိပေါက်စ အဖြစ်တာဝန်ကျနေသည်။

'ငါအခုရောက်နေတဲ့ မြို့ကလေးက လွမ်းစရာလေးဟ . . . နင်ဝတ္ထုတွေဘာ၊တွေရေးလို့ရတာပေါ့'ဆိုသည့် စာကြောင်းက လည်း ခဏ ခဏ ပါသည်။ သွားမယ်လုပ်လိုက်၊ ယောင်ပေပေနဲ့ မသွားဖြစ်လိုက် ဖြစ်နေသည်။ ဒီတခါတော့ သွားဖြစ်အောင် သွားမယ် ဆုံးဖြတ်ပြီး ခရီးဆောင်အိတ်ကို ပြင်နေစဉ် ရေဒီယိုက မှိုးမြင့်လေး သီချင်းကို ကြားရသည်။

♫ 'ကြာလေလေ × × × ချစ်တဲ့စိတ်ကခိုင်မြဲလေလေ ×
× × အချစ်ဦးရေ × × × နားထောင်ပါမေ × × ×
တသက်မှာ တယောက်ထဲ × × × စွဲမြဲချစ်နေ × × ×
မခွဲဘဲ အချစ်ဝေ × × × မေ့အပေါ် မေတ္တာထားတာ ×
× × ကြာလေလေ ခိုင်မြဲလေလေ × × × ♫

လွမ်းလိုက်တာ ခင်လေးရာ ဟုရင်ကပြောဖြစ်သည်။ ငေးတို့နှစ်ယောက်က ရင်ခုနဘက်အဆင့်မှာပဲရှိပါတယ်ကွာ ဟု မောင်မောင်က ကင်ပွန်းတပ်ဖူးသည်။ ထိုစဉ်က အေး အဲဒီ အဆင့်လောက်ဆိုရင် မဆိုးပါဘူး မောင်မောင်ရယ်လို့ ပြန်တော့ ငါလခွီးဆိုပြီး ထဆဲသည်။ (ခုတော့ ပြုံးမိတယ် ခင်လေး)။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခင်လေးဆီသွားမယ်ဆိုတာများ သူငယ်ချင်းတွေ သိလို့ကတော့ သံသရာခရီးသည်လို့ ကျွန်တော်ကို ပြောဦးမှာ သေချာသည်။

ခင်လေးရှိရာ နယ်မြို့လေးက ကြားဘူတာဆိုတော့ ရထားရွေးရသည်။ ရထားပေါ်စတက်စဉ်က ဖျင်းဦးမှာဘဲဟု ထင်ထားသော်လည်း ခရီးဆောင်ရေဒီယိုလေးဖွင့်လိုက်၊ စာအုပ်လေးဖတ်လိုက်နှင့် မိုးလင်းတော့ ခင်လေးရှိရာ ရောက်သွားသည်။

ဘူတာနှင့် ခင်လေးတို့ရုံး ဘယ်လောက်ဝေးသည်မသိဆိုက်ကားတော့ တော်တော်စီးရသည်။ ဆိုက်ကားမစီးလာခင်ကထဲက နီးနီးလေးကိုလှည့်ပတ်ခေါ်လဲ မြို့လေးကို မြင်ရတာပေါ့ဟု တွေးထားတာမို့ စိတ်ခုစရာမရှိတော့။

ရုံးရှေ့ရောက်တော့ ခင်လေးအမည်မေးပြီး စုံစမ်းနေစဉ် အပြင်က ပြန်လာသော ခင်လေးနှင့် တန်းတိုးသည်။

'ဟယ် . . . ဝမ်းသာလိုက်တာဟယ်၊ နင်လာလည်တာလား ဟင်'

'မိုင်ပေါင်း သုံးလေးရာကျော် ခင်လေးရယ်၊ တကူးတကလာမလည်ပဲ ရောက်ပါ့မလား'

'ဝမ်းသာလို့ပါ'

ကျွန်တော့ကို ရုံးထဲခေါ်ပြီး ဝန်ထမ်းတွေနှင့် မိတ်ဆက်ပေးသည်။ ဝန်ထမ်းအားလုံးပေါင်းမှ ရှစ်ယောက်လားရှိသည်။ ခင်လေးက ဒုတာဝန်ခံဆိုတော့ ခင်လေးအထက်မှာ တာဝန်ခံတစ်ယောက်ပဲရှိသည်။ ပြီး . . ခင်လေးက တာဝန်ခံကို ခွင့်တောင်းပြီး ကျွန်တော့ကို တည်းခိုခန်းပို့။ ထမင်းကျွေး၊ စကားေ



ပြောကြပေါ့လေ။

'ပြီးခဲ့တဲ့လ လခထုတ်တော့ ပင်နဆိုးနစ် ရေဒီယိုလေးတစ်လုံးဝယ်လိုက်တယ် . . .။'

'ကောင်းတယ်၊ အပျင်းပြေတာပေါ့ဟာ'

'ဝယ်ပြီးတဲ့နေ့ပဲဟယ် . . မြင့်မြင့်စိန်ရဲ့ သူ့အာလှည့်အစီအစဉ်နဲ့ကို တန်းတိုးတာ၊ နင့်ကို သတိရလိုက်တာဟာ'

ကျွန်တော်ပြုံးနေလိုက်သည်။

'ဘယ်နှစ်ရက်လောက်နေမလဲ'

'သုံးလေးရက်ပေါ့ဟာ'

'သူငယ်ချင်းတွေနဲ့ရော ဆုံသေးလား'

'ဆုံဖြစ်ပါတယ်၊ နင့်ကိုလဲ မေးကြတယ်'

'နင်ရောစွံပြီလား'

'ငါက နင့်ကိုမေးရမယ့်စကားပါခင်လေးရာ. . .၊ နင်ကအထူးနဲ့ ဂုဏ်နဲ့ လှလှပပ တင့်တင့်တယ်တယ်. . . ဘယ်လိုလဲမြို့မှာ နင်တွေနေပြီလား'

'တော်စမ်းပါ ဖိုးဇော်ရယ်'

ဟိုပြော ဒီပြော တောရောက် တောင်ရောက် စကားတွေဆိုမယ့် အလွှမ်းသက်သက်လွှင့်ခဲ့တာတော့အမှန်ပင်။ ကျွန်တော်တည်းခိုခန်းရောက်တော့ မြို့ကလေးက မှောင်အတိ။ ခရီးလဲပန်းတာတော့ ခုတင်ပေါ် ခြေဆန့်လက်ဆန့်လှဲပြီး ရေဒီယိုလေးဖွင့်လိုက်သည်။ အံဩစရာကောင်းပုံကိုကြည့်ပါဦး။

♫ 'မေတ္တာစစ်တို့မည်သည် × × × ဖြောင့်ဖြူးရေလဲမရှိ မြဲမို့ × × ×မောင်တို့သိနားလည်။ အများနဲ့မည်းတူ

www.burmeseclassic.com

www.burmeseclassic.com



× × အခက်အခဲရှိကြပါတယ်ကွယ် × × × မေလေးရယ်
× × ဒါတွေတွေးကွယ် × × ကြာလေဝေးမယ် × ×
ဒီအဖြစ်မျိုး တော့ မရောက်လိုသူမယ် × × နှစ်ကိုယ်တူ
နီးရာစခန်းကို × × × မြန်းကြဖို့ လိုက်ခဲ့ခေါ်ချင်တယ်
× × × ♫

တိုက်တိုက်ဆိုင်ဆိုင် ထိုင်ဖြစ်ခဲ့တဲ့သစ်တပင်အောက်က ချက်ခြင်း ရောက်သွားတော့တာပါဘဲ။

(သေချာပါတယ်. . .။ ခင်လေးလဲ နားထောင်နေမှာ . . .)

* * *

ရှိနေတဲ့ တစ်ရက်ခွဲအတွင်းမှာ မြို့ကလေးထဲ နေရာအ... ကုန်သွားသည်။ ခင်လေးက ထမင်းစား စောင့်သည်။ ရုံးကိုပဲ လာ... ဆိုသဖြင့် ရုံးကို ရောက်သွားသည်။ ကျွန်တော်ရောက်တော့ ခင်လေ... အပါအဝင် ကိုယ်စီကိုယ်စီ အလုပ်တွေရှုပ်နေသဖြင့် ခင်လေ... လက်ညှိုးညွှန်ရာ ခပ်လှမ်းလှမ်းခုံတွင် ဝင်ထိုက်နေလိုက်သည်... စာရွက်စာတမ်းတွေနဲ့ အလုပ်တွေလုပ်နေကြသော်လည်း ရုံးက... က တိတ်ဆိတ်နေသည်။

ကျွန်တော်ထိုင်သည့်နေရာက ခင်လေး၏ အထက်အ... တာဝန်ခံစားပွဲနှင့် မျက်စောင်းထိုးလောက်ရှိသည်။ တာဝန်ခံကြီး... တော့ မတ်တပ်ရပ်လိုက်၊ ထိုင်လိုက်၊ စာရွက်တွေကြည့်လိုက်၊ ဖိုင်... ဖွင့်လိုက်နှင့်။ ကျွန်တော်လည်း သတင်းစာဖတ်ဖို့ တော... အကိုင်. . .

'ဟင် . . . ဒီမှာမှင်နီတားထားပါလား'



ရုတ်တရက်တာဝန်ခံကြီး ပါးစပ်မှ ထွက်လာသော ...တားသံကြောင့် ကျွန်တော်အပါအဝင် တရုံးလုံးက ငုံ့ထားသော ...ခေါင်းတွေမော့ကြည့်လျက် ဖြစ်သွားသည်။ တာဝန်ခံကြီးက ...တော်တပ်ရပ်လျက် ဖွင့်ထားသောဖိုင်ကိုကြည့်ပြီး မျက်မှောင်ကြုံ့ ...နေ၏။ အားလုံးက သူ့ကို ကြည့်နေတာလဲမသိ။ ပြီး. . အသံဆက် ...ထွက်လာသည်။

'ဒါ ဘယ်သူတားထားတာပါလိမ့်'

ဝန်ထမ်းတွေကတော့ ဘာပြဿနာဖြစ်ပါလိမ့် ဆိုပြီး ...ကြောင်မခတ်ရဲ။

'ဟာ ဒါ ငါတားထားတာပဲ'

တစ်ခွန်းနှင့်တစ်ခွန်း စက္ကန့်နှစ်ဆယ်လောက်ခြားမည်။ ...တစ်ယောက်ထဲ ဆက်ပြောသည်။

'ဟင် ငါဘာဖြစ်လို့ တားမိပါလိမ့်'

ထိုသို့ပြောပြီး ထိုင်ချလိုက်သည့် နောက်ထပ်ဘာသံမှ ...ထွက်မလာတော့။ ဆက်ထွက်လာသည်ကတော့ ကြိတ်ပြီး ...သံ ခပ်အုပ်အုပ်များသာဖြစ်သည်။ သူကလဲကြားပုံရသည်။ ...ခဲ့တချက်လှန်ကြည့်တော့ စောစောကလို တိတ်ဆိတ်သွားကြ...သည်။ ခင်လေးကတော့ အပြုံးမပျက်သေး။

နှစ်ယောက်သား ရုံးပြင်ထွက်လာကြတော့မှ ရယ်လိုက်မိ... တကယ်ကို ခိုးခိုးခွစ်ခွစ်။

* * *

ရထားက အချိန်မမှန်တော့ ဘူတာမှာ အစောကြီးကထဲက ...စောင့်ရသည်။ ရထားဝင်လာပြီဆိုသည့် အသံတွေရှီးရှီးရှူရှူ

www.burmeseclassic.com



ကြားမှ စကားစပြောဖြစ်ပါသည်။

'နင်ဟိုတနေ့က သီချင်းပဒေသာနားထောင်ဖြစ်လား'

ခင်လေးစကားကို ကျွန်တော်ချက်ချင်းသိလိုက်သည်။


'ဘာလဲ ခင်လေး နင်က ငါ့ကို အဲဒီသီချင်းအဓိပ္ပါယ် မေးဦးမလို့လား'

'မမေးတော့ဘူးဟာ . . . ဟော ရထားဝင်လာပြီ'

'သွားမယ်နော် ခင်လေး'

■





www.burmeseclassic.com

www.burmeseclassic.com

ဟိုးဝေးဝေးမှာ မိုးမည်းမည်းကို မြင်သည်။

ဒီတစ်ခါတော့ ကျွန်တော့်ကို စားပွဲခုံရွှေ့ရအောင် ...ုပ်တော့မည်ဟု တွေးရုံရှိသေး (ဝေါခနဲ) ကျွန်တော်လည်း ထပြေး ရတော့သည်။ တဲပင်အောက်က စားပွဲပေါ်မှာ ကျွန်တော့် ဆေးပေါ့လိပ်တိုကလေးတော့ သွားပြီ။ အနည်းငယ်တော့ စိတ်ကူးတွေ ကစဥ့်ကလျား ဖြစ်ကုန်သည်။

'သွားတော့မယ်'

ရုတ်တရက် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့လည်း ...ယောက်မှမရှိ။ ချုပ်ရှင်ထဲကလိုပါပဲလား။ လူတစ်ကိုယ်လုံးပေါ် ...ပြီး စကားလေးတစ်ခွန်း နှစ်ခွန်းပြော ပြောပြီး ချက်ချင်း ...ပျောက်သွားမည့် ပြက္ခက်မျိုးနှင့် ကျွန်တော်ရင်ဆိုင်နေရသည် ... နာရီဝက်ကျော်ကျော်အတွင်း နှစ်ကြိမ် သုံးကြိမ် မကတော့။ ...စောကလည်း ဒီလိုပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ညစ်တယ်'

မျက်နှာချင်းဆိုင်က ထိုင်ပြီးပြောတဲ့ အသံမျိုးမို့ ငုံ့ထားတဲ့ ခေါင်းကို ချက်ချင်းမော့ကြည့်တော့လည်း ဘာမှမရှိ၊ ဘယ်သူမှ မတွေ့ရ။

တကယ်ဆိုဖဲ့လျှင်ပဲ့နိုင်သည်ဟု ကျွန်တော် ယုံကြည်ထားသော ကျွန်တော့်ရင်ထဲမှ အနက်ရှိုင်း ဆုံးသော အရာသည် ကျွန်တော်ကိုယ်တိုင်ပင် ဖွဲ့နေမိသည်ဟု ထင်ပါသည်။ စတင်နှုတ်ဆက်သူနှင့် အနှုတ်ဆက်ခံရသူ နှစ်ဦးသည် ဘယ်သူကပိုပြီးသာ နေပါသနည်း။ တစ်ဆက်တည်း နှုတ်ဆက်သူ က အဝေးကို ဝေးအောင်သွားတာမျိုးလား၊ ဒါမှမဟုတ် အနှုတ်ဆက် ခံရသူက တမင်ဝေးအောင် ကျန့်နေရစ်ခဲ့ရတာလား ဆိုတာကို လည်း ကုတ်မိကုတ်ရ တွေးနေဆဲမှာပဲ မိုးသည်းသံကြားရပြန်သည်။

လက်ဖက်ရည်ဆိုင်လေးထဲမှ ရေဒီယိုကတော့ 'ရွှေဖရုံသီး အကြောင်းသိကောင်းစရာ'အကြောင်း လွှင့်လျက်ရှိနေသည်။ ကျွန်တော် ဆေးလိပ်အသစ်တစ်လိပ် မီးညှိလိုက်ပြန်သည်။

*

ခုချိန်ကစပြီး သီချင်းပဒေသာနှင့် ဖျော်ဖြေတော့မှာမို့ . . ဆိုသည့် ရေဒီယိုကဏ္ဍလေး အကူးကို ကြားနေရသော်လည်း အာရုံကို မဝင်တစ်ချက် ဝင်တစ်ချက်။ ကျွန်တော့်မျက်နှာသည် ကျွန်တော်နှင့်အတူရော ရှိနေရဲ့လား။ ဘယ်သစ်ပင် အဖျားမှာ သွားချိတ်ပြီး ဘယ်အုတ်ခုံ ဘယ်လှေကားမှာ သွားထင်နေ သလဲ မသိ။ စန္ဒာရားတစ်လုံး၊ မယ်ဒလင်တစ်လက်နှင့် အိပ်ပျက် ခဲ့ရသော ညတွေကို (ကိုယ်တိုင်မတီးတတ်ဘဲ နားထောင်ငေးမော ရင်းဖြင့်) အခုဆို ပိုပို သတိရနေသည်။ သွားတော့မယ်ဆိုသော လူကတော့ တော်တော်ဝေးဝေးမှာ သားနှင့် သမီးနှင့် ပျော်ရွှင်စွာ ရှိနေရော့မည်။ 'စိတ်ညစ်တယ်'ဆိုတဲ့ ဆံပင်တိုတို သူမဇရာ။ ကြာသေးခင်က သူမင်္ဂလာဆောင်ကို တယ်လီဖုန်းနှင့် ဖိတ်ခဲ့သေးသည်။ ကိုယ်တိုင်ဖိတ်စာလာပေးရမှာ မျက်နှာပူလို့ပဲဖြစ်မည်။ ဘယ်နှစ်နှစ်ရဲ့ ဘယ်မိုးလဲတော့ မမှတ်မိတော့ပါ။ ခုလို မိုးထဲလေထဲ သူ့ထီးရဲ့အောက်မှာ သူ့နံဘေးမှာ တစ်ခါလိုက်ခဲ့ဖူးသည်။ အမှန်အတိုင်းပြောရလျှင် ထိုစဉ် ထိုအချိန်က သူရင်ခွင်ပိုက်ထားသော သူ့ လွယ်အိတ်ကလေးထဲမှာ ကျွန်တော် ဝင်ထိုင်နေရ သကဲ့သို့ ရှိလေသည်။

♫ × × × တွေ့မြင်ရပြန်ရင်လဲ × × × အသည်းက
ကျေနပ်လှသည် ဒီစိတ် . . . × ဒီဆန္ဒတွေ × ×
ကမ္ဘာ့အဆက်ဆက် × × × အသက်နဲ့ယဉ်ကာနေ × × ×
သို့ကို ချစ်ရခြင်းက × × ရယူလိုခြင်း ပိုင်ဆိုင်ခြင်း
မဟုတ်ပေ × × ကိုယ်သာ ချစ်စိတ် × × × တိတ်တိတ်
ရယ်ဖြေ × × × ကိုယ်သာ ချစ်စိတ် × × × တိတ်တိတ်
ရယ်ဖြေ × × × ♫

ဟာ ဒါ . . ခင်မောင်လွင်ရဲ့ ကိုယ်သာ ချစ်စိတ် တိတ်တိတ်ရယ်ဖြေ သီချင်းပါလား။ ကျွန်တော်စိတ်နဲ့ကိုယ်ကတော့ အချိန်ကြာကြာ ကပ်နေတယ်ရယ်လို့ မရှိတော့ ရေဒီယိုအကျယ်ကြီး ဖွင့်ထားတာတောင် သတိမထားမိတော့သလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။ နောက်တကျော့ကျမှ သေသေချာချာပြန်နားထောင်ဖြစ်သည်။

♪ 'သူ့ကို ချစ်စိတ် × × × တိတ်တိတ်ရယ်သာ × ×
ရင်မှာ ပျိုး အကြင်နာမိုးစွေ × × ကြုံမှာကြုံ၍
ဆုံလာသည်မှ × သူ့အပေါ်မှာ မေတ္တာဆပွား
သစ္စာအားအင် × × ကြီးမား ခဲ့ပေ × × ဒီအဖြစ် × ×
ဒီသနစ် × × ဒီအကြောင်းများ တွေ × × ခွန်းဆင့်
လွန်ကျူး × × မပြောလိုဘူးလေ × ကိုယ်သာချစ်စိတ်
တိတ်ရယ်ဖြေ × × ' ♪

ကျွန်တော်သာ ခုလိုလွန်လွန်ကဲကဲ သတိရနေတာများ သူသိသွားရင် ခစ် ခစ်ဟု ရယ်နေတော့မှာ သေချာသည်။ ဟိုတလောတုန်းက ကြေးနန်းရုံးမှာ တစ်ခါတွေ့သေးသည်။ ကျွန်တော့်ကို တွေ့တွေ့ချင်းပြုံးသည်။ သူပြုံးသည့် အဓိပ္ပါယ်ကို ကျွန်တော်သိသည်။ တစ်ခါက သူ့ဆီကို အကြိမ်ကြိမ်ဖုန်းဆက်ခဲ့တာ ဒီကြေးနန်းရုံးကပေါ့။ ငါမူးလေးထည့်ပြီး ငါးနာရီလောက်ကြာအောင် စကားမပြောနဲ့နော်ဆိုပြီး စခဲ့ နောက်ခဲ့တာလည်း သူပင်ဖြစ်သည်။ အဲဒီတစ်ခါသာ တွေ့ပြီးနောက် သူနှင့်ထပ်မတွေ့ဖြစ်တော့။ ကျွန်တော် သူ့မျက်နှာကို သေသေချာချာ စေ့စေ့မကြည့်ဖြစ်သော်လည်း လျှစ်ခနဲကြည့်၍ မြင်သည့်အမြင်မှာပင် သူ့မျက်နှာက စွယ်တော်ရွက် ကလေးကဲ့သို့ပင် မပြောင်းမလဲတည်ရှိနေပေသေးသည်။

ရေဒီယိုက သီချင်းတစ်ပုဒ်ဆုံးပြီး 'ခုဆက်လက်ပြီး အေးအေးအောင်ရဲ့ အရိပ်ပမာမခွဲခွာ သီချင်းနဲ့ ဖျော်ဖြေပါဦးမယ်ရှင်. . .'ဟု ကြေညာနေသည့်အချိန်မှာလည်း မိုးက ပြေပလောက်



အောင် စဲမသွားသေး။ နေ့လည်နေ့ခင်းကလေးက တော့ ညနေဂျာန်မှောင်ရီပျိုးလားအောင့်မေ့ရသည်။ စားပွဲထိုးလေး နှစ်ယောက်ကတော့ ကျွန်တော့်ရှေ့နံဘေးစားပွဲမှာ ထမင်းစားနေ ကြပြီ။ ကျွန်တော်က လက်ဖက်ရည်တစ်ခွက် မကုန်သေး။ ဘာပဲဖြစ်ဖြစ် တစ်ခွက်မှမသောက်ရဘဲ အေးစက်သွားသည်။ ရေနွေးအိုးကိုတော့ ပူပူလေးနှင့် လဲခိုင်းရဦးမည်။ အားတော့ အားနာဖို့ကောင်းသည်။

* * *

'ဘာ . . လက်ဖက်ရည်တစ်ခွက် ငါးကျပ် . . ဟုတ်လား'

အသံကျယ်ကြီး တသံကြောင့် ကျွန်တော်တကယ်လန့်သွားသည်။ နောက်ကို လှည့်ကြည့်လိုက်တော့ စောစောက အော်မေးလိုက်သည့် ဦးလေးကြီးက စားပွဲထိုးကိုတစ်လှည့် သူ့အဖော်ကို တစ်လှည့်ကြည့်ပြီး စားပွဲထိုးလေးကို ပြန်မေးသည်။

'ဟ. . ဟုတ်ရဲ့လားကွ၊ မင်းဆိုင်ရှင် ပြန်မေးစမ်းပါဦး'

'ဟုတ်ပါတယ် ဦးလေး ငါးကျပ်ပါ'

စားပွဲထိုးလေးပြန်ပြောအပြီး ဟာကွာ မင်းတို့ဥစ္စာက လွန်လှချည်လားဆိုကာ ပိုက်ဆံထုတ်ပေးလိုက်သည်။ ပြီးသူ့အဖော်ဘက်လှည့်ကာ . .

'ကျုပ် လက်ဖက်ရည်မသောက်ဖြစ်တာ ဘာရှိလို့လဲ၊ အလွန်ဆုံး နှစ်လပေါ့။ ကိုင်း ငါးကျပ်တဲ့။'

ဦးလေးကြီး၏ အဖော်က ဘာပြန်ပြောမလဲတော့ ကျွန်တော်မသိ ကျွန်တော်ကတော့ အဖေ့ကို သွားသတိရသည်။ အဖေဆိုလဲ ဒီလိုပဲနေမှာ။ အဖေ ဟိုတလောက မြို့ထဲထွက်တော့ လမ်းမှာ ကွမ်းယာဝယ်စားသည်။ (ခါတိုင်းတော့ အမေက

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းလေးတစ်ယာ် နှစ်ယာ ထည့်ပေးတတ်သည်) ကွမ်းယာဆိုင်က အဖေ့ကို 'ကျပ်တန်နဲ့ဆိုရင် နှစ်ယာဝယ်ရမယ်၊ တစ်ယာထဲက ပြန်အမ်းဖို့ အကြွေမရှိဘူး'ဟု ပြောတော့ အဖေကစိတ်တိုစပြုလာပြီး 'မင်းကွမ်းယာက ဘယ်လောက်မို့လို့လဲ'ဟုပြန်မေးသည်။ ဟိုက ငါးမူးလို့လဲပြောလိုက်ရော အဖေက မင်းကွာ ထုံးရယ် ကွမ်းသီးရယ် ဗမာဆေး နည်းနည်းရယ်များ ငါးမူးတဲ့ဆိုပြီး ကျပ်တန်ပြန်ထည့်ကာ ထွက်လာခဲ့သည်။ အဖေတော်တော်ဒေါသဖြစ်ခဲ့ကြောင်း ပြောမဆုံးတော့။ ထို့ပြင် စပယ်ယာက တက်လာသူတိုင်းကို နှစ်ကျပ်ယူပြီး အကြွေရမှ အမ်းမည်ဟုပြောခြင်းကို အဖေက လုံးဝမကျေမနပ်ဖြစ်သည်။ ပြန်၍ မရသည့်အဆုံးအဖေဖွင့်ပြောတော့သည်။

'ဒီမှာ မင်းလူတစ်ယောက်တက်လာလို့ နှစ်ကျပ်ယူပြီး ပြန်မအမ်းနိုင်ရင် နောက်တစ်ယောက်တက်လာတော့ တစ်ကျပ်ပဲ ယူလိုက်ပေါ့ကွာ၊ ကဲအခု ငါပေးထားတဲ့နှစ်ကျပ်ကို မင်းအကြွေပြန်အမ်းမှာလဲ မဟုတ်ဘူး၊ ဒီတော့ စောစောကတက်လာတဲ့ လူငယ်ကို မင်းတစ်ကျပ်ပဲယူပြီး တစ်ကျပ်ပြန်ပေးလိုက်၊ ငါ့လည်း အမ်းမနေနဲ့တော့'။

အဖေက သူပြောချင်သည့်စကားကို လိုပ်ပတ်လည်အောင် တစ်လုံးချင်းပြောမည်။ အသံကိုလည်း တမင်မြှင့်ပြီးပြောခဲ့သည်တဲ့။ အဖေ့အသံ ကျယ်ကျယ်ပြောတော့ ကားပေါ်က ခရီးသည်အားလုံးက စူးစိုက်ကုန်ကြပြီး ခေါင်းခံရဲသည့် သူက ဝင်ထောက်ခံတော့သည်။ ထိုနေ့က စပယ်ယာလည်း အဖေပြောသလိုပင် ခရီးသည် လူငယ်ကို တစ်ကျပ်ပြန်အမ်းလိုက်ရသည်။ ကျွန်တော်ကတော့ အဖေ့ကို အားရပါးရ ထောက်ခံခဲ့ပါသည်။



တစ်ခါတစ်ရံများမှာတော့ တိုက်ဆိုင်မှုတွေက တစ်ခုစရင် သုံးလေးငါးခုဆင့်ကဲဆင့်ကဲ တိုက်ဆိုင်လာတတ်သည်။ ခုပင်ကြည့်ပါဦး။ သူ့အကြောင်း နာရီစက္ကန့်မလပ် မြင်ယောင်းတွေးထင်နေဆဲ။ သူကြိုက်သည့် အေးအေးအောင် သီချင်းကလာနေပြန်သည်။

* * *

♫ 'နေပူထဲလဲ လျှောက်ရဲပါတယ် × × ခရောင်းလမ်းကိုလဲ ဖြတ်ရဲပါတယ် × × ဆူးမွေ့ရာလဲ အိပ်ရဲပါတယ် × × အနာခံရင်လဲ အတူ × × အသာစံရင်လည်း အတူ × × အေးအတူ ပူအမျှ အတူတကွ နေပြပါမယ်. . .'♫

သိပ်သက်ဆိုင်လှတယ်ရယ်လို့မဟုတ်ဘဲ သီချင်းစာသားထဲကလိုများ ကျွန်တော်တို့ ကြုံတွေ့ရင်ဆိုင်ရခဲ့လို့လား ဆိုပြီး တွေးမိသည်။ နေပူထဲလည်းလျှောက်ဖို့၊ ခရောင်းလမ်းဖြတ်ဖို့၊ ဆူးမွေ့ရာ အိပ်ဖို့ထိတောင် မတွေးခဲ့ကြရပါ။ တကယ်ဆို ချစ်သူဖြစ်သွားသည့် အဆင့်ကိုပင် မရောက်ခဲ့ကြပါပဲ ခွဲရ ခွာရခြင်းမျိုးပင်ဖြစ်ပါသည်။ အများကတော့ ကျွန်တော်တို့နှစ်ယောက်ကို တစ်ယောက်ထဲပါလား ဟု ဂရုတစိုက် သတ်မှတ်ထားကြလေသည်။

♫ 'အားနွဲ့ထင်ရယ်လို့ မထားခဲ့နဲ့မောင်မောင်ရယ် × × အချစ်အတွက်ဆို စွန့်စားရဲတဲ့ ခွန်အားအမည်းမောင်လိုပဲ ရှိပါတယ်. . .'♫

မိုးလေးနည်းနည်းစဲတော့မှ ထောင့်ဆုံးက ဝိုင်းတစ်ဝိုင်းက ပြန်သွားကြသည်။ ထို့နောက်ကျောင်းသားတစ်ဖွဲ့ဝင်လာကြသည်။ အဆောင်လေးတွေရှိနေသော လမ်းထဲက လက်ဖက်ရည်ဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်မိတော့လည်း အဆောင်တွေကို သတိရနေပြန်သည်။ အဖြစ်အပျက်တို့ကို ရင်ဆိုင်ရတုန်းအခါက အံ့ဩစရာ ကြုံရရင်တောင် ဒါပဲ ပြစရာ ကြီးပါလားဟု မထင်မိခဲ့ပဲ ကျော်လွန်လာသည့်အခါကျမှ တကယ်အံ့ဩဖို့ ကောင်းတာပဲဟု ပြန်လည် သတ္တချမိသည်။ သီရိခက်က ငွေးလွှင်ကို တစ်ကမ္ဘာ တစ်ဘဝ ထင်ခဲ့သည်။ တကယ် တမ်းငွေးလွှင်က ဝတ္ထုထဲကလို မိဘသဘောတူသူနှင့် လက်ထပ်သွားတော့ သီရိခက် ခံစားနေရတာများ မြင်ရက်စရာမရှိခဲ့။ ငွေးလွှင်ပေးထားသောစာ၊ ဓာတ်ပုံ၊ ငွေးလွှင်နှင့် ပတ်သက်သည့် အရာမှန်သမျှ ကျွန်တော့်လက်ထဲ စုပုံထည့်ပြီး

'ရော့ နင်ဖျက်ဆီးပေး'

ဟုဆိုကာ တပြုံတမကြီးထည့်သွားသည်။ ဒါမျိုးတွေ မလုပ်ခဲ့ဖူး လုပ်လည်း မလုပ်ချင်သဖြင့် သူမသိအောင် ထရီဇာကို ပေးလိုက်သည်။ ထရီဇာကတော့ရှင်းသည်။ သီရိကိုယ်စား ဒေါသ ထွက်ထွက်နှင့် ဖိုးဖတ် ဇိုးဖတ်နှင့် ကျွန်တော့်ရှေ့မှာပင် ဆွဲဆုတ် ဖျက်ဆီးပစ်လိုက်သည်။ သိပ်မကြာနောက် သုံးလေးရက်နေတော့ သီရိ ပြန်ရောက်လာပြီး သူ့ပစ္စည်းတွေ ပြန်တောင်းသည်။

'ငါ့ကို ခဏပြန်ပေးပါဦး၊ ဘာရယ်တော့မဟုတ်ပါဘူး။ ငါပြန်ကြည့်ချင်လို့ပါ'

သူ့စကားကြောင့် ကျွန်တော်နည်းနည်း မျက်မှောင်ကုတ်ကြည့်ပြီး

'ဟင် နင်ပဲ ဖျက်ဆီးပစ်လိုက်ဆို'

'ဟယ် နင်အကုန် ဖျက်ဆီးပစ်လိုက်ပြီးလား'



'အေး ငါထရီဇာကို ပေးလိုက်တယ်။ သူ ငါ့ရှေ့မှာပဲ အကုန် ဖျက်ဆီးပစ်လိုက်တယ်။ ဘာမှမရှိတော့ဘူး'

'ဟယ် တော့'

ထိုအဖြစ်တွေလွန်ပြီး တော်တော်ကြာနေမှ ပြန်ဆုံကြတော့ ကျွန်တော်သီရိကို ပြောက်ပစ်လိုက်သည်။ ထရီဇာကလည်း ကျွန်တော်လိုပဲ အပြစ်စကား ကရုဏာစကားပြောတော့ သီရိလည်း ပြုံးရုံသာ ပြုံးနေတော့သည်။ ဘာတစ်ခုမှ ဆင်ခြေမတတ်တော့။ သူငယ်ချင်းတွေ ဒီလိုဆိုတော့လည်း ခင်မင်သနားစိတ်ကထွက်လာပြီး သူနဲ့ပတ်သက်တဲ့ လူကို စိတ်ဆိုးပြီး ဒေါသထွက်ခဲ့နေသေးသည်။ သူ့အပြစ် သူ့အကြောင်းနဲ့ သူပဲ၊ ငါတို့လည်း ဘာတတ်နိုင်မှာလည်းဆိုပြီး ဖြေရသည်။ လူညွှန့်နှင့် ခင်အေးမူကတော့ခင်ဟာ သိမ်းထားရင် ဓာတ်လမ်းတစ်ပုဒ် ကောင်းကောင်းရဦးမှာပဲ ပြောသည်။ ကျွန်တော်က အေးအေးပဲ။

'ဓာတ်လမ်းဒီလောက် ရှားနေရင်လည်း ငါဝတ္ထုမရေးတော့ဘူးဟာ။ သူငယ်ချင်း ခံခဲ့ရတဲ့အကြောင်း ဖွဲ့နွဲ့ပြီး ရေးချင်ဘူး'ဟု အမှန်အတိုင်း ပြန်ပြောခဲ့သေးသည်။

ကျွန်တော်ဒီဆိုင်လေးကထရင် ဒီအတွေးတွေ ထားခဲ့မှပဲ ရေးလို့ရတော့သည်။ ထို့ကြောင့် မိုးစဲနေတုန်းပြန်ရင်ကောင်းမယ် ထင်တူးပြီး အထမှာ ဝုန်းကနဲ မိုးထဲမှာ လေဝဲကြီးပါလာသလား ထင်ရသည်။ ကျွန်တော်လည်း ပြန်ထိုင်လိုက်ရတော့သည်။ ပါဘဲ မိုးရေထဲကို ကျွန်တော်ဖြတ်လျှောက်ခဲ့ဘူးတာ ခဏခဏ မိုးမှာစိုး၍ ကြောက်လို့မရတာဘဲ ဒီနေရာမှာပဲ ဆက်ထိုင်ချင် စိတ်က ကျွန်တော့်ကို ပြန်ဆွဲနေတာဖြစ်မည်။ တကယ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထိုင်နေချင်သေးသည်။

ပန်းရောင်နှင်းဆီပွင့်ဖတ်၏ အပြင်သားနှင့်တူသော ဆွေသက်ဝေ၏ ပါးကလေးကို ကျွန်တော်ဖျတ်ကနဲ မြင်သည်။ သူ့ကို အားလုံး သတိထားမိကြတာလည်း ပန်းနုရောင်ပါးနှင့် နှုတ်ခမ်းနီနီ ရဲရဲကလေးကိုပင်ဖြစ်ပါလိမ့်မည်။ညဘက် ညဘက် သူ့အဆောင်မှာ ဖျော်ဖြေနေတဲ့ အဆိုတော်များလည်း ခုဆို ဘယ်ရောက်ကုန်မည် မသိ၊ ကျွန်တော်နှင့်သူသည် နောက်ကျမှ ခင်ခဲ့ရပြီး နင်တစ်ခွန်း ငါတစ်ခွန်း မပြောမဆို ခဲ့ကြပေမယ့်လည်း ပြောသလောက်နီးနီး ခင်တဲ့သူငယ်ချင်းတွေ ဖြစ်ခဲ့သည်။ ကျွန်တော်နှင့်သူက အစစ တိုင်ပင်သည်။ သူသာ တိုင်ပင်နေတာ ကျွန်တော်ကဟုတ်လောက် အောင် အကြံပေးတတ်သူလည်းမဟုတ်၊ တခြားသူ့မိသားစုကိစ္စ၊ သူ့လူမှုရေးကိစ္စအဝဝကို ကျွန်တော်ရိုင်းပင်းကူညီ အကြံပေးခဲ့သော် လည်း၊ သူ့နောက်ကို တကောက်ကောက်လိုက်ပြီး စကားပြော အဖြေ တောင်းနေသောကိစ္စတစ်ခုကိုတော့ ကျွန်တော်လုံးဝ အဆုံးဖြတ် ပေးခဲ့သည်။

'တို့ ဘာလုပ်ရမှန်း မသိဘူး'

'ဟာ ဒါတော့ နင့်ဘာနင် ဆုံးဖြတ်ပါ သက်ဝေရာ'

'တို့ လက်ခံလိုက်ရမလား'

'မသိဘူးလေ'

'တစ်ခုခု ပြောစမ်းပါ'

'ဟာ ငါ မပြောတတ်ဘူး'

တကယ့်ကို ကျွန်တော်မဆုံးဖြတ်တတ်သေးပါ၊ နောက်ဆုံး သူ့အပြတ်ငြင်းလွှတ် လိုက်တော့လည်း ကျွန်တော့်ဘာတစ်ခွန်းမှ



င်မပြောခဲ့။ သူနယ်မပြောင်းခံ ကျွန်တော်ကို

'ဒီကိစ္စမျိုး ကြုံလာတိုင်း တို့စာလှမ်းရေးပြီး တိုင်ပင်မယ် ဦလားဟုပြောပြီး ရထားပေါ်တက်သွားကတည်းက သူနှင့် ျွန်တော် မဆုံတော့။ အပြင်မှာ အညိုရောင် မြေသားကတော့ များဖြင့် ပြည့်လို့နေသည်။

* * *

♫ တကယ် ယောလုံချည်လဲ အမြဲဝတ်ဆင်တယ် × × ×
နာမည်နဲ့တော့လိုက်အောင် မောင်ကြံ့ရွှယ် × × × တကယ်
ရောရီရောရာ တွေ့ကရာပါတတ်တယ် × × × ကုန်သည်
နဲ့လဲဆက်သွယ် × × × ပွဲစားနဲ့လည်း ဆက်သွယ် × × ×
အလုပ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ကြံ့ပါ မောင်ရယ် × × ×
လူဆိုတာ ရှိသေလောက်မှ ကြောက်တယ် × × ×
အပျိုချောချောများတွေ့ရင် အရောဝင်ချင်တဲ့ ဝါသနာ
တွေကိုပယ် × × × ♫

ရေဒီယိုသီချင်လေး ကျွန်တော်စည်းချက်လိုက်နေပါ ဒါသီချင်းပဒေသာရဲ့ နောက်ဆုံးအပုဒ်ပဲ ဆိုတာကို ဘာဘာရေးရေးကြားလိုက်သည်။ တင်တင်မြရဲ့သီချင်းကို သော်အမျိုးတွေ အဆွေတွေက ကျွန်တော်ကိုတွေ့ရင် ကြသည်။ လွှယ်အိတ်ကလေးလွှယ်လို့ စာရေးဆရာ နလေး လုပ်နေတာလေဟု ပြောပြီး

♫ လွှယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လည် ချစ်သူမောင်ရယ်

www.burmeseclassic.com

www.burmeseclassic.com



× × × ဆေးကုစားတဲ့ ယော်ဆရာလိုပင် ထင်ကြပေမယ်
× × ×ရှင်သိက္ခာရှိအောင် စိတ်ဝယ်မှန်းကာ နေစမ်
ပါကွယ် × × ×အင်းအိုင်ခလှဲ့လက်ဖွဲ့များနဲ့ × × ×
ဆေးဝါး မပါတယ် ခုလိုနေတာ × × × ဘယ်သဘော
လဲ ပြောစမ်း ပါမောင်ရယ် × × × လမ်းသလားတယ်
အရမ်း စကား ရယ် မန္တရားဆို အဟုတ်ကို သူနားမလည်
× × ×♫

ကျွန်တော် ပိုက်ဆံရှင်းလိုက်သည်။ စားပွဲထိုးလေ ပြန်အမ်းငွေ လာပေးတော့ သီချင်းပဒေသာ အစီအစဉ်ပြီးသွ ပေပြီ။ မိုးကို ဂရုမထားတော့ပဲ မိုးရေထဲ ကျွန်တော် လျှောက်လ ခဲ့သည်။

* * *

မမေ့တတ်လျှင်တော့ အရာရာ သတိရစမြဲပင် ဖြစ်သည် ထို့အတူ နာကျင်စရာကြုံလျှင် ဝမ်းနည်းမြဲလည်း ဖြစ်နေသည်

■






www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က အစွဲအလန်းကြီးသည်။ မခွာနိုင် မပိုင်ဆိုင် တငွေ့ငွေ့နှင့် တစ်ဦးတည်း စွဲလန်းကြီးစွာသော ကျွန်တော်သာလျှင် ဖြစ်ခဲ့ပါသည်။ တစ်ခါတစ်ရံမျိုးမှာ ကျွန်တော့် အစွဲအလန်းတွေကို ကျွန်တော်မျှော်လင့်မိနေသလား ဆိုတဲ့ မေးခွန်းမျိုး ကျွန်တော့်ကိုယ် ကျွန်တော် ခဏခဏပြန်မေးမိဖူးသည်။ ထိုမေးခွန်းမျိုး ပြန်မေးမိတာကလည်း စွဲလန်းလိုက်တာနဲ့ မျှော်လင့်မှုပါ ပါလာတတ်ခြင်းကို ကျွန်တော်ယုံကြည်ထား၍လည်း မေးမိခြင်းသာဖြစ်သည်။ ထိုအခါတိုင်း ရှားရှားပါးပါး မျှော်လင့်မှုလေးတစ်ခုကို ရာနှုန်းနည်းပါးစွာ မျှော်လင့်နေသေးကြောင်း (မသိမိအောင် ဖွတ်မေ့ထားရက်နဲ့) မေ့ နိုင်ဘဲ သိသိနေသည်။

တကယ်ဆို ကျွန်တော် မျှော်လင့်ခွင့် မရှိတော့။

* * *

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်စရာ . . . . . ပိုင်ဆိုင်စရာမရှိတော့တဲ့ လူတစ်ယောက်အဖို့ နောက်ဆုံးအချိန်တွေကိုတော့ ပိုင်ဆိုင်ရတာပါပဲ။ ထိုအချိန်က ကျွန်တော်သည် အချိန်ဟာ သိပ်တန်ဖိုးရှိတယ်ဆိုတဲ့ လူတွေနဲ့ ဆန့်ကျင်ပြီး (ကျွန်တော်အတွက်) တန်ဖိုးမရှိတဲ့ အချိန်တွေကို တရစပ် ဖြုန်းပစ်လိုက်သည်။ လွှင့်သည်။ လေသည်။ အဖေပြောနည်းကား အတိုင်းပြောရရင် ကျွန်တော် တော်တော်လေး လပ်လျှားနေခဲ့လိုက်ပါသည်။ တစ်နေရာရာမှာ တစ်ယောက်တည်း ထိုင်ပြီးနေကုန်နေခမ်း ငေါင်တွေနေသည်များလည်း မနည်း။ သူငယ်ချင်းတွေက ကြာတော့ ကျွန်တော့်ကို စိတ်ပျက်စပြုလာသည်။ ထို့မှမကသေး . . . အိမ်က အဖေ. . ၊ အမေ၊ . . . အမ . . . ညီများကလည်း ကျွန်တော့်ကို ကြည့်ပြီး စိတ်ဓာတ်ကျဆင်းလာသည်ဟုပင် ထင်ရလောက်အောင် မြင်တွေ့နေတော့ ပထမဦးဆုံးအကြိမ် ကျွန်တော့်ကိုယ် ကျွန်တော် စိတ်ပျက်သွားပါသည်။ ထိုအခါ ယတိပြတ်ဆုံးဖြတ်ပစ်လိုက်သည်။

ကလေးကလား စကားပြောရရင်တော့ မျှော်လင့်ခွင့်မရှိတဲ့ မျှော်လင့်မှုကို အသွားထက်သော ဓားတစ်လက်ဖြင့် အစိတ်စိတ် အမွှာမွှာ . . . ၊ အပါးပါး အလွှာလွှာဖြစ်အောင် ခုတ်ထစ်ပစ်လိုက်သည်။ . . သိပ်မကြာ. . ချစ်ရသူတို့နယ်မြေ အနား ကျွန်တော်ရောက်သွားသည်။

* * *

မျက်စောင်းထိုးအိမ်က ထွေးထွေးဆိုသော ကျွန်တော်နှင့် ရွယ်တူ မိန်းကလေးတစ်ယောက်ရှိသည်။ ထွေးထွေးက ကျွန်တော့်ကို တွေ့တိုင်း ဆေးရုံကဆင်းလာပြီးလား၊ နေကောင်းသွားပြီနော်. .



ဘာရောဂါလဲဟင် ဆိုသည့် စကားများဖြင့် စသည်။ အစခံရသည့် အခါတိုင်း ကျွန်တော့မှာ ပြုံးပြ မချိုရုံကလွဲပြီး ထွေးထွေးကို ပြန်ပြောစရာစကား တစ်လုံးတလေတောင် မရှိခဲ့။ ထိုစဉ်က တွေးတွေးနောက်သလိုမျိုးဖြစ်အောင် ရပ်ကွက်ထဲ၊ လမ်းထဲမှာ ဘော်တော်ကြီးပဲ ပုံပျက်ခဲ့လေသလား။ ကျွန်တော်ပြန်မစဉ်းစား ချင်တော့။ ဘုရားဟောထဲကလို ပစ္စုပ္ပန်တည့်တည့်ကိုလည်း မရှုနိုင် သေးတဲ့အရွယ်ဆိုတော့ ဘယ်တော့မှ မစဉ်းစားဘူးဆိုတာတောင် အတိပ်ကိုတလည်လည် တဝဲဝဲတော့ ဖြစ်နေသေးတာပါပဲ။ အတိတ်ကိုတွေးမိတဲ့အခါတိုင်း ငရဲရတယ်။ အဲဒီတွေးတဲ့အခိုက် လေးမှာ တောင် ဒေါသ၊ မောဟ၊ လောဘတွေပါ ပါလာတယ်. . ဟု လူကြီးတွေက ပြောလေ့ရှိသည်။ ကျွန်တော့်အတိတ်မှာတော့ ဒေါသ၊ မောဟ၊ လောဘတွေ မပါဘဲ ဗျာပါဒနှင့် မာနများသာ ပြည့်နှက် သို့နေခဲ့သည်။

တကယ်တမ်းသာ ချရေးမည်ဆိုလျှင် လူတစ်ယောက်အဖို့ တစ်နှစ်စာ ဒိုင်ယာရီ စာအုပ်တစ်အုပ်လောက်မည်မထင်။ ရက်ပေါင်းအရ သာ သုံးရာ့ခြောက်ဆယ့်ငါးရက်ပါပဲဟု ပေါ့ပေါ့ လေး ပြောလို့ရပေမယ့် နာရီပေါင်းက အများကြီး၊ ကိုယ်တိုင်နေတဲ့ နေရာလေးကနေ နောက်နှစ်နာရီ၊ သုံးနာရီအကြာ ကိုယ်ဘာဖြစ် မလဲဆိုတာတောင် ပြောရတာမဟုတ်လေတော့ မြားဦးဘယ်နှစ်ခု တပ်ဆင်ထားသည်မသိသော ကံကြမ္မာကို အသက်တစ်နှစ်ကြီးလေ ကျွန်တော်ပိုကြောက်လေပင် ဖြစ်သည်။ ကြောက်ကြောက်နှင့်ပင် ကြုံကြုံနေရတာတွေကလည်း လက်ချိုးရေတွက်လို့ပင် မရနိုင်တော့ ပေ၊ တစ်နှစ်ကို အနည်းဆုံးတစ်ခါ. . ၊ နှစ်ခါ တုန့်ယှပ်ကြေကွဲ

www.burmeseclassic.com



မှုတွေ ဆုံတွေ့ရသည်။ မမေ့တတ်သူ ကျွန်တော်အဖို့တော့ ဘယ်အတွေ့နှင့် ဘယ်အရာကြုံခဲ့ ကြုံခဲ့ နာတာရှည်ဝေဒနာသည် ဖြစ်လုနီးပါး ခံစားခဲ့ရသည်ချည်းပင်။ ကိုယ်တိုင်ဖြစ်တာ အပြည့်ဆိုလျှင် ကိုယ့်ဝန်းကျင်၊ ကိုယ်ရင်းနှီးကျွမ်းဝင်သော လူတွေရဲ့ အဖြစ်အပျက်များကိုလည်း အပြည့်မဟုတ်တောင် လက်တစ်လုံး လက်နှစ်လုံးလျော့လောက်ထိ ကျွန်တော်က ခံစားတတ်ပြန်သေး သည်။

ကျွန်တော်တို့လမ်းထိပ် ရွှေပန်းထိမ်အိမ်က မမြသက်ရဲ့ မျက်ရည်စတွေကို မမြင်ဝံ့ခဲ့သလို ကျွန်တော့်ခေါင်းရင်းအိမ်က ကိုကျော်သန်းတစ်ယောက် အရက်တွေမူး၊ ပေါက်ကွဲစကားတွေပြော အံကြိတ်၊ မျက်ရည်လည်နေ, နေတာတွေကိုလည်း မကြားရက် . . မကြည့်ရက် ဖြစ်ခဲ့ရပါမည်။ ကျွန်တော်တို့ ရပ်ကွက်အပိုင် လမ်းလေးရှစ်လမ်းကတော့ မမြသက်များ သီချင်းဆိုရင် အသံ ကောင်းပဲဟေ့. . ဟု ပြောကြပြီး ကိုကျော်သန်းသီချင်းဆိုသံကြားရင် အောင်မယ်လေး ကိုကျော့်ညွန့်များ အနားလာဆိုနေသလား အောက်မေ့ရတယ်ဆိုသည့် စကားများဖြင့် တကယ့်ကို လှိုက်လှိုက် လှဲလှဲ ချီးကျူးထောပနာစကား ပြောလေ့ရှိကြသည်။ သူတို့ နှစ်ယောက် တစ်ယောက်အပေါ် တစ်ယောက် ကျွန်တော်တို့ သူငယ်ချင်းတွေ (တစ်ရပ်ကွက်လုံးနီးနီး)က စိတ်ဝင်စားစေချင် ကြသည်။ သူတို့နှစ်ယောက်ကို ကြိုက်သွားစေချင်ကြသည်၊ ချစ်သွားစေချင်ကြသည်။ နောက်ဆုံး မျက်လုံး မဆုံ, ဆုံအောင် (ကျွန်တော်တို့က) လက်နှင့်ဆွဲကပ် ဆုံစည်းပေးလိုက်ချင်ကြ သည်။ ကျွန်တော်တို့ရဲ့ စိတ်အင်အားကြီးမားလို့လားတော့ မသိ၊



နောက်ဆုံးသူတို့နှစ်ယောက် သံယောဇဉ်ဖြစ်သွားကြသည်။ အစွဲ အလန်းကြီးစွာ စွဲလန်းသွားကြလေတော့သည်။

ရာသီအလိုက် ပန်းပင်တွေ ဘယ်အချိန်ပွင့်ပွင့် မမြသက် ဆံမြိတ်ထက်မှာ တွေ့ရလေအောင် ကိုကျော်သန်းကြီး မြတ်နိုးပြုစု ဖွင့်လေတော့သည်။ ကျွန်တော်တို့ ရပ်ကွက်လေး ပိုစည်ကားလာ သလို ခံစားရပါသည်။ မမြသက်ကို စစ်ကိုင်းမှာ မွေးတာ ဒါကြောင့်လား မသိဘူး ကိုတင်ဝင်းရဲ့ စစ်ကိုင်းတံတားပေါ် တစ်ခေါက် သီချင်းကို သိပ်ကြိုက်တာလို့ ပြောမိတာလေးနှင့် ကိုကျော်သန်းတို့ မယ်ဒလင်ဝိုင်းလေးမှာ "စစ်ကိုင်းတံတားပေါ် တစ်ခေါက်" ချင်းထပ်နေတော့သည်။ ရပ်ကွက်ထဲမှ တချို့က ကျီစယ်ဟန်ဖြင့် မာတ်ပြားမအက်သေးဘူးလား၊ အော်ကွေ့ကြည် ရောင်းတဲ့ တရုတ်ကြီးတောင် အဲဒီသီချင်းဆိုဆိုနေတယ်ဟု စတော့မှ ဆယ်ရက်တစ်ပတ်ရပ်သွားတော့သည်။

ဘာပဲဖြစ်ဖြစ် လာမယ့်ရပ်ကွက် ပျော်ပွဲရွှင်ပွဲလေးမှာတော့ သူတို့နှစ်ယောက် စုံတွဲသီချင်းဆိုဖြစ်အောင်ဆိုဖို့ ကြိတ်ပြီး ကြံစည်နေကြသူ အကိုကြီး၊ အမကြီးတွေရှိသည်။ ကျွန်တော်တို့က လူငယ်တွေဆိုတော့ ဆိုစေချင်တဲ့ ဆန္ဒကိုတောင် ရဲရဲဟဟ ပြောရဲတာမဟုတ်။ အေးအေးချမ်းချမ်းနှင့် ကြည်ကြည်နူးနူး ဆန္ဒ ပြည့်ဖို့သာ မျှော်လင့်ခဲ့ကြရသည်။ တကယ်လည်း အဲဒီပျော်ပွဲ ရွှင်ပွဲ ရပ်ကွက်လေးထဲမှာ ကိုကျော်သန်းနဲ့ မမြသက်တို့နှစ်ယောက် ချစ်ရသူတို့နယ်မြေသီချင်းလေးကို စုံတွဲဆိုဖြစ်သွားကြသည်။

ဒါပေမယ့်. . . အဲဒီတုန်းက . . .အဲဒီသီချင်းဆိုတဲ့ သူမှာပဲ . . . သိပ်ချစ် . . . သိပ်စွဲလန်းကြီးကြတဲ့ သူတို့နှစ်ယောက်

www.burmeseclassic.com



လမ်းခွဲခဲ့ကြတယ်ဆိုတာ ဘယ်သူမှ မသိလိုက်ကြ . . .။

ကျွန်တော်တစ်ယောက်သာ သိလိုက်ရသည်။

* * *

ကံကြမ္မာကို ပုံဖော်ပေးပါဟု သိပ္ပံပညာရှင်တွေကို အကူအညီတောင်းချင်ခဲ့ဖူးသည်။ အသေးအမွှားကလေးကစ ဘာတစ်ခုမှ ပုံဖော်မရခဲ့။ ရခဲ့ရင် ကြိုတင်ကာကွယ်နိုင်ကြမည်။ အဖုအထစ်တွေကို ပြေပြစ်ချောမွေ့သွားအောင် ဆောင်ရွက်နိုင်ကြမည်။ အကွေ့အကောက်တွေကို ရှောင်ရှား သွားနိုင်ကြမှာ သေချာသည်။ ကြိုတင်မသိမှု များစွာကဲမှ အမှုံအမွှား မသိမှုလေး တစ်ခုကို ပျော်ပွဲရွှင်ပွဲ၏ ပထမဆုံးနေ့မှာ အောင်မြင့်ခံရလေတော့သည်။

ပွဲတော်အစဉ်ဆိုတော့ အဆို၊ အက၊ အငြိမ့်ပွဲတွေ မစခင် ကျွန်တော်တို့ သူငယ်ချင်း တစ်အုပ်လုံး ပွဲဈေးလျှောက်ကြသည်။ ဟိုဟိုသည်သည် ကြည့်ရင်း လျှောက်ရင်း အကွက်အကွင်းကောင်းတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ရှေ့ကို ဆက်အလျှောက်မှာ ရုတ်တရက်အောင်မြင့်က. . ငါပေါင်ချိန် ဦးမယ်ကွာဟု ပြောလိုက်သဖြင့် ပေါင်ချိန်ပြားလေးရှေ့မှာ ကျွန်တော်တို့ရပ်လိုက်ကြသည်။ အောင်မြင့်က သူဒီလောက်ဝနေတာကို မကျေနပ်တိုင်း ပေါင်ချိန်စက်တွေရင် ပေါင်ချိန်ကြည့်လိုက်ရမှ ကျေနပ်သူဖြစ်သည်။ ချိန်လိုက်တိုင်းလည်း ပေါင်က ကျသွားတယ် မရှိ။ တိုးမြဲတိုးလျက်ပင်။ အဲဒီတုန်းက ခြေနင်းပြားပေါ် ပေါင်တစ်ခါ တက်ချိန်မှ ဆယ့်ငါးပြား။ ပေါင်ချိန်စက်ပေါ် ထွန်းထားသည့် ဖယောင်းတိုင်မီး ပုဆိုးကိုထိမှာစိုးလို့ အောင်မြင့်က သူ့လုံချည်ကို



သာသာမပြီး ပေါင်ချိန်စက်ပေါ် တက်သည်။ သူတက်လိုက်သည်နှင့် ပေါင်ချိန်စက်ပြမြားက လူတကာချိန်သလို ဖြည်းဖြည်းညင်သာ တက်မသွားဘဲ ဘယ်ဘက်မှသည် ညာဘက်ဂိတ်ဆုံးသို့ ဆောင်တက်ပြီး ကပ်သွားတော့သည်။ မြားတံပြန်မဆင်းတော့ ပေါင်ချိန်စက်ပိုင်ရှင်က အလန့်တကြား ဆင်း. . . ဆင်း. . . မြန်မြန်ဆင်းလိုက်ဦးဆိုပြီး ပြောလည်းပြော အောင်မြင့်ခြေထောက်ကိုလည်း လက်နှင့်တွန်းနေတော့သည်။ အောင်မြင့်လည်း ကပျာကယာဆင်းအပြီး ပေါင်ချိန်စက်သမားက ပေါင်ချိန်မြားတံ လှုပ်ပြီး ပြန်ကျလာအောင် လက်ဝါးနှင့် ဖုတ်ဖုတ် . . . ဖုတ်ဖုတ် . . . ပုတ်နေသည်။ သူဘယ်လောက်ပုတ်ပုတ် မြားတံက မလှုပ်။ ကျွန်တော်တို့လည်း ဘာလုပ်ရမှန်းမသိ။ ပေါင်ချိန်သမားကတော့ သူ့ပေါင်ချိန်စက်ကို ပုတ်လိုက် အောင်မြင့်ကို ကြည့်လိုက် လုပ်နေသည်။ ထိုသို့လုပ်နေရင်း အောင်မြင့်ဘက်လှည့်ကာ . .

'ခင်ဗျားစက်ဖိုးလျော်တော့ဗျာ'

'ဗျာ'

ကျွန်တော်ထင်သည့်အတိုင်း စက်ဖိုး အလျော်တောင်းလေတော့သည်။

'စက်က သုံးမရတော့ဘူးထင်တယ်။ ဒီညအဖို့တော့ ကျွန်တော်သွားပြီ . . . ဒါစပေါ်တင်ပြီးယူလာတာဗျ။ ခင်ဗျား မတန်တဆကိုယ်ကြီး တက်ချိန်တော့ မြားတံ ဘယ်ပြေးရမှန်းမသိဘဲ ကပ်သွားတာပေါ့'

'ခင်ဗျားလျော်ရင်လျော် မလျော်ရင် ကျုပ်ပဲ လျော်ရတော့မှာ'

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ချိန်သမား ပြောလိုက်သော နောက်ဆုံးစကားကြောင့် ကျွန်တော်တို့အားလုံး စိတ်မကောင်းဖြစ်သွားကြသည်။ သူတစ်ပြန် ကိုယ်တစ်ပြန် ပြောနေကြတာတယ် ကဲ ငါတို့ ပိုက်ဆံစုလိုက်ရအောင်ဟု ထွန်းအောင်က စပြောသဖြင့် အားလုံးကိုယ်စီ အိပ်ကပ်ထဲ လက်နှိုက်ကြရလေတော့သည်။ စက်ဖိုး ၄၅ ကျပ်မှာ အောင်မြင့်က ၁၅ ကျပ်၊ ကျန်တဲ့သုံးဆယ်ကိုတော့ ကျွန်တော်၊ ထွန်းအောင်နှင့် ရှိန်မြင့်တို့က ခံလိုက်ရသည်။ ထိုနေရာမှ လှည့်အထွက် အောင်မြင့်က

"ဒါနဲ့ ကျွန်တော်ဘယ်နှစ်ပေါင်ရှိလဲ ခန့်မှန်းလို့ရသလား' ဟုမေးဖြစ်အောင် မေးလိုက်သေးသည်။ စက်ဆရာက

'ခင်ဗျားကိုယ်က ကျွန်တော်စက်မှာ ဂိတ်ဆုံးနေပြီ'

'ဗျာ'

အားလုံးရယ်ဖြစ်လိုက်ကြသည်မှလွဲပြီး တခြားထိခိုက်ခံစားစရာ မရှိတော့။ စည်ကားနေတဲ့ သီချင်းဆိုစင်မြင့်ရှိရာသို့သာ ခပ်သွက်သွက်လျှောက်လာခဲ့ကြသည်။

* * *

တရွေ့ရွေ့ တလှုပ်လှုပ်နှင့် ရှေ့ဆုံးရောက်အောင် မတိုးနိုင်သေးသော်လည်း စင်နားရောက်အောင်တော့ တိုးရမည်။ လူအုပ်ကြီးကလည်း တကယ့်ကို ကြပ်ညပ်ပိတ်ခဲ။

♪ × × အဆင်းပလီစွာ × × နှင်း × × နှင်းဆီပမာ × × တူသော အချစ်မျိုး မောင်ပျိုး မဖွဲ့သင့်ပါ × × နှစ်သက်စရာ × × သွင်စပယ်စင်ကြယ် × × အချစ်မျိုးကိုလိုတာ × × ချင့်သနား × × သင့်သား



နောင်တော့မေ့သွားမှာလား ×× မေးပြန်သောအခါ ပြုံးယောင် ပြုံးတဲ့သာ × × ♪

ဟာ ဒီသီချင်းကောင်းတယ်ဟေ့ တိုးတိုး ရှေ့ဆုံးရောက်အောင် ဆက်သာတိုးဟု ကျွန်တော့်ပါးစပ်က ပြောလိုက်မိသည်နှင့် ဦးဝေ့နေသော လူအုပ်ထဲမှ ဘယ်က 'မ'သံထွက်လာသည်မသိ။ မိန်းကလေးသီချင်းလည်း လိုက်ကြိုက်တာပဲ ဆိုသည့် အသံခပ်အုပ်အုပ်ကို ကြားလိုက်ရသည်။ လူမမြင်လို့ ကျွန်တော် ကလူအုပ်ထဲ မျက်လုံးဝေ့ကြည့်နေကြည့်နေတာကို ထွန်းအောင်က ဟာ မင်းကလဲ အသံတောင်မမှန်မိဘူးလား ကုန်စုံဆိုင်က အုန်းသီးအသံပေါ့ဟု ပြောတော့မှ ကျွန်တော်မှာ အသံကို ပြန်ကျက်မိတော့သည်။ သူ ကျွန်တော့်ကို ထိုသို့နောက်တာက အကြောင်းရှိသည်။ သူ့နာမည်ရင်းက ပွင့်စပယ်ဖြစ်သည်။ ပွင့်စပယ်တို့ ခြေရင်းအိမ်က ထွန်းဝင်းတို့အိမ် ဖြစ်သဖြင့် ကျွန်တော်တို့အဖွဲ့က ညတိုင်း ရောက်ကြသည်။ တစ်ည ကျွန်တော်တို့ ထိုင်နေတုန်း ပွင့်စပယ်က ရေချိုးရင်း ကိုတင်လှိုင်ရဲ့ အမုန်းခွန်အား ပေးသနားပါ သီချင်းဆိုသဖြင့် ကျွန်တော်က ဟာသွားပြီ . . သွားပြီ တို့ယောက်ျားထု သီချင်းတွေတော့ သွားပါပြီဟု စဖူးသည်။ ဒါကို ပွင့်စပယ်က ကလဲ့စားချေလိုက် ခြင်း ဖြစ်မည်။ ပွင့်စပယ်ကို အုန်းသီးဟု ခေါ်ခြင်း အကြောင်းကလည်း တစ်ရပ်ကွက်လုံး အုတ်အော်သောင်းနင်း။

တစ်နေ့ ပွင့်စပယ် ဈေးကအပြန်လမ်းထဲအကွေ့လေး ရောက်မှာ သူ့မျက်နှာချင်းဆိုင်က လျှောက်လာတဲ့ ဆံပင်အုပ်[illegible]ကိုကျော် ခေါင်းပေါ်အုန်းသီးက တည့်တည့်ပြုတ်ကျလေ

www.burmeseclassic.com



တော့သည်။ သူနှင့် နှစ်ယောက်အဆုံ နီးနီးကလေးမှာ ကပ်ဖြစ်တော့ သူတော်တော်လန့်သွားသည်။ ကိုကျောက်က အုန်းသီးခေါင်းထိထိချင်း ချက်ချင်းခွေလဲ မသွားသေးဘဲ လက်နှစ်ဘက်က မိပွင့်ဆီတန်းပြီးတော့မှ ဟပ်ထိုးလဲကျသွားသည်။ ကိုကျောက် ထိုသို့ခွေယိုင်လဲမသွားခင်ကတည်းက မိပွင့်မှာ မျက်စိမျက်ဆံတွေလည်ပြီး ကိုကျောက်အလဲမှာပဲ မိပွင့်လည်း အလွန့်လွန်ပြီးခွေလဲနေတော့သည်။ ဒါကို မြင်တဲ့လူက အော်ဟစ် အကူအညီတောင်းလို့ အိမ်တွေပေါ်က လူတွေ ပြေးဆင်းလာကြ ပြီး မိပွင့်ခေါင်းပေါ် အုန်းသီးပြုတ်ကျတယ်ပဲ အောက်မေ့ပြီး မိပွင့်ကို ဆေးခန်းခေါ်သွား၊ ကျန်တဲ့သူက ကိုကျောက်ကို နှာနှပ်နှင့်တလွဲတွေ ဖြစ်ကုန်တော့သည်။ သူတို့စိတ်နှင့် အမြင်မှာတော့ အုန်းသီးတစ်လုံး နှင့် လူနှစ်ယောက်လဲနေတာမြင်ကြတာကိုး။ ထိုရှုပ်ယှက်ခတ် အဖြစ်လည်းဆုံးရော မိပွင့်ခမျာ အစားအသောက် မကျေ ဖိတ်စာ မကမ်းဘဲ 'အုန်းသီး'ဟူသည့်အမည်တွင်သွားတော့သည်။ မိပွင့် ကျွန်တော့်ကို လှမ်းစတာ သတိထားမိလိုက်တာလေးနှင့် ကြည်ကြည် နူးနူး ရယ်ရယ်မြူးမြူး ရှိမည့် အပိုဒ်လေးတောင် ကျော်သွားသည်။

♫ × အသဲသဲမဟီရွှာ × × အမြဲပဲတည်ကာ × ×
မရွေ့လျားလေသော ထိုသဘော × × သူမေတ္တာ × ×
နှစ်သက်စရာ × × ရင်မှာ ရွှင်စရာ × ×
သည်သဘောဆိုတာ × × အဟုတ်လား × × တကယ်လား
× × ကျီစားတာများလေလား × × မေးပြန်သော အခါ
× × ပြုံးယောင်ပြုံးတုံ့သာ × × ♫



သီချင်းအဆုံးမှာ ကျွန်တော်တို့ စင်ရှေ့ကို ရောက်သွားသည်။ အငိုဘော်ကျောပြင်ကိုသာ မြင်လိုက်ရသဖြင့် အောင်မြင့်က ဒါဘယ်လမ်းထဲကလဲတော့ မသိဘူး။ အေဝမ်း တင်တင်လှသာ ကြားရင် ငါလည်းမဆိုဘဲနဲ့ ငါ့အသံဖြစ်နေပါလား လို့တောင် ပြောမှားလောက်တယ်ဆိုပြီး ချီးအကျူး စင်မြင့်ဆီမှ အစီအစဉ်ကြေညာသံ ထွက်လာသည် . . . ကိုကျော်သန်းနှင့် မမြသက်တို့ရဲ့ စုံတွဲသီချင်းလေးတစ်ပုဒ်ပါပဲ. . . ဟူသည့်အသံ ကြားလိုက်သည်နှင့် ပရိသတ်ကြီးအစုစုဟာ လည်ပင်းတွေရှည်ပြီး အွက်စီကျွက်စီ တီးတိုးသံများထွက်လာကြတော့သည်။ တစ်ရပ်ကွက်လုံးက သူတို့နှစ်ယောက်အကြောင်း သိကြတယ် မဟုတ်လား။ ရပ်ကွက်ဆိုတာကလည်း ခက်သည်။ ဘယ်သူနဲ့ ဘယ်သူကတော့ ဖြစ်နေကြပြီ။ ချစ်နေကြပြီ ဆိုတာမသိလိုက်နှင့်။ သိလိုက်သည်နှင့် သူတို့စိတ်ထဲ ဘဝင်မတွေ့လျှင် ဝေဖန်စစ်ထိုးတတ်ကြသည်။ သာယက်ရှင် မိဘများသဖွယ် ငါတော့ဖြင့် လုံးဝသဘောမတူနိုင် ဆိုင်ဆိုတာက ပါလိုက်သေးသည်။ သူတို့များ သဘောကျလို့က တော့ ထမင်းမေ့ ဟင်းမေ့ . . . ဟင် မယူသေးဘူးလား၊ ယူဖို့ ဘန်ပြီ စသည်ဖြင့် မြင်တိုင်း ပြောနေတတ်ပြန်သည်။ ကိုကျော်သန်း နှင့် မမြသက်ကိုတော့ တစ်ရပ်ကွက်လုံးက ကုလသမဂ္ဂမှာ အစည်း အဝေးထိုင်စရာမလိုဘဲ နိုင်ငံပေါင်းစုံက သဘောတူနည်းကား ဖြင့် သဘောတူထားကြလေတော့သည်။ လက်ခုပ်သံ တဖြောင်း ဖြောင်းက ညကလေးတစ်ညကို တုန်ခါသွားစေခဲ့သည်။ ဟယ် ကိုကျော်သန်းကြီး ရှက်နေတာကြည့်စမ်း ကြည့်စမ်း ဟာ . . . ဟ ဆိုတိုသည် လူအုပ်ထဲ 'မ'တစ်စု အသံကြောင့် ကျွန်တော်တို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြသည်။ ကိုကျော်သန်းကြီး ရှက်နေတာများ မမြသက် ထက်တောင် ဆိုးသေးသည်။ လက်နှစ်ဖက်ကို ရှေ့သို့ အရင်ယှက်ပြီး ထားသည်။ သိပ်မကြာ လက်နောက်ပစ်သည်။ ပြီးလက်နှစ်ဖက်ကို ဘေးသို့ချထားပြန်သည်။

'ဟာ. . ဒီလူကြီး ဘာဖြစ်တာလဲ လက်ကို ခြင်မျှား ကိုက်နေသလား'

အောင်မြင့်အသံကြောင့် ဘေးပန်းကတခွိခွိ ရယ်သံ တိုးတိုးကြားလိုက်ရသည်။ ကိုကျော်ညွှန့်နဲ့ မာသီတို့ရဲ့ "ချစ်ရသူတို့ နယ်မြေ"သီချင်းကို ဆိုဖို့ သူတို့နှစ်ယောက်ပါးစပ်က တောင်းဆိုတာ တော့ မဖြစ်နိုင်။ ဒါဆို တစ်ယောက်ယောက်က အကြံပေးပြီး အထမြောက်အောင် စီစဉ်လိုက်တာဖြစ်မည်။ သိပ်လိုက်ဖက်လှတဲ့ သူတို့နှစ်ယောက်ခရီးကို ချစ်ရသူတို့နယ်မြေသီချင်းလေးဖြင့် မှတ်ကျောက်တင်လိုက်သူက ဘယ်သူများလဲဆိုတာ ကျွန်တော် သိပ်သိချင်ခဲ့သော်လည်း နောင်လပေါင်း နှစ်ပေါင်းများစွာ အထိ မသိခဲ့ရပါ။

♫ × × စေတနာအရင်းခံထားကာ × × ကြင်နာမှုနဲ့
ချစ်လာသမျှတွေ × × တစ်ဦးကိုတစ်ဦး × × အပြစ်
မမြင်တတ် သူမလေ × × တကယ်ချစ်ရင် ×
အနစ်နာခံရပေမယ့် × × မှုပိုင်ဘဝအရေးကို ×
တူပြိုင်တွေးကာလေ × × ဘဝချင်း ×
ပေါင်းမယ်သာမသွေ × × ♫



သီချင်းအစ ပထမတစ်ပိုဒ်ကို ကိုကျော်သန်းလှည့်ပြီးတာနဲ့ လက်ခုပ်သံတွေက တားမရဆီးမရပေါ်လာသည်။ မမြသက် အလှည့် မမြသက်ဆိုတဲ့အသံဝင်တဲ့အထိ လက်ခုပ်သံက တိကနဲ ရပ်မသွားသေး။ မမြသက်က . . .

♫ တကယ်ချစ်ရင် × × အနစ်နာခံရပေမယ့် × ×
မှုပိုင်ဘဝ အရေးကို × × တူပြိုင်ကာတွေးငယ်လေ ××
ဘဝချင်းပေါင်းမယ် မသွေ × × ♫

ဆိုတဲ့ စာသားလေးကို တကယ့်ရင်ဘတ်ထဲနှစ်ပြီး ဆိုသွားသလားတောင် ထင်လိုက်ရပါသည်။

♫ ရွှေပြောင်ပြောင် × × တောင်ပေါ်ကဘုရား × ×
မယ်နဲ့ မောင် သစ္စာထား × × ပေါင်းကြပါစေသား
ဆုတောင်းမလေ × × ကမ်း × × နီဗ္ဗူ × × စိတ်ကရည်လို့
တူစုံတွဲကာမသွေ × × ♫

ကိုကျော်သန်းပြီးတော့ မမြသက်ရဲ့ ရွှေပြောင်ပြောင် . . တောင်ပေါ်ကဘုရား တစ်ကျော့ပေါ့လေ။ ထိုစဉ်က ပရိသတ် တစ်ရုပ်ကွက်လုံး ငြိမ်ပြီး နားထောင်နေတာကို ယနေ့ထိ မြင်ယောင် နေဆဲပင်။ မိုက်ကရိုဖုန်းက တစ်ခုထဲဆိုတော့ စုံတွဲအတူတူ ဆိုရမယ့် အလှည့်အပိုဒ်လည်းရောက်ရော သူတို့နှစ်ဦး မုခ်ခုံချင်း မထိ တထိ သိမသာ တိုးကပ်လိုက်တာကို သုံးထပ်တိုက် ခေါင်ပုံဆိုင်ရှင် ဦးသာရင့်က မှတ်တမ်းတင် ဖျပ်ကနဲ ရိုက်လိုက်သေးသည်။ ကျွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် မပြည့်တပြည့်ကတော့ ကျွန်တော်တို့ တစ်ရပ်ကွက်လုံးမှာ သုံးထပ်တိုက်ဆိုလို့ ကိုသာရင့်ခေါင်ပုံဆိုင် ထိုက်ကြီးတစ်တိုက်သာရှိသည်။ ကျွန်တော်တို့မှာ ထိုင်လျက်မြင်ရ

www.burmeseclassic.com

www.burmeseclassic.com



တာကိုတောင် အားမရနိုင်ဘဲ ထကြည့်ရသည်အထိ . . .

♫ ချစ်ရသူတို့နယ်မြေ × × စိုပြေလန်းဆန်း × × သစ္စာပွင့် ပန်း × × လန်းမယ်သာမသွေ × × ယုံကြည်ချက် နှောင်ကြိုး × × ရစ်ပတ်ကာမသွေ × × ဘဝမှန်တိုင်း × × မွှေနှောက်ရာ × × တို့မကြောက်ပါပေ × × သစ္စာပန္နက်ဖူး × × ဆုထူးပန်ကာ × × ♫

သီချင်းသံအဆုံး ဆူညံနေသော လက်ခုပ်သံတွေကို ဖုံးလွှမ်းပြီး 'နောက်တစ်ခေါက် ထပ်ဆိုပါဦးဗျို့'ဆိုသည့် သံပြိုင်ကြီး တစ်သံ ဟိန်းထွက်သွားသည်။ ကျွန်တော်တို့အုပ်စု၏ အသံပဲဖြစ်ပေသည်။

* * *

မမြသက် စင်ပေါ်ကအဆင်းမှာ ကိုကျော်သန်းက ကိုကျော်ညွန့်ရဲ့ "ကိုယ့်ချစ်သူကောင်းစားရေး"ကို ဆက်ဟဲလေတော့သည်။ ထိုစဉ်ပြဿနာတစ်ခုက ရုပ်ချည်းပေါ်လာသည်။ ကျွန်တော် ဘယ်လိုမှ ငြိမ်ငြိမ်ထိုင်၍ မရတော့။ ထိုင်လျှက်တစ်ဖုံ၊ ရပ်လျှက် တစ်နည်းဖြင့် အောင့်အီးချုပ်တီးကြည့်သော်လည်းမရ။ ဗိုက်ထဲက တရစ်ရစ်ခွေပြီးနာနေတော့သည်။ ဘယ်လိုမှ တင်းမခံနိုင်သည့် အဆုံး အိမ်သို့ သုတ်ခြေတင်ပြေးရလေသည်။ လမ်းရိုးလမ်းစဉ် အတိုင်း သွားပါက လမ်းမှာတင်ပြဿနာပေါ်နိုင်သော ကျွန်တော့် အခြေအနေကြောင့် အိမ်ကြိုအိမ်ကြားဖြတ်လမ်းများကတစ်ဆင့် ပြေးလာရသည်။ ဈေးဆိုင်တန်းများကို တိုးဝှေ့ဖြတ်။ အမှိုက်ပုံများ ကို ခွကျော်ပြီး မမြသက်တို့ အိမ်ကြီးဘေး ကြားလေးထဲက အဖြတ်



ကြားလိုက်ရသောအသံတစ်သံကြောင့် ကျွန်တော့်ခြေလှမ်းများ ရပ်တံ့သွားသည်။

'ဒါဆိုရှင် . . . စောစောကယဲက ပြောပါလား၊ ကိုယ်မသိ တာလည်း မဟုတ်ဘူး၊ ခုတော့ တစ်လမ်းလုံး တစ်ရပ်လုံး သိနေ မြင်နေကြပြီးမှ . . . ရှင်လုပ်တာ မဟုတ်သေးပါဘူး ကိုမြင့်ဦးရယ်။ မောင်ကျော်သန်းမိဘတွေလည်း ကိုယ်နဲ့ရင်းနှီးခင်မင်နေတဲ့ဥစ္စာ.'

ဟာ . . . ဒါ မမြသက်အမေရဲ့အသံပဲ။

'အိုကွာ . . အစကသိပေမယ့်လည်း ငါမပြောချင်လို့ မပြောတာ . . . ဒီမိသားစု ဟိုတစ်ချိန်တုန်းက ငါတို့ကို ဘာစကား တွေပြောခဲ့ဖူးလည်း။ မင်းမေ့သွားပြီလား။ ခုလို ငါတို့ဥစ္စာစီးပွား လေး ချောင်လည်တော့မှ အော် . . . လူငယ်ချင်း ယူချင်လည်း ယူကြပါစေ . . ဆိုတဲ့ သဘောနဲ့ သူတို့သားကို သူတို့ လွှတ်ထားတာ . . ငါတို့ဘဝအရင်တုန်းကအတိုင်း ဖြစ်နေကြည့်ပါလား သူတို့ ဘယ်လွှတ်ထားပါ့မလဲ။ ဒါမျိုးတော့ ငါလုံးဝ အရှုံးမခံနိုင်ဘူး။ ဘာပဲ ဖြစ်ဖြစ် . . . သမီး ဒီနေ့ကစပြီး အိမ်ထဲကအိမ်ပြင်မထွက်ရဘူး . . . ဒါပဲနော် သမီး . . . သမီးဖေဖေ့ မျက်နှာကို ပျက်အောင်၊ ဖေဖေ့ သိက္ခာ မာနကို ပျက်စီးအောင်တော့ မလုပ်နဲ့ ဒါပဲ . . .'

ကျွန်တော့်နေရာမှာ ကိုကျော်သန်းသာဆို မမြသက် အဖေရဲ့ စကားတွေကြားပြီး ဘာဖြစ်သွားမည်လဲ မပြောတတ်၊ ကြားလိုက်ရတဲ့ ကျွန်တော်တောင် အသက်ကို မှန်မှန်မရှူနိုင်ဘဲ စောစောက ဝေဒနာတွေကအစ ပျောက်မှန်းမသိ ပျောက်သွားခဲ့ သည်။ ကျွန်တော်လည်း ယောက်ျားတန်မယ့် အိမ်ဘေး မြောင်းဦးကာ

www.burmeseclassic.com

www.burmeseclassic.com



နားကပ်ပြီး ဆက်နားထောင်ခဲ့မိသည်။ မမြသက်ရဲ့ ငိုရှိုက်သံက လွဲပြီး ဘာတစ်ခွန်းမှ ဆက်မကြားရတော့. . .။ အခုနေ တစ်စုံတစ်ယောက်ကများမြင်ရင် ကျွန်တော့်ကို သူခိုး သူခိုး ဆိုပြီး အော်မှာ သေချာသည်။

အတန်ကြာသည်အထိ ဘာအသံ ဘာစကားမှ ဆက်မကြားရသဖြင့် မမြသက်တို့ အိမ်ဘေးလမ်းကြားမှ ကျွန်တော် ခွာလာခဲ့သည်။ အိမ်ပြန်မည့် ခြေဦးကိုလှည့်ကာ ပွဲခင်းစင်မြင့် လူအုပ်ဆီသို့ ပြန်လျှောက်လာခဲ့မိသည်။ ကျွန်တော်ရောက်တော့ သီချင်းဆိုပွဲက ပြီးသွားပြီ။ စောစောက ကျွန်တော်တို့ ရပ်ကြည့်ခဲ့တဲ့ တဖံပင်လေးဘေးမှာ အောင်မြင့်နှင့်ထွန်းအောင်ကထိုင်စောင့်လို့။ အနားရောက်တော့ ကျွန်တော့်မျက်နှာကိုကြည့်ပြီး အောင်မြင့်က မေးသည်။ ကျွန်တော်ဘာမှ ပြန်မဖြေဘဲ ညလုံးပေါက်ဖွင့်တဲ့ လွတ်လပ်ရေးကဖီးကို ဦးဆောင်ခေါ်သွားပြီး ထိုင်ထိုင်ချင်းပြောချ လိုက်တော့သည်။ ဒီကောင်တွေ နှစ်ယောက်စလုံး ပါးစပ်အဟောင်း သားနှင့်၊ ထိုညက တစ်ညလုံးနီးနီး ကျွန်တော်တို့သုံးယောက်သား ကိုကျော်သန်းတို့အိမ်နှင့် မမြသက်တို့ အိမ်ရဲ့အကြောင်းတွေကို သိသမျှ ပြောကြဆိုကြ. . နှင့် ဝေတော့မဝေဖန်ခဲ့ကြပေ။ ကိုကျော်သန်းတော့ဆွေးပြီ။ မမြသက်တို့ အဖေကြီးက ရေရေ လည်လည် စိတ်ကြီးတယ်တဲ့ကွ. . . ဟု ထွန်းအောင်က ပြောသည်။

* * *

တကယ့် မယုံကြည်နိုင်စရာပါပဲ၊ ရပ်ကွက်ပျော်ပွဲ ရှင်ပွဲလေးပြီး ပြီးနောက်တစ်နေ့ကစ . . . မမြသက် တစ်ယောက် အိမ်ထဲမှ အိမ်ပြင် လုံးဝမထွက်တော့။ တစ်ရက်လည်း မတွေ့တ်



နှစ်ရက်လည်းမဟုတ်၊ တစ်လ နှစ်လမှ လပေါင်းများစွာ ကြာသည် အထိ။ နောက်ဆုံး မမြသက်တို့ ကျွန်တော်တို့ ရပ်ကွက်ကလေးထဲမှ ပြောင်းရွှေ့သွားကြသည်ထိဟုပင် ဆိုရမည်၊ ထိုအချိန်ကာလတွေ ကြားမှာပဲ ကိုကျော်သန်းတစ်ယောက် အရက်တွေမူး၊ သီချင်းတွေဆို၊ ကျွန်တော်တို့ လူငယ်တွေနှင့်ထိုင် မမြသက်ကို ချစ်တဲ့အကြောင်း တွေ. . စိမ်းကားစကားတွေ. . . လုပ်ရက်လေခြင်းဆိုတာတွေ. . ပြောနှင့် ကျန်ရစ်ခဲ့ရှာသည်။

ကျွန်တော် ထိုရပ်ကွက်လေးမှ ပြောင်းရွှေ့လာပြီး လေးငါးနှစ်ကြာသည်ထိ ကိုကျော်သန်း အရင်အတိုင်းပဲဆိုတာ ကြားနေရသေးသည်။

ကျွန်တော်ရင်ထဲ တမြည့်မြည့် ဆွေးခဲ့ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

သင့်တော်ပါမည်လားဟု စဉ်းစားရ၏။ ခရီးသွားရင်း နားထောင်ဖို့ ရေဒီယိုတစ်လုံးယူသွားရမယ့်ကိစ္စကို ခေါင်းစဉ်တစ်ခု သဖွယ် နေရာပေးစရာလိုသလားလို့လည်း ကိုယ့်ကိုကိုယ် ပြန်မေး ပါသည်။ မမေး၍လည်းမဖြစ်၊ အခုအချိန်၊ အခုအခါမှာ ခရီး သွားရင်း ရေဒီယိုဖွင့်နားထောင်သည့် ခရီးသည်ဟူ၍ မတွေ့ရ အလောက်ပင်ဖြစ်သောကြောင့် ကိုယ့်ကို ဂြိုဟ်သားတစ်ယောက်လို ကြည့်နေမှာလည်းစိုး၏။ ကျွန်တော်စီးမည့် ရန်ကုန်-မန္တလေးသွား နှင့်လို အဲယားကွန်းကား (ကားအားလုံးနီးပါး မှန်လည်းလုံ၊ အဲယား သည်းကွန်းတွေပါပဲ)ပေါ်မှာက တီဗွီ၊ စီဒီ၊ ဗီစီဒီနဲ့ မဟုတ်လား။ ကြားထဲမှာ ကျွန်တော့် ရေဒီယိုက ပတ်ဝန်းကျင်ကို အနှောင့် အယှက်ဖြစ်နေမလား။ သိပ်တော့လည်း အဖြစ်ကြီးမဟုတ်နိုင်။ ကားတာ ညနေငါးနာရီ ရန်ကုန်မှစထွက်မည်။ ထွက်ပြီဆိုကတည်း က စီဒီသီချင်းဖြစ်စေ၊ ဗီစီဒီအရုပ်တွေနှင့်ဖြစ်စေ တစ်ခုခု

www.burmeseclassic.com



ဖွင့်ပေတော့မည်။ ထိုအခါ ကျွန်တော်ကလည်း ရေဒီယိုကောက်ဖွင့်လိုက်ရသာ ဖြစ်သည်။ အဲဒီမှာ မေးစရာရှိတာ ကျွန်တော့်ဘေးက ခရီးသည် ဘာသီချင်းကို နားထောင်မလဲဆိုတာပဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ရေဒီယိုဖွင့်လိုက်သည်။

♫ လှေခါးသုံးထစ်ဆင်းတဲ့အခါ × × × ယောကျ်ားများရဲ့
စိတ်ထားဟာ အို × × × မဟုိင်းသေးတဲ့ × × × လူပျိုရိုင်း
လေး တစ်ယောက်ပမာ ကြော့ကြော့မော့မော့ ဝတ်ဆင်
ကာ × × × လေတိုက်ရာ ဝဲရွက်ယော်ပမာ ရယ်လိုက်
တာလည်း မျက်ကွယ်ရာ × × × လွတ်လပ်မှုကိုရှာ × ×
စိတ်ချမ်းသာ ♫

ကောင်းလိုက်တဲ့သီချင်းကွာ ဆိုပြီး ကိုယ်ကိုနောက်မှီလိုက်တော့မှ ဘေးကပ်ရက်လူက ကျွန်တော့်ကိုစိုက်ကြည့်နေတာ မြင်လိုက်ရသည်။ ဒုက္ခပါပဲ. . .၊ ကျွန်တော့်ရေဒီယိုကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားတာလားဟု တွေးပြီးအားနာပြုံးလေး ပြုံးပြလိုက်ရသည်။ တစ်ဆက်တည်းမှာပဲ လက်ကလည်း အသံကို လျှော့ချရသေးသည်။ ထိုအခါမှ သူကပြုံးပြုံးကြီးလုပ်ပြီး. . .

"ဒီသီချင်းတွေကို နားမထောင်ရတာ တော်တော်ကြာပြီဗျ နော်။ အဟီး. . သီချင်းကလည်း အိမ်ထောင်သည်တွေ သတိထားဆိုသလိုပဲ"

သူ့စကားကြားမှ တော်ပါသေးရဲ့ဟု စိတ်ကဖြစ်ရသည်။ ထိုသို့မပြောဘဲ ရှုတည်တည်ကြီးသာလုပ်နေခဲ့ရင် ကျွန်တော်လည်း အနေရအထိုင်ရခက်ပေလိမ့်မည်။ အခုတော့ အနီးဆုံးခရီးဖော်နှင့် အဆင်ပြေပဟာဆိုပြီး သီချင်းသံကို စောစောကထက် ပိုပြီးမြှင့်လိုက်သည်။



♫ မောင်တို့မှာယောကျ်ား × × သွားနိုင်၊ လာနိုင် ရှာနိုင်
သလိုပါ × × ကျွန်မတို့မှာ မိန်းမသား × × မအားနိုင်၊
မနားနိုင်၊ အိမ်မှုဝန်တာ အစစအရာရာ ကိုယ်ချင်းစာ
× × ကျွန်မဖြင့် မကြာမကြာ သတိပေးမှာ လှေကား
တစ်ထစ်ဆင်းတဲ့အခါ × × မောင့်ချစ်ဇနီးကို သတိရပါ
× × × လှေကားနှစ်ထစ်ဆင်းတဲ့အခါ မောင့်သားသမီးကို
သတိရပါ × × × သုံးထစ်သော လှေကား ဆင်းသွားပြီးတဲ့
နောက်ကွယ်မှာ မောင့်အိုးအိမ်ယာ ကျန်ခဲ့တာ ပြန်လည်
လို့ အောက်မေ့ပါ × နှုတ်ကြွရှယ်လို့ပြောလိုက်မှာ လှေကား
သုံးထစ်ဆင်းတဲ့အခါ × × ယောကျ်ားများက ပြောင်းလဲ
တာ × × မောင် × × လူပျို မလုပ်သင့်ပါ . . . ♫

ကိုကျော်စိန်ဆိုသော ခရီးဖော်ကတော့ စည်းဝါးလေးပင် လိုက်လို့နေသည်။ အဲဒီဝေးပြေးကားကြီးပေါ်မှာ ကျွန်တော်တို့က ကျွန်တော်တို့ သီချင်းပဒေသာနှင့်ဖြစ်ပြီး၊ ကျန်ခရီးသွားများ ကတော့ ဒီဗွီမျက်နှာပြင်ပေါ်က အရုပ်သီချင်းများနှင့် ဖြစ်နေလေတော့သည်။ တောင်းဆိုထားသော သော်တရှင်အမည်တွေကို ကြည့်နေချိန်မှာ ကိုကျော်စိန်နှင့် စကားစမြည်ပြောဖြစ်သည်။ ဘယ်ကလာလို့ ဘယ်ကိုသွားမှာဆိုတာလောက်နှင့် အပူ၊ အအေး၊ အချိန်ရာသီစသည် အတိုအစ အာလာပမျှလောက်သာဖြစ်သည်။ ကိုကျော်စိန်ကလည်း သီချင်းကြိုက်သူမို့လားမသိ၊ သီချင်းလာတော့ စကားစကိုဖြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



♫ ချစ်လိုလျက်နဲ့ ဝေး × × × ဝေးပြီ ထင်တယ် × × ×
ကိုယ့်ဘဝခရီး ကန္တာရရယ်က ခက်ထန် × × ×
ကြမ်းတမ်း ♫

ကိုကျော်စိန်က ကျွန်တော်ကိုကြည့်ပြန်သည်။ စောစောက သီချင်းလိုပဲ ကိုယ်တို့ကို စောင်းဆိုနေတယ်လို့ မပြောရုံတမယ်ပဲ ကြည့်နေသည်မို့ သူနှင့် တိုက်ဆိုင်ပြန်ပြီထင်ပါရဲ့။ အသံများ ပင်ထွက်အောင် လိုက်ဆိုနေတော့သည်။

(ကိုယ်တွေလည်း လိုက်ဆိုမိတာပေါ့ သူငယ်ချင်းရယ် ဘယ်နေနိုင်ပါ့မလဲ ၊ ဇာတ်လမ်းပမာလို့တောင် ဆိုထားတာ မဟုတ်လား၊ အိမ်ထောင်သည်ဘိုင်းအတွက် လှေကားသုံးထစ် သီချင်းက ပြေးမလွတ်သလို၊ တစ်ကမ္ဘာလုံးမှာလည်း ချစ်လိုလျက်နဲ့ ဝေးနေကြတဲ့ အဆွေးသည်တွေလည်း ဒုနဲ့ဒေးရှိနေမှာပါ။ သီချင်းတွေက ဘဝဘဝတိုင်းကို ပြဆိုညွှန်းခနေသလိုမို့ ကိုယ့်ကိုကိုယ် တောင် ထင်မိတယ်သူငယ်ချင်း. . . ၊ လွှင့်နေတဲ့ ဓာတ်ပြားချပ် တော်တော်များများက ကိုယ့်ဘဝကိုတောင် အငှားချထားသလား လို့လေ။ ကိုယ် ဒီလိုပြောတော့ မင်းက ရယ်နေဦးမှာပါ. . .)

* * *

ရေဒီယိုက မိုးလေဝသကို ကြေညာပေပြီ။ ဒါပြီးလျှင် သီချင်းပဒေသာ လာတော့မည်။ မီလို့ တော်ပါသေးရဲ့။ ... အောက်မေ့ရ၏။ အကယ်၍သာ ကားကပဲခူးကို အဝင်နောက်ကျ ခဲ့ရင် နားထောင်၍ ရမည်မဟုတ်၊ ပဲခူးမှာ ထမင်းစားစဉ် ... ကျွန်တော်နှင့် ကိုကျော်စိန်တို့နှစ်ယောက်သား စကားကောင်းနေ လိုက်တာ "မန်းရွှေပြည်ခရီးသည်နှစ်ယောက်လိုနေပါတယ်"ဆိုပြီး



အော်လံကြီးနှင့် အော်လိုက်သဖြင့် ကသောကမျော ပြေးတက်ခဲ့ရ သည်။ ကားစထွက်တော့ ကိုကျော်စိန်က မပြတ်သေးသော စကားကို ဆက်သည်။

"ကိုယ်လည်း လူပျိုပေါက်တုန်းက ရေဒီယိုကို တော်တော် ကြိုက်ခဲ့တာ၊ နောက်ပိုင်းကျတော့လည်း ကလေးတွေကို နေရာပေး ရတော့ကိုလည်း ဒီသီချင်းတွေနဲ့ ဝေးသွားတယ်၊ အင်္ဂလိပ်က အင်္ဂလိပ်သီချင်းကြိုက်သလို ကိုယ်ကလည်း မြန်မာဆိုတော့ မြန်မာသီချင်းပဲကြိုက်တယ်. . . အဟီး. . ဒါပေမယ့် သီချင်းကြီး ...တော့ တန်းခနဲ အိပ်ပျော်သွားတာပဲ. . ."

သူ့စကားကို သူဘာသူလည်းရယ်လို့၊ ကျွန်တော်ကလည်း ကျွန်တော်သိသမျှ၊ ရသမျှ သီချင်းလေးတွေ ပြောပြတော့. .

"အဲဒါပြောတာပေါ့။ သီချင်းရေးဆရာတွေ များရေးထည့် လိုက်တာ လူကို ပစ်လဲသွားမတတ်ပဲ၊ တော်တော့်ကို ခံစားလိုက် ရတာ. . .

စကားကောင်းနေတာနှင့် သီချင်းတစ်ပုဒ်ပြီးသွားသည်။ ဘာသီချင်းမှန်းမသိလိုက်။ နောက်သီချင်းတစ်ပုဒ်အလာမှာတော့ အသံကို နည်းနည်းမြှင့်လိုက်သဖြင့် ကိုကျော်စိန်က သူ့စကားဆက် ကို မျှောပြီး ဖြတ်သည်။

♫ × × × ကျွန်မ အသံလွှင့်ရင် × × × အဖွဲ့ပေါင်းစုံက
ကြီးကြပ်စီစဉ် × × × တေးပြုသူကရှင် အသံနေ အသံထား
တေးသွားအလိုက်ကိုပင် × × စန္ဒရားက တစ်နည်း မျိုး
ရအောင် တီးကွက်ကိုဆင် စည်းချက်သံလေး တစ်... ချင်
× × တယောကလည်း ချွဲလို့ရှင် × × နှဲပလွေအစ

www.burmeseclassic.com



လေမှုတ်ကိရိယာ × × စုံစုံလင်လင် × × × ခြောက်လုံးပတ်
နဲ့ ဗုံသံလွင် × × တီးလိုက်ဆိုလိုက် ပျော်ပျော်ရွှင် × ×
အသံဖမ်းတဲ့ ပညာရှင် အသံလှိုင်း အနေအထား ညှိလို့
ပြင်ဆင် × × အဖက်ဖက်မှရှင် စုပေါင်းလုပ်အား စွမ်းပ
ကားနဲ့ ကြိုးစားမှုပင် အောင်မြင် × × ကျွန်မတေးသံလေး
လေလှိုင်းကြားမှ ချိုချိုလွင် × × ♫

စကားကို လုံးဝမပြောတော့ပဲ သီချင်းကို အာရုံစိုက် နားထောင်ပြီးမှ "အလဲ့၊ တယ်ဟုတ်ပါလား၊ ဒါ ဘယ်သူဆိုတာတုံးဗျ" ဟု မေးတော့ ကျွန်တော်က "အဆိုတော် ဥမ္မာလေ"ဟု ဖြေလိုက် သည်။ တကယ်ဆို ကိုကျော်စိန်လည်း ‌ဆေ့သူမဟုတ်၊ သီချင်း အတီးအတော့ကို ကြားရုံနှင့် ဘယ်သူဆိုတာ ထပ်ခနဲသိပေမယ့် အခုလို အလွှင့်နည်းသော သီချင်းမျိုးကို မသိမိတာလည်း အဆန်း မဟုတ်ပေ။ အဲဒီသီချင်းလေးက နားမထောင်ရတာကြာတော့ စိတ်မှာလိုက်ဆိုဖြစ်ရင်း တကယ့်ကိုပဲ ကြည်ကြည်လင်လင်နှင့်ချို လွင်လွင်၊ ပျော်ပျော်ရွှင်ရွှင် ရှိရလှပေသည်။

♫ ချစ်လှစွာသော သောတရှင်တို့ပင် × × × အားပေး
လို့ ကျေးဇူးတင်တယ်ရှင် × × × ကျွန်မတစ်ကိုယ်တော်
လည်း ပိုမယူချင် × × တကယ်ဆိုတော့ အနုပညာ
× × အများလုပ်အား စုပေါင်းလက္ခဏာပင် × ×
ကြယ်ပွင့်ပမာ ထင်ပေါ်လွှင် × × × ကျွန်မအဆို
လေး တေးသံရှင် × × ×♫

လက်နှစ်ဖက်ကို နောက်ဆန့်ထုတ်ပြီး အားခနဲ အော် တာဟာ ဝါးခနဲ သမ်းလိုက်တာမဟုတ်မှန်း သိသာလှသ



ကျေကျေနပ်နပ် နားထောင်လိုက်ရပုံပေါ်နေသည်။ ထိုင်ခုံကို နောက်သို့လှန်လိုက်ရင်း

"ရန်ကုန်-မန္တလေးခရီးကို သွားခဲ့ရတာ အခေါက်ပေါင်းကို မရေနိုင်တော့ဘူး။ ဒီတစ်ခါပဲ ရေဒီယိုဖွင့်လာတဲ့ကိုယ့်လူကို တွေ့ရတယ်၊ ခရီးသွားရင် ဒီလိုပဲ ယူသွားလေ့ရှိလား"

"ဒါပထမဦးဆုံးယူလာတာပါ။ ကျွန်တော်က သီချင်းလေးတွေ ကြိုက်တော့ ခရီးသွားရင်း အပျင်းပြေပေါ့လေ၊ ဒါပေမဲ့ ဘေးလူ အနှောင့်အယှက် ဖြစ်မှာစိုးလို့ တစ်ခါမှတော့ ယူမလာဖြစ်ခဲ့ပါဘူး . . . အခုတစ်ခေါက်မှ. . ."

"အေးပေါ့လေ။ လူချင်းတူတာမှ မဟုတ်ကြတာ၊ ကိုယ်တို့ ကတော့ အနှောင့်အယှက်မဖြစ်တဲ့အပြင် ကျေးဇူးတောင်တင်သေး"

သူ့စကားကြောင့် တော်ပါသေးရဲ့။ ရေဒီယိုကြိုက်လို့ဆိုပြီး ကျေးဇူးတင်နေရသည်။ စကားတွေက ပြောလိုက်၊ ပြတ်လိုက် သူ ရေသန့်ဘူးကို ဖွင့်သောက်တော့မှ ကိုယ်ပါ ရေသောက်ချင် သတိရတော့သည်။ ရေဒီယိုဖွင့်ထားသဖြင့် အချိန်နာရီကို ကြည့်ရာမလိုတော့သည်မှာ သေချာပြီ။

(ဘယ်တော့မှ အချိန်ကို မသိချင်တော့လို့ နာရီကိုတောင် တော့ပါဘူး။ နာရီမပတ်တော့မှပဲ ဘယ်နှနာရီရှိပြီလဲလို့ ခါက တစ်ယောက်က စပြီးမေးတယ်. . . သူငယ်ချင်း။ ယ်တော့ သူ့လက်ထဲမှာ နာရီနဲ့။ ဘဝဆိုတာ ဒီလိုပါပဲ။ နေတော့လည်း သူပဲ၊ ဘာကြည့်နေတာလဲ မေးတော့လည်းပဲ ဆိုသလိုပေါ့။ ဘယ်တော့ဖြစ်ဖြစ် အထင်ခံရလည်းကိုယ်၊

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်ခံရလဲကိုယ်နဲ့ ကိုယ်ဘဝကိုယ် ဖြတ်သန်းခဲ့ရတယ်။ အပြစ်အနာအဆာမရှိအောင် နေခဲ့ပေမဲ့လည်း အငြိအတွယ်၊ အရစ်အပတ်တွေကြားမှာ ဖြစ်ခဲ့ရတဲ့ အပြစ်ဆိုလည်း ဖုံးမရ၊ နာခဲ့ရတဲ့ အနာဆိုလည်း ကုမရခဲ့ပေဘူး။ ဒါပေမယ့်လည်း အနှောင်အတွယ်တွေကြားမှာတော့ မနေတတ်လည်း နေတတ်အောင်တော့ ရှင်သန်နေထိုင်ကြရတာပဲ မဟုတ်လား။ ဒါကြောင့် မွန်းကြပ်လာရင် သီချင်းတွေ အော်ဆိုမိတာပေါ့။ ဘယ်သူတွေကတော့ ကျပ်တည်းနေတဲ့စိတ်ကို ဘယ်လိုနှစ်သိမ့် ဖြေဖျောက်ကြတယ်မသိဘူး။ သူ့ထွက်ပေါက်နဲ့ သူပေါ့လေ။ စကားမစပ်မေးရဦးမယ်။ ငါ့သူငယ်ချင်း ကရော. . . စိတ်ကို ဘယ်လိုများ ချော့သိပ်ဖူးပါ သလဲ)

* * *

ဘယ်လိုမှ အိပ်၍မပျော်. . ။ တီဗွီဘယ်အချိန်က ပိတ်သွားမှန်းလည်း မသိလိုက်။ ကြည့်စရာကတော့ ညမှောင်ရှိ တခြားမရှိ။ ညမြင်ကွင်းတစ်လျှောက် ဘယ်ပန်း၊ ဘယ်အပွင့်က ဘာအရောင်ဆိုတာကို မသိနိုင်၊ အရာရာက တစ်ရောင်တည်းသာ ပိန်း၍မှောင်နေသည်။ တဝှစ်ဝှစ် တလှစ်လှစ် သွားနေရင်း ကားက တဖြည်းဖြည်း အရှိန်လျော့ကာ တုံ့ခနဲရပ်သွားသည်။ (တော်ပါသေး ရဲ့) ကျန်းမာရေးအပေါ့အပါးသွားရန်ဖြစ်သည်။ တချို့က အခ အခင်းထက် အအိပ်ကို ပိုနှစ်သက်သည်။ ကားရပ်သွားမှန်းလည်း မသိ။ ကျွန်တော်ကတော့ အပေါ့အလေးထက် ဆေးပေါ့လိပ် သောက်ချင်တာကပိုသည်။ ကိုကျော်စိန်ကိုတော့ အိပ်ပါစေတော့ ဆိုပြီး မနှိုးဖြစ်တော့ဘဲဆင်းလာခဲ့သည်။ ကားပေါ်မှာ ကုပ်ချော



ခဲ့ရတဲ့အရိုး၊ အကြောတွေကိုဆန့်ထုတ်ပြီး ဆေးလိပ်သောက် ရတာ တော်တော်အရသာရှိလှသည်။ ကားပြန်ထွက်တော့ စောကလို တစ်စီးလုံးနီးနီး အိပ်မောကျမနေတော့ဘဲ ကွက်တိ ကျား လှုပ်လှုပ်လှုံ့လှုံ့ ပြန်ဖြစ်လာသည်။ ကျွန်တော့်ရှေ့ ဖက်ခြမ်း မျက်စောင်းထိုးရှိ အမျိုးသမီးတစ်အုပ်စုက ယ်ယာလေး ကို လှမ်းခေါ်ရင်း ဘာတွေပြောနေတယ်မသိ။ တီဗွီ နှာပြင်ပေါ်မှာ အရုပ်ပေါ်လာသည်။ ပေါ်ပေါ်ချင်း န်းအောင် ဖြစ်နေသည်။ မြင်မြင်ချင်း တစ်ထပ်တည်းမှာပဲ ရော၊ ရင်ပါ ဟာလာဟင်းလင်းဖြစ်ရပါသည်။ ဒါဟာ င်မှုပိုင်ရှင်ဆိုတာကိုလည်း သိလိုက်ရပါသည်။ ချက်ချင်းပဲ န်ကို ထုတ်တပ်လိုက်သည်။ ဘာမှမမြင်ရတော့။ ဘယ်မြင် လဲ၊ မျက်မှန်က အနီးကြည့်ကိုး။ အဝေးကြည့်အတွက်တော့ မျက်လုံးကလည်း ဝါးတားတားဖြစ်နေသည်။ ကျွန်တော် တော်ကြည့်ချင်နေပါသည်။ ကိုကျော်စိန်ကို ကျော်ခွပြီး တ်လိုက်သည်။ ကားမောင်းနေရင်း မနေ့ပြာမဆိုထွက်လာတဲ့ ဘော်တို့ ဘာဖြစ်တာလဲဟ ဆိုသည့်အကြည့်နှင့် စပယ်ယာက ကြည့်သည်။ ကျွန်တော်လည်း ပြုံးပြရင်း အနီးဆုံး အလယ်ခုံ ကို ဆွဲထုတ်ပြီး ထိုင်လိုက်သည်။ တကယ်ကို ကြည့်လို့ကောင်း ရှင်တစ်ကားပါပဲ။ အနုပညာသမားတစ်ယောက်ရဲ့ ဘာကို ကြည့်နေရင်း သရုပ်ဆောင်တွေရဲ့ မျက်နှာပေါ်မှာ အောင်ရဲ့မျက်နှာကိုပါ ပူးတွဲမြင်မြင်နေရသည်။ အရယ်အပြုံး အများကြီးပါတဲ့ မျက်နှာကိုလည်း ပြန်မြင်ရသည်။ အောင်က စကားပြောလျှင် ပြုံးလျက်ကနေ စကားပြော

www.burmeseclassic.com



သည်။ စကားဆိုတာမျိုးကလည်း စကားတိုင်းကို ပြုံးပြီးပြောလို့ တာမှ မဟုတ်တာ။ သို့သော်လည်း ကိုစန်းအောင်က စကားတေ တော် များများကို ပြုံးပြုံးလေးနှင့် ပြောတတ်သူတစ်ယော ဖြစ်သည်။

ပထမဦးဆုံး ကျွန်တော်တို့နှစ်ယောက် ရွှေအမြုတေ မဂ္ဂဇင်းတိုက်မှာ ဆုံတွေ့ကြခြင်းဖြစ်သည်။ ထိုနေ့က သူနာမည ကိုယ့်နာမည်သိရုံလောက်သာဖြစ်ပြီး စကားတော့မပြောဖြစ် ဒုတိယတစ်ကြိမ် မင်းမင်းကျော်လက်ဖက်ရည်ဆိုင်မှာ ဆုံတွေ သူနှင့်အတူ ကိုအေးမြင့် (ဓာတ်ပုံတက္ကသိုလ်အေးမြင့်)လည ပါသည်။ ကျွန်တော်တို့စကားတွေ အများကြီးပြောဖြစ်လိုက် ဆိုင်ပိတ်လုနီးပါးထိအောင်ကြာခဲ့သည်။ သူ့အသွေးအသား သူ့အနုပညာက သူ့ခွန်အားမဟုတ်လား၊ ကိုစန်းအောင် တကယ့်ကို အင်နဲ့အားနဲ့ လျှောက်သွားလိုက်တာပါ မောင့်မူပိုင်ရှင်ကို ကြည့်နေရင်း စိတ်ထဲမကောင်းဖြစ်လိုက် ရုပ်ရှင်ကို ဆက်ကြည့်မရအောင်ကို ဖြစ်သွားသည်။ သူကွယ်ေ ကျွန်တော်က တစ်နေရာ ရောက်နေသည်။ မဂ္ဂဇင်း၊ စာစေ အသီးသီးမှာ ပါလာသော သတင်းဓာတ်ပုံတွေကို ပြန်ကြည့်ရသ စာမျက်နှာတွေပေါ်မှာ အချိန်တော်တော်ကြာအေ သူ့အကြောင်းနှင့် သူ့အနုပညာတွေကိုလည်း မြင်ရ ဖတ်ရသ များစွာသော နှုတ်မြောတသ အလွမ်းစာ၊ အလွမ်းစကား တွေ လည်း စာမျက်နှာတွေပေါ်မှာ ဖတ်ခဲ့ရသည်။ ရှိနေဦးမည်ဆို သူ့လက်ရည် ရုပ်ရှင်ကားတွေကို ဆက်ကြည့်ရမှာ သေချာ သူ့ရင်မှာ မောင့်မူပိုင်ရှင်တစ်ခုတည်းရှိနေမှာ မဟုတ် တစ်တ



စ်ကား ခံစားထုတ်လုပ်သွားမည့်သူတစ်ယောက်ဖြစ်သည်။ တော့လည်း မရှိတော့ပြီပေါ့. . .။ တကယ်ပဲ သတိတရ လွမ်းလို့ ရေပါဦးမည်။

(မှတ်မိပါသေးလား သူငယ်ချင်း။ မင်းတို့အဆောင် တ်စောင်းထိုးက မယ်ဒလင်တစ်လက်နဲ့ နေ့စဉ်ညဆ တစ်ရက် က်သီချင်းဆိုတဲ့ အစ်ကိုကြီးတစ်ယောက်ကိုလေ. . .။ ကိုယ်က ည်း သူငယ်ချင်းရဲ့အဆောင်ကို ချောင်းပေါက်မတတ် လာလာ တော့ သူနဲ့ခင်သွားတာပေါ့လေ. . .။ သူက ကိုယ့်ကို မေးတယ်။ ခုန်ဖက်က ဘယ်သူလဲတဲ့. .။ ဒီတော့ ကိုယ်က မရှိပါဘူး လေ. .။ သူငယ်ချင်းဆီလာတာပါဆိုပြီး. . မင်းကို ရည်ညွှန်း တာပေါ့။ မှတ်မှတ်ရရအဲဒီညက ကိုယ့်ကိုညှော့ခံပါရစေဆိုပြီး. . ခု (အရက်ပဲထားပါတော့)နဲ့ ပြုစုတယ်ပေါ့လေ။ ပြီးတော့ င်းဆိုပြတယ်။ သူငယ်ချင်းရယ်. . နားထောင်လို့ ကောင်းလိုက် လေ. . .၊ သီချင်းတိုင်းကောင်းတာမှန်ပေမယ့် အကောင်းဆုံး င်းကတော့ ဂီတာဖေဝင်းရဲ့ 'မျက်လုံးဖွင့်ပြီး အိပ်ကြည့်စမ်း တဲ့ သီချင်းပဲ၊ ဟိုးအရင်တုန်းကတော့ . . . ဩော် ဒုက္ခပါပဲ၊ မျက်လုံးကြီးဖွင့်ပြီး ဘယ်လိုအိပ်လို့ ရပါ့မလဲပေါ့နော်. . .။ ဆောင်ရတာ ရယ်စရာကြီးလိုဖြစ် နေတယ်။ ဒါပေမယ့်. . . တော့. . . မျက်လုံးဖွင့်ပြီး အိပ်လို့ ရနေပါပြီ။ ရင်ထဲမှာ စွန်းထင်း၊ ထိရှ၊ ရွေ့လျားနာကျင်မှုတွေ များလာတော့မှ မျက်လုံးဖွင့်ပြီး ပျော်သွားတာပါ။ အဲဒီ မယ်ဒလင်အစ်ကိုကြီးပြောတဲ့စကားကို လိုက်ရတဲ့အခါမှာ တော့ မျက်လုံးဖွင့်ပြီး အိပ်ပျော်နေတာ ဆိုးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်လျက်ကြီး လမ်းလျှောက်နေရသလိုပါပဲ သူငယ် ရယ်. . . ။ ဒီစကားကို နောက်တစ်ခေါက် နားမထောင်မိအော နေရတော့မယ်ဆိုတာကိုပဲ သိထားလိုက်ပါတယ်။ ချစ်တဲ့စိတ် ဆန်းကြယ်လှပါတယ်. . . )

* * *

ဝမ်းတွင်းရောက်တော့ မိုးလင်းပါပြီ။ ကိုကျော်စိ မျက်နှာကို အပြေးအလွှား သွားသစ်ပြီး ပဲပလာတာနှစ်ချ ကြိုမှာထားသည်။ သူကြိုမှာထား၍သာ မြန်မြန်စားလိုက်ရ ဖြစ်သည်။ နို့မို့ဆို မလွယ်။ ကားပေါ်ကလူတော်တော်များများ သောက်ဖို့မှာကြမယ့်အချိန် ကျွန်တော်တို့က စားပြီးလို့ အပြေ အညာပြေပြေလမ်းလျှောက်လို့ရနေသဖြင့် ခရီးဖော်လူပျိုကြီ ကျေးဇူးတင်ရသည်။ ဟိုဟိုဒီဒီလျှောက်နေရင်း ကိုကျော် တစ်ဖက်ကားလမ်းရှိ လုံချည်အထည်ဆိုင်ကိုခေါ်သဖြင့် လိုက် ကြသည်။ ဆိုင်ထဲဝင်ခါနီးမှ သူ့နှမများနှင့် သူ့အတွက်ပါ လုံ ဝယ်ချင်သဖြင့် လုံချည်အဆင်ရွေးပေးရန် အကူအညီတောင် ဖြစ်သည်။ ဒီနေရာ၊ ဒီဆိုင်လေးမှာက အဆင်အသစ်၊ ချည် ဆိုတော့လည်း အပြန်၊ အသွားလက်ဆောင်ဝယ်ကြတာများ ဆိုင်ထဲမှာ ဝယ်သူတွေက အပြည့်မို့ အလုအယက် ရွေးကြ ရသည်။ ထိုသို့မဝယ်လည်း မဖြစ်ပြန်၊ ကားအားလုံးက အချိန် နာရီဝက်ကျော် လေးဆယ့်ငါးမိနစ်လောက်သာရသည်။

ခရမ်းနုရောင်အဆင်လေးကို အားလုံးက လက်ညှိ ထိုးကြသည်။ ဆိုင်ရှင် ညီမကြီးများကလည်း ထိုအဆင်က သူ ရဲ့ နောက်ဆုံးအဆင်ဒီဇိုင်းဖြစ်ကြောင်းနှင့် လက်ကျန်



သိပ်မရှိတော့ကြောင့် ရှင်းပြနေတော့ အကုန်လုံးက သူ့ထက်ငါဆွဲလွဲကြရင်း ကိုကျော်စိန်နှင့် အမျိုးသမီးတစ်ယောက် အပြိုင်ဆွဲရက်သ ။ ဖြစ်သွားသည်။ လူပျိုကြီးကလည်း နည်းနည်းမှ မလျှော့၊ တစ်ဖက်အမျိုးသမီးကလည်း ဘယ်လိုဟောက်ဂျားကြီးလည်းဟဆိုပြီး ပြန်လုနေပုံရသည်။ ဒါမျိုးကတော့ ကျွန်တော်လည်း ဝင်ဖြေရှင်းရမှာ ရှက်နေသဖြင့် ကိုကျော်စိန်ကိုသာ လှမ်းကုတ်နေရသည်။ ဆိုင်ရှင်အမျိုးသမီးကလည်း သူတို့အဖြစ်ကို ကြည့်ပြုံးရင်း ဖျန်ဖြေဖို့ နှုတ်ခမ်းအပြင်မှာပဲ. . . တော်ပါတော့ဒွေးရယ်. . . ဆိုသည့်အသံဘ ဝင်လာသည်။ ထိုအသံ၊ ထိုစကားမျိုးက ဘယ်သူ့အတွက်မှ အံ့သြစရာလည်းမဟုတ်သလို ဘာကမှလည်း အဆန်းတကြယ် ဖြစ်စရာအကြောင်းမရှိပေမယ့် ကျွန်တော့်မှာ. . . မိုးကြိုးပစ်သံဆိုလည်းဟုတ်၊ စမ်းရေစီးသံဆိုလည်း ဟုတ်ခဲ့ရလောက်အောင် ပါပဲ. . . ။ သူ့အသံကြောင့် ကြည့်လိုက်မိတဲ့ကျွန်တော့်ကို အနီးကပ်ကြီး မြင်လိုက်ရတဲ့သူ့အဖို့ ဘာဖြစ်သွားတယ်ဆိုတာ ပြောပြဖို့ အလွန်ခက်ခဲလှပါတယ်။ အခက်အခဲတွေအများကြီး ကြားကနေ ကျွန်တော်တို့နှစ်ယောက် ပြုံးဖြစ်ကြရပါသည်။ ဟိုအရင့်အရင်ကတည်းက ကျွန်တော်တို့နှစ်ယောက်၏အကြောင်း၊ အဖြစ်ကို ကျွန်တော်တို့နှစ်ယောက်တည်းသာ သိခဲ့ကြသူများဖြစ်သဖြင့် ယခုအပြုံးကိုလည်း ဘယ်သူမြင်မြင် ဘယ်လိုမှ ထင်ကြလိမ့်မည် မဟုတ်ပေ။ မြန်မာပြည်တစ်နံတစ်လျားကို အားအားရှိသွားနေတတ်တဲ့ ကျွန်တော့်ကို အခုလို ခရီးတစ်ခုရဲ့ လမ်းခုလတ်မှာတွေ့ရတာ သူ့အတွက် အဆန်းမဟုတ်ပေမဲ့ ကျွန်တော်သူ့ကိုတွေ့ရတာကတော့ ဆန်းနေတာအမှန်ပါ။ ဘယ်သူက ဘယ်သူ့ကို ပတင်ရှောင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသလဲ မသိပေမဲ့ ပြိုင်တူလိုလို ဆိုင်ပြင်ကိုရောက်သွားတော့ ဆိုင်ပြင်မှာ နှစ်ယောက်တည်းဖြစ်သွားသည်။

"နေကောင်းတယ်နော် . . ."

နှုတ်ဆက်မှ ကောင်းမည်။ ကျွန်တော် နှုတ်ဆက်သင့်သည်ဟု ဆုံးဖြတ်ယူဆပြီး ပြောလိုက်တော့ မျက်နှာကို လွှဲလျက် ခေါင်းညိတ်ပါသည်။ အခုအချိန်မှာ ကျွန်တော်သူ့ကိုပြောစရာစကားများများစားစားမရှိပါ။ (တကယ်တော့လည်း ပြောစရာစကားတွေကို အချိန်လွန်ရွှေ့လျားခဲ့သည်အထိ မပြောဖြစ်ခဲ့လေတော့ မပြောသင့်သောအချိန်မှာ ပြောစရာမရှိတော့တာကို ပြောတာပါ)။ ခရီးသည် ကိုယ်စီကိုယ်စီက ဆိုင်ရာ ကားတွေပေါ် သုတ်သုတ်တက်နေကြချိန်မှာ. . .

"ဘယ်ကားမှာလဲ"တဲ့။ ကျွန်တော့်မျက်နှာကို မကြည့်ဘဲ ပြောတာပါ။ မန်းရွှေပြည်ကားချင်းတူပေမယ့် မန်းရွှေပြည် ၁ နှင့် ၂ မှာ စီးလာကြခြင်းဖြစ်သည်။ ဘာစကားမှ မပြောသင့်တော့လည်း ဘာဆိုဘာမှ မမေးသင့်တော့ပါဘူးလို့ပဲ စဉ်းစား ဆုံးဖြတ်ရတာပေါ့လေ. .။ ကိုယ့်လမ်းကိုယ်ရွေးပြီး ကိုယ့်ခံစားချက်နဲ့ကိုယ် လျှောက်ခဲ့ကြတာကို ကျော့ခိုင်းသွားတာပဲလို့ ပြောလို့ရပါ့မလား။ ကျွန်တော် သူ့ကိုနှစ်သက်မြတ်နိုးခဲ့သလို သူလည်းကျွန်တော့်ကို အောက်မေ့ခင်တွယ်ခဲ့တာပါပဲ။ ခုတော့ ရင်ထဲမှာ ပြောကြတာပေါ့လေ။ ဆိုင်ထဲမှာ လုယက်ဝယ်နေကြတဲ့ လုံချည်တစ်ထည် ဘယ်သူဝယ်ဖြစ်သွားတယ် မသိလိုက်သော်လည်း ကိုကျော်စိန်က သူ ရလိုက်သည့်အကြောင်း စီကာပတ်ကုံးပြောပြနေသည်။



(ကိုယ်အသက်ရှူနေသလား ဆိုတာကိုတောင် ကိုယ်သတိမထားမိတဲ့အချိန်မှာ ကခြားဘာကိုများအရေးထားမိတော့မှာလဲ။ စမ်းစမ်းဝေနဲ့ တွေ့လိုက်ရတဲ့အချိန်မှာ ကိုယ်စီးလာတာ မော်တော်ကားလား၊ မီးရထားလားဆိုတာတောင် ယောင်ယောင်ဝေဝါးဖြစ်သွားရပါတယ်။ သူဝယ်ချင်းရယ် . . .။ စမ်းစမ်းဝေနဲ့ ပတ်သက်ပြီး သူငယ်ချင်းပြောခဲ့တဲ့စကားတွေကို ကြားယောင်မိပါတယ်။ ခံစားမှုဆိုတာ ထပ်တူကျရတယ်၊ ဘယ်လိုအစိတ်အပိုင်းကိုမှ ခိုးယူလို့မရဘူးဆိုတာကိုလေ။ ဒါဆိုတစ်ခုတော့မေးချင်တယ် သူငယ်ချင်းရာ၊ ကိုယ်ကခိုးယူခဲ့လို့ လွဲခဲ့ရသလား! ဒါမှမဟုတ် ခိုးခင်ခိုးဖို့ကြံစည်ခဲ့လို့ ဝေးသွားတာလားဆိုတာ။ ဝတ္ထုတွေထဲမှာ ခတ်ဖူးပါတယ်။ ဒါမျိုးဆိုတာ သော့ခတ်ထားလို့မရဘူးဆို။ ဘာပဲဖြစ်ဖြစ် နောက်ဆုံး စမ်းစမ်းဝေရဲ့တံခါးကို သော့ဖွင့်သွားတာ ကိုယ်မဟုတ်ခဲ့လေတော့ ကိုယ့်သူငယ်ချင်းတို့ အံ့ဩခဲ့ကြတယ် မဟုတ်လား။ ကိုယ်ခရီးတွေ အခေါက်ခေါက်အခါခါ ထွက်ခဲ့ဖူးပါတယ် သူငယ်ချင်းရယ်။ ဒါပေမယ့် ဒီတစ်ခါ ဒီခရီးကတော့ အနံ့အလျားမရှိလိုက်တာမှကွယ်. . .။ စမ်းစမ်းဝေက လူကြီးဆန်လာတယ်. .။ အေးလေ . . အသက်တွေကြီးလာကြမှပဲ. . . လူကြီးဆန်တော့မှာပေါ့)

* * *

မနက်ပိုင်း၊ ဆယ်နာရီ။ ရေဒီယိုလွှင့်သည့်အချိန်ထိ ရွှေလေးကိုမရောက်သေးပါဘူး။ ဝမ်းတွင်းမြို့အကျော်လောက်မှာပဲ ကိုကျော်စိန်ဆင်းသွားတယ်။ ဘယ်သူမှ မသိတဲ့အဖြစ်အပျက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပြီးချိန်မှစပြီး ကျွန်တော်ကိုဟော်စိန်ကို စကားစမြည်လေး တောင် မပြောဖြစ်တော့ပါ။ ကျွန်တော်၏ ခေါင်းညိတ်၊ ခေါင်းခါ တွေကို ကြည့်ရင်းသာ သူ့လိပ်စာလေးပေးပြီး ဆင်းသွားရှာသည်။ ကားက ခရီးဆုံးကို ပုံမှန်ရောက်မည်ဆိုလျှင် မနက်ကိုးနာရီခွဲ ဆယ်နာရီလောက်သာသာလောက်မှာဖြစ်သည်။ ထို့ထက် နည်းနည်းနောက်ကျလျှင် ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီသာ ဖြစ်သည်။ သို့သော်လည်း ဟိုနေရာနည်းနည်းပိတ်၊ ဒီနေရာ နည်းနည်းပျက်ဆိုလို့ကတော့ ဆိုက်ရောက်ချိန်မှာ ဆယ့်နှစ်နာရီ နောက်ပိုင်းက အသေချာဆုံးဖြစ်သွားသည်။ စမ်းစမ်းဝေတို့ကား ကတော့ ရောက်လောက်ပါပြီ။ ရေစက်ပါမလာတော့လည်း တားချင်းတူတာတောင် ကျွန်တော့်မန်းရွှေပြည် ခဏခဏ ပျက်နေ ပြီး သူတို့ မန်းရွှေပြည် ၂ က ဖြောင့်ဖြောင့်ဖြူးဖြူးပါပဲ။

တစ်ယောက်တည်း ခရီးသွားရတာကို အလွန်နှစ်ခြိုက်ပေ မယ့်လည်း မွန်းကျပ်သိပ်သည်းမှုတွေကို သယ်ဆောင်လာရတဲ့အခါ မှာတော့ ပန်းသည့်ဒဏ်က တော်တော်ခံရပါသည်။ ကျွန်တော်တို့ မန္တလေးမှာဆုံဖြစ်ကြဦးမှာလား. .။ မလွဲမရှောင်သာ ဘယ်လို နေရာမျိုးမှာ ဆုံဖြစ်ကြဦးမှာလဲ. .။ တစ်ယောက်တည်းလား နှစ်ယောက်လား၊ ဒါမှမဟုတ် တစ်မိသားစုလုံးလား. . . ဆိုတာ ဘာကိုမှ ဝေခွဲမရသလို ဘာကိုမှလည်း တွေးလို့မရနိုင်ပါ။ ထို့ကြောင့်လည်း ဘာကိုမှ မတွေးတော့ဘဲ ရေဒီယိုကိုသာ ခပ်ကျယ်ကျယ်ဖွင့်ပစ်လိုက်ပါသည်။ ကိုယ့်အဖြစ်နဲ့ကိုယ် ခပ်ညစ် ညစ်ဖြစ်ပြီး ဖွင့်လိုက်တာတော့ မဟုတ်ပါ။ ကားကို အခိုက်အတန့် စိတ်ပျက်နေချိန်မှာ ကျွန်တော့ရေဒီယိုကို အာရုံရောက်နေပါ



ဆိုသည့်သဘောပါ။ ကျွန်တော့ အာရုံကတော့ ဘယ်နေရာ ရပ်နေဦးမလဲ မသိသေးပါ။

♫ ချစ်သူနဲ့ အတူတူ × × × လျှောက်သွားမယ့်လမ်း
မှန်း၍ ကြည်ဖြူ × × နှစ်ယောက်သား × × × မဖော်ပြား
× × × စိတ်တူ ကိုယ်တူ ♫

ဆက်ရက်ကလေးနှစ်ကောင် ရန်ဖြစ်နေတာကို မြင်ရ တော့ ရေတမာပင်တွေကြားက အဆောင်ကလေးကို မြင်မိသည်။ မြို့ခံသူများ စက်ဘီးစီးသွားတာမြင်တော့ တစ်ခါက သူဇာတိပြလို့ စက်ဘီးတစ်စီးမရ၊ ရအောင်ငှားပြီး ချဉ်ခြင်းတပ်နေတဲ့စိတ်ကို ပြေအောင် စက်ဘီးပေး စီးရသေးသည်။ ရွှေခုံက အမျိုးသမီးထံမှ ပရုတ်ဆီနံ့ရတော့ ဇက်ကြော ခဏခဏတက်တတ်တဲ့သူ့ကို ပရုတ်ဆီလူးပေးခဲ့ရတာကိုလည်းမြင်၊ ကျွန်တော့်ဘေးတစ်တန်း တည်းထောင့်ခုံမှ မိန်းကလေးတစ်ယောက်ဖတ်နေတာ မဟေသီ မဂ္ဂဇင်းပေါ့။ အဲဒီမဂ္ဂဇင်းကို ထွက်ထွက်ချင်းရအောင် ဝယ်ပေး ရသည်။

♫ ချစ်ရတဲ့သူနဲ့ ထာဝရအတူတူသာရယ် × × × နေချင် ကြလိုသော စိတ်ဆန္ဒသဘောရယ် ကိုယ်စီ ကိုယ်င ရှိကြပေမယ့်ကွယ် × × × အို . . . ကိုယ်လျှောက်ရမယ့် ဘဝလမ်းဝယ် အကွေ့အကောက် ချောက်ကမ်းပါးတွေနဲ့ ထွေပြားအန္တရာယ် သွယ်သွယ်သော ခရီးလမ်းမှာ × × × ချစ်ရသူ . . တစ်ယောက်ကို . . . ကိုယ်နဲ့အတူ ခေါ်ယူမသွားရက်လို့တယ်. . ♫

ကားပြန်ကောင်းသွားပြီ။ ကားပေါ်ထက်ကြတော့ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပုံရသည်။ ကားပြန်ထွက်တော့ စိတ်မှာ ခရီးဆုံးကို မြန်မြန်ရောက်ချင်စိတ်ကလေးက ဝင်လာသည်။ မတွေ့ချင်တော့ ပါဘူး ဆိုပေမယ့် တွေ့နိုးစိတ်က ကဲနေသလားလည်း မသိပါ။ ခုချိန်မှာ စကားပြောဖော် ကိုကျော်စိန်တို သတိရသည်။ ဘာစကား ပြောရ ပြော ရ ကျွန်တော့်အဖို့ သက်သာနိုင်သည်။

(အချစ်အကြောင်း မပြောတတ်ပါဘူး။ သံယောဇဉ်ရှိလာ ရတယ်ဆိုတာကိုတောင် ဘယ်လိုရှိလာရသလဲမေးရင် ခဖြေတတ် ပါဘူး။ သူငယ်ချင်းအချင်းချင်းဆိုတော့လည်း နားမလည်တာကို လည်း သိသလိုလို ခံစားရပြီး မမေးလည်း ပြောပြချင်တယ်။ ဒါကြောင့်မို့လည်း စမ်းစမ်းဝေနဲ့ပတ်သက်ပြီး တဖွဖွပြောပြမိတာပါ။ ဘာငဲဖြစ်ဖြစ် ဇွတ်တရွတ်လုပ်ယူလို့ ရတဲ့အထဲမှာ ချစ်ခြင်းဆိုတာ မပါပါဘူး။ သက်ဆိုင်သူတို့ရဲ့ ကံစီးဆင်းရာ မဟုတ်လား. . . သူငယ်ချင်း၊ ကိုယ့်ကိုမနှစ်သက်ကောင်းလားဆိုပြီး စိတ်ကောက် နေလို့ကော တရားပါမလားကွာ)

■

အလွမ်း အသော အဆော အလွင့်




www.burmeseclassic.com

www.burmeseclassic.com

လုံးဝမမြင်မတွေ့နိုင်ပေမယ့် အစဉ်ရှေ့လျားနေသည်ဟု အရေးသေမှတ်ပုံထား သောအရာမှာ ချစ်သူ၏ ကိုယ်သင်းရနံ့ အလှလေးသာ ဖြစ်သည်။ ထိုရနံ့ကို ဘယ်အချိန် ဘယ်ကာလ မှ မမြင်ရမတွေ့ရ. . . လက်နှင့် ဆုပ်ကိုင်ဖမ်းယူပြီး ရမည်ဆို တာကို ဘယ်သူမှ မပြောနိုင်ကြသော်လည်း ရနံ့ရှေ့လျားမှုကလေး ရပ်တန့်သွားတတ်ကြောင်းကိုတော့ တိတ်တဆိတ် သိသလိုလို ရှိခဲ့ဖူးပါသည်။

ချစ်တတ်စွာသောစိတ်နှင့် ချစ်ခဲ့ကြဖူးသူတိုင်း မြတ်နိုးခြင်း၊ ဘယ်တာနှောင်တဲ့ခြင်း စသည့်အရာရာတို့ကို တိတ်တဆိတ်ပင် လွှမ်းဝင်လာခဲ့ကြသူချည်းဟု ကျွန်တော်ထင်ပါသည် (တကယ့်ကိုပဲ) စိတ်နှင့်အတူ ရင်ဘတ်မှာလည်း ထင်ခဲ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်တွဲဖော် သူငယ်ချင်းတော်တော်များများက အစအနောက် သန်သည့်နေရာမှာ သူမတူအောင် နိုးတူးဟု ပြောရမလောက်ပင်ဖြစ်သည်။ ခုသိမခင်သော မိန်းကလေးများကို စမိနောက်မိသည့်အခါ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် နောက်တာမျိုး မဟုတ်ဘဲ ကြည့်စမ်းလမ်းလျှောက်တာ ခလေးက အဲ. . . မေဝင်းမောင်နဲ့တူသလိုလိုဟာ သေသေချာချာကြည့်စမ်း ညာခြေလှမ်းတော့ မေဝင်းမောင်၊ ဘယ်ခြေလှမ်းတော့ ခင်သီတာထွန်း. . . စသည့် နောက်တော့လမ်းလျှောက်နေသည့် မိန်းကလေးမှာ ခြေလှမ်း မမှားအောင် အတော်သတိထားပြီး လျှောက်ရတော့သည်။

ထို့ကြောင့် ယောက်ျားလေး တစ်အုပ်ကြီးထိုင်နေသော လမ်းထိပ်၊ လမ်းဆုံ၊ လမ်းခွလို နေရာမျိုးက ဖြတ်လျှောက်ရမည့် မိန်းကလေးအချို့မှာ ခြေညောင်းချင် ညောင်းစေဘော၊ တစ်ကွေ့တစ်ပတ်ကြီး အညောင်းခံ လျှောက်ပစ်လိုက်သည်။ ထိုအုပ်စုရှေ့က ဖြတ်လျှောက် ဖို့ မရဲကြ၊ ထို့အတူ မိန်းကလေးတွေ အုပ်စုလိုက် ထိုင်နေသော အရှေ့က ဖြတ်လျှောက်ရမည့် ယောက်ျားလေး တစ်ယောက်မှာလည်း အနားရောက်လေ ဘာမှမလုပ်ဘဲ. . မလုံလေ၊ အရှေ့ရောက်လေ . . ဝါးကနဲ ဟားကနဲ အကြောင်းမဲ့ အော်ဟစ်ရယ်မောလိုက်လေမလား ဝိုင်းစကြမှာလား ဆိုသည့် အတွေးနှင့် အံကြိတ်ပြီး ဒူးတတုန်တုန်ဖြင့် သွက်သွက်ဖြတ်ကျော်ခဲ့ရတာ မျိုးလည်း ယခုထိ ပင် ရှိပါသည်။ ကျွန်တော်တို့အဖွဲ့ထဲက မြဝင်းခံလိုက်ရတာကတော့ တော်တော်ဆိုးသည်။ ဒီကောင်က သူများကို ဦးအောင်စတတ် နောက်တတ်လေတော့ သူ့အလှည့်မှာ သူမခံရအောင် အမြဲသတိဝီရိယစိုက်နေလေ့ရှိသည်။ ထိုနေ့က



မြဝင်းပုဂံလမ်းကို ဖြတ်လျှောက်လာသည်။ ထိုအချိန် သစ်တစ်ပင်အောက် အုတ်ခုံလေးမှာ ကျောင်းသူတစ်စု ထိုင်သူထိုင် ထသူထနှင့် စကားပြောနေကြသည်ကို မြင်တော့ ထိုအုပ်စုကြီးရှေ့က ဖြတ်ရမှာ မြဝင်းနည်းနည်းတော့ တွန့်သွားသည်. . ။ သို့သော်လည်း ဟန်ကိုယ့်ဖို့ မာန်နှင့်ခပ်တည်တည် လျှောက်လာခဲ့သည်။ ထိုကျောင်းသူအုပ်စုကို အဖြတ်မှ စလိုက် နောက်လိုက်သံ တစ်သံမှ ကြားရတော့ သက်ပြင်းချလိုက်သည်။ ပြီး . . . ပုံမှန်အတိုင်း ဆက်လျှောက်လာခဲ့သည်။ ဟူး. . တော်ပါသေးရဲ့ဆိုပြီး နောက်ကို ခပ်ယောင်ယောင်လေးစွေအကြည့် စောစောက တစ်အုပ်လုံး သူနောက်က လျှောက်လာနေသည်ကို တွေ့လိုက်ရသဖြင့် 'ဟိုက်'ကနဲ ခြေလှမ်းကို မသိမသာ အရှိန်မြှင့်လိုက်သည်။ အဲဒီအချိန် ဒီကောင် လမ်းလျှောက်ရတာ လုံးဝမလုံတော့သလို ဖြစ်နေသည်။ ကျောင်းသူအုပ်စုကြီးက နောက်က၊ သူက သူတို့ရှေ့က ဆိုသည့် အတွေးနှင့် အတူ ငါကိုတော့ ဒီအုပ်စု အပျင်းပြေဝိုင်း စကြတော့ မယ်နဲ့တူတယ်။ ငါက ခြေလှမ်းသွက်လိုက်တာကို မြင်ပြန်ရင်လည်း ပိုဟားစရာ မြင်ပြီးဟားကြရင်အခက်. . . နဲ့ အတွေးနှင့်သောက ထွေးလုံးယှက်ပတ်နေဆဲ. . .

'ဟယ်. . . လုံချည်ဖင်ပေါက်နေတယ်တော့'

ဟိုက်. . . ပြဿနာပဲ. . ။ ထိုအသံစကားကို ကြားကြားချင်း မနောက်စေ့ကျောပြင် တစ်ခြမ်းလုံး ရေခဲရေနှင့် လောင်းခံရသလို ခံစားရပြီး ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ လုံချည်က ဝယ်ထားတာ သိပ်မကြာသေး၊ နောက်ပြီးသူက အလိပ်လဲ သိပ်သောက်သူ မဟုတ်တော မီးပေါက်စရာကလဲ

www.burmeseclassic.com



အကြောင်းမရှိ။ တောင်တွေး မြောက်တွေးနှင့် ပူထူနေချိန်... ရယ်သံအုပ်အုပ် ထပ်ကြားနေရသဖြင့် သူတို့ပြောသော... လုံချည်ပေါက်ကို မသိမသာအစမ်း မှာပဲ. . .

'ဟယ်. . ဖင်ကိုင်တယ်တော့'

အယ်. . ကနဲ ပါးစပ်က တုန်တုန်ခါခါ အသံထွက်သွားပြီ... လက်ကိုအလျင်အမြန် ပြန်ချလိုက်ရသည်။ မြဝင်းအဖို့ တကယ့်တ... ချောင်ပိတ်မိသလို အတွယ်ခံနေရတော့သည်။ ခြေလှမ်းတွေကလ... မမှန်တော့၊ သူတို့အုပ်ထဲက တစ်ယောက်၏အသံတစ်သံ... ထွက်လာတိုင်း ဝါးကနဲ ရယ်သံ စည်းချက်သဖွယ် ပါ,ပါလာသည်... ကိုင်း. . လုံချည်ဖင်ပေါက်လဲ ပေါက်ပါစေတော့ ဆိုတဲ့စိတ်... ဆက်လျှောက်သွားရမလားဆိုသည့် အတွေးကိုလည်း ချက်ခြင်း... ပြန်ဖျက်ပစ်ရသည်။ တကယ်တမ်းပေါက်နေရင်အခက်၊ တဖြည်း... ဖြည်းလျှောက်ရင်း ချွေးတွေပြန်လာသည်။ နောက်ဆုံးလုံချည်ပေါ... နေလည်း နေရာရွှေ့သွားအောင်၊ ဒါမှမဟုတ် လုံချည်မ, သလိုန... လုံချည်စကို လိပ်သလို မသိမသာ ထပ်တင်လိုက်ရင် ပျော... ကောင်းကွယ်ကောင်းရဲ့ဆိုသည့် ဆုံးဖြတ်ချက်နှင့် လုံချည်သား... မသိမသာအမ. .

"ဟယ် ဖင်လှန်တယ်တော့. . ."

အာ. . သေတော့မှာပဲ. . ဟု စိတ်ထဲက ပျာရိပျာ... ကုန်းအော်မိမတတ်ဖြစ်ကာ မမည့်လုံချည်အနားကို ချ... ခြေလှမ်းကျဲကြီးကို ပြေးနေသည့်သဖွယ် လှမ်းပြီး လျှောက်ခဲ့... သည်။ နောက်ကနေ လာသောတဝါးဝါး တဟားရယ်သံ... ကတော့ ဒီကောင့်ကျောပြင်ကို ကျောက်စရစ်ခဲများဖြင့် ပိုင်းပေ...



...ကြသည့်နှယ် တဖြင်းဖြင်း ခံစားရကြောင်း ကျွန်တော်တို့ ရှေ့... ရောက်ရောက်ချင်း ပြောပြသည်။ ထိုအကြောင်းကြား ကြားချင်း ကျွန်တော်တို့ တစ်ဖွဲ့လုံးကလည်း မြဝင်းကို ရယ်သံများဖြင့် ...မ်းသာအားရ ဩဘာပေးခဲ့ကြလေသည်။

ထိုအချိန်က မြဝင်းအဖြစ်ကို တဖွဖွနှင့် ခဏခဏ ပြောပြောပြီး မရယ်နိုင်မဟားနိုင် သူမှာ ကျွန်တော်တစ်ယောက် ...လျှင်ဖြစ်ပါသည်။ ကျွန်တော်မှာ နာရီစက္ကန့်နှင့် အမျှ ...ပုသောကတွေနှင့်. . ။

အဲဒီနှစ်က ကျွန်တော်တို့ပွဲရုံသို့ ဝင်ရမည့် ကုန်ပစ္စည်း (...ခွန်ခြောက်၊ ငါးခြောက်)တွေ မိုးကြီးလေကြီးမိကာ အစိုပြန် ...န်သည်။ ရေစိုရုံ အလေးချိန်တိုးသည်ဟု ဝမ်းသာအားရ တွက်ရ သော ပစ္စည်းမျိုးမဟုတ်ဘဲ ထိုကုန်ပစ္စည်းတွေက ရေထိတာနှင့် ...ရောင်းမရဘဲ အရှုံးပေါ်တော့သည်။ စိုတာကို နေလှန်းရ အောင်ကလည်း မိုးလဲမိုးတွင်းကြီးဆို တော့ နေကတစ်လျှောက် ...နှင့် တစ်ရက်ကနေ နှစ်ရက်. . သုံးရက် ကြာလာတော့ အစိုအပုံ ...န်ပြီး ငါးခြောက်တွေက အောက်စော်နံလာတော့သည်။ ...ာက်ဆုံးလွှင့်မပစ်ရသော်လည်း လွှင့်ပစ်လိုက်ရသကဲ့သို့သော ...ောက်ဆုံးတကာ့ အောက်ဈေးနှင့် ရောင်းရလေသည်။ အိမ်က ...MC ကားကြီးငွေစက္ကူတွေ ဖြစ်သွားသည်။ တမိသားစုလုံး ...ချချ ဖြစ်မသွားသော်လည်း အကြီးအကျယ်တော့ ကြပ်တည်း ...ာ အမှန်ဖြစ်သည်။ အိမ့်စီးပွားရေးကို နလံထူအောင် မနည်း ...လိုက်ရသော အဖေနှင့်အမေမကတော့ လုပ်ငန်း ကလေးသည်း ...း ပြန်မတ်လာသည်နှင့်တစ်ပြိုင်နက် ခန္ဓာနှစ်ခုလုံးနာလ...

www.burmeseclassic.com



မထူနိုင်ဖြစ်ခဲ့ရသည်။ ထိုကာလများမှာတော့ သူငယ်ချင်းတွေနှ
လက်ဖက်ရည်ဆိုင် မထိုင်ဖြစ်၊ စကားလည်းမပြောဖြစ် အိပ်အလု
တွေနှင့် လုံးချာလည်လိုက်ရင်း နောက်ဆုံး သူ့ဆီကိုတော
စာတစ်စောင် လှူကြုံစကား. . . မပါးမစေ ဖြစ်ခဲ့ပေ။

ထိုစဉ်က သူနှင့် ကျွန်တော်ဘာဃ်ရယ်မဟုတ်ဘူးဟု ပြော
ရသော်လည်း ပြောချင်ပြော၍ရနိုင်သော အဆင့်တစ်ဆင့် အ
အနေကလေးတစ်ခုဖြစ်သည်။ 'ဘာရယ် ဟုတ်တယ်'ဆိုသ
မှာလည်း ပတ်ဝန်းကျင်သူငယ်ချင်းတစ်စု၏ အားပေးစကားများ
သူ့အကြည့် သူ့အပြုံးများကို အခြေခံ၍ ပြောခြင်းဖြစ်ပါသ
တစ်နေ့ပြောမယ်နှင့် ဘယ်နေ့ဖွင့်ပြောဖြစ်မယ် ဆိုတာ
ကျွန်တော်ကိုယ်တိုင်တောင် ရေရေရာရာ မသိသေးသေ
အချိန်မှာဘဲ . . သူ့ကို ဘယ်တော့မှ ဖွင့်မပြောတော့ဘူ
ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ကျွန်တော်နှင့်သူကြားမှာရှိရစ်သေ
တစ်စုံတစ်ခုကို အဆုံးအရှုံး မခံနိုင်၍ ဆုံးဖြတ်လိုက်
လည်းဖြစ်သည်။ သူငယ်ချင်းတွေက ပျစ်ပျစ်နှစ်နှစ် ဝေဖန်
သည်။ သူကတော့ ဖာသိဖာသာ နေတတ်လာသည်။
တဖြည်းဖြည်း ဝေးဝေး. . ဝေးခဲ့ကြလေသည်။

♫ လျှိုမြောင်အထပ်ထပ် xxx တောတောင်အ
xxx ဖြတ်ကျော်ကူးသန်း xxx ခရီးကြမ်း
သော်လည်းလေ xxxသူ့အသွင်က xxချမ်းမြကြ
ပေxxx ငြိမ့်ငြိမ့်လေးလေးxxx တေးဆိုညည်းရင်
စီးဆင်းလာသော xxx စမ်းရေxxx စမ်းရေ♫



ကိုတင်ဝင်းဆိုသော ရေဒီယိုအဆိုတော် ကစ်ယောက်၏
သီချင်းကို ကျွန်တော် ပထမဦးဆုံး နားထောင်ဖူးသည်မှာ အဲဒီ
မ်းရေသီချင်းသာ ဖြစ်သည် ထိုစဉ်က စိတ်နဲ့ကိုယ် ကေပ်ဘဲ
စ်ညူးနေသည့် အချိန်များ ဆိုတော့လည်း စမ်းရေသီချင်းလေးက
ကိုယ်နှင့်စိတ်ကို အေးမြငြိမ့်ပြောင်းစေခဲ့သည်။

♫ တစ်ခါတရံ xx ခက်ထန်သော လေပြင်းမုန်တိုင်းတွေ
xxx တစ်ခါတလေလည်း ဝဲကတော့လေပွေxx တစ်ခါ
တစ်လေကော့xx မြည်င်လေပြေxx မရှောင်သာဆုံတွေ
ခဲ့သော်လည်း xxx လေစီးမြဲxx စီးလျှက် xx ခရီးဆက်၍
မပျက်သော ကြွေxx အေးမြဆဲ xx ကြည်လင်ဆဲxx
အသည်းဖြူမလေး xx စမ်းရေxxx စမ်း. . . ရေxxx♫

ကျွန်တော်သည် အူလည်လည်နှင့် သူ့မျက်နှာကို
မလပ် မြင်ယောင်နေမိသော အချိန်များလည်း ဖြစ်သည်။
သီချင်းလေ. နားထောင်ဖြစ်သော တစ်နေ့လည်ခင်းသည်
လင့် မထင်မှတ်ဘဲ အမှတ်တရဖြစ်ခဲ့ရသော နေ့လည်ခင်းပင်
သည်။ စာပို့လုလင်လက်မှ ကျွန်တော်လက်ခံသူခဲ့ရသည့်
တစ်စောင်သည် စမ်းရေနှင့်နှင့်အတူ စီးလာသော စာတစ်
သား အောက်မေ့ရသည်။ သတိတရ စာသုံးမျက်နှာနှင့်အတူ
မ်ထောင်ပြုရတော့ မည်ဆိုသည့် စာတစ်ကြောင်းဖြင့်
သတ်ထားသည်။ 'အိမ်ထောင်ပြု ရတော့မည်' ဆိုသည်
ယ်မှာ သူ့သဘောဆန္ဒမပါဘဲ မိဘတို့သဘောဖြင့်
ထောင်ပြုရခြင်းကို ကျွန်တော်သိစေ. . .။ နေနိုင်စေ. . .
ကွဲကွာနေ စိမ့်စေ. . . သဘောပါဘဲ။

www.burmeseclassic.com

www.burmeseclassic.com



♫ လျှို့မြှောင်အထပ်ထပ်xxx တောတောင်အရပ်ရပ်
xxx ဖြတ်ကျော်ကူးသန်း xxx ခရီးကြမ်းနှင်လာသော
xxxကန္တာရ xxx ခရီးသည် တစ်ကိုယ်ရေ xxx
ချွေးပြိုက်ယိုစီး xxx ပင်ပန်းကြီးစွာ xxx ဆာလောင်
မွတ်သိပ်နေ xxx ဒီတစ်ကွေ့မှ xxx တွေ့ရပါသော xxx
မြသီတာ စမ်းချောင်း အပါးမှာလေ xxx အနားယူ
သောက်သုံးရသူ xxx ရင်ဝယ် xxx အေးချမ်းမလေ
xxx အပန်းဖြေ xxx စမ်းရေ xxxx စမ်း...ရေ♫

စမ်းရေသီချင်းနှင့် ကျွန်တော်... ထပ်အပ်မဟုတ်ဆိုင်သော်လည်း စမ်းရေသီချင်းလေးလာနေသော နေ့လည်ခင်း သီချင်းပဒေသာမှာ လွမ်းမောစွာ ဖတ်ဖြစ်ခဲ့ရသည့် စာတစ်စောင်ကြောင့် ရေဒီယိုက ကိုတင်ဝင်းရဲ့ စမ်းရေ...ဟု ကြေငြာလိုက်သည်နှင့် ရွေ့လျားမှုများ စုဆည်းသွားရသည့် ချည်းပင်။

အဖြစ်.. အတွေ့.. အကြုံကိုယ်စီနှင့် ဆယ်ခုနှစ်ဖြတ်သန်းလာခဲ့ကြရင်း သူငယ်ချင်းတစ်စု ပြန်ဆုံတော့ သူ့အကြောင်းကိုယ်ပြော ကိုယ့်အကြောင်း သူပြောနှင့် အတော့မသတ်နိုင်ခဲ့။ ဇာတ်လမ်း အစီအရီနှင့် နောက်ဆုံး 'ခုတော့ အိပ်မက်ဖြစ်သွားပါပြီ ကွာ'ဆိုသည့် စကားဖြင့် ထွန်းအောင် သတ္တုချသည်။ အဆင်မပြေသော သူငယ်ချင်း တချို့နှင့်တွေ့လျှင် ကျွန်တော်ကြာကြာ စကားမပြောဖြစ်ခဲ့။ 'မပြောချင်မတူမတန်နှင့် မဟုတ်ဘဲ ပြောရင်းနားထောင်ရင်း စိတ်မကောင်းဖြစ်လာတတ်ခြင်းကြောင့်ပင် ဖြစ်သည်။ မပြေတာကို ပြေအော ကျွန်တော်မလုပ်ပေးတတ်သလို အကြံကောင်း အကြွက်တော



လေး ရအောင်လည်း ကျွန်တော်က စီးပွားရေးပါရဂူမဟုတ်၊ တစ်ဖက်က အခက်အခဲရှိလို့ ထိုအခက်အခဲက ကျွန်တော့်မှာ ရှိနေလျှင်တော့ မဆိုင်းမတွ ပေးလိုက်သည်။ ပါးစပ်က . . . မင်း ဒီလိုလုပ် ဟိုဥစ္စာကို စသည့် အကြံပေးဖယားမျိုး ဘယ်တော့မှ ချပေးဖူးခဲ့ပါ။ ချပေးခဲ့လျှင်လည်း မှားမှာကသေချာသလောက် နီးပါးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်မှာက သူ့ဘဝနှင့်သူ၊ သူ့လောကနှင့်သူ၊ ကျွန်တော်ဖြတ်သန်းမှု မျက်နှာစာနှင့် မတူတာတွေ အများကြီးရှိနိုင်သည်။ ထို့ကြောင့် မကောင်းဘူးဟု ခံစားမြင်ရင် မကောင်းဘူး ကွာ. . . ဟု ပြောပြီး၊ မဆိုးဘူးဆိုသည့် အမြင်ကိုမြင်လျှင် မဆိုးဘူးပေါ့ကွာ ဆိုတာလောက် ကလွဲ၍ ပိုပြီးမပြောဘဲ အမြဲနှုတ်ဆိတ်နေခဲ့မိလေသည်။ ဒါကို. . . မသိကျိုးကျွံနေသည် ဟု ထားထားဦးက စွပ်စွဲသည်။

'နေနိုင်တယ်ပေါ့လေ.. ဟုတ်လား..၊ ဒါလား သူငယ်ချင်းကောင်းဆိုတာ'

'ငါကိစ္စနဲ့ ပတ်သက်ပြီး နင်မသိချင်ယောင်ဆောင်နေခဲ့တာ ဘယ်လောက်ခံရခက်လဲ'

'တွေးမိတိုင်း ဒေါသဖြစ်တယ်. . . သိလား'

မျက်နှာချင်းဆိုင် တွေ့ပြောစဉ်က ကျွန်တော် ဆေးလိပ်ကိုသာ တွင်တွင်ဖွာနေ လိုက်သည်။ ထားထားဦးကို ဘာတစ်ခွန်းမှ ပြန်မပြောတော့။ သူတို့ကိစ္စတုန်းက ကျွန်တော့်မှာ ဘာစကားမှ ပြောစရာမရှိတာ အမှန်ဖြစ်သည်။ ထားထားဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်မိန်းခလေး တစ်ယောက်၊ သူတို့နှစ်ယောက်သည် ယောကျ်ား လေးတစ်ယောက်နှင့် တစ်ပြိုင်တည်း ပတ်သက်ခဲ့ကြသည်။ သိသိ ချင်းတော့ ကျွန်တော်ထားထားဦးကို တားသည်။ ဒါဗွန့်စားရမယ့် ကိစ္စမဟုတ်ဘူး၊ ဒါပြိုင်ပွဲလဲ မဟုတ်ဘူး၊ နင်နောက်ဆုတ်နေလိုက် ပေါ့ ဆိုသည့်စကားတွ ပြောစဉ်တုန်းကတော့ ကျွန်တော့်ကို သွက်သွက်ခါခါ ပြန်ပြောသည်။ သူဆင်ခြေနှင့် သူစကားသာသူ့ အမှန်တရားဖြစ်နေသည်။ မနေနိုင်၍ ဒုတိယအကြိမ် ပြောတော့ လည်း ထိုနည်းအတိုင်း ဖြစ်လာတော့ ကျွန်တော်သူ့ကို ဘာဆိုဘာမှ ဆက်မပြောတော့ မသိလိုက် မသိဖာသာ နေလိုက်သည်။ မျက်နှာလွှဲ စိတ်နှင့် နေစကတော့ သူငယ်ချင်းဆိုသည့် သံယောဇဉ်ကြောင့် နေမထိ ထိုင်မထိ ဖြစ်နေသည်။ နောက်ဆုံးဘာပဲဖြစ်ဖြစ် နေတတ် အောင် နေမှဖြစ်မယ်ဆိုပြီး နေကျင့်ကလေး ရလာမှ သူတို့ပြဿနာ ကို စကြားရလေတော့သည်။

ထားထားဦးတစ်ယောက် ကျန်ခဲ့သည်။ အလွမ်းအဋ္ဌေဖြင့် ကျန်ခဲ့ခြင်းလား. . အမျက်ပြင်းပြင်း ကျန်ခဲ့ခြင်းလားဆိုတာ ကိုတော့ ယခုအချိန်ထိ ကျွန်တော်မသိခဲ့ပါ။ သိအောင်လဲ မကြိုးစားတော့ပါ၊ သူငယ်ချင်းစိတ်နှင့်တော့ သိချင်သည်။ သို့သော် မေးတော့ မမေးချင်။ မေးလိုက်မိမှ ကြားရမြင်ရနိုင်သော သတင်းဒဏ်ရာကိုလည်း မကြားဝံ့ မမြင်လို တော့ပါ။

* * *

အစဉ်ရွှေ့လျားနေသည်ဟု တရားသေ မှတ်ယူထားသော သူ့ကိုယ်သင်းရနံ့လွှာ လွှာကလေးကို ဖွဲဖွဲမွှေးရှူလိုက်ရသည့် အခါတိုင်း သူ့မျက်နှာ သူ့စကား သူ့အမူအယာတို့ကို ပါ



ဘွဲ့လျက်မြင်မြင်လာသည်။ ဘယ်လိုမှ မေ့မသွားပါလားဟု အောက်မေ့ရသည်။

သူက ကျွန်တော့်လိုပဲ ရေဒီယိုကြိုက်သူတစ်ယောက် ဖြစ်သည်။ သီချင်းပဒေသာထက် ဇာတ်လမ်းပမာ. . ၊ ဘဝကြေးမုံ . . တို့ကိုပို၍ နှစ်ခြိုက်သူ၊ အဆောင်မှာ ဇာတ်လမ်းပမာ လေးနားထောင်ရင်း ဇာတ်လမ်းထဲက အလွမ်း၊ ကရုဏာက သူတို့ကူးစက်တော့ . . ခမျာ. . . မျက်ရည်စလေးကျလို့. . .

■

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရေဒီယိုကို စွန့်ပစ်ခဲ့ရသော. . . သို့တည်းမဟုတ်. . လျစ်လျူရှုခဲ့ရသော ကာလတွေကတော့ ကျွန်တော့်အမေနှင့် အမေ၏အမများ အမွေခွဲသော နှစ်ကပင်ဖြစ်သည်။ အမေရဲ့ညီအစ်မသုံးယောက်မှာ အမေကအငယ်ဆုံး၊ ဘာသာတရား ကိုင်းရှိုင်းကြတဲ့ လူတွေဆိုတော့ အကြီးကို အငယ်က မော်မကြည့်ဘူး၊ ခွန်းတုံ့ မပြန်ဘူး၊ ခွက်ထိုးခွက်လန် မပြောဘူး၊ ဒါနူးညံ့တဲ့ အကျင့်စရိုက်ပဲဟု ကျွန်တော်အခုအချိန်မှာ ပြန်မြင်လာသည်။ အမေက အားအနည်းဆုံးဖြစ်ခဲ့သည်။ အမေက နဂိုကတည်းက အေးချမ်းတည်ငြိမ်သူ တစ်ယောက်ဖြစ်သည့်အတိုင်း မကျေနပ်တာတွေကို ဒေါသနဲ့အတူ အမကြီးတွေအပေါ် နှုတ်လှန်ရန်မတွေ့ခဲ့။ မမတို့ ကျွန်မကိုပေးတာ ဒါအကုန်ပဲလားဆိုသည့် စကားကိုသာပြောပြီး ပေးသမျှယူခဲ့သည်။ ပြီးတာနှင့် အမေဘုန်းကြီးကျောင်းကို တစ်ချိုးတည်းပြေးတော့သည်။ အမေက

www.burmeseclassic.com

www.burmeseclassic.com



အငယ်မဟုတ်လား။ အငယ်ဆိုတော့လည်း အငယ်တွေပီပီ အားကိုးတစ်ခုရှိလျှင် ချွဲမည် နွဲ့မည်. . ပြီးတော့ မကျေနပ်တာတွေကိုပြောမည်၊ စသည်ဖြင့် ရင်ထဲကကို ဖြစ်ပေါ်လာတတ်ကြသည်ဟု ကျွန်တော်ထင်ပါသည်။ ဘုန်းကြီးကျောင်းမှာ အမေရဲ့ အဖေ (ကျွန်တော်တို့အဖိုး) ဘဘုန်းကြီးရှိသည်။ အဲဒီနှစ်က ဘဘုန်းကြီးက သက်တော်-၈၀၊ ဝါတော်-၂၂ ရှိနေပြီး ကျွန်တော်ကတော့ လူမမယ်အရွယ်ကျော်လွန်နေခဲ့ပြီ ဖြစ်သည်။ ပြောသမျှစကားကို နားလည်သည်၊ နားလည်သမျှကို အဓိပ္ပာယ်အတိမ်အနက် ဖွင့်မရတာပဲ ရှိသည်။ အမေက ဘဘုန်းကြီး လက်ကလေးကို ကိုင်ပြီးအဖေဘုန်းကြီးရယ် (အမေတို့ ညီအမသုံးယောက်စလုံးက အဖေဘုန်းကြီးဟုခေါ်ကြသည်) ကျွန်မကို. . ဆိုပြီး ပြောသင့် မပြောသင့် မစဉ်းစားတော့ဘဲ ကုန်ကုန်ပြောရရင် အဖေကို ဘုန်းကြီးအဖြစ် မမြင်တော့ဘဲ အဖေအဖြစ်နှင့် ပြောဆိုငိုတော့သည်။ အဲဒီနေ့က . အမေက ကျွန်တော့လက်ကို ဆွဲခေါ်ခဲ့သဖြင့် ကျွန်တော်လဲ ဘုန်းကြီးကျောင်းသို့ ပါလာသည်။ အမေ့ကိုကြည့်ပြီး ကျွန်တော့ရင်ထဲ မှာ ဝမ်းနည်းမှုက လှိုက်တက်လာသည်။ ကျွန်တော်လဲ မျက်ရည်တွေဝဲပြီး ကျလာသည်အထိ ဖြစ်ခဲ့ရသည်။

ဘဘုန်းကြီးက အမေ့ခေါင်းကိုပွတ်သပ်ပြီး တရားစကားပြောသည်။ ဘယ်အရာမှ မတည်မြဲခြင်းအကြောင်း၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဖို့အကြောင်းတွေ ပြောနေ သည်။ အမေ့ရှိုက်သံ ငိုသံကတော့ လုံးဝလွင့်ပြယ်မသွားသေး၊ အမေ့ကိုကြည့်ပြီး အော်. . အမေဟာ အဖေ့ရှေ့မှာတော့ မငိုဘဲ (အမေ့အဖေ)ဘဘုန်းကြီး ရှေ့မှာတော့ တကယ့်ကလေးလေး တစ်ယောက်လို အော်ငိုတော့တာပါပဲလားဆိုသည့် အတွေးကို ဖျက်၍ ကျွန်တော်တွေးလိုက်မိသည်။ ကျွန်တော်၏အတွေးနှင့် တွေးခြင်းသာဖြစ်သည်။ ကျွန်တော်တို့ မောင်နှမတွေ တစ်ခုခုဖြစ်လျှင် အဖေ့ရှေ့မှာဖြစ်ဖြစ်ဒါမှမဟုတ် အမေ့ရှေ့မှာ ဖြစ်ဖြစ် ငိုကြတာ များသည်။ ထို့ကြောင့် အမေလဲ အဖေ့ရှေ့မှာ ငိုလိမ့်မည်ဟု ကလေးပီပီ တွေးမိခြင်းသာဖြစ်သည်။



သိပ်မကြာဘူး၊ အဲဒီနှစ်မှာဘဲ ဘဘုန်းကြီး ပျံလွန်တော်မူသည်။ ဘုန်းကြီးပျံ အကြီးအကျယ်လုပ်သည်။ ထိုအချိန်က အမေ့အမ အကြီးဆုံး၏သား (ကျွန်တော်တို့ အစ်ကိုဝမ်းကွဲ) အစ်ကိုကြီးကိုစိုးက အငြိမ့်ထောင်ထားသဖြင့် 'သူ့အငြိမ့်ထဲမှ ငင်းသမီးရွှေမန်းမေက သီချင်းဆို ဇရင့်ကျူးသည်။ အလွန့်အလွန်သည်း စည်းကားခဲ့လေ သည်။ ထိုဖြစ်ရပ်များနှင့် မရှေးမနှောင်းမှာဘဲ အမေက အိမ်ပြောင်းဖို့ စိုင်းပြင်းလေတော့သည်။ အဖေကအားလဲမရ၊ အဖေတားတာကတော့ မလောဖို့၊ စိတ်အေးအေးထားပြီး ပြောင်းမယ်၊ နေရာကောင်းကောင်းရှာဖို့ ပြောခြင်းဖြစ်သော်လည်း အမေ့မာနနဲ့မခံချင်စိတ်က ငယ်ထိပ် ရောက်နေပြီဖြစ်သည်။ ဒီအရပ်နှင့် ဒီမျက်နှာ(အဆွေအမျိုးတွေပေါ့လေ) လုံးဝမကြည့်ချင်ဖြစ်သွားသည်။ အမေ့နှလုံး ရောဂါ အဲဒီမှာစသည်။

ကြားဖူးကြတဲ့အတိုင်းပါပဲ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က နှလုံးရောဂါ ဆိုတာကြားရုံနှင့် ဖျားလောက်သည်။ ဖြစ်လိုက်နှင့် ဖြစ်တာနှင့် အံဖိတ်အစဉ်များသည်။ ကျွန်တော်တို့ တစ်တွေ အမေ့ကို အလွန်အမင်းစိုးရိမ်ခဲ့ကြရသည်။ အိမ်ပြောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



သုံးလေး နှစ်ကျော်ကျော်ထိ အမေလိမ့်နေအောင် ခံရသည်။ နောက်ဆုံးတော့ အမေစိတ်ကို တဖြည်းဖြည်းတရားသွင်းပြီး လျော့ချတယ် ထင်ရဲ့၊ လုံးဝပျောက်ကင်းသွားလေသည်။ ရောဂါဖြစ်ဖော်ဖြစ်ဘက် အတော်များများက အံ့ဩကြသည်။ ကျွန်တော်တို့တစ်မိသားစုလုံး ဝမ်းသာကြတာကတော့ အတိုင်းမသိပါပဲ၊ အဖေဆိုမကြာမကြာပြောတတ်သည်။ (တို့ငယ်ငယ်တုန်းကတော့ တိုက်ဖို့က်လည်း မကြားဖူးဘူး၊ ကင်ဆာ.. ဆိုတာဝေးရောပဲ၊ ခုတော့ကြည့်စမ်းပါဦး တစ်ခုပြီးတစ်ခု ပေါ်လာလိုက်တာ နောက်ဆုံးအေအိုင်ဒီအက်စ်တဲ့ ဒါတောင်နောက်ဆုံးဖြစ်ချင်မှဖြစ်မှာ နောက်ဒီထက်ဆန်းကျယ်ပြီး ဒီထက်ဆိုးတာ ပေါ်ချင် ပေါ်လာဦးမှာဟု ပြောလေသည်။

ကျွန်တော်တို့ ညီအစ်ကိုတွေက အဖေ့ကို စတတ်သည်။ စခြင်းဟာ ငရဲကျမည် ဆိုလျှင်ကျွန်တော်တို့ နောက်ဘဝသွားစရာဆို၍ ငရဲသာရှိတော့သည်။ အဖေကလဲ ကျွန်တော်တို့ကိုချစ်၍စသည်။ ကျွန်တော်တို့ကလည်း အဖေ့ကို ချစ်၍စကြသည်။ ပြီးတော့ ပရိသတ်လည်း များများစားစားမလို။ ကျွန်တော်တို့အပြန်အလှန်စသမျှ ကျီစယ်သမျှကို ဘေးကနေသဘောကျရှာရယ်မောနေမည့် အမေတစ်ယောက်လုံး ရှိသည်။ ထို့ကြောင့် (စောစောက ပြောသလိုပေါ့လေ. ..)အငယ်ကောင် အမော်ကြီးက အဖေ့ကို

'အဖေ. . အဲဒီအေအိုင်ဒီအက်စ်ရောဂါ ဘယ်လိုမြင်လဲ. .

ဒီကောင်တော့စပြီဟု ကျွန်တော်သိလိုက်သည်။ အဖေကချက်ချင်း ပြန်မပြောသေး၊ ကွမ်းယာပြီးအောင် ဆက်ယာပြီး



ဝါးစပ်ထဲ အရင်ထည့်သည်။ ကျွန်တော်က ကွမ်းမစားတော့အရသာမသိပါ၊ ဒါပေမယ့်. . အထင်တော့ အဖေဟာကွမ်းကိုအထိအတွေ့ ပျံ့နှံ့သွားအောင် ခံတွင်းတစ်ဝိုက်လှည့်ပို့နေသလိုပင်၊ တစ်ပည်လည် နှစ်ပတ်လည်လောက် ဝါးပြီးမှ

'အင်း ခက်တော့ ခက်တယ်. . ဒါပေမယ့် ငါကဆရာဝန်မှတော့တာ'

ခပ်တည်တည်နှင့်ပြောထည့်လိုက်တော့ အငယ်ကောင်တစ်ခါထဲ ပတ်တော ပိတ်သွားသည်။ မင်းက ဘာပြောချင်သေးလဲဆိုသည့် အကြည့်နှင့် အမေကြည့်တာကို ကျွန်တော်မြင်လိုက်သည်။ အဖေတို့ အမေတို့ အကြည့်, အပြုံး, အချစ် အမိပ္ပါယ်တွေကို တော့ကျွန်တော်ကောင်းကောင်း နားကျေနေပါပြီ၊ တစ်ခါတစ်လေ မျက်နက်နဲ့စွာ သိပ်သိပ်သည်းသည်း နားလည်ကြတာတွေလဲ ရှိသည်။ အရာရာဟာ (စန္ဒယားလှထွတ်ရဲ့ ချစ်အဓိပ္ပာယ်သီချင်းထဲက) ချစ်လျှင် အကျိုးပါပဲ။

* * *

ဘယ်တော့မှ မညီညာဘူး၊ ကြည့်ပါလား တစ်ယောက်ကဖြူဖွေးဖွေး၊ တစ်ယောက်ကညိုညိုမည်းမည်း၊ တစ်ယောက်ကမှတ်နေတာပဲ၊ ဒါပေမယ့် တစ်ယောက် ကတော့ အကြည်ရအောင်ဆိုးတာပဲဆိုသည့် စကားများကို ကြားတိုင်းမျက်စိလှမ်းလှမ်းကြည့်ခြင်းဖြစ်သည်။ သူ့ဟာနဲ့သူ အံဝင်ဂွင်ကျ အဆင်ပြေနေတာပဲ၊ လူတွေက ခက်တယ်ဆိုသည့် ညည်းပုံကိုလည်း ကျွန်တော်ညည်းနေကျ ညည်းဖြစ်ပြန်သေးသည်။ တစ်ခါ တစ်ရံ

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကြောင့် ပျက်သွားတာတွေ အများကြီးရှိသည်
တချို့ကိစ္စတွေက မည်ကာမတ္တ မဟုတ်ကြ။ ဘဝထဲက
အစိတ်အပိုင်းတစ်ခုလို တန်ဖိုးထားပြီး လွမ်းဆွတ်
အောက်မေ့ခဲ့ရတာတွေလည်း ရှိသည်။

ထိုအဖြစ်မျိုးဟာ မလိုအပ် မပြောပလောက်တဲ့
ပတ်ဝန်းကျင်ရဲ့ နှိုးပြားလေး တစ်ပြားစာ စကားကြောင့် နမော်
ခြင်းကြီးစွာ ပျက်စီးခဲ့ရတာမျိုးကတော့ ရင်နာဖို့လဲ ကောင်းပါတယ်

ကျွန်တော်တို့ လမ်းမတော် အရပ်မှာရှိစဉ်က အစ်ကိုကြီး
ကိုကျော်တင့်မျက်နှာကို ပတ်ဝန်းကျင်က မင်းကုသတဲ့။ မင်းကုသတဲ့
ကျွန်တော်မြင်ဖူးလျှင်တော့ နှိုင်းယှဉ်ကြည့်ပြီး စိတ်ထဲက ဟုတ်ချင်
ဟုတ်ကြောင်း၊ တူသယောင်ယောင်ရှိလျှင် နီးစပ်ကြောင်း
ကောက်ချက်ချချင်ချမည်။ ပတ်ဝန်းကျင်က လူတွေကလည်း မြင်ဖူး
ကြတာမဟုတ်ဘူး။ ဒါပေမယ့် သူတို့က အရုပ်ဆိုးလျှင် ပြောစရာ
စကားက မင်းကုသပဲ ရှိသည်။ ကျွန်တော်တစ်ညမှာ တစ်ယောက်ထဲ
နှိုးပြားသွားဝယ်ပြီးအပြန် အစ်ကိုကြီးကိုကျော်တင့်နှင့် မျက်နှာချင်း
ဆိုင်ဆုံပြီးလန့်ဖူးသည်။ အော်ပြီး လက်ထဲက နှိုးပြား ပြုတ်ကျ
သွားသည်အထိ လန့်ဖူးသည်။ ထိုအလန့်ကြောင့် ယခုအချိန်ထိ
အစ်ကိုကြီးကိုကျော်တင့်ကို မျက်နှာမပြရဲအောင် အားနာခဲ့ရသည်
ထို့ကြောင့် တစ်နေရာစီ ဝေးသွားကြပြီး ဆယ့်ငါးနှစ်ကျော် အနှ
နှစ်ဆယ် စွန်းစွန်းမှာ လမ်း၌တွေ့လျှင် အစ်ကိုကြီး ကိုကျော်တင့်
ကျွန်တော့်ကို မမှတ်မိပေမယ့် ကျွန်တော်က အမြဲ နှုတ်ဆက်သည်
နှုတ်ဆက်ပြီး သူက အမြဲလက်ဖက်ရည်ခေါ်တိုက်၊ အမေ
အဖေတို့ နေထိုင်ကောင်းကြလားမေး . . နှင့် နှုတ်ဝတ် တကယ်တော်



ာ လူတစ်ယောက်ဖြစ်သည်။ တစ်လမ်းထဲနေတုန်း ကလည်း
ပ်နဲ့ကင်းမဟုတ် ကိုယ်ရောစိတ်ပါ ကူညီစရာရှိလျှင် ကူညီတတ်
တစ်ယောက်ဖြစ်ကြောင်း အဖေတို့ အမေတို့ ပြောပြဖူးသည်။
န်တော့်မယ် သူနှင့်ဆုံလျှင် ငယ်ငယ်က လန့်ပြီးအော်မိတာကို
က်နှာချင်းဆိုင်ထိုင်လျက် မျက်နှာပူ နေတတ်သည်။ ဒါကိုသူက
မင်းငါ့ကို လန့်ပြီး အော်ပြေးတုန်းက တစ်ကယ့်ကို ဖြုံဖြုံ
ဖွေးပေါက်ဖော်လေး ပါကွာ၊ ကြည့်စမ်း ခုအသားတွေ မဲနေလိုက်
တကယ့်ကို မမှတ်မိ အောင်ဘဲ . . . ဟု အစဖော်ပြန်ပြော
ာအခါ ကျွန်တော် ပိုအားနာသွားပြန်သည်။ ဒီတစ်ခါတော့
န်တော်တောင်းပန် လိုက်တော့သည်။

'ကျွန်တော်အစ်ကိုကြီးကို လန့်တာ အမှတ်တမဲ့
သွားလို့ပါ။ စိတ်မဆိုးပါနဲ့ အစ်ကိုကြီး' ကျွန်တော်စကားဆုံးတော့
အားရပါးရ ရယ်သည်။ အရယ်တန်းလန်းနှင့် ကျွန်တော့်ခါးကို
တာ ပုတ်ကာ . . .

'ဟာကောင် . . . ဒါများကွာ . . မင်းတစ်ယောက်မှ
တ်ဘဲ လမ်းထဲက ကလေးတွေ အကုန်လန့်ကြတာပဲဟာ ငါက
ပ်ဆိုးတာကိုးကွ၊ လမ်းထဲက ကလေးတွေ ဆိုရင် အမေတွေက
ကိုကျော်တင့်လာနေပြီလို့ ပြောမှ လှန့်မှ တိတ်သွားကြတာကိုး၊
ထိုလ်ပေါ့ကွာ၊ နောင်ဘဝ ချောချင်ချောမှာပေါ့ . . .'

သူ့စကားကို သူ့မျက်နှာ ပြုံးပြုံးရွှင်ရွှင်ပြောနေပေမယ့်
တော်ရင်ထဲမှာ မကောင်း ဖြစ်ရသည်။ အစ်ကိုကြီး
ကျော်တင့်ကို လူချင်းတွေတွေ ဒါမှမဟုတ် သူ့အကြောင်း
တွေး . . . ကျွန်တော့်အတွေး ကျွန်တော်စိတ်အမြင်မှာ

www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီး မခင်မြမြကို သတိရသည်။ ယခုလည်း ကျွန်တော် မေးချင်သည်။ အစ်ကိုကြီးအိမ်ထောင်ကျပြီလားဟု မေးမိလျှင် . အကယ်၍များ သူ့အိမ်ထောင့်ဘက်ဟာ မခင်မြမြမဟုတ်ခဲ့ရ ကျွန်တော့်စကားကြောင့် သူ့အနာဟောင်းကို ထိခိုက် စိုးရိမ်သည်။ ထို့ကြောင့် ဘယ်နှစ်ခါတွေ့တွေ့ ကျွန်တော် မမေး မမေးမိတာကိုလည်း မေ့လျော့စွာ ပျောက်မသွား။ ပိုဆိုးတာ မောင်မောင်ကြီး၏ အကျည်းတန်ချစ်သူပင် ဖြစ်သည် ထိုသီချင်းလာလျှင် ကျွန်တော်သတိရနေသော အစ်ကို ကိုကျော်တင့်မျက်နှာပေါ်လာတော့သည်။

♫ ကြည့်လေလေတိုင်း xxx ကြည့်လိုက်တိုင်းပင် x
အရိုင်းမျက်နှာ xxx ကိုယ်ရုပ်ဝါက xxx နှိပ်ပါ
ခပ်မွဲမွဲပင် xxx ကြေးမှုန်မှုန်ပြင် xxx ရှုမြင်သူဘာ
xxx ရင်ဆူလိုက်မော ဖော့ဟိုက်ပင် xxx ♫

ပတ်ဝန်းကျင်က သူ့ကို မင်းကုသခေါ်တော့ သူ သဘောကျစွာပဲ သူ့မခင်မြမြကို ပပဝတီ. . . တဲ့၊ ထိုအခေ ကလေးတွေကိုပဲ ကျွန်တော်ကြွေသွားသည်။

♫ ဖိုးရွှေလမင်းxxx သူ့အဆင်းနှင့်xxx ပန်းစပယ်ပွင့်
ငုံအဖူးနှင့်xxx သင့်တင့် လျောက်ပတ်စွာxxx အ
ကိုယ်စီ ဆောင်သည်ချည်းပင်xxx ကိုယ့်မှာ ဒီလိုမဟု
တော့ xxx အားလျော့ဖြေမရှင် xxx ရှုပနိသင် x
မရှိဖြစ်အင် အလှအရွယ် xxx ငယ်ပါ သေးတင် x
လှအဆင်း အိုမင်းလျော့ယွင်းတော့ထင် xxx ♫

အကိုကြီးကိုကျော်တင့် မခင်မြမြကို ကြိုက်နေကြော



နေကြောင်း သတင်းကို သိသည်နှင့် မခင်မြမြတို့ အိမ်ပေါ် အကောင်နှစ်ဆယ်လောက်ရောက်လာသကဲ့ သို့ပင် သွားကြောင်း ရပ်ကွက်ထဲက လူနောက် ကိုဖိုးသီးက ပြောသည်။ ကောင်ကများ . . . အမလေးလေး တန်ရာတန်ရာမပြောဘူး . . . ဒင်းဘယ်လောက်ပိုက်ဆံရှိရှိ ဒင်းရုပ်နဲ့ ငါ့သမီးရုပ် မဆိုင်ဘူးဆိုပြီး မခင်မြမြ၏ အမေက ပြောတော့သည်။ ကိုကြီး ကိုကျော်တင့်က ပိုက်ဆံချမ်းသာသည်။ သို့သော်လည်း ငွေဂုဏ်မောက်သူမဟုတ် ရှိသူချင်းတောင် ပေါင်းတာမဟုတ်။ ထက်နိမ့်ကျသောသူတွေနှင့်သာ သူသွားသည်။ စားသည်။ သည်။ သူ့မခင်မြမြကို ချစ်တဲ့အကြောင်း ကျွန်တော်တို့ ကိုကြီး (တစ်ဝမ်းကွဲ)ကို ဆွေးဆွေးမြည့်မြည့် ပြောပြရှာသည်။ ဝန်းကျင်ကတော့ ထုံးစံအတိုင်း ပါပဲ။ ရုပ်ရှင်ထဲက မ်းအဖွဲ့ပေါ့။ ပွစိ ပွက်သောည်အောင် ပြောကြတာတွေကို တို့ ကြားတော့ အမေကပါ မခံနိုင်ဖြစ်လာကာ . . . ဝန်းကျင်က မိန်းမတစ်ချို့ကို ကိုကျော်တင့်ဘက်မှ ပြန်ပြောခဲ့ သတဲ့။

♫ မင်းမျက်နှာ xxx ရုပ်ဝါအဆင်းပြင် xxx ယမင်းအလှ
ချစ်သူမြင်စေချင် xxx တွေးတွေးမိတိုင်း xxx
စေ့စေ့ကြည့်တိုင်း xxx ဝိုင်းမျက်ရည်လည်ကာပင် xxx
အားတော့င် အားနာ xxx အားငယ်စွာပင်
စေတနာကိုသာ တန်ဖိုးထားကြောင်းနဲ့ xxx သူ့မနောကို
သိခွင့်ရသောအခါများတွင် xxx ဘတစ်သက်တာ
ခရီးစဉ် . xxx နှမသက်လျှာအနီးတွင် xxx

www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်ချစ်သူ ×××  အကျည်းတန်ချစ်
မောင်သာဖြစ်လိုချင် ×××♫

ဘယ်လောက်ကြေကွဲဖို့ကောင်းသလဲ။ မခင်မြမြ
ဒီကိစ္စတွေကို ဘာတစ်ခွန်းမျှ ဝင်ပြောသူတစ်ယောက်မဟု
မခင်မြမြတို့ အိမ်အနီးမှာ ကျွန်တော့်အစ်ကိုကြီးနဲ့အ
(ကိုကျော်တင့်အပါအဝင်) မယ်ဒလင်နဲ့ သီချင်းများဆိုမိကြ
ညကြီးအချိန်မတော် ပန်းပင် ရေထလောင်းလား လောင်း
တစ်ခြားတစ်ရုံတစ်ရာ အနှောင့်အယှက်တွေနဲ့ သီချင်းတစ်
ဆုံးအောင်တောင် မဆိုဖြစ်လိုက်ကြတာများသည်။ အစ်ကို
ကိုကျော်တင့်က အစ်မကြီး မခင်မြမြကို တစ်ကြိမ်တစ်ခါတည်း
ဖွင့်ပြောခဲ့သည် . . . တဲ့။

♫ စင်စစ်ပြောရရင် ×× စိတ်ဝယ်ဘယ်မရှင် ×× မှန်
အရိပ်ထဲ တရစ်ဝဲမို့ ×× မကြည့် ဝံ့ကြောင်းပါ
ရဲရဲမျှပင် ×× ဟင် . . ရွံ့စရာပဲ ×× လက်တွဲလို့အ
×× ကျောင်းကန်တူဘုရား ×× မပြုစုသွားမယ်ဆိုရင်
မျက်နှာငယ်ရမှာက ×× မောင့်ချစ်ဦး ×××
ကြင်သူသက်မှူးသခင် ×××♫

♫ အကျည်းတန်ဘုံဘဝ ×× ဆုံရဖြစ်အင် ×× ရပ်ထဲ
×× တူတူတွဲ ×× တူတူနွဲ့ မခွဲလိုဘူးအစဉ် ××
ပိုဦးချင် ×× ကြည်နူးလက်ယှက် တွဲလျက်သွားချင်
မကြည်သာ ××× မျက်လွှာချလို့ အလှမဲ့
မောင့်ရုပ်ဆင်းကြောင့် ××× ဂုဏ်သတင်းကင်း
×× မောင်ချစ်ဦး ××ကြင်သူသက်မှူးသခင် ×××♫



အဲဒီသီချင်းဆုံးတော့ ကျွန်တော်အမကလဲ ကျွန်တော့်လိုပဲ အစ်ကိုကြီးကိုကျော်တင့် နှင့် အစ်မကြီးမခင်မြမြကို သတိရသွားပြီထင်သည်။ ကျွန်တော့်ကိုလှမ်းပြောသည်။

'အင်း ဒီသီချင်းကြားလို့ အစ်ကိုကြီး ကိုကျော်တင့်နဲ့ မမခင်မြမြတို့ နှစ်ယောက်ရသွား တယ်ဆိုတာ ကြားရတော့ ဝမ်းသာလိုက်တာဟယ်'

'ဟာ . . . ဟုတ်လား'

ထိုစကားကြားကြားချင်း ကျွန်တော် လိုက်လိုက်လှဲလှဲ ဝမ်းသာသွားသည်။ နောက်တစ်ခါ အစ်ကိုကြီးကိုကျော်တင့်နှင့်ဆုံလျှင်တော့ ဘယ်လိုက ဘယ်လိုရသွားကြောင်း မေးဖြစ်အောင်ကို မေးမည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

* * *

ဉမ္မာဒန္တီကို လုံးဝမမြင်ဖူးတဲ့အတွက် မိန်းကလေးတစ်ယောက်ကို ဉမ္မာဒန္တီနှင့် ကျွန်တော်ဘယ်တော့မှ မတင်စားပါ။ ထိုနည်းလည်းကောင်းပင် အချစ်ဆိုတာ . . . လေးထောင့်လား၊ အဝိုင်းလား၊ ဆဋ္ဌဂံလား၊ ပဉ္စဂံလား . . . သို့တည်းမဟုတ် သေးသေး အစက်အပြောက်ကလေးကနေ အဆင့်ဆင့် ရင့်မာကြီးထွားလာတဲ့ သဘောလား . . . ကျွန်တော်မသိပါ။ သို့သော် ကျွန်တော့်မှာတော့ ချစ်သူရှိပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

သူနှင့် ပတ်သက်ပြီး ယောကျ်ားဒါဇင်ပေါင်းများစွာ အသည်းကွဲခဲ့ကြသည်ဟု တစ်ဆင့်စကားဖြင့် ကြားရသော်လည်း ကျွန်တော်မယုံပါ။ တစ်ဦးနှင့်တစ်ဦးအဆင့်ဆင့် ရစ်ပတ်နှောင်တွယ်ခဲ့ပြီးမှ ဝေးကွာခဲ့ကြလျှင် အသည်းကွဲကြရမည်ပဲ ဖြစ်ပါသည်။ တစ်ဖက်၏ တုံ့ပြန်မှုမပါဘဲ ကိုယ်တစ်ယောက်တည်း စွဲလမ်းနှမ်းလျနေသည့်အခါ ကိုယ့်အသည်းကို ခွဲလိုက်သလို ကွဲလာခဲ့ကြတာမျိုးဖြစ်နိုင်ပါသည်။ သူ့ဝန်းကျင်က သူ့ကို 'ဟိုတစ်ယောက်ကတော့ အလူးအလိမ့်ပဲဟယ်' ဟု လာပြောသည့် အခါ သူက ပြုံးပါသည်။ ကြားဖူးနေကျစကား ကို လာပြန်ပြီဟူသော အဓိပ္ပာယ်နှင့် ပြုံးတာမျိုးဖြစ်သလို၊ "အိုး . . . ကိုယ်နဲ့မှမဆိုင်တာ၊ ဘယ်တတ်နိုင်မှာလဲ" ဆိုသည့်အဖြေနှင့် ပူးတွဲပြုံးလိုက်တာပဲ ဖြစ်ပါသည်။ အားလုံးဟာ သူ့လို ကိုယ်လို လူကြတာပဲဆိုသော်လည်း သူ့အလှက အများထဲမှာ ကွဲပြားထင်ရှားနေသောအခါ ယောကျ်ား တကာတို့၏

www.burmeseclassic.com

www.burmeseclassic.com



အာရုံစိုက်ခြင်းကို ခံရတော့သည်။ သူ့အလှကို စွဲလမ်းယစ်မူးလာတော့လည်း သူ့အရေးအရာကို ကပ်ငြိဝင်စားလာတာ အဆန်းမဟုတ်ပါဘူး။ သူ့ကို စိတ်ဝင်စား ကြသည့်အထဲမှာ သူ့အမည်ကလည်း သူ့အလှ၏ နောက်ဆက်တွဲ အဓိကအခန်းကဏ္ဍ တစ်ခုပင်ဖြစ်သည်။

'ခင်လွှမ်းခြုံ'. . . တဲ့။ ထိုနာမည်မျိုးကတော့ အခုအချိန်ကာလအထိပင် ထူးထူး ခြားခြားဖြစ်နေရုံမက လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ် ဝန်းကျင်ကဆို လူနာမည်အဖြစ် အထင်ရှား ဆုံးနာမည်ဖြစ်နေသည်။ ထိုစဉ်က လူငယ်ကြိုက် အချစ်ဝတ္ထုတွေပဲဖြစ်ဖြစ်၊ လူကြီးကြိုက် မေတ္တာဖွဲ့ဝတ္ထုကြီးတွေမှာပဲဖြစ်ဖြစ် ဇာတ်ကောင်အမည်တွေကို ဆန်းဆန်းပြားပြား ပေးလေ့မရှိသည့်အတွက် ဝတ္ထုဇာတ်လမ်းတွေထဲက ယူထားတာလည်း မဖြစ်နိုင်။ ယခုခေတ်အချိန်မှာ သူ့နာမည်မျိုးကြားလို့ကတော့ ဆန်းကြယ်လှချည်လားဟု၍လည်း ထင်စရာအကြောင်းမရှိ။ "ဟိုဝတ္ထုထဲကလေ၊ နာမည်လေးက သိပ်ဆန်းတာပဲ၊ ဒါကြောင့်မှည့်ထားတာပေါ့"ဟု အလွယ်တကူ ဖြေလိုက်ရုံနှင့်ရသည်။ အခုသူကတော့ သူ့နာမည်အတိုင်း ယောကျ်ားတကာတို့ကို သူ့အလှဖြင့် လွှမ်းခြုံထားသကဲ့သို့ရှိလေသည်။

* * *

အဖေကတော့ သူ့ဘဝတစ်ခုလုံးကို တွံတေးသိန်းတန်က လွှမ်းခြုံထားသလို ဖြစ်နေသည်။ အဖေ့ရွာတစ်ရွာလုံးသာမက တူသားနောင်မယ်ကအစ (ကျွန်တော်လည်း ပါပါတယ်)



တွံတေးသိန်းတန်ကို ကြိုက်ကြသည်။ ဘယ်ကလေးကိုပဲ ဆုံးမဆုံးမ တွံတေးသိန်းတန် သီချင်းစာသား တော်တော်များများနှင့် ဆုံးမသည်။

♫ မိဘစကားနားဝယ်ထား × × × မှားတယ်မှား × × × ကြားဖူးပါသလားကွယ် × × × ဒါမှမဟုတ် × × × ကိုယ်ပိုင်အတွေးနဲ့ × × × မဆုတ်မနစ် ဇွဲကိုတည်ကာရယ် × × × ရင်ဆိုင်တဲ့အခါများ × × × မှန်တယ်လို့ ထင်ဖူးပါသလားကွယ် × × × ♫

ဆိုသည့်သီချင်းစာသားထဲက အဓိပ္ပာယ်ကို ဖြန့်ပြီး ပြောဆိုဆုံးမတာမျိုးလည်း ရှိသည်။ တစ်ခါတစ်လေ ကျွန်တော်တို့သားအဖနှစ်ယောက်တည်းရွာမှာရှိစဉ်အခိုက် တွံတေးသိန်းတန်သီချင်းလာတာမျိုးကြုံလျှင်

"မင်းကြည့်ပါလားကွ၊ ဘယ်သီချင်းဖြစ်ဖြစ် မေတ္တာဆို မေတ္တာသက်သက်၊ ရွာဖွဲ့၊ ကျေးလက်ဖွဲ့၊ ဆုံးမတာတွေဆိုလည်း ဆုံးမတာသက်သက် တော်တော့်ကိုကောင်းတယ်။ သီချင်းရေးဆရာတွေကို ငါသိပ်ချီးကျူးတယ်ကွာ၊ လေပြေလေအေးလေးနဲ့ စိတ်နှလုံးကို ဘုန်းခနဲ ပစ်လဲသွားအောင် ရေးနိုင်တာ"

တွံတေးသိန်းတန်သီချင်းများနှင့် ပတ်သက်လျှင် အဖေသည် နာရီများစွာ ကြာအောင် ပြောနိုင်သည်။ ကျွန်တော်ကလည်း သိသမျှကိုပြောပြရသည်။ ဘယ်သီချင်းက ဘယ်သူ ရေးတာဖြစ်ကြောင်း၊ ဒီသီချင်းကတော့ တွံတေးသိန်းတန် ကိုယ်တိုင်ရေးတာ ဖြစ်ကြောင်း သိသလောက်ပြောတော့. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . ဘယ်ဆိုးလို့တုန်းကွ၊ သီချင်းအရေးကောင်းပဲ"

"အဖေကလည်း သူ့အရင်တုန်းက ဝတ္ထုတောင် ရေးသေးတယ်"

"ဟေ. . ."

ထိုအခါ အဖေမှာ အံ့သြရရှာသည်။ တစ်ဆက်တည်း ကျွန်တော်က သီချင်းရေး၊ သီချင်းဆို၊ ရုပ်ရှင်ရိုက်၊ စာရေး ဒါ့အပြင် မြန်မာ့အသံမှာလည်း ဝန်ထမ်းလုပ်သည့်အကြောင်း ပြောသည့်အခါ

"မြန်မာ့အသံမှာ အလုပ်လုပ်ရင် ရေဒီယိုမှာ တွံတေး သိန်းတန်ရဲ့အသံ ငါကြားရမှာပေါ့။ ငါတစ်ခါမှ မကြားဖူးပါဘူး"

"ဟာအဖေကလည်း မြန်မာ့အသံမှာ အလုပ်လုပ်တိုင်း ရေဒီယိုက အသံကြားရမှာလား၊ သတင်းတို့၊ အစီအစဉ်တို့ ကြေညာမှ ကြားရမှာပေါ့"

အဖေကတွံတေးသိန်းတန်၏အသံကို အစီအစဉ်တို့ သတင်းတို့ ကြေညာသူအဖြစ်ပါ ကြားချင်နေပုံရသည်။ အဖေ့လိုပါပဲ၊ ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေအပေါ်မှာ တွံတေးသိန်းတန် လွှမ်းခြုံခဲ့တာ အလွန်သြဇာကြီးမားခဲ့သည်။ ပျော်ပွဲရှင်ပွဲလေးတွေမှာ သီချင်းဆိုရရင်တောင် အစ်မတွေက တွံတေးသိန်းတန့်သီချင်းမှ ဆိုချင်သည်။ လူကြီးတွေက "ဟဲ့ မိန်းကလေးက မိန်းကလေးသီချင်းဆိုပေါ့၊ ဘယ့်နှယ် ယောကျ်ားသီချင်းတက်ဆိုရမှာတုံး"ဟု ငေါက်သဖြင့် မဆိုခဲ့ရ။ ထိုစကားကိုပြောခဲ့သော အဖေ့ အဖေ (အဘ)များ ခုခေတ်၊ ခုချိန်ထိ သက်ရှိထင်ရှားရှိလျှင် အဆိုတော်တွေ တပျော်ကြီး ဖောဖောသီသီ



ကျား၊ မအပြန်အလှန် ပြန်ဆိုနေတာတွေကို ကြားလို့ကတော့ (အဘကစိတ်ကြီးသည်) စိတ်တိုနေတာနှင့် အသက်ယွက်သွားနိုင်သည်။

ကျွန်တော်တို့မှာ ဆိုင်တို့၊ ပွဲရုံတို့ ဘာမှမရှိတော့သည့်နောက်ပိုင်း အဖေရော၊ အမေပါ အငြိမ်းစားဘဝ ရောက်သွားသည်။ တစ်လျောက်လုံး အလုပ်နဲ့ လက်မပြတ်ခဲ့ကြတော့လည်း အလုပ်မလုပ်ရသည့်အခါ နေမကောင်းဖြစ်လာသည်။ ခါးကိုက်၊ ဒူးနာဖြစ်လာသည်။ ထိုအခါမျိုးမှာ အဖေကရွာကို အလည်သွားချင်ကြောင်း ပြောသည်။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေမှာလည်း ကိုယ့်အလုပ်၊ ကိုယ့်အိမ်ထောင်ဝန်နှင့်ဆိုတော့ အိမ်ထောင်မကျ သေးသော ကျွန်တော်ကသာ အမြဲလိုက်ပို့ရသည်။ ရေလမ်းခရီးမို့ ဘယ်သူကမှ မသွားစေချင်ကြသော်လည်း အဖေ့ကို မပို့ရလျှင် ကျွန်တော့်မှာ စိတ်မကောင်းဖြစ်သည်။ နွေလယ်ခေါင် မိုးတွေရွာတော့လည်း မုန်တိုင်းတွေကြောက်လို့ မသွားပါနဲ့ အဖေရယ်ဆိုပြီး သားသမီးတွေက ဝိုင်းပြောသဖြင့် မသွားဖြစ်တာမျိုး၊ ဒီတစ်ခေါက်သဘောၤက လူရော၊ ကုန်တွေပါကျပ်ပြီး နှိမ်များနေလို့ မတော်တဆတစ်ခုခုဖြစ်မှာစိုးလို့ မသွားပါနဲ့ဆိုလည်း ဘာမှ မပြောရှာ။ ထိုစဉ်က အဖေ့ရွာ ခရီးမှာ နေ့ချင်းရောက်သည် မဟုတ်။ ရန်ကုန်မှ ဒေးဒရဲကို တစ်ညလုံးစီးရသည်။ မနက်ရောက်မှ မော်တော်ဖြင့် ရွာကိုဆက်သွားရသည်။ ခရီးစဉ် နှစ်ခုစလုံးက ရေလမ်းတွေချည်းမို့ မိုးဖွဲဖွဲရွာရုံလောက်နှင့်ပင် အဖေ့ကို မသွားစေချင်။ တကယ်တမ်း သွားရတော့လည်း အဖေ့ခမျာ အကြာကြီးနေနိုင်တဲ့သူ မဟုတ်ပါဘူး။ ဘယ်သမီးရဲ့သား၊ ဘယ်မြေး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ကျောင်းကြိုချိန်၊ ကျူရှင်ချိန်၊ ဒီအချိန်အိမ်မှာ ဘယ်သူမှမရှိလို့ မီတာခ၊ မြေခွန်လာကောက်သည့်အခါ ဘယ်နှယ်လုပ်မလဲဆိုသည့် အတွေးတွေနှင့် သီတင်းတစ်ပတ်ပြည့် အောင်မနေဘဲ တစ်ယောက်တည်း ပြန်ပြန်ချလာသည်။ အဖေရွာ ရောက်တော့ရော ဘာလုပ်သလဲမေး၊ ရွာအရှေ့၊ အနောက် လမ်းလျှောက်ပြီး ညောင်းတဲ့အခါ နီးရာအိမ်ဝင်ပြီး တစ်ရေးအိပ် ရင်အိပ်၊ မအိပ်ရင် တွံတေးသိန်းတန်သီချင်း နားထောင်သတဲ့။ "နင့်အဖေက တွံတေးသိန်းတန်သီချင်းကို ရန်ကုန်မှာ နားထောင်ရတာ ဟန်မကျဘူးတဲ့၊ တစ်မျိုးဖြစ်နေတယ်"တဲ့ဟု အမေတစ်ခါက ပြောဖူးသည်။ ထိုအခါက ကျွန်တော်တို့ကလည်း ကွန့်ပြီးတော့ 'ရွာမှာတော့ ဘာထူးသွားသလဲ အဖေရယ်''ဟု မေးစရာ မလိုတော့ပါ။ အဖေသွားချင်တဲ့အခါတိုင်း ကျွန်တော် မညည်းမည လိုက်ပို့ပါသည်။ တစ်ခါတလေရွာမှာ အနေကြာလို့ ပြန်လာတဲ့အခါ အဖေ့မှာ ဝဖီးလို့၊ စိတ်ချမ်းသာနေခဲ့ခြင်း ဖြစ်ပါသည်။ ရန်ကုန်က ကလေးတွေ ကျောင်းရက်ရှည်ပိတ်ချိန်၊ သားသမီးတွေအလုပ်ပါးချိန် မျိုးမှာ အဖေတစ်ယောက်ရွာမှာ တစ်လကျော်၊ တစ်လခွဲလောက် ကြာတတ်သည်။ ရွာနီးချုပ်စပ်မှာ တွံတေးသိန်းတန်ဇာတ်အဖွဲ့ ရှိလျှင် သွားကြည့်သည်။ အမေကတော့ အဖေသွားချင်တဲ့ နေရာ သွားဆိုပြီး စိတ်ချထားတာတော့ မဟုတ်ပါဘူး။ ရွာသားချင်း စိတ်ချတာပါ။ အဖေအနေကြာတော့လည်း မျှော်တာပေါ့။ မျှော်တာကို အမေမျှော်တာလားဟု မေးစရာမလိုဘဲ ကျွန်တော် တို့က သိနေသည်။ ခရီးသွားနေသူ တစ်ယောက်ကို ဘယ်တော့ပြန် လာမှာလဲဟု မေးတာမျိုးလည်း မကြိုက်သလို၊ အိမ်ပြတင်းက



လည်း မမျှော်ကောင်းဘူးလို့ အမေက ယူဆထားတာ တ်လား။ ထမင်းစားချိန်မှာ အမေထမင်းမစားတာ၊ အိပ်ချိန်မှာ အိပ်တာ၊ အိပ်ချိန်မရောက်သေးဘဲ အိပ်ရာထဲ အစောကြီးဝင် တာ ဒါ အဖေ့ကို မျှော်နေတာပါပဲ။

ဟိုတစ်ခေါက်ကလည်း အဖေတော်တော်ကြာတာ၊ လစွန်းတိုင်နေပြီ။ အမေ့မျက်နှာလေးတောင် တော်တော်ချောင် းသည်ဟု မြင်ရသည်။ ထို့ကြောင့် ကျွန်တော် လည်း အစ်မတွေ အဝတ်အစားနှင့်ခရီးဆောင်အိတ်ကို ပြင်ဆင်ခိုင်းရသည်။ ကြည့်ပြီး အမေတစ်ယောက် ဖျတ်လတ်လာသည်။ မင့်ဘယ်လဲ မေး၊ မသွားခင်တစ်ရက်၊ နှစ်ရက်မှာ ရွာကသားချင်းတွေ တွက် ချက်ပြုတ်တော့သည်။ ငါးအစို၊ ငါးခြောက်ကအစ ရွာမှ သော စားစရာအခြောက်အခြမ်းတို့ကို စုပြုံထုပ်ပိုးတော့ တော့်မှာ တားယူရသည်။ ကျွန်တော် ဘယ်နိုင်မလဲ အမေရယ် မကျေမနပ် ပြန်လျှော့သည်။ သို့သော်လည်း ကျွန်တော် တော့ နိုင်သလောက်ယူသွားတာပါပဲ။

'ဝိဇ္ဇာအောင်၊ ဝိဇ္ဇာလှ'သင်္ဘောကြီးတွေက ညနေလေး မှ ရန်ကုန်ဆိပ်က ထွက်သော်လည်း နေ့လည်ဆယ့်နှစ်နာရီ ခင်ကတည်းက ညီနှစ်ယောက်ကိုလွှတ်ပြီး နေရာဦးခိုင်း ရသည်။ ကိုယ်ကတစ်ယောက်တည်း သမားဆိုတော့လည်း င်းကဘယ်လောက်ကျယ်ကျယ် ကိုယ်တစ်ယောက်တည်း တားပြီးနေလို့တော့ မရပါ။ အုပ်စုများတဲ့ခရီးသွားတွေက က်တိုး၊ သည်ဘက်တိုးနဲ့ နောက်ဆုံးတစ်နေ့ရာစာ၊ တစ်ကိုယ်စာ သော ကျန်တာချည့်ပါဘဲ၊ ကိုယ်ကလည်း တစ်ညတာခရီးရှည်ကို

www.burmeseclassic.com

www.burmeseclassic.com



ထိုင်လျက်ကြီး၊ အိပ်လျက်ကြီးပဲ သွားတတ်တာမဟုတ်တော
သဘော်ပေါ်က လက်ဖက်ရည်ဆိုင်လေး သွားထိုင်မိသည်။ ပြန်လ
တော့ မနေရာမရှိတော့။ မိန်းမကြီးတစ်ယောက်နဲ့ ကလေးတစ်ပြုံ
အိပ်နေတာမျိုးနှင့် ကြုံရသည်။ မန္တီးရက်လို့ မန္တီးဘဲနေတော့လည်
တစ်ညလုံး တစ်ရေးတောင်မန္တီးဘဲ ကိုယ့်မှာ (ခုခေတ်စကားအ
ငုတ်တုတ် မိုးလင်းသွားသည်။ ထိုနေ့ညနေ သဘော်ဆိပ်မဆင်း
ရွာမှာထားသော တွံတေးသိန်းမှအစ ဟသ်ာတအောင်တင်
အဆုံး ဟက်ဆက်ခွေအကုန်လုံးကို စစ်ဆေးရသေးသည်။ တစ်
လည်း အခွေမှားသွားသဖြင့် ဘကြီးစံခင်(အကဲဆတ်တတ်
တစ်ယောက်ဆိုတော့လေ)က "လူစိန်မင့်သား ဒါသက်သ
လုပ်တာကွ"ဆိုပြီး စိတ်ဆိုးသွားသဖြင့် ထိုင်ကို ကန်တော့ယူရသ

♫ ချစ်သူရှိရာ × × × ဒီဌာနဆီသို့× × × မှန်းဆ
× တမ်းတပါသော်လည်း × × ×တစ်ခါ တစ်ခေါက်
× × × မလာရောက်ဝံ့သူပါကွယ် ♫

ကျွန်တော် သဘော်ဆိပ်ဆင်းခဲ့ပါပြီ။ ရွာဌာနေ
ရည်းစားမရှိသော်လည်း ရှိသလိုလို လေး စိတ်ကူးလိုက်မိ
လည်း တလွင့်လွင့်လေးသွားရတာပေါ့လေ။ 'နှမလက်လျှော့နေ
တော့' သီချင်းလေးကို တိုးတိုးလေးညည်းဆိုရင်း သဘော်
ရောက်ခဲ့ရတာပါ။

♫ × × × မကြွင်နာလို့တော့ မဟုတ်ပါဘူး ×
မယှဉ်သာလို့ × × × ဆုတ်လာသူတစ်ဦး ဘ၀ဝယ်
× ချစ်သူရှိရာ × × × ဒီဌာနဆီသို့ × × မလာဝံ့ဝံ့ ×

* * *



"ဘယ်သွားမလို့လဲ"

"ဗုဒ္ဓေါ"

တိုးတိုးလေး၊ ညင်ညင်လေး နှုတ်ဆက်လိုက်သော
သူလေးသံက ဘာမှမဟုတ်ပေမဲ့ ကျွန်တော် ဗုဒ္ဓေါကတော့
အထိန်းအကွပ်မရှိ ကျယ်ထွက်သွားသည်။

"မခင်လွှမ်းခြုံ"

ထိုအသံကလည်း မဆိုစလောက်တော့ ကျယ်သွားတာ
ပါပဲ။

"ဒေးဒရဲသွားမလို့လေ. . အလုပ်က အဲဒီမှာ"

"ဗျာ"ဆိုတာလေးကတော့ ကျွန်တော့်ရင်ထဲမှာပါ။
သူကအလုပ်များပြီး ပြေးပြေးလွှားလွှားတက်ခဲ့ရသူမို့
နေရာကြိုဦးထားခြင်းမရှိတော့ ကျွန်တော့်နေရာပေးလိုက် သည်။
ပြီး ကျွန်တော်ကတခြားတစ်နေရာ သွားထိုင်မည်လုပ်တော့ သူက

"နောက်တစ်နေရာ ဦးထားတာရှိလို့လား"

"ဗျာ. . . ဟို. . မဟုတ်ပါဘူး"

"မဟုတ်ရင်ထိုင်လေ. . ကျွန်မအတွက် တစ်ကိုယ်စာ
သောက်ဆို ရပါတယ်"

"ဟုတ်ကဲ့. . ဟုတ်ကဲ့ပါ. . မခင်လွှမ်းခြုံ လွတ်လွတ်
လပ်လပ်ထိုင်ပါ၊ ကျွန်တော်က ဘယ်နားသွားထိုင်ထိုင် ရပါတယ်"

"ရပါတယ်. . ထိုင်ပါ. . စကားပြောဖော်ရတာပေါ့"

ကျွန်တော် ဘာမှဆက်မပြောတော့ပါ။ ရင်တွေခုန်နေသ
လိုလို ဖြစ်လာတာကတော့ သေချာပါသည်။ သူ့အလှရဲ့
အလွှမ်းအခြုံများကို ခံခဲ့ရသူများနှင့် သူ့အနားကဖြတ်သွားလို့

www.burmeseclassic.com



နောက်ပြန်လှည့်မကြည့်ဘဲ မနေနိုင်သူများရဲ့စာရင်းမှာ အမှတ်စဉ်နောက်ဆုံးကျကျ လောက်က ကျွန်တော်လည်း ပါပါသည်။ အားလုံးကတစ်ဆင့်တက်လျှင် သူ့နှုတ်ဆက်ပြုံး ကလေးကို ခံချင်ကြပါသည်။ စကားများပြောခွင့်ရလျှင် ဆိုဖွယ်ရာမရှိတော့ပေ။ ထိုညမှာ တော့ သင်္ဘောကြီးခုတ်မောင်း နေသည့် ညတစ်ညလုံး ကျွန်တော်အိပ်ပျော်မည် မဟုတ်ကြောင်း သိလိုက်ပါပြီ။ ကျွန်တော်မအိပ်ချင်ပေမဲ့ သူကအိပ်ချင်နေရင်ရော ဟုလည်း တွေးမိသည်။ ထိုအခါကျတော့လည်း တစ်ခါကမျက်နှာ ကို တည့်တည့်နှင့်ဝဝလင်လင် မကြည့်ခဲ့ရတဲ့အတွက် သူ့အလှကို တစ်ဝကြီးထိုင်ကြည့်ရုံပေါ့ဟု စိတ်ကူးမိပါသည်။ ညပါဆိုမှ မှောင်နေရင် မျက်နှာကို ဘယ်လိုမြင်ရမှာလဲဆိုပြီး ကိုယ့်အတွေး နှင့်ကိုယ် မေးမိပြန်သည်။ သူ့မျက်နှာကတော့ အမှောင်မှာရှိတဲ့ အလင်းမျှင်မျှင်လေးနဲ့တင် ဝင်းဝင်းပပလှနေမှာပါ။

အဲဒီညကတော့ အံ့သြဖို့ကောင်းလောက်အောင်ပဲ သူလည်း မအိပ်ချင်ခဲ့ပါ။ ကျွန်တော်က နောက်တစ်နေ့အလုပ်မှာ အိပ်ရေးမဝမှာစိုးလို့ ခဏခဏအိပ်ခိုင်းတော့ သူစကားပြောတာ နားညည်းနေလို့လားဟု ပြန်မေးသဖြင့် ကျွန်တော်ဘာမှမပြော တော့။

ကျွန်တော်တို့နှစ်ယောက်မှာ ကြားခံသူငယ်ချင်းမရှိပါ ဘယ်သူ့ကိုသိလား၊ ဘယ်ဝါကိုသိလားဆိုပြီး စပ်ဟပ်ပြောရအောင် လည်း တကယ်တမ်းပြောဖြစ်ခဲ့ကြသည့် ဘဝအကြောင်းတွေ ကြောင့် လေပေးလေယူအတူတူ ဖြစ်ခဲ့ကြသည်။ စကားလမ်း ကြောင်းက ကျွန်တော်အလွန်သိချင်နေသည့် နေရာသို့



ဦးတည်နေလေသည်။ ကျွန်တော်မမေးရဲ၊ မေးမယ်စိတ်ကူးပြီး အရဲစွန့်သည်တိုင် တစ်ဆို့ဆို့ဖြစ်နေသည်။ အသံအဖြစ်ထွက်မလာ။

"လူချစ်လူခင် ဘယ်လောက်ပေါပေါပါ.. ဘာမှမလုပ် ပေမဲ့လည်း ကျွန်မကတော့ နာမည်ပျက်နေတယ်"

ထိုသို့ ပြောသည့်သူ့စကားကို "ဟုတ်ဘယ်နှယ်"ဟု ထောက်ပေးလိုက်ပြန်လည်း ကျွန်တော်ကပါ သူ့ကိုနာမည်ပျက် ဇာရင်းသွင်းလိုက်သလို ဖြစ်သွားနိုင်သည်။

"ဘာရယ်မဟုတ်ဘူး... ယောကျ်ားတွေကို ကြောက်လာ တယ်"

ပါးစပ်ကို ချက်ချင်းပိတ်ထားလိုက်သလိုပါပဲ။

"အိမ်ထောင်တွေဘာတွေကျပြီလား.. ဇာတိက ကျိုက်ဒတ် တပဲလား"ဟု ကျွန်တော်မေးချင်တာကို သူကစမေးတော့ ကျွန်တော်အိမ်ထောင်မကျသေးကြောင်း၊ ရန်ကုန်ဇာတိဖြစ် ကြောင်း၊ အလည်သွားသည့်အဖေ့ကို အခေါ်သွားဖို့ဖြစ်ကြောင်း လိုသည်ထက်ပိုပြီး ရှင်းပြမိသည်။

စကားဟာ အလျှဉ်ဖြတ်ခဲ့ရင် ကျွန်တော်လည်း ကိုယ့်အတွေးနှင့်ကိုယ် စိတ်ကူးနေနိုင်သော်လည်း စကားက တစ်စက်ကလေးမှ ဖြတ်တောက်မရသောအခါ ဘယ်ဆိပ်နှင့် ဘယ်ကမ်းမှာ သင်္ဘောကကပ်ပြီး ဘယ်ဈေးသည်တက်လာလို့ ဘယ်စားဖို့တောင် မေ့သွားရသည့်အထိ ဖြစ်ခဲ့ရသည်။ ကြည့်ပါ ဦး... သူ့ပြောပုံကို..

"ကဲပါလေ.. တစ်ရေးလောက်အိပ်လိုက်ပါဦး၊ မနက်ဆိုက်ရဦးမှာမဟုတ်လား၊ ကျွန်မက ဒေးဒရဲဆိုပြီးပြီ..."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . ကျွန်တော် လုံးဝမအိပ်ချင်ပါဘူး"

"ကျွန်မကို အားနာနေမှာစိုးလို့"

"ကျွန်တော်လည်း စကားတွေပြောချင်ပါတယ်ဗျာ"

"ကျွန်မလည်း အဝေးကိုရောက်နေဘော့ သူငယ်ချင်းကို အရမ်းမျှော်ပြီး မအိပ်တမ်း စကားပြောချင်တာပေါ့လေ. ."

ဟိုရောက်သည်ရောက်စကားတွေ ဆိုပေမဲ့လည်း အကြောင်းအရာတိုင်းကတော့ သိုင်းဝိုင်းလွှမ်းခြုံမိပါသည်။ တစ်ခါတလေတော့လည်း မေတ္တာကိုလွှမ်းနေပြီး လောကဓံကို ခြုံလာသည့်အခါ အသံတွေညှိုးနေသလိုပဲ ကြားရသည်။

သူ့ကိုယ်သင်းနံ့ကို ရှူရှိုက်နေရတော့လည်း ခါတိုင်း သွားခဲ့ရသော ခရီးစဉ်အခေါက် ခေါက်က ငေးမောခဲ့ရ သောမြစ်ပြင်ကို မေ့လျော့နေသည်။ သင်္ဘောကြီး ဒေးဒရဲကို ဘပ်တော့ သူနှုတ်မဆက်ခင် ကျွန်တော်ကစပြီး

"သွားတော့နော်"ဟု နှုတ်ဆက်လိုက်သည်။ သူပြုံးသည်။ "ပြန်တွေ့ကြတာပေါ့" ဆိုသည့်မျက်လုံးနှင့် နှုတ်ဆက်တာကို သိပ်ါသည်။ ထို့ကြောင့်လည်း ကျွန်တော်က. .

"ကျွန်တော် ဝင်လည်မယ်နော်. . ဒီခရီးကတော့ အိမ်ဦးနဲ့ကြမ်းပြင်ပါ"

ခေါင်းညိတ်ပြီး ထွက်သွားတော့လည်း သူ့ကျောပြင်ကို ငေးပြီး ကြည့်နေရမိပါသည်။

* * *



မခင်လွှမ်းခြုံက မေဝင်းမောင်နှင့်တူသည်ဟုလည်း ...ည်ကြီးသည်။ သူတို့မေဂျာ ၏မိတ်ဆုံစားပွဲမှာ မပြောမဆို ...ချင်းတက်ဆိုတော့လည်း မေဝင်းမောင်ဆိုထားသည့် သီချင်းကို ...ခဲ့ကြောင့် ကျွန်တော်ကောင်းကောင်းသိသည်။ ခုတွေး. . . ...ကြားသည်။


♫ မိန်းကလေးရဲ့သဘာဝမို့ပင် × × × အလှအယဉ် ဆိုသမျှ × × ×လှရာရာရွေးချယ်ကာပင်× × × ဆင်တုန်းပုလဲ × × × မြမြက်ရွှဲမဟုတ်လား့ရှင် × × × ကျွန်မဘဝင် တသိမ့်သိမ့်ပင် × × × ပီတိလေးများ ခြုံလာရှင် × × × အပျံသင်စ ငှက်ကလေးပမာ အသွင် × × × ဝေဟင်မှာပျံဝဲ လိုက်ချင် × × ×♫

မေဝင်းမောင်၏ရုပ်ရှင်တွေကို မကြည့်ရတော့သလိုပဲ ...ခင်လွှမ်းခြုံကိုလည်း နောက်ပိုင်း မတွေ့ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်တို့ ဇာတ်ပို့မွှမ်းဦး



www.burmeseclassic.com

www.burmeseclassic.com

မည်သူမဆို ဘဝတေးကိုတော့ ပုံသဏ္ဍာန်မျိုးစုံနှင့် သစ်ကြွေးသီဆိုနေကြ တာပဲမဟုတ်လား။ သေသည့်တိုင်အောင် ဆိုနေမယ်လို့တောင် မောင်းခတ်စရာမလိုဘဲ ဆိုရင်း၊ ငိုရင်း၊ ရယ်မောပျော်ရွှင် လှိုက်မောရင်းနဲ့သာ အရင်းအနှီးပြုခဲ့ကြရတာပဲ ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ ဖြတ်သန်းမှုအနိမ့်အမြင့်တွေဟာ ကိုယ်ရဲ့ကိုယ်ပိုင် သံစဉ်တွေဖြစ်သလို ကိုယ်ပြောသမျှ စကားတွေဟာလည်း ကိုယ့်ရဲ့သီချင်းစာသားတွေပါပဲ။ ကာက်ဆက်ကို လှုတ်နှိပ်မှ အသံထွက်လာတာမဟုတ်ပါဘူး၊ အစဉ် စီးဆင်းလှုင့်ပျံ့နေတဲ့ ဘဝဘဝတွေပါ။

တစ်ခါက မြမြဦးနှင့် စကားတွေ ,အများကြီးပြောခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ.. စိတ်ညစ်ဖို့ ကောင်းသလားလို့.."

"ကျွန်တော်လည်း သိပ်မသိပါဘူး မြမြဦးရယ်.."

"မသိဘဲနဲ့များ ရေးလိုက်တော့ အချစ်ဝတ္ထုတွေ.."

"ဒါကတော့.. ကိုယ်တွေက သူ့များထက် ပိုပြီးခံစားနေမတာကိုး.."

"ဘယ်လောက်ပဲ ခံစားခံစားပါလေ.. ကိုယ်ကိုယ်တိုင် မချစ်ဖူး၊ မကြိုက်ဖူးဘဲ နဲ့တော့ ဘယ်လိုလုပ် အသက်ဝင်ပါ့မလဲ" မြမြဦးနားလည်အောင် ဘယ်လိုပြောပြရမလဲဟု မစဉ်းစားတော့ပါ။ ပြုံး၍သာနေလိုက်ပါသည်။

"အံ့ဩဖို့တော့ အကောင်းသားနော်.. ဘာမှမဖြစ်ကြခင်တုန်းကတော့ ပိုနေမြဲ ကျားနေမြဲပဲ။ အဲ... ချစ်သူတွေလည်း ဖြစ်သွားကြရော ကျောင်းဆင်းချိန်လည်း အိမ်မပြန်ချင်၊ တွေ့နေကြရက်ကြီးနဲ့လည်း ထပ်တွေ့ချင်ကြသတဲ့..။ခင့်စန်းဝင်းတို့များ ဣန္ဒြေကိုမရဘူး..."

"ကျွန်တော်တော့ မဝေဖန်ဝံ့ပါဘူး၊ ကိုယ့်အလှည့် ကိုယ်ဘာဖြစ်မယ်ဆိုတာ ပြောလို့ရတာမှ မဟုတ်တာ.."

ထိုစကားကြောင့် မျက်စောင်းထိုးကြည်သည်။

"ဘာလဲ... ကျွန်မအလှည့်ကျမှ ဒီထက်ပိုဆိုးမယ်လို့ ပြောလိုက်တာ မဟုတ်လား"

"ဒီသဘောမျိုးလို့ ယူဆရင်တော့လည်း မတတ်နိုင်ဘူး ပေါ့လေ၊ ကျွန်တော်ကတော့ ရိုးရိုးပြောတာ"

"ကျွန်မလည်း ရိုးရိုးပြောတာပါ၊ သူတို့တွေ ကိုကသဲအေး လွန်းလို့၊ ဒီကြားထဲသူလူက ယောကျ်ားကြီးတန်မဲ့ စိတ်ကောက်တတ် လိုက်တာလည်း လွန်ရော..တဲ့။ ခင်စန်းဝင်းကပဲ ချော့ချော့နေ ရတယ်..တဲ့"



"သူတို့ဘဝနဲ့သူတို့ ရှိပါစေ မြမြဦးရယ်"

ယောကျ်ားတွေ စိတ်ကောက်တတ်တာ ဘာသဘောလဲ မသိဘူးနော်။ ယောကျ်ား တွေဆိုကတည်းက ကိုယ်ကပါနေပြီ၊ ကျွန်တော် စိတ်မကောက်တတ်ပါဘူးဆိုပြီး မျက်ကလဲ ဆန်ပျာ ထငြင်းလို့လည်းမဖြစ်၊ မပြောပဲငြိမ်နေပြန်လည်း သိပ်သဘာဝမကျ ချင်..ဟု တွေးမိပြီး..

"သူတို့ချင်း ကျီစယ်ကြတာ၊ ချွဲကြနွဲ့ကြတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ချစ်သူချင်းဆိုတော့လည်း အချော့ခံချင်ကြတာ သဘာဝဖြစ်နေတာကိုး..."

ဟု ဖြေဖြေပြေပြေ ပြောလိုက်ရသည်။ ခင်စန်းဝင်းက မြမြဦး၏သူငယ်ချင်းဖြစ်သလို အောင်ကျော်တင့်ကလည်း ကျွန်တော့်သူငယ်ချင်းဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် ကာကွယ်ရမည့် ဝတ္တရားရှိသည်။

"ကျွန်မမောင်လေးလည်း တစ်ခါတစ်ခါစိတ်ကောက် ချင်တယ်။ အဲဒီအခါမျိုးမှာ နင်ယောကျ်ားမဟုတ်ဘူးလားဆိုပြီး ထဆူပစ်လိုက်တာ၊ ဖြစ်နိုင်ရင် ထထက်ပြီး ဆွဲဆက်ရိုက် ပစ်လိုက်ချင်တာ"

"စိတ်လျှော့ပါဦး မြမြဦးရယ်၊ ယောကျ်ားတွေအကြောင်း ကို မိန်းမတွေသိပ်မသိ သလို မိန်းမတွေအကြောင်းကိုလည်း ကျွန်တော်တို့တွေ သိပ်မသိနိုင်ကြပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဟုတ်ပါတယ်လေ၊ ကိုယ်မသိရင် ကိုယ်မပြောတာဘဲ ကောင်းပါတယ်. . ."

လူတွေဟာ တစ်ခါတစ်ခါ ကိုယ့်အကြောင်းကိုကိုယ် မေ့နေတတ်ကြတယ် ထင်တယ်။ သူမျာ့းအကြောင်းကို စိတ်ဝင်စားရင် ကိုယ့်အကြောင်းကိုလည်း စိတ်ဝင်စားဖို့လိုတာပဲ မဟုတ်လား"

"ကိုယ့်အကြောင်းကိုယ်ပြန်ပြောတော့ ဘယ်အာသွက် လျှာသွက်ရှိပါ့မလဲ။ ချန်သင့်တာချန်ပြီး ပြောသင့်တာပဲ ပြောတာလေ. . ."

"အမယ်. . ကျွန်မမှာ ဘာမှ ချန်လှပ်ထားစရာ မရှိပါ ဘူးနော်. . "

'ကိုယ့်အကြောင်းနဲ့ကိုယ်ကျတော့ သက်သေပြရခက် နေတာပေါ့၊ ဒီပါးစပ်တစ်ခုထဲ ကပဲ တရားလိုလည်းဟုတ် တရားခံလည်းဟုတ်. . ၊ သက်သေဆိုလည်း ဟုတ်နေတာကိုး. .

"အမယ်လေး. . စကားတတ်လိုက်တာ'

"စိတ်ရဲ့ခံစားမှုကို ချန်လှပ်ခဲ့ကြတာချည်းပါပဲ မြမြဦးရယ်"

"ရှင်ကရော. . . ချန်လှပ်ဖူးလို့လား"

"နှုတ်က ဖွင့်ထွက်မလာသေးသမျှတော့ ချန်လှပ်ထား တယ်လို့ပဲ ပြောရတော့မှာပေါ့. . . "

မြမြဦးထံမှ ဘာစကားမှထွက်မလာတော့၊ ကျွန်တော် လည်း ဘာကိုမှ ရည်ရွယ်ပြီးပြောလိုက်တာမဟုတ်၊ ဒါကို ဘယ်လို တွေးပြီး ဘယ်လိုထင်သွားတယ် မဆိုနိုင်ဘူး၊ မဆိုစလောက်မျှ ကြာပြီးမှ စကားဆက်ပြောဖြစ်ကြသည်။



"မေတ္တာက မေတ္တာပဲ. . ၊ ချစ်တာနဲ့တော့ မတူဘူးနော်. . ကိုဇော်ကြီးသိလား. . "

"ကျွန်တော်ရှင်းမပြတတ်ဘူး. . "

"နှစ်ယောက်တည်းနေချင်တယ်. . . တဲ့၊ သိပ်နားထောင် လို့ကောင်းတာပဲ"

"အချစ်ဆိုတာ စိတ်ညစ်စရာမှ မဟုတ်တာ"

"အဆင်ပြေရင်တော့ ဟုတ်မှာပေါ့"

"အချစ်မှမဟုတ်ပါဘူး မြမြဦးရာ. . ဘယ်နေရာ၊ ဘယ်ဘဝပဲဖြစ်ဖြစ် တစ်ဖြောင့်တည်း ဖြူးနေကြတာမှမဟုတ်ဘဲ၊ အခက်အခဲအဖုအထစ်တွေလည်း အနည်းနဲ့ အများတော့ ကြုံကြရ မှာပေါ့. . "

"အင်း. . အသက်ကိုပဲ ပမာပြုပြု၊ အသည်းကိုပဲ ပမာပြုပြု၊ နင့်နင့်နဲနဲ ချစ်လိုက်ကြတယ်ဆိုတာ. . ၊ တကယ်တော့ သူစိမ်းတွေပဲနော်"

"ကိုယ့်သွေးကိုယ့်သားထဲက မွေးဖွားလာတဲ့ ညီအစ်ကို မောင်နှမတွေတောင် ရန်သူကြီးတွေလို စောင်ချင်စောင်နေကြသေး တာ. . မြမြဦးပြောသလို သူစိမ်းတွေဘဝကနေ ချစ်သူတွေဖြစ်ပြီး အဆင်မပြေ ကတောက်ကဆဖြစ်တာ ဘာဆန်းလဲဗျာ. . "

"၅၂၈ က အေးမြတယ်. . တဲ့၊ ၁၅၀၀ကျတော့ ပူလောင် တယ်ဆိုပြန်ရော၊ အဲဒီကိန်းကဏန်းနဲ့ အကွာအဝေးကို ဘယ်သူက ဘယ်လို သတ်မှတ်ခဲ့တာလဲဟင်. . ကျွန်မ တကယ်မသိလို့"

"အချိန်တော့ နည်းနည်းပေးဦးလေ၊ ကျွန်တော်စုံစမ်းပေး ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



အသံမထွက်အောင် ရယ်နေသည်။ တကယ်တော့ မြမြဦး က စကားတတ်သည့်သူ. . ။

"သီချင်းရေးဆရာတွေက အရမ်းတော်တာပဲ၊ ၁၅၀၀ မေတ္တာနွံနှစ်မဆင်းဝံ့ပါဘူး. . တဲ့ ကြားဖူးတယ်မှတ်လား၊ အေးအေးအောင်ဆိုထားတဲ့ သီချင်းလေ၊ သီချင်းလည်းဆုံးရော . . . မှတ်စရာ ကိန်းဂဏန်းတစ်ခု တိုးလာတယ်၊ ၉၇၂. . တဲ့"

"ကျွန်တော်ကတော့ မြမြဦးဆီမှာ စကားပြောနည်းသင်ရဦးမှာ သေချာတယ်"

"တွေးမိတွေးရာ ပြောမိတာပါ ကိုဇော်ကြီးရယ်. ."

"နားထောင်လို့ကောင်းတာတော့ အမှန်ပဲ၊ ဒါတောင် အသက်မဝင်သေးလို့ လို့ ပြောရမယ်"

ကျွန်တော့်ချေပစကားကြောင့် မျက်စောင်းထိုးပြန်သည်၊ မြမြဦးမှာ ပြောစရာရှိတာ . . အဲဒီမျက်စောင်းတစ်ခုသာရှိသည်၊ ဝါသနာလားလို့ မေးဖူးသည့်အခါ အကျင့်ပါသွား တာဟု ပြောသည်။ မေတ္တာသက်ဝင်လာမယ့် ယောကျ်ားတွေအတွက်တော့ ဒုက္ခပဲ. . ဟု ထပ်ပြောလိုက်သည့်အခါ . . အတော်ပါပဲ. . ကိုယ်တွေကလည်း ယောကျ်ားတွေကို သိပ်ကြည့်မရတာနဲ့. . ဆိုပြီး စကားကို အညှံ့မခံပြန်ပြောသည်။

"ဖြတ်သန်းရမယ့်အချိန်တွေက အများကြီး ကျန်ပါသေးတယ်လေ. . ."

"ဘာကို ပြောချင်တာလဲ၊ ကိုဇော်ကြီး က. ."

"ဩော်. . ဖူးစာဖက်ဆိုတာ ပြောရခက်သလို ရွေးရလည်း ခက်တယ်လို့ တွေးမိလို့ပါ. . ."



"စာရေးဆရာဆိုတော့လည်း တွေးရတာကိုက အလုပ်တစ်ခုကိုး. . ။ ကိုယ်တွေမှာ ရွေးဖို့မပြောနဲ့ တွေးဖို့တောင် အချိန်ရပါဘူး။

"ဒါတွေက လုပ်ယူလို့ မရပါဘူးလေ"

ဒါဆို ဘာတွေလုပ်ယူလို့ရသလဲဆိုသည့် အမေးစကားမျိုးကို ပြန်မေးမည်မဟုတ်မှန်း ဒ်ဒ်နေသည်။ ခုချိန်မှာ တကယ့်ချစ်သူတွေဖြစ်ကြသည့် ခင်စန်း ဝင်းနှင့် အောင်ကျော်တင့်တို့နှစ်ယောက်ကတော့ ဘယ်လိုပြန်ပေ ပှန် ကျီစယ်ပြောဆို နေကြတယ်သိ။ ကျွန်တော်နှင့် မြမြဦး၏စဂ ဘးတွေကတော့ ဤခရီး၏အနီးအဝေးကို ဆွေးနွေးနေကြရသလို ဖြစ်နေသည်။ ကြီးတောင့်ကြီးမားမှ ကျွန်တော်တို့နှစ်ယေ ာက်က သူတို့နှစ်ယောက်ကို စောင့်ပေးနေရသည်။ အောင်ကေ ျာ်တင့်က အကြောင်းမဟုတ်ပေမဲ့ ခင်စန်းဝင်းကျတော့ ကျောင်းပိ ဘ်ရက်ဆို အပြင်မထွက်ရ၊ ဒါကို မြမြဦးက အိမ်သွားပြီးခေါ်ထုင ်ပေးရသည်။ ပြီး ပြန်ပို့ရသည်။ ဒီအခါတိုင်း ကျွန်တော့်မှ ၁ မအားလည်းလိုက်ရသည်။ တကယ်မအားလို့ ငြင်းရင်လည် ်း အောင်ကျော်တင့်က

"မလုပ်ပါနဲ့ကွာ. . မြ မြဦးက တော်ရုံလူနဲ့ စကားပြောလို့ အကြောတည့်တာမဟုတ်ဘူးင ွ၊ မင်းနဲ့မှဖြစ်မှာပါ" ~

ဆိုပြီး တောင်းတော ်င်းပန်ပန်ခေါ်တော့ သူငယ်ချင်းကို ငြင်းရခက်ပြန်သည်။ လိုက်ပြ န်တော့လည်း သူတို့နှစ်ယောက်က ကျွန်တော်နှင့် မြမြဦးကို စ, ကြသည်။ စတာကို စ,သည့် သိနှင့်ရှိလျှင် အကြောင်း မဟုတ်၊ မြမြဦးက တစ်မျိုးထင်ပြီး ထင်သေးတာကိုတော့ မခံ နိုင်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဒီလိုသာ ခဏခဏတွေ့နေ၊ တစ်နေ့မဟုတ် တစ်နေ့အိမ်ကတော့ သိသွားမှာ သေချာတယ်၊ အဲဒီအခါမှ ကျွန်မ အ.တာ ထိမှာ. . ."

"အဲဒီအခါကျတော့လည်း ခင်စန်းဝင်းက ဘယ်လက်ပိုက် ကြည့်နေပါ့မလဲ၊ သူ့ကိုစွသူရှင်းပြီး သူ့သူငယ်ချင်းကိုတော့ ကာကွယ် ရမှာပေါ့"

"အင်း. . ဖြစ်လာတော့လည်း ရှင်းရမှာပေါ့လေ။ သူ့ ကိုယ့်ကို ကာကွယ်သလို ကိုယ်ကလည်း သူ့ကို ကာကွယ်ရမှာပေါ့"

"ကုသိုလ်ရပါတယ် မြမြဦးရယ်"

"မလိုချင်ပါဘူးရှင် . . အဲဒီကုသိုလ်မျိုးကို"

"မြမြဦးက တစ်ခါတစ်ခါ စကားကို နောက်ထပ်ပြောစရာ မရှိအောင် ပြောတယ်နော်၊ မခံ ဘူးပါဘူး၊ ဒါလည်း သင်ရမယ့် ပညာတစ်ခုပဲ. ."

စကားကိုကုန်အောင် ပြော ရသလား ဆိုသည့်အဓိပ္ပာယ် မျက်စောင်းထိုးတော့မည် အော က်မေ့သော်လည်း ပြုံးတုံ့ ခေါင်းငုံ့ရင်း. .

"စကားကို ကုန်အောင် ပြောတာမဟုတ်ပါဘူး၊ အဲ ကုသိုလ်မျိုးမှာ ပေးတိုင်းရတတ်တဲ့အ မျိုးမှ မဟုတ်တာ။ သူကြမ္မာ သူလာတာလေ၊ ဟိုတလောတုန်းက ကိုဇော်ကြီးပြောသေးတာ မဟုတ်လား၊ ဘယ်တော့မှ လုပ်ယူ လို့မရတာ အချစ်ဆိုတာ . . ဆိုတာလေ"

"အဲဒီအကြောင်းတွေ ပြောရ ဆိုရတာ ခက်ပါတယ်. . ."

"ဘာလဲ . . အသက်ဝင်လာ မှ ပြောရဆိုရလွယ်တယ် ပြောချင်နေတယ် မဟုတ်လား. . ."



စကားတွေ အချေအတင် မဟုတ်သော်လည်း အပြန် အလှန်နှင့်သူ့ဖက် ကိုယ့်ဖက် အညံ့မခံသလို ပြောနေမိကြတာတော့ သေချာသည်။ ကျွန်တော်တို့ နှစ်ယောက်ကလည်း တွေ့သည့်အခါ တိုင်း အချစ်ဆိုသောအရာ၌သာ ချာချာလည်ဆွေးနွေးမိကြသည်။ ထိုအကြောင်းကို ဟိုနှစ်ယောက်သိတော့ ဟားကြသည်။ လက်ဆုပ် လက်ကိုင်ရှိကြတဲ့သူတွေ တောင် ကျွန်တော်တို့လောက် မပြော ဖြစ်ဘူး. . တဲ့၊ ထိုအခါတုန်းကလည်း ဖြမြဦးက ငြိမ်ခံမနေ၊ မရှိလို့ သာ ပြောဖြစ်ကြတာပေါ့။ ရှိနေမှတော့ ဒင်းတို့ကို ဆွေးနွေးဖို့တောင် အချိန်ရမှာ မဟုတ်ဘူး. . ဆိုပြီး ခင်စန်းဝင်းက ပြန်ပြောသည်။

"ပြောမယ့်သာပြောတာပါ . . ခင်စန်းဝင်းတို့ကိုလည်း ဘာအခက်အခဲမှ မရှိပါစေနဲ့လို့ ဆုတောင်းပေးပါတယ်"

တောင်းတဲ့ဆုနဲ့ ပြည့်ပါစေဆိုတဲ့သီချင်းမျိုးကို ခဏခဏ ဆုတောင်းဖူးတယ်၊ အဲဒီဆုက ပြည့်ခဲ့လို့လားတော့ မပြောတတ်ဘူး၊ ဒါကြောင့်လည်း မပြည့်လေသော ကိုယ့်ဆုတောင်း. . . ဆိုပြီး ဆပ်ရေးဖြစ်ကြဘာနေမှာ. . ."

"အမြဲအဆင်ပြေကြရတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ ကိုဇော်ကြီးရယ်၊ ကိုဇော်ကြီးလို သီချင်းနဲ့ ဥပမာပေးဆိုရင်. . ချိုးရေသီချင်းထဲကလိုပေါ့။ တစ်ခါတစ်ရံ ခက်ထန်သော လေပြင်း မုန်တိုင်းတွေ. . တဲ့။ တစ်ခါတစ်လေလည်း ဝဲကတော့လေပွေ . . တဲ့လေ။ တစ်ခါတလေတော့ မြည်င်းလေပြေ. . . တဲ့။ကဲ. ."

"သီချင်းသာဆိုပြလိုက်ပါတော့ မြမြဦးရယ်"

"ကိုဇော်ကြီးမသိလို့၊ ကျွန်မသိပ်အဆိုတော်ဖြစ်ချင်တာ။

www.burmeseclassic.com



ဒါကြောင့် သီချင်းတွေ တော်တော်များများရနေတာဖြစ်မှာ. . တကယ်ပဲ. . တော်တော့်ကို အလိုက်သည်းလိုက် အရှုးထဖူးတယ်၊ ဒါပေမဲ့ အိမ်က ဘယ်သူမှ အားမပေးဘူး ကိုယ်တစ်အားတည်းနဲ့လည်း ဖောက်ထွက်ဖို့မစွမ်းသာပြန်ဘူး"

ဘယ်သူတွေက မြမြဦးကို စကားပြောရခက်တယ်ဆိုပြီး ဘယ်လောက်ဝေဖန်ဝေဖန် ကျွန်တော်ကတော့ သဘောကျသည် မြမြဦးနှင့် စကားပြောရတာ ရေဒီယိုတစ်လုံး၊ ဝတ္ထုတစ်အုပ် အနားမှာ ရှိနေသလို ခံစားရသည်။

"တကယ်တော့ မြမြဦးက အဆိုတော်၊ စာရေးဆရာ တစ်ယောက် ဖြစ်ကိုဖြစ်နေရမှာ. ."

"မနောက်ပါနဲ့ရှင်"

"တကယ်ပြောတာပါ မြမြဦးရဲ့၊ ကျွန်တော်အပြောင်အပြက် ပြောတာမဟုတ်ပါဘူး"

"မဖြစ်နိုင်တော့ပါဘူးလေ၊ ခင်နှင်းသက်ရဲ့ အမေ့အိမ် သီချင်းလေးကို ပါးစပ်အားတိုင်း ဆိုညည်းမိဖူးတယ်၊ ကြိုက်လည်းကြိုက်တာကိုး။ ခုလည်းကိုယ့်ဘဝက ခင်နှင်းသက်ရဲ့ အစ်မကြီးတော့ အမိအရာသီချင်းထဲကလိုပဲ. . . အိမ်မှာနေနေရတာ"

သူ့ဆန္ဒ၊ သူ့စကားကြောင့် စိတ်မကောင်းဖြစ်ရသည်

'ဘယ်လောက်ပဲ စိတ်ကူးယဉ်ခဲ့ ယဉ်ခဲ့ ကိုယ့်စိတ်ကူးနဲ့ ကိုယ်က ကိုသန်းလှိုင်သီချင်းထဲ ကလို ဖြစ်နေတယ်"

"ဘာသီချင်းမျိုးလဲ မြမြဦးရဲ့"

"ယူဇနာမိုင်ပေါင်း အထောင်အသောင်းလည်း မဝေးကြပေ. . ဆိုတာလေ။ ကိုယ်နဲ့ကိုယ်စိတ်ကူးနဲ့က အဲဒီသီချင်းထဲက ၃ နဲ့ ၄ လိုပဲ။ ကျောချင်းကပ်ပြီးဝေးနေကြတယ်. ."



ဩ. . ဩ ဆိုပြီး ခေါင်းတညိတ်ညိတ်နှင့်သာ ငြိမ်းချမ်းစွာ ကရုဏာသက်ရသည်။ စကားပြောကောင်း သူတစ်ယောက်မှန်းလား မသိ၊ ဆေးစက်ကျရာ အရုပ်ထင်ဆိုသလို သူ့ပါးစပ်က ဘာစကားထွက်လာ ထွက်လာ . . . စကားလုံးတိုင်း စီကာပတ်ကုံး ဖြစ်နေသည်။ အဲဒီ တစ်ခါ. . အဲဒီတစ်နေ့ကတော့ အောင်ကျော်တင့်တို့ ခင်စန်းဝင်းတို့ကလည်း တွေ့သမျှ နေ့မှာ အကြာဆုံး၊ ကျွန်တော်နှင့် မြမြဦးမှာလည်း စကားပြော ဖြစ်သမျှ အရှည်လျားဆုံး နေ့တစ်နေ့ပါပဲ. . .။

နောင်လည်း ကျွန်တော်နှင့်မြမြဦး တစ်ခါမှ မတွေ့ဖြစ်ကြတော့ပါ။

မကြာသေးခင်က တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ရေဒီယိုက 'ကိုယ်စိတ်ကြိုက်ရွေး နှစ်သက်တေး' အစီအစဉ်မှာ သီချင်းတောင်းဆိုထားသည့် မြမြဦး၏ အမည်ကို ဝမ်းပန်းတသာ ကြားလိုက်ရသည်။ သူတောင်းဆိုထားသည့် သီချင်းကိုကြားတော့ သူနှင့် စကားပြောရသလိုပဲ. : ကျွန်တော့်မှာ ခံစားနားဆင်ရသည်။ သီချင်းဆုံးတော့ လမ်းခွဲပြီးပြန်ကြရသလိုမျိုးအောက်မေ့သည်။ ကျွန်တော်တို့ နှစ်ယောက်ဟာ ၅၂၈လား၊ ၉၇၂ လားမဆိုနိုင်။ တစ်ဦးနှင့် တစ်သီး သတိတရသံယောဇဉ်ဖြစ်ရတာတော့ အမှန်ပင်။ သို့သော်လည်း ဘယ်လိုနည်းနှင့်မှ ၁၅၀၀ နယ်နိမိတ်ထဲသို့တော့ မဝင်. . .။

■

www.burmeseclassic.com

www.burmeseclassic.com

ယခွေခွေထယိုင်ယိုင်နှင့် ဘိုင်ဘိုင်




www.burmeseclassic.com

www.burmeseclassic.com

လွမ်းဖို့ပြင်ထား. . . ဆိုပြီး ဝမ်းသာအားရ ဆုံးမသွားတော့လည်း ကျွန်တော့်မှာဟုတ်ကဲ့ မျက်လုံးလေးနှင့် ဝမ်းပမ်းတနည်း လက်ခံရယူခဲ့ပါသည်။

တချို့ တချို့သော ကိစ္စတွေမှာက အထုပ်ဒရယည်နှင့် ပါဆယ်ပို့မှရယ်လို့ မဟုတ်ပါဘူး။ ဘယ်လိုကနေဘယ်လို အစုအဖွဲ့နှင့် အစိုင်အခဲဖြစ်သွားမှန်းမသိ၊ မယူချင်ဘူးဆိုလည်း ငြင်းလို့မရ၊ ရင်ထဲကို အတင်းခွဲပြီးဝင်သည်။ နိုင့်ထက်စီးနင်းနိုင်လွန်းသည်ဟု ယူဆ၍ရသော့်လည်း ရင်တွေခုန်နေပါလားဆိုပြီး ကျေနပ်နေသည်။ 'နင့်ငါကိုလွမ်းနေတာ မဟုတ်လား'ဆိုသည့် အကြည့်မျိုးကို ခံရသည့်အခါတိုင်းကျွန်တော်တို့ (ယောကျ်ားလေး အများစုကိုပြောတာပါ)ကလည်း မဟုတ်ပါဘူးဟု တုံ့ပြန်ကာ ခပ်တည်တည်ငြင်းဆိုလျက်ရှိကြပါသည်။ ထိုအခါ. . . နေပေါ့. . . အိမ်ယ. . . ဆိုသော နှုတ်ခမ်းဖြင့် သင်ခန်းစာပေးတတ်သည်။ ဘာမှန်းမသိပဲ

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး စကားမပြောတော့ခြင်း၊ ဘေးလူအမြင်မှားအောင် လူကြားထဲသွားနှုတ်ဆက်သည့်အခါ တစ်ခါမှမသိသလို လာနှောင့်ယှက်နေပါဟယ်ရှင့် . . ဟူ၍ မအော်ရုံတမယ် မျက်နှာလွှဲပစ်လိုက်ခြင်း၊ တစ်ခါမှ မရယ်ဘူးတတ်ကြသည့်အလား အုပ်စုဖွဲ့ ဝါးလုံးကွဲရယ်၍ စတတ်နောက်တတ်ခြင်း. . . စသည့် အမျိုးစုံလှသည်။

သူက မယုံသောအခါ. . ကျွန်တော်က ယုံပါဟု ရှင်းပြရသည်။ သို့သော်လည်း ဘယ်တော့မှ ယုံကြည်မသွားပါ။ ဘယ်လောက်ထိ မယုံသလဲဆိုတာကို ဥပမာပေးလျှင်. . 'ဟို မှာ အသက်ထွက်နေပြီ'ဆိုပါစို့၊ 'ဟယ် နောက်မနေပါနဲ့၊ မြန်မြန် ထစမ်းပါ. . 'ဟုပင် ပြောထွက်နိုင်သည့် မယုံကြည်နည်းကားမျိုးဖြင့် မယုံကြည်ခြင်းဖြစ်သည်။ နောက်ဆုံးတော့ ကျွန်တော်စိတ်ပျက် လာပါသည်။ သူ့ကိုမဟုတ်ပဲ ကိုယ့်ဘာသာကိုယ် ငါတော့သွားပါပြီ ဆိုပြီး စိတ်ပျက်လာခြင်းဖြစ်သဖြင့် သူ့အရိပ် အငွေ့အသက်ကို ဆက်လက်မခိုလှုံတော့ပဲ ရပ်တန့်လိုက်ပါသည်။ ထိုအခါ ကျတော့လည်း . . . ကြည့်ပါလား။ မတွေ့ရရင်နေနိုင်နေတာပဲ ဆိုပြီး ဘာလိုလို အတင်းစကားကို ဆိုပါသည်။ ဘယ်သူ့ကို အကူအညီ တောင်းရမှန်းမသိအောင်ပဲ အားကိုးရာမဲ့ခဲ့ဖူးပါသည်၊ သူ့ကိုယ်၌ကလည်း မယုံကြည်သလို သူ့သူငယ်ချင်းများကလည် ကျွန်တော့်ကို မယုံရန် ဘေးတီးပေးနေတာတွေကို မကြားချင် အဆုံး(အိမ်မက်ထဲမှာတောင် လည်ပင်းထညှစ်မိသည်အထိ) မုန်းတီးနေပါသည်။ ကျွန်တော့်ကိုမြင်သည်နှင့်. . ဟဲ့သတိထား နော်. . အတည်ပေါက်ကြီးနဲ့. . . ဟု တစ်စုံတစ်ယောက်က



အချက်ပေးတာမျိုးလည်းရှိသည်။ ရည်းစားစကားကို စပ်ဖြဲဖြဲ ပြောလို့ရပါသလား၊ မျက်နှာတည်ခြင်း, ရယ်ခြင်းဆိုတာခံစားမှုက ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ခုတည်လိုက် အခုရယ်လိုက်ဆိုပြီး ခလုတ်နှင့်ထိန်းချုပ်၍ ရတာမျိုးမဟုတ်၊ တကယ်ရယ်ရသော စကားကို အတည်ပေါက်ကြီးနှင့် ပြောတယ်ပဲထား . . ပြောရင်းနှင့် ခဏနဲ့တော့ ရယ်မိသွားနိုင်သည်။ အရေးအကြီးဆုံး အစိတ်အပိုင်း ကို တကယ်ခံစားပြီး ပြောပါတယ်ဆိုမှ. .

'တကယ်ချစ်တာပါ. . ဟီဟိ၊ အခုမှ ချစ်တာမဟုတ်ပါဘူး ချစ်မိနေတာကြာပါပြီ၊ ခံစားနေရလွန်းလို့. . ဟဲဟဲ အရဲစွန့်ပြီး ပြောရတာပါ. . '

နည်းနည်းလေးတော့ စဉ်းစားပေးပါဗျာ. . . ဟားဟား ဟား. . 'ဆိုတာမျိုးတော့ လုံးဝမဖြစ်နိုင်ပါ၊ ထိုသို့သော ရည်းစား စကားမျိုးကိုလည်း ရေဒီယို၏ဟာဒယရှင်ဆေးမို့ အကြောင်း ရှိပေမယ့် အပြင်မှာ သွားပြောလို့ကတော့ ပါးက ထမင်းစားနိုင် မှာတောင်မဟုတ်၊ကျွန်တော်သူ့ကို အတည်ပြောခဲ့တာပါ။ သို့သော်လည်း စောစောက ပြောသလိုပါပဲ၊ တစ်စက်ကလေးမှ မယုံပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း မချစ်တတ်တဲ့ကောင် လား၊ အချစ်မရှိတဲ့ကောင်လား မျက်နှာပြောင်လွန်းနေတာလား. ဆိုပြီးအကြိမ်ကြိမ်မေးမြန်း၍ စစ်တမ်းထုတ်ခဲ့ပြီးပါပြီ၊ ကိုယ်ကပျော် ပျော်နေတတ်သည့်အလျောက် ကိုယ်တစ်ကိုယ်ကြုံတွေ့ခဲ့ရသော ရယ်စရာအဖြစ်များကို သူတို့အဖွဲ့နှင့်တွေ့တိုင်း ပြောပြတတ် ရှိသည်။ မျက်နှာက အမြဲတမ်းပြောင်ချော်ပြီး စပ်ဖြဲနေတာမျိုး လည်း မဟုတ်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်သူ့အဖွဲ့ကို ကျွန်တော်အသည်းကွဲဖူးသည်တု ပြောပြသည်။ အသည်းကွဲတာ ရည်းစားရှိလို့ပေါ့တဲ့။ ရည်းစားတစ်ယောက်ရှိလောက်အောင် အဖြစ်ရှိလို့လား. . ဆိုပြီး တစ်ယောက်ဝေဖန်သည်။ ကျွန်တော်ကလည်း အသည်းကွဲတာ ရည်းစားကြောင့် မဟုတ်ကြောင်း၊ ဆွေမျိုးသားချင်းများ၏ ရွာတစ်ရွာသို့ အလည်သွားရင်း နွားလှည်းပေါ်က ပြုတ်ကျလို့ လှည်းဘီးတက်ကြိတ်မိပြီး အသည်းကွဲခဲ့ရတာ ဖြစ်ကြောင်း ရှင်းပြ ပါသည်။ သို့သော်လည်း ကျွန်တော် အသည်းကွဲနေတယ်ဆိုပြီး တဟားဟားနှင့် သဲတင်းဖြန့်ကြလေတော့သည်။ သူနှင့်ခင်ကာစက သူ့ကိုစာတစ်စောင်ပေးဖူးသည်။ လူအလစ်ကိုချောင်းပြီး ဘယ်သူမှ မမြင်အောင်ပေးကာမှ စကားအလွန်များသော ခင်သန်းဝင်းက မြင်ဖြစ်အောင်မြင်သွားသေးသည်။ နောက်ကွယ်မှာ အတင့်ရဲလိုက် တာဟယ်. . . ဟူ၍ ပြောကြောင်းပြန်ကြားရသည်။ ကျွန်တော်ရေး သောစာက အောက်ပါအတိုင်းဖြစ်သည်။

. . . . စိတ်မဆိုးပါနဲ့ခင်ဗျာ. . .

ဒီစကားကို ပြောသင့်မပြောသင့် စဉ်းစားပါသေးတယ်။ ဒါပေမဲ့လည်း မဖြစ်လွန်းလို့သာ ဖွင့်ပြောရတာပါ၊ အဲခုလို ပြောတာ ကိုလည်း ကျွန်တော်တို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိစေ ချင်ဘူး၊ ခင်မင်တာမကြာသေးဘူး၊ ခင်မင်မှုကို အခွင့်ကောင်း ယူတယ်ဆိုပြီး ထင်သွားမှာကိုတော့ စိုးရိမ်တယ်ဗျာ. . ကျွန်တော့်ကို ဆယ့်ငါးကျပ်လောက်ချေးစမ်းပါ။

ထိုစဉ်က တစ်ကယ့်ကိုအခက်အခဲနှင့်ကြုံနေ၍ ရေးလိုက် ဖြစ်သည်။ သူ့အပြင်တစ်ခြားတစ်ယောက်ယောက် တွေမှာစိုးရိမ်



လည်း ဆယ့်ငါးကျပ်လောက်ချေးစမ်းပါဆိုသည့် စာလုံးကို မှိန်မှိန် သေးသေးလေးရေးထားမိသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး သူကဘယ်သူ့ကိုမှလည်း ဖွင့်မပြောပါ။ ထို့ပြင်. . အဲဒီအချိန်ကစပြီး တော့များ ကျွန်တော့်ကို မယုံတော့တာလားလည်း မပြောတတ်ပါ။ နောင်ကို ဒါမျိုးမနောက်ပါနဲ့ဆိုပြီး စားပွဲထိုးလေးကတစ်ဆင့် ကျွန်တော့ကိုငွေနှစ်ဆယ်ပေးသွားသည်။ နောက်တစ်နေ့မှာပဲ ကျွန်တော်သူ့ကို ပိုက်ဆံပြန်သွားပေးသည်။ ဖြစ်ချင်တော့ ကန်တင်းမှအထတွင် ငွေနှစ်ဆယ်မပြည့်တော့ပဲ ငါးကျပ်သာ ကျန်တော့သည်။ ငွေနှစ်ဆယ်ပြည့်အောင် နောက်နေ့မှပေးရင် ကောင်းမယ်ဟု စဉ်းစားမိသော်လည်းမကောင်း၊ သူ့တစ်မျိုးထင် သွားနိုင်သည်၊ ထို့ကြောင့် သူ့ရှေ့သွားပြီး ရိုးရိုးသားသားရှင်းပြ ခဲ့သည်။

'ကျွန်တော်ငါးကျပ်ပြန်လာပေးတာပါ။ ဟို. . . ကျွန်တော် ချေးတာက ဆယ့်ငါးကျပ်မဟုတ်လား၊ အဲဒါ ခင်ဗျားက နှစ်ဆယ် ပေးလိုက်တော့ ပိုတဲ့ငါးကျပ်ကို ပြန်လာပေးတာပါ။ ဆယ့်ငါးကျပ် လုံးကိုတော့ မနက်ဖြန်ပေးမယ်နော်. .'

ကျွန်တော်ပြန်ပေးသောငါးကျပ်ကို ယူသည့်အပြင် လုကိုလာနောက်တယ်ဆိုပြီး စိတ်ဆိုးသွားပါလေရော၊ လူ့စိတ်လူ့ သဘောတွေကို သိပ်နားမလည်သော ကျွန်တော်သည် သူနှင့်ဆုံ ည်းပြီးနောက်ပိုင်း ယောင်ယောင်လေးတောင်မှ အကဲမခတ်တတ် တော့ပါ။ စိုးရိမ်ပြီးဆာင်ခြင်လေ ထိုဆင်ခြင်တာတွေက မှားလေးလေ ဖြစ်နေသည်။ ဆယ့်ငါးကျပ် အဖြစ်အပျက်ပြီး သိပ်မကြာ နောက်တစ်ကြိမ် ထပ်ဖြစ်ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းချိန် နည်းနည်းလွန်လာသောအခါ ကားတွေက ချောင်သွားသည်။ စပယ်ယာကလည်းကျောင်းပေါက်ဝတွင် မျှော်ပြီး အော်ခေါ်သည်။ ထိုစဉ်ဂျပ်ဆင်ပေါက်မှ လျှောက်လာနေသော သူ့ကိုတွေ့လိုက်ရသည်။ သူတစ်ယောက်တည်းမဟုတ်ဘဲ ဘေးမှကပ်ပါလာသော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ဪ. . ဟု ဝမ်းနည်းသွား သည်။ ခါတိုင်းဆို သူကရာမညဘက်မှ ထွက်ပြီးစီး စီးနေကျဘဲ၊ အဖော်ပါလာလို့ မာလာဘက်ကထွက်ပြီး စီးဟာနေမှာပေါ့ဟု တွေးပေးနေတုန်း ကျွန်တော်ထိုင်နေသောလိုင်းကားလေးပေါ် တက်လာသည်။ ကျွန်တော့်မျက်နှာချင်းဆိုင်ဝမှာ ဝင်ထိုင်ရင်း ပြုံးပြသည်။ ကျွန်တော်လည်း အပြုံးလောက်နှင့်ဘဲ နှုတ်ဆက်ပြီး သူတို့အတွက်ပါရောပြီး ကားခကို ဦးအောင် ပေးလိုက်သည်။

'ငါးကျပ် သုံးယောက်နော်. . ကျွန်တော်ရယ် အဲဒီနှစ်ယောက်ရယ်. .

လျှာရှည်ပြီး ပေးတာမဟုတ်ပါ။ ထိုသို့ ရှင်းမပြထားလျှင် တစ်ဖက်က နှစ်ယောက်ကိုမေ့ပြီး ထပ်တောင်းနိုင်သည်။ တစ်ယောက်တည်း တစ်တန်းတည်းထိုင်နေရင်တော့ အကြောင်းမဟုတ်၊ တော်ကြာလူများလာမှ ထပ်တောင်းရင် သူတို့ကလည်း ပေးပြီးသားမို့ ထပ်ပေးမှာမဟုတ်သလို ကျွန်တော်ကလည်း လူကြားထဲမှာ ပေးပြီးပြီလေ. . စောစောက သုံးယောက် စာ နှစ်ဆယ်တန်ပေးတာလေ. . .၊ ဒီဘက် တစ်ယောက် ဟိုဘက်နှစ်ယောက်လေ. . စသည်ဖြင့် ရှင်းပြရမှာစိုး သည်။ စပယ်ယာပြန်အမ်းသော ငါးကျပ်ကိုလှမ်းယူပြီး သူ့ကိုကြည့်လိုက်တော့ မြတ်စွာဘုရား. .၊ နှုတ်ခမ်းကိုစူပြီး မျက်မှောင်ကျုံ့ကျုံ့ကြီးနှင့် စိုက်ကြည့်နေသဖြင့် ကျွန်တော်လန့်သွားသည်။ ဒုက္ခပါပဲ၊ ပိုက်ဆံပေးမိတာ မှားများသွားပြီလား၊ သူတို့နှစ်ယောက်ကကိုယ့်ပိုက်ဆံကိုယ် ပေးချင်တာလား၊ ကျွန်တော်ပေးလိုက်လို့ ဟိုငတိက အထင်လွဲ သွားမှာစိုးနေတာလား၊ ဒါမမဟုတ်လဲ ကျွန်တော်ရှိလို့ စိတ်ကျဉ်းကြပ်နေတာလား၊ ဒါဆိုဘာဖြစ်လို့ စောစောကနှုတ်ဆက်တာလဲ. . အတွေးပေါင်းစုံနှင့် မစဉ်းစားတတ်တော့ဘဲ ကားထွက်ခါနီးမှ ဖတ်ကနဲခုန်ဆင်းလိုက်ပါသည်။ သူနှင့်ပတ်သက်ပြီး အကြိမ်ကြိမ်အမှားမခံနိုင်၍ ဆင်းလိုက်ခြင်းဖြစ်သော်လည်း ထိုအချက်က အကြီးကျယ်ဆုံး မဟာအမှားကြီးဖြစ်သွားလေတော့သည်။

နောက်တစ်နေ့ ကျွန်တော့်ကို ရန်တွေ့လိုက်တာများ အီကိုကင်တင်းနားသွားဟောင် မသွားရဲတော့ပါ။ ဖြစ်ပုံက ဒီလိုပါ။ သူနှင့်ပါလာသောသူက သူနှင့်ဘာမှမဆိုင်၊ သူ့ဘေးကလိုက်ပြီး ထပ်ချပ်မခွာ ရှည်းစားစကား လိုက်ပြောနေခြင်းသာဖြစ်သည်။ ဒီလိုပဲ. . . အတင့်ရဲရဲနှင့် အမြဲလိုက်နေကျ ဟုဆိုသည်။ ဒါကို ကျွန်တော်က သူတို့နှစ်ယောက်စာဟု ပြောပြီးကားခပေးလိုက်ခြင်းကြောင့် သူ့ကို တမင်အရှက်ခွဲခြင်း၊ သူ့ကို အမြင်ကပ်ကပ်နှင့် လူကြားထဲမှာ အသိအမှတ်ပြုသလို သမုတ်လိုက်ခြင်း. . ဆိုပြီး ငှပ်စွဲချက်များနှင့် ငိုပါလေတော့သည်။ မဟုတ်ကြောင်းကို ပါးစပ်ကအမြှုပ်ထွက်မတတ် ရှင်းပြသော်လည်း လက်မခံ၊ ကဲ. . ကျွန်တော်ဘာလုပ်သင့်ပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ ဆင်ခြင်လိုက်သည်။ စကားကိုလည်း မေးမှပြောပြီး မမေးလျှင်နှုတ်ဆိတ်နေလိုက်သည်။ ထိုသို့ မပြောပဲနေတော့လည်း ဘာအကြံထုတ်နေလည်းမသိဘူးဟု လုပ်သေးသည်။ ရှင်းလည်းပြမနေတော့ပါ၊ ရှင်းပြမည်ဆိုရင်လည်း ဘယ်လိုမှကုန်နိုင်စရာအကြောင်းမရှိ ရည်းစားကားကို ခရီးသွားဟန်လွှဲ ပြောသွားတယ်ဟု ထင်နေသောအထင်ကို ရှင်းရဦးမည်။ ကိုယ်ကတော့ ကိုယ့်ကိုမယုံလို့ အဖြေပေးမှာလည်း မဟုတ်ပါဘူး၊ ပြန်ချစ်မှာလည်း မဟုတ်ပါဘူး. . လို့ စိတ်ဓါတ်ကျနေတာကို သူတို့က အာချောင်သွားတယ်ဟု ထင်နေသည်။ လူလစ်တုန်း တစ်ခါလား အဖြေတောင်းမိသည်။ ဘယ်တန်းက ရည်းစားစကားပြောထားတာလဲ. . တဲ့။ ခပ်တည်တည် တွယ်ထည့်လိုက်တာ ရင်ထဲမှာ တော်တော်နာပါသည်၊ မေးခွန်းအများကြီးကို ထိုင်တွက်နေလို့ကတော့ ဘယ်တော့မှလည်း အဖြေထွက်မှာ မဟုတ်တော့ပါဘူး. . . ဟု တွေးပြီး လက်လျှော့ထားလိုက်ပါသည်။ ခွန်အားမရှိ၍ လက်လျှော့ထား လိုက်ရပေမဲ့ မေ့ခြင်းနှင့် မမေ့ခြင်းဟာ ခွန်အားနှင့်မဆိုင်သော ကြောင့် သူ့ကိုတော့ မေ့မသွားပါ။

တမြေ့ထဲနေတော့လည်း စိတ်ကို ဘယ်လိုပဲအောင့်အောင့် တွေ့ချင်သည်။ မြေကြီးပေါ် ဝမ်းလျားမှောက်၊ မြေပြင်ကို နားနှင့်ကပ်ပြီးထောင် ဟော. . . ဒါ သူ့ခြေသံပဲ. . ဆိုတာကိုတောင် သိတဲ့ကောင်ပါဟု များပြောပြမိလျှင် အူတက်အောင် အော်ပြီး ရယ်လိုက်မှာသေချာသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကိုနှုတ်ဆက်ရပါမည်။ ထိုအခါ စဉ်းစားမိတာ



တစ်ချက်ကဖြစ်လာသည်။ ဒါဟာ ယာယီလား၊ ခဏတစ်ဖြုတ်လား၊ တစ်သက်လုံးလား. . . ၊ တစ်သက်လုံးကတော့ လုံးဝမဖြစ်နိုင်ပါ။ ထိုခရီးကို တစ်သက်လုံးသွားမည်ဟုလည်း ကျွန်တော် ရည်ရွယ်မထားပါ။ အလည်အပတ်သဘောမျိုးနေ အဆင်ပြေရင် ပြေသလို အလုပ်ကလေးဘာလေး လုပ်မည်ဆိုသည့် ရည်ရွယ်ချက်သာ ရှိပါသည်။ တကယ်ဆို ဘယ်သူ့ကိုမှ နှုတ်ဆက်စရာမလို သလို နှုတ်လည်းမဆက်ခဲ့ပါ။ သူ့ကိုမဖြစ်မနေနှုတ်ဆက်ရခြင်းမှာလည်း အကြောင်းတွေက အများကြီးရှိသည်။ မယုံကြည်သော သူတစ်ယောက်ရှေ့မှာလည်း ပါးစပ်ကရှင်းပြဖို့ဆိုတာ သိပ်မလွယ်၊ ထို့ကြောင့် စာရှည်ရှည်တစ်စောင်ရေးပြီး ရှင်းလဲရှင်း၊ နှုတ်လည်း ဆက်ခဲ့သည်။ သူငယ်ချင်းတစ်ယောက်တစ်ဆင့်ပေးခိုင်းပြီး ထိုစာကိုပေးသည့်အခါ လူသိရှင်ကြား ပေး၍ဖြစ်သည့်အကြောင်း၊ သူစုံသည့်အချိန်မျိုးမှာမှ ရွေးပေး၍နှင့် သူတစ်ယောက်ထဲရှိသည့် အချိန်မျိုးမှာ လုံးဝမပေးရန်အကြောင်းများကို မှာပြီးပေးခဲ့ခြင်း ဖြစ်သည်။

စာထဲမှာ. . . ကျွန်တော်ရည်းစားစကားပြောခဲ့ခြင်းမှာ ဘယ်အစစ်အမှန်ဆိုသည့်အကြောင်း၊ လုံးဝနောက်နေတာ ဟုတ်သည့်အကြောင်း၊ ရည်းစားတစ်ယောက်မှ မရှိခြင်းမှာလည်း အမှန်ဆိုသည့်အကြောင်းတွေကို အဓိကထားပြီး တစ်ဖက်လှည့်နှင့် အဖြေကို မျှော်နေပါကြောင်း ရေးထားခြင်းသာ ဖြစ်သည်။ အခု ကျွန်တော် စင်္ကာပူနိုင်ငံကို သွားမည်ဆိုခြင်းမှာလည်း အရာကိုပြေးပါတော့မည်ဆိုသည့် အဓိပ္ပာယ်မျိုး မပေါ်စေလို ကြောင်း၊ ဟိုရောက်သည့်အခါ ကျွန်တော်စာရေးချင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ ကျွန်တော့်ကိုလည်း သူငယ်ချင်းတစ်ယောက် ပုံစံမျိုးယောက်ကိုသာ စာလေးပြန်ရေးစေလိုကြောင်း စသည့် အကြောင်းအချက်များသာ ဖြစ်ပါသည်။

ထိုနိုင်ငံမျိုးကို ရောက်ဖို့သွားဖို့ဆိုတာ ကျွန်တော့်အဖို့ မလွယ်ကူပါ၊ တစ်ခါမှလည်း မစဉ်းစားခဲ့မိပါ။ စက်ရုံမှာကာလ များစွာ အလုပ်သုပ်နေသော အစ်မက အလည်လာခဲ့ပါလား။ အလုပ်အဆင်ပြေရင်လည်း လုပ်လို့ရတာပေါ့ဆိုသဖြင့် ရောက်သွားချင်စိတ် ဝင်သွားရာက စခဲ့ခြင်းဖြစ်သည်။ သွားဖို့ လာဖို့ စာရွက်စာတမ်းများ အဆင်သင့်ဖြစ်သောအခါ လိုအပ်သည့် ပစ္စည်းလေးများ အဝယ်ထွက်ရပါသည်။ တိုလီမုတ်စများ ထည့်သည့်အခါ ဆေးပေါ့လိပ်မရကြောင်း အစ်မမှာသွားသဖြင့် စာရင်းထဲမှ ပယ်ဖျက်လိုက်သည်။ အဝတ်အစားကိစ္စကျတော့ ကျွန်တော့်မှာ တော်တော်ဂွကျနေသည်။ ဘောင်းဘီဝတ်ခဲ့သဖြင့် ဘောင်းဘီဝယ်ရာမှာလည်း အဆင်မပြေ၊ နက်တိုင်ကိုအချည် လေ့ကျင့်ရတာကလည်း အကြိမ်ကြိမ်၊ နောက်ဆုံးဖိနပ်အလှည့်မှာ ဘယ်စတိုးဆိုင်မှ အဆင်မပြေသဖြင့် ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်၏ ဆိုင်ရှိသော ဗိုလ်ချုပ်ဈေးသို့ လာခဲ့ရသည်။ သူငယ်ချင်းများအနေ ကတော့ ကျွန်တော့်စက်ရုံခရီးကိုကြားပြီး အကြီးအကျယ် ဟားနေ ကြကြောင်းကြား၍ တွေ့ရမှာတောင် ကျောချမ်းသည်။

ကံကြမ္မာကိုတော့ ကျွန်တော်တော်တော်ဖြုံပါသည်။ ကံအားလျော်စွာဆိုသည့်စကားက ကံကောင်းခြင်းကို အထောက် အကူပြု၍ ပြောလေ့ရှိကြသော်လည်း ကံအားလျော်စွာ ကံဆိုးသည် ဆိုတာမျိုးတော့ သုံးလေ့မရှိပါ။ ထိုအများမသုံးသောရှားရှားပါးပါး



ကို ကျွန်တော်ကတော့ ထည်လဲသုံးခဲ့သည်။ ဘယ်တော့ဖြစ်ဖြစ် ကံအားလျော်စွာ ကံဆိုးသည်ချည်းဖြစ်ခဲ့သည်။ ဗိုလ်ချုပ်ဈေးထဲမှာ သူ့ကိုတွေ့လိုက်ရ၍ ကံအားလျော်စွာပဲ ရှိသေးသည်။ သူ့ဘေးက အော်ကြီးဟစ်ကျယ်အဖွဲ့ကြီးကိုပါ ကပ်လျှက်တွေ့လိုက်ရတာ ကြောင့် ကံဆိုးခဲ့ရပါသည်။ မျက်နှာချင်းအဆိုင်မှာပဲ . . .

'ဟောင်း အာ ယူ'

ဆိုပြီး လုပ်ထည့်လိုက်တော့ ကျွန်တော့်မှာ ပြေးပေါက်မရှိပဲ ဖြစ်သွားသည်။ ခပ်ကြဲကြဲပြုံးပြီး ရှောင်ဖို့လုပ်သော်လည်း မရတော့ပါ။ ကျွန်တော်က မနောက်ပါနဲ့ဟာ ဟုပြောတော့မှ ပိုဆိုးသွားသည်။ အင်္ဂလိပ် စကားမတတ်ပဲနဲ့ သွားလို့ဖြစ်ပါ့မလား။ ဝှပ် အစ် ယော် နိမ်းတော့ သိပါတယ်နော် . . . အခုအချိန်ကစပြီးတော့ ငါတို့ အင်္ဂလိပ်လိုပဲ ပြောကြရအောင်လေ . .။ ဒါမှ နင်အလေ့အကျင့်ဖြစ်သွားတာပေါ့ . . . ဆိုပြီး ကောင်းချီးသြဘာ ပေးတော့သည်။ ဒီကြားထဲ သူငယ်ချင်းတရုတ်မကြင်ကြင်က

'သူတို့စက်ရုံက တရုတ်တွေပဲ မဟုတ်လား။ ဟောင်း အာ ယူလို့ ပြောရတာ အဆင်မပြေရင်လည်း တရုတ်လို ဟောင်မား ဆိုပြီး ချထည့်လိုက် နင့်ကို အရမ်းသဘောကျသွား လိမ့်မယ်'

ကြင်ကြင့်စကားကို ဝိုင်းရယ်ကြသည့်အထဲမှာ သူ့အသံ အကျယ်ဆုံးပါပဲ။ ထိုနေ့က ကျွန်တော်လည်း ဖိနပ်မဝယ်ဖြစ်တော့ပဲ သူတို့နှင့် အအေးဆိုင်မှာ အချိန်ကုန်သွားသည်။ အားလုံး ညီတညွှတ်ထဲ လေယာဉ်ကွင်းကို လိုက်ပို့မယ် ဆိုသည့်အခါ ကျမှတော့မှ ပြာပြာသလဲ တောင်းပန်ရသည်။ ကျွန်တော်ဝတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သော ဘိုစတိုင်လ်ကို ကြည့်ပြီး လေယာဉ်ကွင်းဝတ်စုံလုံး ကွဲထွက်သွားအောင် ဟားကြမှာ သေချာသည်။ အခု အအေးဆိုင်ထဲမှာလည်း ဟားနေကြတာပါပဲ . . ။

'နင်စက်ရုံသွားမယ်ကြားတော့ ငါတို့ကပညာတော်သင်အောက်မေ့လို့'

ဟစ်ဟစ် . . ဟစ်ဟစ် . . ခစ်ခစ် . . ခစ်ခစ်နှင့် ရယ်သံမျိုးစုံကြားထဲမှာ ငုတ်တုတ်လေးမျက်နှာငယ်ခဲ့ရပါသည်။ နာရီပေါင်းများစွာ ကျွန်တော်မျက်နှာပျက်နေတော့မှ သူ့ထံမှ စကားအတည်အခန့်ကို ကြားရသည်။ စိတ်မကောင်းဖြစ်သွားပုံ ပါပဲ။ ဟိုမှာ သွားအလုပ်လုပ်နေသော သူ့အစ်ကိုတစ်ယောက်၏ အတွေ့အကြုံများကို ပြောပြသည်။ ကျွန်တော့ကတော့ စာဖတ်ပြီးပြီ လားဟုပဲ မေးချင်နေသည်။ ထိုအခြေအနေမျိုးမှာက ယောကျ်ား လေး တစ်ယောက်အဖို့ အခွင့်ကို ချောင်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ထိုဒနရာမှာလည်း သူတို့က တပန်းသာမြဲဖြစ်မည်။ ငါသူ့ကို စကားပြောချင်လို့ နင်တို့ခဏလောက်ဖယ်ပေးပါတော့ ဆိုတာမျိုး ပြော၍မရ။ သူတို့ဘက်ကသာ ပြောစရာရှိလို့ ပြောချင်လာရင် ဖဲ့ထွက်လာလို့ရသည်။

အအေးဆိုင်ကထွက်လျှင်တော့ သမ်းခွဲကြရမည်။ ကျွန်တော်က ရပ်နေသော ပလက်ဖောင်းမှပင် အရှေ့သို့ လျှော့ ရမည်ဖြစ်ပြီး သူတို့ကတော့ ဈေးထဲမှာ ရပ်ထားသောကားရှိရာ သွားကြမည်ဖြစ်သည်။ အမှန်တော့ ကျွန်တော်လည်း ကားလမ်း ပြီး ဈေးထဲပြန်ဝင်ရန်ဖြစ်သည်။ ထိုအခါ တစ်ယောက်ယောက် 'ဘာလိုက်လုပ်မှာလဲ'ဆိုလျှင် ခံရဦးမည်။ ထိုစဉ်က သူက အ



ကပ်လာပြီး . . .

'ဟိုင်ဖိုင်တေးသံသွင်းမှာ ကူးခိုင်းထားတဲ့ရေဒီယိုသီချင်းခွေကို ရွေးပေးခဲ့ဦးနော်'

. . . တဲ့။ အဆက်မပြတ်တီးနေသော ဟွန်းသံကြားထဲ ကနေ ကြည်ကြည်လင်လင် ကြားခဲ့ရသော သူ့စကားသံဖြစ်ပါသည်။

ကျွန်တော် စက်ရုံရောက်ပြီးတစ်လခွဲအကြာမှာ ပါဆယ်တစ်ခု လက်ခံရရှိသည်။ သူကိုယ်တိုင် ရွေးကူးထားသော ရေဒီယိုသီချင်းခွေ တစ်ခွေဖြစ်သည်။ ထိုအခွေကို ကျွန်တော်က ခဏခဏဖွင့်နေတာ မြင်တော့ ကျွန်တော်တို့အလုပ်ထဲမှ ဘွန်ဟောင်းဆိုသော တရုတ်မလေးက ငှားသည်။ ထိုအခါ သီချင်းတစ်ပုဒ်၏ အလိုက်တေးသွားကို ရသွားပြီးနောက်ပိုင်း ကျွန်တော့မှာ မြန်မာစာပြဆရာဖြစ်မှန်းမသိဖြစ်သွားပြီး အလုပ် တွေ ရှုပ်ကုန်တော့သည်။

(အဲဒီ . . အိုးနင်းခွက်နင်း အတွေ့အကြုံကိုတော့ ဆက်ရေးပါဦးမည်)

■

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

Faces မဂ္ဂဇင်းက ၂၀၀၂-ခုနှစ်၏ နှစ်သစ်အထူးထုတ်ဆိုသော အခါ အသည်းကွဲရေဒီယိုမှာ ကျွန်တော်ရေးနေကျ ကျွန်တော့် သက်ဆိုင်သလိုလိုရှိသူများထဲမှ တစ်ဦးတစ်ယောက်ကို ရည်ရွယ်ပြီး ဖွဲ့ဖြစ်ခဲ့တဲ့ ပုဂ္ဂလခံစားမှုတွေ ချန်လှပ်ခဲ့ဖို့ စဉ်းစားပြီး ဖြစ်ပါသည်။

ကျွန်တော် အသည်းကွဲကို စရေးသည် ၁၉၈၉၊ ရွှေအမြုတေမဂ္ဂဇင်း အမှတ် (၅)မှစပြီး ယခုပြန်ရေးသည့်အချိန်ထိ အမေးခံရသည့် မေးခွန်းတစ်ခုရှိပါသည်။ "အသက်ဘယ်လောက်ရှိပြီလဲ"ဟူ၍ ဖြစ်သည်။ ကျွန်တော်စရေးပြီး လေးငါးအုပ်မြောက်လောက်မှာ အစ်မကြီးတစ်ယောက်နှင့် စတင်တွေ့ပါသည်။

"ဪ . . . ကျွန်မကဆရာ့ကို တော်တော်အသက်ကြီးပြီ အောက်မေ့တာ၊ ဆရာက ငယ်သေးတာပဲနော်။ ဆရာ့စာထဲက သီချင်းတွေက ကျွန်မတို့ခေတ်တုန်းက သီချင်းတွေဆိုတော့ . . ."

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် မိတ်ဆက်ပြောဆိုပြီး ရှေ့ဆက်လို့ သီချင်းအပုဒ်ရေများများ ထည့်ရေးပေးစေချင်သည့်အကြောင်းမှာ သွားပါသည်။ နယ်ဌာနတွေဆုံ သိကျွမ်းခဲ့ရသော စာဖတ်ပရိသတ်အစ်မကြီး သုံးလေးယောက်မှာလည်း အလားတူပင် . . .။ ကျွန်တော် ငယ်သေးတာပဲ ဆိုသည့်အကြောင်း။ စကားပြေထက် သီချင်းကို ဦးစားပေးပြီး များများရေးစေချင်သည့်အကြောင်း နောက်ပြီး သီချင်းကိုလည်း ဟိုတစ်စ၊ သည်တစ်ပိုဒ်မရေးဘဲ အစအဆုံး တစ်ပုဒ်လုံးကို ရေးစေချင်ကြောင်း . . . နှင့် မှာကြောင်း အထွေထွေကို နားထောင်ခဲ့ရပါသည်။

ထိုအခါ စစ်တမ်းကောက်စရာမလိုဘဲ တစ်ရှယ် တစ်ပြေးတည်းဖြစ်နေသော ကျွန်တော့်အသည်းကွဲပရိသတ်မှာ လေးဆယ်ကျော်၊ လေးဆယ့်ငါးနှင့် ငါးဆယ်ဝန်းကျင် ပြည့်လုပြည့်ခင်များသာ ဖြစ်သဖြင့် ကျွန်တော်ငယ်သေးသည်ဟု ပြောခြင်းမှာ အဆန်း မဟုတ်တော့ပေ။

ကျွန်တော်သည် ချာတိတ်လေးဘဝမှပင် ထိုအစ်ကိုကြီး အစ်မကြီးတို့၏ ညီမောင်ပမာ အစ်ကိုတွေ၊ အစ်မတွေ ဖွင့် နားထောင်ကြသော ရေဒီယိုကို တွဲခိုစီးမျှောမိခဲ့တာကတော့ အသေချာဆုံးဖြစ်ပါသည်။ ထိုစဉ်က ရေဒီယိုကြီးတွေမှာ ပလပ်ထိုး၍ လျှပ်စစ်နှင့် ဖွင့်ရသောကြောင့် ကျွန်တော်ငယ်စဉ်က ခလုတ် ပေါက်လေးတွေကို လက်ညှိုးနှင့်လျှောက်လျှောက်ထိုးတော့သဖြင့် ခဏခဏ ခေါက်လိုက်ခံရဖူးပါသည်။ ကျွန်တော့်ကြောင့်လည်း အစ်မတွေမှာ ဒုက္ခိမ်ကြိုးအဆူခံထိပါသည်။ သူတို့ကလည်း ရေဒီယိုကို မဖွင့်ရမနေနိုင်သလို၊ ကျွန်တော်ကလည်း အဖွင့်အပိတ်



ကို ကိုယ်တိုင်မလုပ်ရရင်မနေနိုင်ပါ။ ကျွန်တော့်မှာ ရေဒီယိုကလာသော သီချင်း၊ သူတို့ရေချိုး၊ ထမင်းချက်ရင်း ဆိုတဲ့သီချင်း . . . အပိုင်းအစများဖြင့် စကားသီချင်း သင်ယူမိသလိုဆိုရင်လည်း မှန်ပါသည်။ ကျွန်တော်စိတ်တိုသည့်အခါ သူတို့၏ 'ချိုတေးသံ'များကို ဆုတ်ဖြဲပစ်သဖြင့် တဂေါက်ဂေါက်နှင့် ခေါင်းအခေါက်ခံခဲ့ရတာလည်း ဘယ်တော့မှမမေ့ပါ။ ထိုအတူ ရှုပြီးသားသီချင်းတွေကိုလည်း မေ့မနေခဲ့ပါ။ တကယ်လည်း . . . ရေဒီယိုသီချင်းများကို ကျွန်တော် မေ့မသွားချင်ပါ။ ကျွန်တော့်လိုပဲ ရေဒီယိုသီချင်းကြိုက်နှစ်သက်သူများအတွက် မေ့မသွားအောင် . . .။ ပါးစပ်ဖျားကလေးတင် မေ့နေတယ်ဆိုရင်လည်း အမှတ်ရပြီး ညည်းဆိုမိလေအောင် . . .။ အပြန်ပြန်အထပ်ထပ်ဆိုနေကြသည့် (ပြန်ဆို ခရိုး) အချိန်မှာ . . . တဲ့ . . ဒါ . . . ရေဒီယိုသီချင်းပဲ . . . ဆိုပြီး မူလအစကို သတိရရလေအောင် ကျွန်တော်နားထောင်ခံစားသိရှိ သမျှကို ရေးနေမိခြင်းဖြစ်ပါသည်။

ယခု . . . Faces မှာ ပြန်စရေးဖြစ်ပြီး ပထမတစ်လ ပါ၍ ဒုတိယလအတွက် စာမူကြိုတင်ပို့ပြီးသည်အထိ ဆရာမ 'ဘူးတူးမြင့်သိန်း' ကို ကျွန်တော်မတွေ့ဖူးသေးပါ။ ပင်တိုင်ရေးရသဖြင့် ကျွန်တော့်ဘက်က စာမူပို့ရသည့်ရက်မှာ နောက်မကျဖို့ အရေးကြီးပါသည်။ ကိုယ်ကနောက်ကျလို့ ချန်ခဲ့ရသည်ပဲဖြစ်ဖြစ်၊ တစ်ပုဒ်ပုဒ်ကို အစားထိုးလိုက်ရသည်ပဲဖြစ်ဖြစ် . . .။ ကိုယ့်ကို စောင့်နေသော အချိန်နှင့် ကိုယ့်နေရာမှာ အစားထိုးလိုက်ရသော စာမူ အတို၊ အရှည်၊ စာမျက်နှာ အပို၊ အလို . . . တို့ တွက်ချက်ရသည်မှာ အချိန်ကုန်ပြီး အလုပ်ပိုသွားတတ်ပါသည်။ ထိုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်ပို့ရမည့်ရက်ထက် နှစ်ရက်၊ သုံးရက်နောက်ကျသည့်အခါ ဖုန်းဖြင့် အကြောင်းကြားရင်း တတိယလအတွက် စာမူအပို့မှာ ဆရာမနှင့် တွေ့ခဲ့ရပါသည်။ ကျွန်တော်နှင့် တွေ့ဖြစ်သည့်အခါတိုင်း ဧည့်ခံပွဲက ပြန်လာတာမျိုးဖြစ်ရင်ဖြစ်၊ ဒါမဟုတ် ဧည့်ခံပွဲသို့ သွားဖို့ ပြင်ဆင်ချိန်တို့နှင့်သာ ကြုံရပါသည်။ သို့သော်လည်း ဆရာမက အလုပ်ဘယ်လောက်များများ ဧည့်ခံမပျက်စကားပြောလေ့ရှိသည်။ စာမူအကြောင်း၊ စာအုပ်အကြောင်းတွေပြောရင်း စကားမပြတ်တတ်သော်လည်း ကိုယ်ကစ၍ အလိုက်သိစွာဖြတ်ရသည်။ မီဒီယာခေတ်ကြီးမှာ အရေးတကြီး ဧည့်ခံပွဲတစ်ခု ပျက်သွားတာနှင့် သူများထက်နောက်ကျသွားနိုင်သည် မဟုတ်ပါလား။ ထို့ကြောင့် ဆရာမထံသို့ စာမူသွားပို့လျှင် စကားနည်းနည်းပါးပါး ပြောဆိုပြီး ပြန်ခဲ့တာများပါသည်။

ဆရာမဒေါ်တူးတူးမြင့်သိန်းနှင့် ပထမဆုံးစတွေ့သည့်နေ့က ထုံးစံအတိုင်း စတင်အမေးခံရပါသည်။

"ဆရာအသက်ဘယ်လောက်ရှိပြီလဲ"

ကျွန်တော့်အသက်ကို ဖြေရပါသည်။အသည်းကွဲရေဒီယိုတို့ ရေးမိတာ အသက်ပါပူးတွဲဖြေပါ . . . ဟု အမိန့်ရှိထားသလို ဖြစ်နေသည်။ ဆရာမနှင့်မှမဟုတ် . . .။ စရေးလာခဲ့စဉ်နှစ်များမှာကတည်းက အမေးခံခဲ့ရတာဖြစ်သည်။ ကျွန်တော်ဒါကို ဆက်နေနေသမျှ ကာလပတ်လုံး တစ်ချိန်မဟုတ်တစ်ချိန် တစ်ယောက်ယောက်က မေးချင်မေးဦးမည်။

ဒီတစ်ခါတော့ . . .



မေးချင်တာမှန်သမျှကို ကျွန်တော့်ကို ကျွန်တော်ပဲ ပြန်မေးကြည့်ပါဦးမည် . . . ဟု ဆုံးဖြတ်လိုက်ပါသည်။

* * *

■ ဇော်ဝင်းနိုင် - **အသက်ဘယ်လောက်ရှိပြီလဲ။**

○ ဇော်ဇင် - မလိုဘူးထင်ရင်တော့ မဖြေချင်ဘူးဗျာ . . .။ တစ်ခြားအကြောင်း မေးလို့ရရင်မေးပါ။

■ ဇော်ဝင်းနိုင် - **ခင်ဗျားရေးတဲ့သီချင်းတွေက အနှစ် နှစ်ဆယ်ကိုလွန်ပြီး နှစ်ပေါင်းသုံးဆယ်စွန်းစွန်းရောက်နေပြီမဟုတ်လား။**

○ ဇော်ဇင် - ဒါပေမယ့် . . . ဒါတွေကိုပဲ ပြန်ဆိုနေကြတာပဲ . . .။

■ ဇော်ဝင်းနိုင် - **ပြန်ဆိုတေးတွေနဲ့ ပတ်သက်ပြီး ပြောစရာရှိနေလို့လား . . .။**

○ ဇော်ဇင် - ဟာ . . . မရှိပါဘူးခင်ဗျာ။ ဆိုတတ်ရင် ဆိုပါစေ . . .။

■ ဇော်ဝင်းနိုင် - **ပြန်ဆိုတဲ့ ရေဒီယိုသီချင်းတွေအပေါ်မှာ ဘယ်လိုမြင်လဲ။**

○ ဇော်ဇင် - ဘာမှမမြင်ပါဘူး။ အယောက်ပေါင်းများစွာက အကြိမ်ကြိမ်ထပ်ဆိုနေတော့ အထင်မှားနေတာမျိုးရှိပါလိမ့်မယ်။ နားဆင်လို့မရပေမယ့် မှုဒိတာပွားပါတယ်။ ဆိုနိုင်ကြတာကိုလည်း ချီးကျူးပါတယ်။ ဒါကလည်း အခုမှမဟုတ်ပါဘူး။ ရေဒီယိုမှာပဲ ပြန်ဆိုကြတာတွေရှိပါတယ်။ တွံတေးသိန်းတန်ရဲ့ 'ဆောင်းရယ်၊ နှင်းရယ်၊ ကိုယ်ချစ်သူရယ်'ကို ဝင်းဦးက ပြန်ဆိုတာမျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



■ ဇော်ဝင်းနိုင် - ယောက်ျားသီချင်းကို မိန်းမပြန်ဆိုပြီး မိန်းမသီချင်းကို ယောက်ျားပြန်ဆိုတာမျိုးတွေနဲ့ ပတ်သက်ပြီး ဘာပြောချင်လဲ။

○ ဇော်ဇင် - ဘာမှမပြောချင်ပါဘူး။ မောင့်အချစ်မြားပဲ စူးစူး၊ မေ့အချစ်မြားပဲစူးစူး . . . ရင်ထဲကိုတော့ မြားကအလျားလိုက်ဝင်သွားတာပဲ။

■ ဇော်ဝင်းနိုင် - ရေဒီယိုသီချင်းနဲ့ စတီရီယိုသီချင်း ဘယ်သီချင်းကို ပြန်ဆိုတာများလဲ။

○ ဇော်ဇင် - ဘာသီချင်းပဲဖြစ်ဖြစ် များများစီစဉ်ရင် များများပေါ်ထွက်လာမှာပါပဲ။ လောလောဆယ်ပြောရမှာက ရေဒီယိုနဲ့ စတီရီယိုပဲ။ ရေဒီယိုအင်တာဗျူးတစ်ခုမှာ ဇော်ဝင်းထွဋ်ပြောတာ နားထောင်လိုက်ရတယ်။ ဂီတဟာ တစ်ခုတည်းဖြစ်ပြီး ကျွန်တော်တို့ဆီမှာသာ စတီရီယိုသီချင်း၊ မိုနိုသီချင်းဖြစ်နေတာဆိုတဲ့အကြောင်း ပြောသွားပါတယ်။ အဲဒီမှာ တစ်ဆက်တည်းကြားလိုက်ရတဲ့အကြောင်းအရာတစ်ခုကြောင့် နေ့မကောင်းချင်သလိုလိုဖြစ်ပြီး သုံးရက်လောက် ခေါင်းကိုက်သွားပါတယ်။ စီစဉ်သူတစ်ယောက်က ဇော်ဝင်းထွဋ်ဆီမှာ သီချင်းတစ်ပုဒ်ရဲ့ သံစဉ်တေးသွားလေးကို အသုံးပြုခွင့်လာတောင်းတဲ့အကြောင်းပါ။ တောင်းတဲ့သီချင်းက ဇော်ဝင်းထွဋ်ရဲ့အဘိုး ဆရာကြီးရွှေတိုင်ညွန့်ရေးစပ်ခဲ့တဲ့ ဟိုးဟိုးကျော်အထင်ကရသီချင်းတစ်ပုဒ်ရဲ့ [illegible]တေးသွားအလိုက်ကို လာတောင်းတာ။ ဘာလုပ်ဖို့လည်းဆိုတော့ အမွှေးတိုင်ကြော်ငြာသီချင်းသုံးချင်လို့ . . . တဲ့။ ဇော်ဝင်းထွဋ်ကတော့ ဘာမှမပြောပါဘူး။



■ ဇော်ဝင်းနိုင် - ဇော်ဝင်းထွဋ်က မပြောတာကို ခင်ဗျားက ဘာပြောချင်တာလဲ။

○ ဇော်ဇင် - မပြောချင်ပါဘူးဗျာ . . .။ အဲဒီအင်တာဗျူးမှာ ဇော်ဝင်းထွဋ်ကလည်း လာတောင်းတဲ့သူကို ငြင်းလိုက်ပြီး မလုပ်သင့်တဲ့အလုပ်ကို လုပ်တယ်ဆိုတာလောက်ပဲ ပြောရှာပါတယ်။ အဲဒီလိုလာတောင်းတဲ့သူက စီစဉ်သူကိုယ်တိုင်လား၊ ဒါမှမဟုတ် ဆန်းသစ်အောင် ဖော်ကျူးပေးချင်တဲ့ လောကသားထဲက တစ်ယောက်ယောက်ပဲလားဆိုတာ အတိအကျသိရရင် တော်တော်ကောင်းမှာပဲလို့ တွေးမိတာပါ။ ဒါကြောင့် စီစဉ်တာဟာ တော်တော်အရေးကြီးတယ်လို့ ထင်ပါတယ်။ များများစီစဉ်ပြီး များများမျက်နှာပျက်ရရင် . . . များများနာကျင်ရပါလိမ့်မယ်။

■ ဇော်ဝင်းနိုင် - ပုဂ္ဂိုလ်ရေးအကြောင်းတွေ ဘေးဖယ်ထားလိုက်ရအောင်လား . . .။

○ ဇော်ဇင် - ခင်ဗျားကလည်း ဟိုလိုလို၊ ဒီလိုလိုမမေးနဲ့ပေါ့ဗျာ။ ကျွန်တော်က နဂိုကတည်းကမှ ရင်ထဲမှာ သိမ်းထားရတာ . . . အစဖော်ရင်ပြောချင်တယ်။

■ ဇော်ဝင်းနိုင် - အခုလွှင့်နေတဲ့ ရေဒီယိုသီချင်းတွေနဲ့ ပတ်သက်ပြီး ဘာတွေပြောချင်သလဲ။

○ ဇော်ဇင် - ရေဒီယိုသီချင်းတွေကို ကိုယ်ကကြိုက်နေတော့ ပြောစရာမရှိပါဘူး။ ဒါပေမယ့် သီချင်းအစီအစဉ်တွေမှာ သူ့ခေါင်းစဉ်နဲ့ သူ့သပ်သပ်လေးတွေရှိပါတယ်။ သီချင်းပဒေသာ၊ သောတရှင်တို့လိုရာ၊ မွေးနေ့လက်ဆောင် စသည်ဖြင့်ပေါ့လေ။ အခုဆို 'ကိုယ့်စိတ်ကြိုက်တေး' ဆိုတဲ့ သီချင်းတောင်းဆိုရတဲ့

www.burmeseclassic.com



အစီအစဉ်ကလေးက အလွန်ကောင်းပါတယ်။ ရှားရှားပါးပါး ရေဒီယိုသီချင်းလေးတွေနားထောင်ရတယ်။ တစ်ခါတစ်ခါ. . . သီချင်းပဒေသာအစီအစဉ်တချို့က တစ်မျိုးဆန်းသစ်နေတယ်။

■ ဇော်ဝင်းနိုင် - **ဘယ်လိုများ ဆန်းသစ်ထားတာလဲ။**

○ ဇော်ဇင် - ဪ. . . ဒီလိုပါ။ ရေဒီယိုခေတ်မှာက 'ခေတ်ပေါ်တေး'ဆိုတဲ့ ခေါင်းစဉ်နဲ့ သီခြားထုတ်လွှတ်တာလည်းရှိတယ်လေ။ နောက်ပြီး ဗုဒ္ဓဟူးနေ့ညတိုင်း သတင်းအပြီး မေတ္တာလက်ဆောင်ရတေးစီးရီးကို ထုတ်လွှင့်ပေးတာလည်းရှိတယ်။ ဒါပေမယ့် သီချင်းပဒေသာအစီအစဉ်မှာ ရေဒီယိုသီချင်းတစ်ပုဒ် ခေတ်ပေါ်တေးတစ်ပုဒ် လွှင့်လိုက်တော့. . .။

■ ဇော်ဝင်းနိုင် - **ခံစားမှု အတက်အကျမညီဘူးလို့ ဆိုလိုချင်တာလား. . .။**

○ ဇော်ဇင် - အေးဗျာ. . .။ ကျွန်တော် အဲဒီလို မပြောတတ်လို့ပါ။ ဘာသီချင်းပဲဖြစ်ဖြစ်. . . သူ့သီချင်းနဲ့ သူကတော့ အာလုံးကောင်းပါတယ်။ သူ့နေရာနဲ့သူပေါ့လေ။ ဒလခင်ထွေးရဲ့ အလှည့်ပြီးတော့ ရဲအောင်သီချင်းကလာ၊ ထွန်းအိန္ဒြာဗိုအပြီး မောင်မောင်ကြီးကဆို . . . ဆိုတော့ တစ်မျိုးပေါ့လေ။ တစ်မျိုးလေးဖြစ် ဖြစ်သွားတယ်။ အေးအေးငြိမ့်ငြိမ့်လေးနဲ့ တလွှင့်လွှင့်ငြိမ်သက်နေတဲ့အချိန်မှာ မီး ဟို့ မီး . . . မီး ဆိုပြီး ထအော်လိုက်သလိုပဲ။ ဒါပေမယ့် ကောင်းပါတယ်။ သူ့နေရာနဲ့ သူကောင်းပါတယ်။

■ ဇော်ဝင်းနိုင် - **သီချင်းတွေကို နေရာ၊ ဒေသရွေးပြီးဖွင့်ရတယ်လို့ ဆိုလိုတာလား. . .။**



○ ဇော်ဇင် - ဟုတ်ကဲ့။ နေရာ ဒေသတင်မဟုတ်ပါဘူး။ အချိန်အခါနဲ့လည်းဆိုင်ပါတယ်။ ဒါသတွေ အဒုစုနဲ့ အလိပ်လိုပ်တက်ပြီး ပေါက်ကွဲနေတဲ့အချိန် ဇော်ဝင်းထွဋ်ရဲ့ အသည်းကွဲရေဒီယိုတိုဖွင့်ထားရင် ဘယ်လိုမှ ခံစားလို့ရမှာ မဟုတ်ပါဘူး။ အခု. . . အဲယားကွန်းဟိုးနိုးကားကြီးတွေမှာလည်း သီချင်းတွေဖွင့်ကြပါတယ်။ အေးအေးဆေးဆေးလေးနဲ့ ချောင်ချောင်ချိချိလေးဆိုတော့လည်း တစ်မျိုးပေါ့နော်။ ကားကျပ်တာကတော့ ကျွန်တော်တို့ဆီမှာတင် မဟုတ်ပါဘူး။ နိုင်ငံတော်တော်များများမှာလည်း ကျောင်းချိန်၊ ရုံးချိန်ဆို ကားကျပ်ကြမှာပါပဲ။ အဲဒီလိုကျပ်နေတဲ့အချိန်မှာ သီချင်းကလည်းဖွင့်၊ ဖွင့်တဲ့သီချင်းကလည်း တကယ့်ခေတ်ပေါ် အုပ်စုလိုက် သီချင်းဆိုတော့ စပယ်ယာကလည်း အော်ဟစ်၊ ခရီးသည်တွေကလည်း ကျပ်ညပ်တိုးဝှေ့၊ သီချင်းကလည်း ဘာတွေပြောနေမှန်းမသိ၊ စကားပြောနေတာလား၊ သီချင်းဆိုနေတာလား ဘာမှန်းကိုမသိတဲ့အချိန်မှာ မှတ်တိုင်ပါတဲ့လူကလည်း မှတ်တိုင်ပါတယ် အော်တော့ မကြားတော့ဘူး။ မှတ်တိုင်ကျော်သွားတော့လည်း ခရီးသည်ခမျာလမ်းပြန်လျှောက်ရတာပါပဲ။

■ ဇော်ဝင်းနိုင် - **ကျွန်တော်တို့ စကားလမ်းကြောင်း ပြောင်းနေတယ်လို့ထင်တယ်။**

○ ဇော်ဇင် - ခင်ဗျားကလည်း မေးတဲ့အခါ ကျယ်ကျယ်ပြန့်ပြန့် ဖြေနိုင်လောက်တဲ့အကြောင်းတွေ မမေးနဲ့ပေါ့ဗျာ။

■ ဇော်ဝင်းနိုင် - **ရေဒီယိုအကြောင်း ဆက်ပြောရအောင်။**

○ ဇော်ဇင် - ကျွန်တော် သိပ်မပြောတတ်ပါဘူး။ ဆရာ

www.burmeseclassic.com



ခမောင်ဆုရှင်ရေးထားတဲ့ ရေဒီယိုခေတ်မတိမ်သေးတဲ့အကြောင်းက ပိုဖတ်လို့ ကောင်းပါတယ်. . . ။

■ ဇော်ဝင်းနိုင် - မြန်မာ့အသံရဲ့ ထုတ်လွှင့်မှုအစီအစဉ်တွေကိုရော။

○ ဇော်ဇင် - ဟိုတလောက ဆရာမရွှေကူမေနှင်းရေးထားတဲ့ မြန်မာ့အသံဝန်ထမ်းဘဝက အကြောင်းလေးကို ဖတ်ရတယ်။ ဆက်ရေးရင် ကောင်းမှာပဲလို့ မျှော်လင့်မိတယ်။ မြန်မာ့အသံရဲ့ စုပါစတားတွေဖြစ်တဲ့ ဦးဇော်ဝင်းတို့၊ ဦးဝင်းမြင့်တို့ပါတဲ့ ဇာတ်လမ်းတွေကို အမှတ်တရကဏ္ဍတစ်ခုအဖြစ် ခဏခဏလွှင့်ပေးရင် တော်တော်ကောင်းမှာပဲ. . . ။

■ ဇော်ဝင်းနိုင် - မြန်မာ့အသံမှာ သီချင်းတောင်းဖူးလား။

○ ဇော်ဇင် - တောင်းဖို့ စိတ်ကူးထားပါတယ်။ အခုဆို ကျွန်တော်ကြိုက်တဲ့ရာသီဥတုရောက်နေပြီလေ. . . ။

■ ဇော်ဝင်းနိုင် - သီချင်းတောင်းတာ ရာသီဥတုနဲ့ ဆိုင်လို့လား။

○ ဇော်ဇင် - သီချင်းတိုင်းအတွက်တော့မဟုတ်ပေမယ့် ရာသီဥတုနဲ့ ဆက်နွယ်နေရင်တော့ သက်ဆိုင်ပါတယ်။ မြန်မာ့အသံရဲ့ သောတရှင်ပြန်ကြားချက်က ခဏခဏဖြေ နေပါတယ်။ နွေရာသီ နွေရာသီချင်း၊ မိုးရာသီ မိုးသီချင်းနဲ့၊ ဆောင်းရာသီ သီချင်းကို နားထောင်ရင် ဆောင်းဦးပေါက်ကို မျှော်ရမယ့်အတွက် ဒီဆောင်းမှာ ဆောင်းသီချင်းတွေကို စုဆောင်းနေပါတယ်။ ပြီးခဲ့တဲ့ မိုးရာသီ တစ်ခုလုံးမှာ (တော်တော်ကောင်းတဲ့ မိုးရာသီပါ) မိုးတွေက အဆက်မပြတ်ရွာ၊ ရေဒီယိုကလည်း ချိုဝေလွှင်ရဲ့ 'ဆိုးတဲ့မိုး သီချင်း' ကို အကြိမ်ကြိမ် လွှင့်ခဲ့ဖူးပါတယ်။ ဒါကြောင့်ပါ။



■ ဇော်ဝင်းနိုင် - ရေဒီယိုရဲ့ တခြားဘယ်ကဏ္ဍတွေကို ပိုကြိုက်သလဲ။

○ ဇော်ဇင် - ကျွန်တော် အကုန်ကြိုက်ပါတယ်။ မြန်မာ့ဂီတ နှီးစည်းဝါးဆိုရင် ဆရာကြီးဦးဂုမ္ဘာန်၊ ဆရာဦးသန်းမြင့်နဲ့ ဂမ္ဘာ့ဂီတ. . . စသည်ပေါ့လေ။ အမျိုးမျိုးအစုံစုံ၊ အဖုံဖုံကို ကြိုက်ပါတယ်။ ဖြစ်နိုင်ရင်တော့ ရေဒီယိုမှာ အောင်မြင်ကျော်ကြားခဲ့တဲ့ ရေဒီယိုအဆိုတော်တွေ တစ်ယောက်ချင်းရဲ့ သီချင်းအစီအစဉ်တွေကို နေ့စဉ် နာရီဝက်လောက် လွှင့်ပေးစေချင်ပါတယ်။

■ ဇော်ဝင်းနိုင် - ပြည်သူအားလုံးအတွက် ထုတ်လွှင့်နေတာ ကိုယ့်အကြိုက်ချည်းပဲရနိုင်ပါ့မလား။

○ ဇော်ဇင် - ကျွန်တော်ကလည်း တေးချစ်သူအားလုံးအတွက် ပြောတာပါ။ နည်းနည်းလေးပါ၊ နာရီဝက်လောက်ပါ. . . ။

■ ဇော်ဝင်းနိုင် - ဒီလောက်နဲ့တော်ရင်ကောင်းမလား. . . ။

○ ဇော်ဇင် - ခင်ဗျားမရပ်သေးလို့ ကျွန်တော်ဖြေနေရတာပါ. . . လက်ဖက်ရည်သောက်ချင်လှပြီ. . . ။

■

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အညာမရှိဘဲ အသီးကာဘာယ်မှာတွယ်မလဲ။

မြတ်မြတ်နိုးနိုး အောက်မေ့မှ အလွမ်းက အဖော်ဖြစ်နေတာ မဟုတ်ပါဘူး။ အပင်သန့်ရင် အဖူးက အရန်သင့်မဟုတ်လား။ သူမချစ်ပေမယ့်လည်း နည်းနည်းလေးတော့ လွမ်းနေကောင်းပါရဲ့ [illegible]သော အတွေးစကားကို အဆုံးသတ်လိုက်တော့ စင်ကာပူ၏ ချန်ဂီလေဆိပ်ကြီးကို လေယာဉ်ပျံကြီးကဆိုက်ပါပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူမြေကို ခြေချလိုက်ပြီဆိုသည်နှင့် အလွမ်းအလွင့်တွေက လေယာဉ်ပျံပေါ်မှာ နေရစ်ခဲ့ကြပါသည်။ (တစ်ခါတလေတော့လည်း ကိုယ့်ကိုယ်ကို မေးကြည့်ပါတယ်။ အား အားရှိ လွမ်းနေသလားလို့။ အား အားရှိတယ်ရယ်လို့ မဟုတ်ပါဘူး။ အချိန်ထွေပိုရင် လွမ်းမိသွားတာပါ။ အချိန်ကလည်း ပိုနေတတ်ပါတယ် အချိန်ကို အသက်လိုအရေးတကြီးတန်ဖိုးထားနေတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ယောက်ကများ ကျွန်တော့်စာ၊ ကျွန်တော့်စကားကို ဖတ်မိ၊ ကြားမိလို့ကတော့ ငကြောင်ဆိုပြီး အဖက်တော်လုပ်မှာ မဟုတ်ပါဘူး)

အခုလက်ရှိ ပစ္စက္ခအခြေအနေမှာ အချိန်ပိုဆိုလို့ လုံးဝမရှိပါဘူး။ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အစစကိုသာ ဖွဖွရပါသည်။ စင်ကာပူလေဆိပ်လှူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများကို ဦးစားပေးပြီး မေတ္တာပို့ရသည်။ အခုအချိန်မှာ သူတို့ အဆုံးအဖြတ်က အဓိက အကျဆုံးဖြစ်သည်။ ကိုယ်က အင်္ဂလိပ်စကားပြော တတ်လှချည်ရဲ့ဆိုဒွတ်ဒွတ်ဒက်ဒက်လုပ်နိုင်ဦးတော့ ဒုံးခနဲ တုံးထုပြီးဗီဇာ တစ်ပတ်ပေးချင်ပေးလိုက်သည်။ ပြုံးရုံသာ ပြုံးပြုံးလေးလုပ်ပြီး စကားခွန်းမှ မပြောသည့်လူက တစ်လနေခွင့်ရချင်ရသွားသည် ဘာတစ်ခုမှ အပိုင်ပြော၍မရ။ ကိုယ့်အလှည့်မှာ ကိုယ့်ကုသိုလ်သာဖြစ်သဖြင့် တထင့်ထင့်လျှင် ကျွန်တော့အလှည့်ရောက်သည်။ ကျွန်တော်ပြုံးပြထားတာကြာပါပြီ။ မျက်လုံးတစ်ချက်ကြည့်တဲ့ခါ မြင်နိုင်ကောင်းရဲ့ဆိုပြီး ရှေ့ကလူကို စစ်ဆေးနေစဉ်တည်းက ပြုံးပြထားတာပါ။ လှူဝင်မှုဝန်ထမ်းအမျိုးသမီးက



ရှေ့ကလူကို တရစပ်မေးနေသည်။ ထိုသို့မေးလေ ကျွန်တော့်မှာကြောက်စိတ်ကကြီးမားလေဖြစ်သည်။ လေဆိပ်အပြင်မှာဘယ်သူတွေ ဘယ်နှစ်ယောက်က ဘယ်လောက်ပဲ အကြိုစောင့်နေစောင့်နေ ဒီနေရာလေးမှာ အဆင့်မပြေလို့ကတော့ လှည့်ပြန်ရုံသာရှိသည်။

ရှေ့ကလူမှာလည်း သူမေးသမျှကို သယ်. . သယ်. . ဟယ်. . . ဟယ်နှင့် ပြန်တော့ဖြေနေရှာပါသည်။ သူ့အဆင်ပြေမှ ကိုယ်သေချာဖို့နီးစပ်မည်။ သူအဆင်မပြေရင် စိတ်အနှောင့်အယှက်က ကူးစက်ပြီး မျှော်လင့်ချက် နည်းသွားနိုင်သည်။ သိပ်မကြာ. . . အဆင်ပြေသွားပြီး ထိုလူအထဲဝင်သွားမှ အသက်ဝဝရှူ ရတော့သည်။ ထိုအမျိုးသမီးရှေ့ရောက်တော့လည်း အသက်ရှူကြ ပြန်ကျပ်လာပြီး အာခေါင်ခြောက်လာသည်။ တံတွေးကို ခဏခဏ မျိုနေရင်လည်း တစ်မျိုးထင်ဦးမည်။ ခက်ခက်ခဲခဲနှင့် ကိုးရိုးကားရား မေးလို့ကတော့ အိုးနင်းခွက်နင်း ဖြစ်ပြီလို့သာမှတ်ပေတော့ဟု စိတ်က ဖြစ်နေသည်။ သူက ကျွန်တော့်ပတ်ပို့စ်ကို ဖွင့်ကြည့်ပြီး ကျွန်တော့်မျက်နှာကိုကြည့်သည်။ ချက်ချင်းဆိုသလိုပဲ နောက်တစ် ခေါက် စာအုပ်ကိုတစ်လှည့်၊ မျက်နှာတစ်လှည့် ထပ်ကြည့်သည်။ ထိုအချိန်မှာ ကျွန်တော်ပြုံးမနေတော့ပါ။ စောစောက အပြုံးမှာ လည်း နှုတ်ဆက်သည့်သဘောမျိုးဖြင့် ပြုံးလိုက်ခြင်းသာဖြစ်သဖြင့် အခုအခါ ဓာတ်ပုံထဲကအတိုင်းတည်ထားမှ ဖြစ်ပါလိမ့်မည်။ ကိုယ်တွေ့ကတော့ပြုံးလည်းကိုယ်၊ တည်လည်းကိုယ်မဟုတ်လား။ သို့သော်လည်း သူ့အမြင်မှာ မျက်လုံးအားနည်းပြီး ပြုံးတာက တစ်ယောက်

www.burmeseclassic.com



တည်တာကတစ်ယောက်ထင်သွားရင် သက်သက် ဒုက္ခရောက်သွားနိုင်သည်။ သူက ခဏခဏကြည့်တော့ ကျွန်တော့် မှာ စာတ်ပုံထဲက ငါနဲ့ အပြင်က ငါဘာများဆန့်ကျင်ဘက် တွေဖြစ် နေသလဲဆိုပြီး စိတ်ပူနေတာအမှန်ပါ။ ဟိုကြည့် ဒီကြည့် ကြည့်သည့်အကြည့်ကြားထဲမှာပဲ စာအုပ်ပေါ်မှာ ဗီဇာတုံးကို ထုလိုက်တော့မှ စာအုပ်ကိုလှမ်းယူပြီး မပြေးရုံတမယ် လျှောက်လှမ်းလာခဲ့ရတော့သည်။ ထိုအခါကျမှ လေဆိပ်အဆောက်အအုံတစ်ခုလုံး ဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံတကာ ခရီးသွားတွေကို အားရပါးရကြည့်ခွင့်ရသည်။ ထိုအခါကျမှ လာကြိုနေသော အစ်မကိုမြင်တော့သည်။

ထိုအခါကျမှ. . ကျွန်တော် သူ့ကိုပြန်လည်သတိရမိလိုက်ပါသည်။

(ဝင်ခွင့်ဗီဇာရရှိလိုက်သော ရက်သတ္တနှစ်ပတ်မှာ နှစ်မိနစ်လောက်တော့ သူ့ကို သတိရခွင့်ရှိတယ်မဟုတ်လား)

* * *

နေခွင့်သက်တမ်း ၁၄ ရက်မပြည့်မီ နှစ်ရက်အလိုမှာမှ ကံကောင်းထောက်မစွာ အလုပ်တစ်ခု E.Pအတွက် တင်ခွင့်ရရှိခဲ့သည်။ ကျွန်တော်နေသောနေရာနှင့် အလုပ်ရှိသောနေရာမှာ အရှေ့နှင့် အနောက်လိုဖြစ်နေသဖြင့် အလယ်ခေါင်လောက်ကျသော 'အောက်ထရွမ်ပတ်ခ်'ကို ပြောင်းရွှေ့ခဲ့ရသည်။ အလုပ်ကကြိုပို့အတွက် ဖယ်ရီရှိသော်လည်း ကျွန်တော့်နေရာအထိ မလာသဖြင့် အောက်ထရွမ်ပတ်ခ်မှနေ ကွင်းစ်တောင်းန်အထိ မီးရထားနှစ်ဘူတာစီးရသေးသည်။ အလုပ်ချိန်မှာ မနက်ရှစ်နာရီဆယ့်ငါးမှ



ဖြစ်သော်လည်း ကျွန်တော့မှာ ဖယ်ရီလာမည့်ခုနှစ်နာရီအရောက်ထိုနေရာကို ရောက်အောင်သွားရသည်။ ထို့ကြောင့် နေ့စဉ် နံနက်ငါးနာရီထ၊ ရေချိုး၊ ပြီးတာနှင့် ကျွန်တော်နေသော စပို့တီးဝုဒ်ပတ်ခ်လမ်းထပ်က ကုလားဆိုင်မှာ ပလာတာနှစ်ချပ်နှင့် ပဲဟင်းကိုစား (သူတို့ဆီက စင်ကာပူအကြွေနှင့် ငါးမူးပေးရသည်) ဘူတာကိုလစ်၊ မီးရထားစီးရတော့သည်။ ဖယ်ရီမစီးဘဲ ကိုယ့်ဘာသာကိုယ်သွားမည်ဆိုလည်း တစ်နာရီလောက်နောက်ကျပြီးမှ အိပ်ရာထရသည်။ သို့သော်လည်း အိပ်ရာထဲမှာ တစ်နာရီပိုအိပ်လိုက်ရသော အရသာက ရုံးချိန်နီးလို့လိုင်းကားကျပ်တာနှင့်တိုးလျှင် စိတ်ပျက်စရာဖြစ်သွားနိုင်သည်။ သူတို့ဆီက လိုင်းကားတွေမှာ လူကျပ်နေလို့ကတော့ ဆင်းမယ့်သူမရှိလျှင် လုံးဝမရပ်တော့။ ကျွန်တော့်မှာက ကိုယ့်ဘာသာကိုယ်သွားရလျှင် သိပ်မလွယ်၊ မီးရထားကို ဘူတာခရီးစဉ်ဆုံးအထိ စီးရမည်။ ပြီး (၁၉၃)ကားကို ငါးမှတ်တိုင်ထပ်စီးရဦးမည်။ အဆင်မသင့်လျှင် အလုပ်ချိန် တိုင်းကတ်လေးမှာ မင်နီသွားနိုင်သည်။

ဒါတွေတင်မကဘဲ ကျွန်တော်အလုပ်လုပ်သော C.O.S ပရင်တာကုမ္ပဏီအကြောင်း၊ ကျွန်တော် ကိုင်တွယ် ရိုက်နှိပ်ရသော ဟိုက်ဒရိုဘတ်ပုံနှိပ်စက်အကြောင်း၊ ကျွန်တော်နှင့် တွဲလုပ်ရသော သူငယ်ချင်းတွေအကြောင်း. . . အကြောင်းပေါင်းအစုံကို သူ့ထံစာရေးလိုက်သည်။ ကျွန်တော်ပြန်စာမရပါ။ ဒုတိယတစ်စောင်ရေးတော့လည်း စာမရောက်သလို ခပ်တည်တည်ပါပဲ။ တတိယအစောင်ကို ရေးသည့်အခါမှာတော့ စိတ်၏ဆုံးဖြတ်ချက်များစွာပါပါသည်။ နောင်ကို ဘယ်တော့မှ စာမရေးဟု ဆုံးဖြတ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ဖြစ်ဖြစ် သတိမရအောင်လေ့ကျင့်ခြင်း၊ ရင်ထဲမှာ ဘယ်တော့မှရှိတယ်လို့ကို မထင်အောင် မွေးမြူအားထုတ်ခြင်းတို့ဖြစ်ပါသည်။ ထိုထိုသော ဆုံးဖြတ်ချက်ကျင့်စဉ်များနှင့်ရေးပြီး သိပ်မကြာ အလုပ်ကအပြန် တစ်နေ့မှာ . . .

'ကိုဇော် စာတစ်စောင်နဲ့ ပါဆယ်တစ်ထုပ်ရောက်နေတယ်'

ကျွန်တော့်အခန်းဖော်ဦးကိုက ပြောလည်းပြော ပစ္စည်းကိုပါ လှမ်းပေးသည်။ နောက်တာလားဆိုသည့်အကြည့်ဖြင့် သူတို့အားလုံးကို ကျွန်တော်ကြည့်လိုက်သည်။ အားလုံးဆိုသည်မှာ ဦးကိုအပါအဝင် ကိုကျော်မြင့်နှင့် ကိုဒွေးလွင်တို့ကိုပါဆိုလိုခြင်းဖြစ်သည်။ သူတို့သုံးယောက်စလုံးက ဂျီသြလော်ဂျစ် E.P တွေ။ ကိုဒွေးလွင်က

'ဖွင့်လေဗျာ. . . ခင်ဗျားပြောပြောနေတာပဲဖြစ်မှာပေါ့'

ဟုပြောသော်လည်း ကျွန်တော်မယုံပါ။ ချက်ချင်းပဲ ကျွန်တော်ဖွင့်လိုက်ပါသည်။ ပါဆယ်ထုပ်မှာက ကက်ဆက်ခွေလေး တစ်ခွေ။ စာအိတ်ကို အသားမပါအောင် ဖွဖွဖွင့်ပြီး အထဲက စာခေါက်ကို ဖြန့်လိုက်တော့ စာတစ်လုံးမှ မပါဘဲ အလွတ်ကြီး ဖြစ်နေသည်။ ကျွန်တော်မျက်နှာပျက်နေတာကို သူတို့သုံးယောက်စလုံးသိနေမှာပါ။

'မအားလို့ မရေးလိုက်တာလားမသိဘူး'

ဦးကိုစကားကို ဟိုနှစ်ယောက်က ဝါးခနဲထရယ်သည်။ တစ်ဖက်သားကို အလွန်အားနာတတ်သည့် ဦးကိုက ထိုစကားကို နောက်ပြီးပြောခြင်းမဟုတ်မှန်းကျွန်တော်သိသည်။ တကယ့်ကို



စိတ်ဖြေရာပြေရာပြောခြင်းဖြစ်သော်လည်း ကျွန်တော်အဖြစ်က အများအလယ်မှာ တကယ့်ဟာသလိုပင်။ ကိုကျော်မြင့်က ကျွန်တော့်လက်ထဲက ကက်ဆက်ခွေလေးကို လှမ်းယူပြီး

'ဒါဆို သေချာပြီကွ. . .။ သူပြောချင်တာတွေကို ဒီကက်ဆက်ခွေထဲမှာ ပြောချင်ပြောထားမှာ။ ကဲ. . . ရော့ ဖွင့်ပြီး နားထောင်ကြည့်'

ဟုဆိုကာ ကက်ဆက်ကိုအလယ်ခေါင်ချလိုက်သည်။ လက်မြန်ခြေမြန်နှင့် ကိုဒွေးလွင်က ဖွင့်လိုက်သည့်အခါသီချင်းတွေ ဖြစ်နေသည်။

'ဟ ရေဒီယိုသီချင်းတွေကွ'

ဆိုပြီး သူတို့သုံးယောက်သား ဟေးခနဲ ထအော်တော့ ကျွန်တော့်စိတ်ကလေးက လက်ခနဲလန်းဆန်းသွားသည်။

ဒါတစ်ခုခုပဲ. . . ဟု ဆုတောင်းရပါသည်။

* * *

သူတို့ကလည်း ရေဒီယိုသီချင်းဆို အသည်းအမည်းမို့ သူတို့ဝအောင် နားထောင်ပြီးတော့ ညဆယ့်နှစ်နာရီထိုးနေပြီ။ ညတိုင်းမှာလည်း ဦးကိုရဲ့ ကိုသန်းလှိုင်လက်ရွေးစဉ်၊ ကိုကျော်မြင့်ရဲ့ ဘွဲ့တေးသိန်းတန်၊ ကိုဒွေးလွင်ရဲ့ ရေဒီယိုပြန်ဆိုတေးတွေနားထောင်နေကြတာပါပဲ။ ခါတိုင်း ခုလိုစနေနေ့ညဆိုလျှင် ကျွန်တော် တစ်ယောက်တည်း သန်းခေါင်ယံရုပ်ရှင်ကို သွားကြည့်နေကျဖြစ်သဖြင့် သူတို့ကသတိပေးသေးသည်။ ဒီညတော့ ကျွန်တော် မသွားချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား မနက်ကျရင်လည်း 'တိုပါးရို'မလိုက်ဖြစ်တော့ဘူး မဟုတ်လား'

ဟု ကိုဒွေးလွင်က လှမ်းမေးသည်။ 'တိုပါးရို'မှာ မြန်မာဘုန်းကြီးကျောင်းရှိသည်။ အလုပ်ပိတ်ရက် တနင်္ဂနွေနေ့တိုင်း သွားနေကျမို့ လှမ်းပြောလိုက်ခြင်းဖြစ်သော်လည်း သူ့ကို ပြန်မဖြေမိတော့။

နားကြပ်ကက်ဆက်လေးကို ရင်ဘတ်ပေါ်တင်ပြီး ခလုတ်ကလေးကိုနှိပ်လိုက်ပါသည်။ စလာမည့်သီချင်းက ဘာဆိုတာကိုလည်း သူ့လက်ရေးနှင့် ရေးထားသော ကာဗာပေါ်က အညွှန်းလေးကို ကြည့်ရသည်။ အခုအချိန်မှာ ဘယ်လိုအဖျားအနာကိုပဲဖြစ်ဖြစ် မီရာဆွဲပြီးအဖြေရှာရမယ့် အခြေအနေရှိပါသည်။ ပထမဆုံးသီချင်းတစ်ပုဒ်ကိုပဲကြည့်။ 'လှလှရီ'၏ 'ချစ်သောမောင်ရယ်'ဆိုသည့်သီချင်းဖြစ်သည်။ ချစ်သောမောင်ရယ်ဆိုသော သီချင်းခေါင်းစဉ်ကို ကြည့်ပြီး ရည်ညွှန်းတင်စားလိုက်တာလားဟု ထင်လျှင် အဖြေမှန်မရနိုင်။ သီချင်းအစမှာ . . .

♫ အချစ်ကို ယုံစားထားလို့ × × × မှုန်ဝါးဝါးတော့
မလုပ်နဲ့ မောင် × × ×♫

ဟု ဆိုသဖြင့် ထိုတစ်ကြောင်းတည်းကိုပဲ ဦးတည်ပြီး နင်ကအဲဒီလိုကောင်ဟု ရည်ရွယ်ပြောဆိုတာလည်း ဖြစ်နိုင်သည်။ ကိုယ်ကသာ မျှော်လင့်ချက်ကလေးတစ်ခုနှင့် စေ့စေ့ပေါက်ပေါက် လျှောက်တွေးပြီးအဖြေရှာနေတာ။ နောက်ဆုံးသူက

'ဩော်. . . ငါက နင် အပျင်းပြေနားထောင်ရအောင် ပို့လိုက်တာပါ။ ဘာရယ်မဟုတ်ပါဘူး'



ဆိုပြီး ပိတ်ပြောတော့လည်း ဘာမှ မတတ်နိုင်။

♫ × × × ကျွန်မစိတ်မှာ တကယ်ပဲမကြိုက် × × ×
ယောက်ျားဆို × × × တည်တည်တံ့တံ့ × × × ကြည်လင်
သန့်သန့် နေမှကြိုက် × × × ခုတော့လေ × × × သူနဲ့
ကျွန်မက × × × ရှောင်လိုက်တိမ်းလိုက် × × × လွန်နေပြီ
ကော × × ယိုးဒယား အကထဲက သမင်လိုက် × × ♫

'သမင်လိုက်'ဆိုသော သီချင်းဆုံးသွားတော့ ကျွန်တော် အတည်အတံ့မနေတာ။ သန့်သန့်ပြန့်ပြန့်မနေတာကို ပြောချင်ပုံရသလား မသိဘူးဟု အောက်မေ့ရသည်။ သီချင်းတစ်ပုဒ်ဆုံးလိုက်၊ အဖြေတစ်ခါထုတ်လိုက်နှင့် တရွေ့ရွေ့ညမှာပါသွားလိုက်တာ အောက်ဆုံးတစ်ပုဒ်ကို နားထောင်ပြီး အတွေးတွေက ပျံ့လွင့်သွားသည်။ ကိုယ်လိုချင်သောအဖြေကို ရှာမရသည်ပဲထား . . . သီချင်း လေးကို ခံစား၍ ကြိုက်နေသည်။

♫ မချစ်လာပါနဲ့မောင်ရယ် × × × မချစ်လာပါနဲ့မောင်
ရယ် × × × ရှင့်စေတနာ × × × မေတ္တာ ဒီစကားနဲ့
အမြဲလိုပဲ × × × မောင်စကားကြွယ် × × နောင်မှားဝယ်
×မယုံနိုင်လွန်းလို့ × × မချစ်လာပါနဲ့မောင်ရယ်× × ♫

သီချင်းအားလုံး၏ ဦးတည်ချက် ကိုးဆယ်ရာခိုင်နှုန်းသောက်က မယုံကြည်ရခြင်းနှင့် ပြောင်တောင်တောင် နောက်တောက်တောက် မလုပ်စေချင်ခြင်း အဓိပ္ပာယ်က ပေါ်လွင်နေသည်။ ပညာသားပါပါပေးပြီး နားထောင်ခိုင်းလိုက်တာပဲဟု ထိုတ်ပြီး ချီးကျူးမိပါသေးသည်။ ထိုသီချင်းကိုပဲ အခေါက်ခေါက် နားထောင်မိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



♬ ကြင်တယ် × × × ခင်တယ် × × × ညာပါနဲ့ × ×
ရင်လှပ်လှပ်ခုန် × × × မယုံနိုင်တော့ဘူးကွယ် × ×
မောင်ညာခဲ့တာတွေ × × × ကြားယောင်နေတယ် ×
× နေရထားကြီးပျောက်ကွယ်ပြီးတာမှ × × × မုန်းရမယ
ဆိုတာတွေရယ် × × × အမှတ်မှရပါရဲ့လားကွယ် × ×
× ကိုရွှေပိုကြီးရယ် × × × အဖြီးအဖြန်းမှာ × ×
တော်တော်လည်းတတ်နိုင်လွန်းလို့ × × မချစ်လာပါနဲ
မောင်ရယ် × ×♬

'မာသီ'၏ 'မချစ်လာပါနဲ့မောင်ရယ်' သီချင်းလေးကို ကျွန်တော် ဘယ်နှခေါက်နားထောင်လိုက်မိတယ်မသိ။ မိုးစင်စ လင်းလုမတတ် ဖြစ်သွားသည်။ တစ်ပတ်မှာ တနင်္ဂနွေတစ်ရက် တည်းသာ အနားရပြီး အားရပါးရ အိပ်ရသော ကျွန်တော့်အ ဒီတနင်္ဂနွေမှာ လုံးဝအိပ်၍ မရတော့ဘဲ စင်ကာပူမြို့လယ်ခေါင်မှ တလေလေလျှောက်နေပစ်လိုက်တော့သည်။

နောက်ဆုံး မြန်မာဆိုင်တွေရှိသော 'ပင်နီဆိုလာ'ကို သွားပြီး 'တော်ဝင်'ဆိုင်က မဟေသီမဂ္ဂဇင်းဝယ်ပြီး ပြန်လာခဲ့ တော့သည်။

* * *

နောက်တစ်ပတ်အကြာမှ ကျွန်တော်လခထုတ်သည် ဆယ့်ငါးရက်တစ်ခါ လခထုတ်ရသောကြောင့် ငွေပြတ်ရက် မရှိဘဲ အဆင်ပြေသည်။ ဒီတစ်ခါ ထုတ်သောလခကို သူ့အတွက် ရည်စူးပြီး လက်ဆောင်ပစ္စည်းတွေ ဝယ်ပစ်လိုက်သည်



နီးကလေး အသုံးအဆောင်တွေမို့ လိုက်ဝယ်ပေးမို့ အလုပ်ထဲက သူငယ်ချင်းမလေး ဘွန်ဟောင်းကို အကူအညီတောင်းခဲ့ရသည်။ ဘွန်ဟောင်းကလည်း တစ်လမ်းလုံးနားကြပ်ကက်ဆက်လေးထဲမှာ ကျွန်တော့်ရေဒီယိုသီချင်းခွေကို ဖွင့်ပြီး လမ်းလျှောက်နားထောင် သည်။ ပစ္စည်းတွေအားလုံးဝယ်အပြီး ချိုင်းနားတောင်းမှာ ဘွန်ဟောင်းနှင့် ထမင်းစားသည်။ ပြီးပြန်ပို့မယ်လုပ်တော့ သူက တယ်ဆိုပြီး တစ်ယောက်တည်းပြန်သွားသဖြင့် ကျွန်တော်လည်း ပြန်လာခဲ့တော့သည်။

အခန်းထဲရောက်သည့်အခါ ဦးကိုတို့သုံးယောက်စလုံး အိပ်မောကျနေသဖြင့် ဘာပစ္စည်းက ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာကို ဦးတည်ထားတာဆိုတဲ့အကြောင်းတွေ ပြောပြ၍မရတော့။ အိပ်သေးတာမှ မဟုတ်ဘဲ။ သူတို့ထဲက တစ်ယောက်ယောက် ညစ်ရေးနိုးလာရင်တော့ ရှင်းပြလိုက်မယ် စိတ်ကူးပြီး တီဗီက အော်စကာဆုပေးပွဲကို ထိုင်ကြည့်နေလိုက်သည်။ ဆောက်လုပ်ရေး တစ်ခုမှာလုပ်နေသော ကိုထွန်းလွင်က ကော်ဖီတစ်ခွက်ကမ်း ပေးရင်း . . .

'ဖိုးဇော်. . မအိပ်သေးရင် ဒီသတင်းစာကို ကိုကျော်ကြီး ပြန်လာရင် ပေးလိုက်ကွာ။ ငါနှပ်တော့မယ်'

ဒီအိမ်မှာက ကျွန်တော်တို့ဆီက သတင်းစာကို မမြတ်သ ဘဲ ဖတ်ရသည်။ ကိုကျော်ကြီးကလေဆိပ်သွားရင်းပါလာတာ ... မြန်မာပြည်က ပြန်လာသော ညှော်သည်တစ်ယောက်မဟုတ် တစ်ယောက်က ပါလာတာမျိုးမို့ နေ့စဉ်မဟုတ်တောင် တစ်တိုက်ကို ... စောင်တော့ဖတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း သတင်းစာကို ကောက်အဖတ်မှာ.. တစ်ဆံချည်မျှ မလွဲဘဲ ကျွန်တော်မျက်လုံးထဲ သူ့နာမည် တည့်တည့်ဝင်လာသည်။ အဲဒီအချိန်ကလေးဟာ ဘာကိုမှ ဘာ အလားသဏ္ဍာန်တူပါတယ် ဆိုသော ဥပမာတစ်ခုနှင့်မှတော နှိုင်းယှဉ်၍မရသော အချိန်တစ်ချိန်ဖြစ်ခဲ့ရပါသည်။ ဒါအံ့ဩစ မှ မဟုတ်ဘဲလေဟု ငြင်းနေရင်တောင် ကိုယ်ကမင်သက်မိနေသ


ဘာမှမဆိုင်တာဘဲ . . . လို့ အားလုံးဝိုင်းပြီး ပြောခဲ့ကြ လည်း ကျွန်တော့အမောနဲ့ 'အောက်မေ့နေတဲ့ သောကဝန် သူဘယ်လိုမှ ငြင်းဆန်လို့မရပါဘူး၊ ဒါ သတင်းအမှားမဟုတ်ပါဘူ ကျွန်တော်အထပ်ထပ်ပြန်ကြည့်လည်း စေ့စပ်ကြောင်းလမ်းခြင်း 'ခွာညို' ဆိုတဲ့ အမည်က ပြောင်းသွားမှာမှ မဟုတ်တာ။

* * *

ဘာကိုမှ သိသိတတ်တတ်ကြီးရှိလှတယ်လို့ မဟုတ်ပါဘူ အညာမခိုင်တော့လည်း အသီးကို ဘယ်နိုင်ပါ့မလဲ။ ဒီတင် အသည်းက အက်လာတာပါ။

■





www.burmeseclassic.com

အကွာအဝေးအတိအကျကိုလည်း မသိသလို ရှိလည်းမရှိနေတဲ့ နှလုံးသားခရီးသွားတွေကတော့ ဘယ်ခြေလှမ်းလှမ်းစမ်းတဝါးဝါးဖြစ်မနေဘဲ ရဲရဲနှင်းလျှောက်သွား လိုက်ကြတာပါပဲ။ တချို့က ခရီးစဉ်အစနှင့်အဆုံးမှာ တစ်ခုတည်းဖြစ်နေပြီး တချို့ကျတော့လည်း ထိုခရီးမှာ တစ်ခါက်တည်းနှင့်မပြီး၊ အကြောင်းကြောင်းကြောင့် အခေါက် ခေါက် အခါ သွားခဲ့ရပြီး လိုရာကိုမရောက်ခဲ့ရသော ခရီးသည်အတွက်မှာတော့ ခရီးသွားလက်မှတ်ဒါဇင်ပေါင်းများစွာကို ကိုင်ဆောင်ပြီး ယောင်ပေပေဖြစ်နေသူမှာ ကျွန်တော်ကလွဲ၍ တခြားရှိမည်မထင်ပါ။ ဘယ်သူမှမရှိလို့ ကိုယ်တစ်ယောက်တည်း ဆိုငြားမယ့်လည်း ကိုယ့်အလဲလဲအကွဲကွဲကို ကိုယ်ပဲသိတယ်ဆိုပြီး လက်မထောင်၍ မရပေ။ သိနေတဲ့သူမတို့၏ဝန်းကျင်တွေကတော့ ကြုံရင်ကြုံသလို သတိတရအားတိုက်ရယ်မောရင်း အပျင်းပြေ ပြောတတ်ကြသည်ကို နှက်လှစွာသိသိနေရသည်။ သိပေမယ့်လည်း ကျွန်တော်ကတော့ ဆုံးကိုငြိခဲ့သည်ချည်းပင်။

* * *

www.burmeseclassic.com



ဒီမျက်နှာလေးကို မြင်ဖူးပါတယ်. . . ဆိုပြီး ကြည့်နေရင်း ဆွေသက်ဝေမှန်းသိလိုက်သည်နှင့် တစ်ဖက်အချိုးကို ကွေ့လိုက်သော်လည်း ကျွန်တော် နောက်ကျသွားပါသည်။ ခြေအလှမ်းက သူ့အကြည့်လောက်အလျင်မပါတော့လည်း 'ဟိတ်'ဆိုသည့် သူ့အသံက လူကြားထဲခါးပိုက်နှိုက်ဖမ်းသလို ကျယ်လောင်လှပေသည်။ မျက်နှာချင်းဆိုင်သည်နှင့် ဈေးထဲမှာ တစ်ပတ်ပတ်နေကတည်းက ဖျတ်ခနဲ့လို တွေ့လိုက်မိသည့်အကြောင်း၊ သို့သော်လည်း ဗိုလ်ချုပ်ဈေးလိုနေရာမျိုးမှာမို့ မဖြစ်နိုင်ဘူး ထင်ပြီး အမှတ်တမဲ့နေလိုက်ခြင်း ပြောလိုက်တာ သူ့စကားက ဗိုလ်ချုပ်ဈေးသို့ ကျွန်တော်မဝင်ရဆိုသည့် အဓိပ္ပာယ်ပေါက်နေသည်။ တကယ်လည်း ဗိုလ်ချုပ်ဈေး ဆိုတာ ကျွန်တော်ကောင်းကောင်း သွားတတ်သောနေရာ မဟုတ်ပါ။ ဗိုလ်ချုပ်ဈေး ထဲမှာရောင်းတဲ့ မြန်မာမုန့်လေးတွေကောင်းလို့ အမေ့အတွက် အစ်မတွေဝယ်ခိုင်း၍ သာ ကျွန်တော်ရောက်လာရခြင်းဖြစ်သည်။ ခုထိလည်း မြန်မာမုန့်တွေကို ကျွန်တော် မတွေ့သေး။

မတွေ့မိခင်မှာ လွတ်အောင်ရှောင်၍ ရနိုင်သော်လည်း တွေ့သည့်အခါမှာတော့ ခရီးသွားဟန်လွှဲစကားလောက်နှင့် ဘယ်လိုမှလှည့်ပြန်၍ မရတော့ပါ။ ကျွန်တော် ကတော့ သူအခုအချိန်ထိ ကျွန်တော့်ကိုအထင်လွှဲနေဆဲ၊ ဒေါသဖြစ်နေဆဲ၊ မတွေ့ချင်၊ မုန်းတီးနေဆဲ. . ဟု ယူဆပြီး ဘယ်အချိန်၊ ဘယ်နေရာမှာတွေ့တွေ့ ရှောင်ခဲ့လိုက်သည် ပဲဖြစ်သည်။



"အခု သက်ဝေနဲ့ အဖော်ခုဏလိုက်ခဲ့ပေးဦး။ပြီးရင် မြန်မာမုန့်ဆိုင်တွေ လိုက်ပို့ပေးမယ်"

ကျွန်တော်ခေါင်းညိတ်ရင်း သူ့လက်ထဲက ပစ္စည်းဝန်ချို့ကို လှမ်းယူ၍ ကိုင်ထားပေးလိုက်သည်။ ထိုအချိန် သက်ဝေကပြုံးပြီး အကြာကြီးစိုက်ကြည့်သည်။ ထိုအပြုံးကိုမြင်တော့ အံ့နှစ်နှစ်ဆယ်နီးနီးဆိုတာ အကြာတာပါလိမ့်. . ဟု အောက်မေ့ မိသည်။ ကျွန်တော်သူ့ကို အစဉ်အမြဲအလွတ်ရခဲ့သည်။ အကျွမ်းတဝင်ခင်တွယ်ရုံ သက်သက် မဟုတ်ပါဘူး၊ ဘယ်သူမှမသိအောင် နက်နက်ရှိုင်းရှိုင်း နှောင်တွယ်နေထိုင် ခဲ့တာပါ။

ဈေးတစ်ဈေးလုံးကို တစ်တန်းဝင်၊ တစ်တန်းထွက်ဝယ်ရင်း၊ လျှောက်ရင်း ကျွန်တော့ကိုလည်း တတွတ်တွတ်စကားလှည့်ပြောရင်း ဖျတ်လတ်သွက်လက်နေ သော သက်ဝေကို တိုးအရင်ကလိုမြင်ရသည်။ လုံးဝဟန်မဆောင်တတ် သူမို့ သူအခုအချိန်မှာ ကျွန်တော့်အပေါ် ဒေါသတွေရှိမနေကြောင်း၊ မုန်းစိတ်တွေရှိမနေ ကြောင်း အတတ်သေချာပြော၍ရပါသည်။

အသေချာဆုံးကတော့ 'ကံ့ကော်တောက ဥဩလေးများ' သီချင်းကိုကူးပေး ပြီး အင်းလျားကန်ပေါင်ပေါ်မှာ ကျွန်တော်ကိုယ်တိုင် အစအဆုံးဆိုပြခဲ့ရသော ကာလများက ဆွေသက်ဝေ ပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



♫ ကိုးလလွယ် × × × ဆယ်လမွေး × × × ငယ်ရွယ်နုနယ်
စဉ်က နို့ချိုတိုက်ကျွေး × × × လူ့ဘဝဝယ် × × × အချော်
ချခဲ့ရတဲ့ × × × အနွံ့အတာခံကာ × × ×
ကြီးမားသောမေတ္တာများနဲ့ × × × ပြုစုလာခဲ့ပေ × × ×
ချစ်မေမေရဲ့ ဂုဏ်ကျေးဇူးတွေ × × × ဆပ်လို့မကုန် ×
× × ဝသုန် ဤမြေ ဆုံးတိုင်အောင်လေ × × ×♫

အခြေအနေက ဘယ်အချိန်ချည်နှောင်ပြီး ရစ်ပတ်ခဲ့သလဲဆိုတာကို လုံးဝမသိ လိုက်လည်း ဖြတ်မယ့်ဆဲဆဲမှာ မဖြစ်မနေသိရလေတော့သည်။ ထိုနေ့က အတန်းချိန် တစ်ချိန်ကို ကျွန်တော်မတက်ဖြစ်တော့ဘဲ စာကြည့်တိုက်ဖက်ကို လျှောက်လာခိုက်. . . မျက်နှာချင်းဆိုင်မှ မောင်းလာသော သက်ဝေတို့အိမ်ကကားကို တွေ့လိုက်ရသည်။ ဩော်. . သူလည်းငါ့လို အတန်းမတက်ဖြစ်ဘူးထင်တယ်. . . ဟု ထင်ပြီး ကားအရပ်ကို စောင့်လိုက်သည်။

"ဟာ. . . ဒေါ်ဒေါ်"

ဆွေသက်ဝေ၏အမေကို တွေ့လိုက်ရ၍ အံ့ဩသွားသည်။ သက်ဝေကျောင်း မတက်ဖြစ်တာကို လာပြောတာတော့ မဖြစ်နိုင်။ တက္ကသိုလ်မှာ သားသမီးနေမကောင်း လို့ ကျောင်းတစ်ရက်လောက် ခွင့်ပေးပါဆိုပြီး ခွင့်စာလာတင်သော မိဘမျိုးတစ်ခါမှ မတွေ့ဖူးခဲ့။ သက်ဝေကော. . . ဟု မေးမည်အပြုပဲ. .

"မောင်ဇော်. . . အချိန်ရရင် စကားနည်းနည်းပြောချင်လို့. . . အတန်းရှိရင်တော့ တက်နော်၊ အတန်းအားတဲ့အချိန် အိမ်ကိုခဏလောက် လာခဲ့ပါလား။ သမီးတော့ မသိစေချင်ဘူးနော်"



ပိုပြီး အံ့ဩရပြန်သည်။ လူကြီးတစ်ယောက်ကို မတ်တတ်ရပ်ရက်ကြီးကနေ မေးလို့လည်း မကောင်းသဖြင့် ကျွန်တော် အချိန်ရပါတယ်ဆိုပြီး ကားပေါ်တက်ထိုက် လိုက်သည် စာသင်ခန်းထဲက ဆွေသက်ဝေကတော့ အပြင်မှာ ဖြစ်နေတာတွေကို ဘာတစ်ခုမှ သိမှာမဟုတ်။ တစ်လမ်းလုံး တိတ်ဆိတ်စွာလာခဲ့ကြသော်လည်း ကျွန်တော့် ရင်ခုန်သံကို ကျယ်လှပြီအောက်မေ့နေသည်။ ဒေါ်ဒေါ်က နောက်ခန်းမှ ထိုင်လာသဖြင့် ကျွန်တော့်ရှေ့မှာ ဝင်ထိုင်စဉ် ဒရိုင်ဘာကြီးက ပြုံးပြတာတစ်ခုပဲရှိသည်။ ကားအမြန်မောင်း၍ တိုးဝင်လာသော ဝှီးခနဲ၊ ဝှီးခနဲလေသံနှင့် ကိုယ်စီ ကိုယ်ပိုင်အသက်ရှူသံမှလွဲပြီး တခြားဘာသံမှ မကြားရ။ သက်ဝေတို့ ဒရိုင်ဘာကြီးကတော့ ရုပ်ရှင်တွေထဲက သက်တော်စောင့်ကြီးတစ်ယောက်လို ပါပဲ။ ဘာစကားမှမပြော၊ နှုတ်ဆက်လျှင် ပြုံးရုံပြုံးပြီး တစ်ခွန်းစ၊ နှစ်ခွန်းစ စကားကိုတောင် မပြောသဖြင့် စကားများများပြောတတ်ရဲ့လားတောင် ထင်ရသည်။ တဖြည်းဖြည်း သက်ဝေတို့ရပ်ကွက်ထဲ ကားဝင်လာတော့ လမ်းချိုးတစ်ခုကို ကွေ့သည်။ ပုံမှန်ဝင်နေကျလမ်း မဟုတ်ဘဲ လမ်းသွယ်တစ်ခုကို ထပ်ချိုးလိုက်သဖြင့် တစ်ခုခုပဲဟု စဉ်းစားမိစဉ် . . .

"မောင်ဇော် . . . ဟိုတစ်ထပ်တိုက် အပြာရောင်လေးကိုတွေ့လား . . . ကြည့်ထားနော်၊ ပြီးရင် ဒေါ်ဒေါ် ပြောပြမယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ကြည့်လည်းကြည့်၊ ပြောလည်းပြောလိုက်ရသည်။ ထိုမှတစ်ဆင့် မူလလမ်းကြောင်း ကို ပြန်ကွေ့တော့ သက်ဝေတို့အိမ်သို့ ရောက်လာသည်။ ဧည့်ခန်းထဲရောက်လို့မှ မထိုင်ရသေး ခင်

www.burmeseclassic.com

www.burmeseclassic.com



အအေးခွက်တွေက ရွှေ့ရောက်လာသဖြင့် အရာရာကြိုတင်စီစဉ်မှုကို မြင်ပြီး စိတ်မှာ တစ်မျိုးဖြစ်နေတော့သည်။ ဒေါ်ဒေါ်က စကားမပြောခင် မျက်မှန်ကို ချွတ်သည်။ ရွှေးစလေးတွေကို သုတ်သည်ဟုထင်၍ အမှတ်တမဲ့ကြည့်လိုက်သည့်အခါ မျက်ရည်များဖြစ်နေသည်။

"သမီးမှာ . . . ချစ်သူရှိနေတယ်မောင်ဇော်"

"ခင်ဗျာ . . ."

"မောင်ဇော့်ကို လမ်းမှာပြတဲ့ တိုက်လေးကို တွေ့တယ်မဟုတ်လား၊ အဲဒါ သမီး ကောင်လေးရဲ့အိမ်ပဲ။ ဖြစ်နိုင်ရင် ဒေါ်ဒေါ့်ကိုကူညီပေးပါ။ သမီးရဲ့ အခြေအနေဟာ အိမ်ထောင်ပြုဖို့လည်း မဖြစ်နိုင်သလို သံယောဇဉ်တွယ်စရာ ချစ်သူမျိုးတောင် မရှိသင့်ဘူးလို့ ဒေါ်ဒေါ်ယူဆတယ်။ မောင်ဇော်လည်း သမီးအကြောင်းကို သိသင့်သလောက် သိထားတယ် မဟုတ်လား . . ."

ကျွန်တော်ခေါင်းညိတ်ပြရသည်။ သက်ဝေက မွေးရာပါနှလုံးရောဂါနှင့်မွေးပြီး ချူချူချာချာမို့ အသက်ကိုလုပြီး ပိုးလို ခဲ့ရသူ။ ငါးနှစ်၊ ခြောက်နှစ် သမီးအရွယ်မှာ လေဖြန်းချင်သလိုဖြစ်ပြီးတော့ စကားမပြောနိုင်လို့ နှစ်နှင့်ချီကုပြီးကယ်ခဲ့ရတဲ့သူ။ သူက အခုလို အတွယ်အတာရှာလာတဲ့အခါ . . .. ဒေါ်ဒေါ့်ဗျာပါဒကို ကျွန်တော်သိလိုက်သည်။

"သက်ဝေက တကယ့်ကို ဖုံးဖုံးဖိဖိ နေနိုင်တာပဲ . . . သူတို့ ဘယ်တုန်းကများ . . ."

"ဒေါ်ဒေါ်သိတာ တစ်ပတ်လောက်ပဲရှိသေးတယ်။ အခုအချိန်မှာ သူတို့ဟာ ချစ်သူတွေဖြစ်ပြီး ဖြစ်နေကြတဲ့



အချိန်လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ်လည်း မကြာခင် ချစ်သူဖြစ်ကြတော့မယ်ဆိုတာ သေချာတယ် . . . ဘယ်လိုအခြေအနေမျိုးမှာပဲရောက်ရောက် ဒေါ်ဒေါ်တားချင်တယ်။ ဒီမီးဆိုတာ စပြီဆိုကတည်းက ငြိမ်းရသတ်ရခက်တယ် မောင်ဇော်ရယ် . . ."

"ကျွန်တော် သက်ဝေကို အေးအေးဆေးဆေး ပြောကြည့်ပါဦးမယ် ဒေါ်ဒေါ်"

"ဒေါ်ဒေါ်ကတော့ ချက်ချင်းပြောစေချင်တယ်။ လွန်သွားတော့မှ တောင်းဆိုတာ တွေဖြစ်လာမယ်။ မိဘကို ပြန်မပြောတတ်တဲ့စကားတွေ ပြန်ပြောတတ်လာလိမ့်မယ်။ အဲဒီလိုမျိုး သမီးက ခွတ်ရှေ့တိုးပြီး ဒေါ်ဒေါ့်ကို အတိုက်အခံပြန်ပြောရင် ဒေါ်ဒေါ်နားမထောင်ရဲဘူး၊ သမီးရသွားမယ့်ဒဏ်ကိုလည်း မမြင်ချင်ဘူး၊ ဒီသမီးလေးတစ်ယောက်တည်းကို ဘာတစ်ခုမှ မကျန်အောင် အကုန်ပုံအောပြီး မွေးခဲ့၊ ပြုစုခဲ့၊ ချစ်ခဲ့ရတာ . . ."

"ဟုတ်တာပေါ့"ဟု စိတ်ထဲက ပြောဖြစ်သည်။ တစ်ဆက်တည်းမှာလည်း သက်ဝေ တို့ ချစ်သူတွေ မဖြစ်ပါစေနဲ့ဦး၊ ဘာတစ်ခုမှ အလွန်အကျွံ မဖြစ်ပါစေနဲ့ဦး . . . ဟု ဆုတောင်း ရသည်။

"သမီးအဖေမသေခင်က ဒေါ်ဒေါ့်ကို တဖွဖွမှာတယ်၊ သူရှာဖွေထားတဲ့ စီးပွားဉစ္စာတွေ၊ အတိုးအပွားတွေ လက်ထက်ထဲက ရှိလာတဲ့ အမွေအနှစ်တွေကို ဘာတစ်ခုမှ မနှမြောနဲ့၊ သမီးအတွက်ကို အကုန်သုံး . . . တဲ့။ ဒါပေမဲ့ . . သမီးကိုတော့ ဘယ်တော့မှ အိမ်ထောင်မပြုစေနဲ့ကွာ . . တဲ့"

ကျွန်တော်စိတ်ထဲမှာ မျက်ရည်လိုလို ရွှရွှနာကျင်လာသည်။ ကြည့်စမ်းပါဦး . . မိဘမေတ္တာကို ကျွန်တော်တို့များ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်၊ တစ်လကိုမပြောနဲ့၊ တစ်နှစ်နေလို့ တစ်ခါလေး တောင် မိဘကို လက်အုပ်ချီပြီး မကန်တော့မိဘူး။ မိဘတွေရဲ့ ပေးဆပ်မှုက ကြီးလိုက်တာ ဟု ခံစားရလေသည်။

"ဒေါ်ဒေါ်ကတော့ မောင်ဇော့်ဖြောင်းဖြမှုကို စောင့်ကြည့် မယ်လေ၊ မထူးဘူးထင်ရင် အဲဒီကောင်လေးကို မောင်ဇော် ကိုယ်တိုင် သွားပြောပေးပါနော်၊ အကယ်၍ ပြောပေးလို့များ မရခဲ့ရင် သမီးနဲ့မောင်ဇော့်ကို လူသိရှင်ကြား စေ့စပ်ပေးလိုက်မယ်။ ဒါဆို သူနောက်ဆုတ် သွားလိမ့်မယ်လို့တော့ ဒေါ်ဒေါ်ထင်တယ်"

တစ်ချိန်လုံး ဟုတ်ကဲ့၊ ခင်ဗျာ၊ ဗျာနှင့် နေခဲ့ပြီး နောက်ဆုံး ကျမှ ဘာအာမေဋိတ်မှ မထွက်လာတော့ဘဲ နှုတ်ပိတ်တုန်လှုပ် သွားတော့သည်။

"ဘာပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင်တော့ ကျွန်တော် ဆောင်ရွက်ကြည့်ပါမယ် ဒေါ်ဒေါ်ရယ်၊ သက်ဝေကိုလည်း ကျွန်တော်ပြောပြပါ့မယ်၊ ဒေါ်ဒေါ်အစိုးရိမ်လွန်နေတာ လည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ စိတ်ချနေပါ ဒေါ်ဒေါ် . ."

ပြီးပြီးရောမဟုတ်ဘဲ ရင်ထဲက စကားများဖြင့် ပြောပြီး ပြန်လာခဲ့ရသည်။ သက်ဝေမှာ ချစ်သူတစ်ယောက်ရှိနေပြီ ဆိုတာထက် ပိုးလိုမွေးခဲ့ရတဲ့ မိဘတွေရဲ့မေတ္တာ ထုကိုသာ ထမ်းပိုးလျှောက်လာခဲ့ရပါသည်။

♪ ကိုးလလွယ် × × × ဆယ်လမွေး × × × ငယ်ရွယ် နုနယ်စဉ်က × × × နို့ချိုတိုက်ကျွေး× × × လူ့ဘဝဝယ် × × × အခြေချခဲ့ရတယ်× × × အနွံအတာခံကာ × × × ကြီးမားသောမေတ္တာများနဲ့ × × × ပြုစုလာခဲ့ပေ × ×



× ချစ်မေမေရဲ့ ဂုဏ်ကျေးဇူးတွေ × × × ဆပ်လို့မကုန် × × × ဝသုန်ဣန္ဒြေ ဆုံးတိုင်အောင်လေ × × × ♪

ကိုယ်က မိဘကိုချစ်တယ်၊ ချစ်တယ်ပြောတာ. . . ၊ မိဘက ကိုယ့်ကိုချစ်တာလောက်တောင် မီဖို့မလွယ်ပါလား၊ မွေးကတည်းက ပေးခဲ့ရတာ အတွယ်အတာ၊ ကြင်နာမှု၊ ယုယမှု တွေနဲ့တင် မဟုတ်ဘူး၊ ဥစ္စာပစ္စည်းအလယ်၊ စိတ်တစ်စိတ်လုံး၊ နှလုံးသည်းပွတ်. . အဆုံးပါပဲလား။

♪ လူလားမြောက်တဲ့ အချိန်တိုင်းမလေ × × × ပညာရေး, စီးပွားရေး × × × လူမှုရေးများပေ × × × ကြွယ်ဝ အောင်လည်း × × × သင်ကြားခဲ့ပါသလေ × × × အနာဂတ်ဘဝရပ်တည်ရေးနဲ့ ခိုင်မာသော နှလုံးသား × × × ချစ်ခြင်းမေတ္တာတရားနှင့် အစဉ်တစိုက်ပါလေ × × × ချစ်မေမေရဲ့ ဂုဏ်ကျေးဇူးတွေ × × × ဆပ်လို့မကုန် × × × ဝသုန်ဣန္ဒြေဆုံးတိုင်အောင်လေ × × × ♪

* * *

နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ထိုကိစ္စကို သက်ဝေ အား လုံးဝမမေးတော့ဘဲ သက်ဝေ၏ကောင်လေးနှင့် ကျွန်တော် သွားတွေ့သည်၊ တွေ့တွေ့ချင်း စကားပြောရတာ အဆင်မပြေ၊ ကောင်လေးက သက်ဝေထက်ပင် တော်တော်ငယ်သဖြင့် ကျွန်တော် နှင့်ဆို အများကြီးကွာနေသည်။ သူ့ရှေ့မှာထိုင်ပြီး အမြီးအမောက် တည့်တည့်အောင် စကားပြော နေရသဖြင့် ချွေးတွေကလည်း ဒီနေပြီ၊ သရော်သောစကားတွေနှင့် လှောင်ကြည့်၊ ထေ့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း စက်သေနတ်ပစ်သလို ခံနေရသည်။ ပြောရင်း ပြောရင်း စကားဆုံး ခါနီးတော့မှ သူတို့နှစ်ယောက်ချစ်သူတွေ မဟုတ်ကြသေးဘူးဆိုတာကို သိရတော့သည်။ သို့သော်လည်း မကြာချင် ချစ်သူတွေဖြစ်ကြတော့မှာပေါ့ ဆိုသည့်စကားဖြင့်လည်း သွယ်ဝိုက်ပြီး အုပ်ထည့်လိုက်သေးသည်။ ကျွန်တော်သူ့ရှေ့မှ အထ. .

"ဟား. . တကယ့် ရုပ်ရှင်ပဲကွာ"

ဆိုပြီး ခနဲ့လိုက်တာ ကျွန်တော့မှာ ရှက်လွန်း၍ မျက်လုံးများပင်ပြာဝေသွား သည်။ အင်း. . . တစ်ခုခုတော့ စခဲ့ပြီဟု တွေးပြီး သက်ဝေဖက်သို့လှည့်ဖို့ ကြံစည်ရပြန်သည်။

ကျွန်တော်လည်း သက်ဝေရှေ့အရောက် အကြောင်းစုံကို သက်ဝေက အကုန်သိနှင့် ပြီးဖြစ်နေသည်။ ထိုအခါ ကျွန်တော့်ကို အကြီးအကျယ်စိတ်ဆိုးလေတော့သည်။ တကယ်ဆို သူ့ကို အရင်ဖွင့်ပြောသင့်ကြောင်း၊ အခုလို လူစွမ်းကောင်းလုပ်ပြီး သူ့ဘဝ၊ သူ့အသက်ကို ကယ်တင်စရာမလိုကြောင်း ဘယ်တော့မှလည်း ကျေးဇူးတင်မှာ မဟုတ်သလို ဘယ်တော့မှလည်း ကျေနပ်နေမှာ မဟုတ်ကြောင်း၊ ကျွန်တော့်ကို နောက်လည်း မတွေ့ချင်ကြောင်း စသည်. . စသည့်တို့ကို လည်ပင်းသွေးကြောတွေ ပေါက်ထွက်သွား မတတ် မရပ်မနားပြောလေတော့သည်။ အဆိုးဆုံး ထိုသို့ဖြစ်မည်ကို ကြိုသိထား၍လည်း သက်ဝေ ရှေ့မှာ ခေါင်းတစ်ချက်မမော့ဘဲ ငုံ့နေခဲ့ပါသည်။

ပြန်ခါနီးကျမှ ကျွန်တော်သူ့ကို စာရွက်တစ်ရွက် ပေးခဲ့သည်။ သူ့လက်ထဲပေးရင် လွှင့်ပစ်နေမည်စိုး၍ အုတ်ခုံလေးပေါ်



တင်ပြီး လှည့်ထွက်လာခဲ့တာ။ တစ်ရက်၊ နှစ်ရက် မဟုတ်တော့ဘဲ လေးငါးခြောက်နှစ်တိုင်တိုင် သက်ဝေနှင့် မတွေ့တော့ပါ။ ကျွန်တော် သက်ဝေကို သီချင်းလေးတစ်ပုဒ်ပေးခဲ့တာပါ။ မစိန်မြင့်လက်ရဲ့ 'မိဘကျေးဇူး' သီချင်းလေးကို သက်ဝေကြိုက်နေမှာပါ။

* * *

♫ သားသမီးအပေါ်ထားတဲ့မေတ္တာ ××× အတုမရှိပါ
သရှင်× × × ငယ်ရွယ်စဉ် ကလေးဘဝမှစတင် × × ×
လူလားမြောက်သည့်တိုင်အောင်ပင် × × × အဟုတ်မနွေး
ဘဝတာ တွင်×××အသက်ရှည်ချင် ×× × မငြိုငြင်ကြပါနဲ့
× × × မသေခင်လုပ်ကျွေး × × × လုပ်ကျွေးကြရင် ×
× × မိဘကျေးဇူး × × × ဆပ်ဖူးစေချင် × × × ♫

* * *

"နှင် ငါ့ကိုစိတ်ဆိုးလို့ ငါတို့အိမ် မလာတော့တာ မဟုတ်လား. ."

"စိတ်လည်း မဆိုးပါဘူး။ ဒါပေမဲ့ မလာချင်တော့လို့. ."

"မေမေက နှင့်ကို တဖွဖွ မေးနေတာ. ."

"ငါ သတိရတယ်လို့ ပြောလိုက်ပါ. . ."

"နှင်ကိုယ်တိုင်ပြောတော့ ကောင်းတာပေါ့၊ မေမေက ခုတလော ကျန်းမာရေး သိပ်မကောင်းဘူး. . ."

"နှင်ကော. ကျန်းမာရေးကောင်းရဲ့လား. ."

နှင်ပေးခဲ့တဲ့ သီချင်းလေးတစ်ပုဒ်ကို ဆိုပြီး ကျန်းမာနေ ပါတယ်. ."

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်လမ်းတလျှောက်ဝယ်




www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်တစ်ခါကတော့ ကိုယ်ဘယ်လောက်ပဲ မေ့းစက်နေချင်ချင်. . . ၊ နေချင်လှ သည်ဆိုတဲ့ ရင်ခွင်ထဲကနေ ခွဲထုတ်ခံရဖူးသည်။ ဒုတိယတစ်ခါမှာတော့ အခံရခက်လှတဲ့ အခွဲအခွာကို ရင်မဆိုင်ဝံ့လို့ကိုယ်ကပင် စတင်ပြီး ထွက်လာခဲ့သည်။ ရှင်ကွဲလို့ ရှင်ကွာတာချင်း တူရင်တောင် ဘယ်အရာက အကြာနက်နက် စိတ်အစဉ်အဆက်ကို ထိခဲ့သလဲဆိုတာ မသိနိုင်တော့လို့ တွေးဖို့ပင် မဝံ့ခဲ့တော့ပါ။

မိဘနှစ်ပါးရင်ခွင်က ခွဲထွက်လာခဲ့ရတဲ့အချိန်မှာ အစိတ်အပိုင်းအစအနများက ပလုံစီတက်လာသလား အောက်မေ့ရ သည်။ ထင်မှတ်တဲ့ အားငယ်မှု၊ ယုံကြည်စိတ်ရှိ သယောင် ယောင်နဲ့ ဆွေးပါးလာမှု၊ အရောင်မတူတဲ့ ပျော်ရွှင်မှုနဲ့ ချုံခိုလာ တတ်တဲ့ သောကသံစဉ်တွေဟာ တစ်ခါတစ်ခါ အလွှာလွှာ အထပ်ထပ်နဲ့ ရှုတ်သိပ် ကျပ်ညပ်လာတော့သည်။ ဘဝကို ချေးတပြိုက်ပြိုက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အလျှားလိုက်ရေးဒေါင်လိုက်ပါ ရှုန်းကန် နေတဲ့ အချိန်မှာ ကိုင်း- မှတ်ပလား၊ သိပလားဆိုပြီး အမေနှင့် အမေက လာပြော နေသယောင် ခံစားရသည်။ အဲဒီပြောနေ သယောင်ဆိုတာက လည်း ကျွန်တော့်မွန်းကျပ်မှုနဲ့ ကျွန်တော်ခံစားပြီးပြောတာပါ။ တကယ်တော့ မိဘနှစ်ပါးက မျက်နှာထားကြီးနဲ့ မှတ်ပလား၊ သိပလားပြောဖို့ နေနေသာသာ ကိုယ့်သားကိုယ့်သမီးဒုက္ခတွေ ရင်ဆိုင်နေရတာကို မြင်တာနဲ့ မျက်နှာချို မျက်နှာအေးလေးထားပြီး ဖေးဖေးမမနဲ့ ယိုင်နေတာကို မတ်ပေးကြတာပါ။

တစ်ခါတလေ. . . အိမ်ကိုလွမ်းပြီး ကျွန်တော် ရောက် ရောက်သွားသည် (ကျွန်တော်တို့ အိမ်လေးကတော့ ဘာမှ မပြောင်းမလဲ အမြဲမြင်ရတယ်) ကျွန်တော် အိမ်ထဲကို မရောက် သေးဘူး၊ အိမ်ထဲက ရယ်သံတွေကို အရင်ကြားနေရတတ်သည်။

ဘယ်မိသားစုမှ အပူနဲ့သောက မကင်းကြသလို ကျွန်တော် တို့ မိသားစုလေး လည်း ဘယ်လာကင်းနိုင်မှာတဲ့လဲ။ မမြင်နိုင်စွမ်း တဲ့သောကကို ရင်ဆိုင်ရတော့လည်း မြန်မြန်ရင်ဆိုင်၊ မြန်မြန် ဖြေရှင်းပြီး အတတ်နိုင်ဆုံး တွန်းကန် မောင်းထုတ်ပစ်လိုက် ကြတာ ပါပဲ။ ကျွန်တော်တို့ မောင်နှမတွေမှာ အဖေနဲ့အမေကြောင့် ဒီစိတ် ခံစားမှုတွေ သတ္တိတွေရခဲ့ကြတာပါ။ ရွှေထီးဆောင်းခဲ့စဉ် ကာလ တုန်းကတော့ ရွှေရောင်တစ်ဝင်းဝင်းနဲ့ ရွှေထီးပေါ့။ ကံကြမ္မာ အလှည့်ပြောင်းမှာတော့ ရွှေထီးမပြောနဲ့ ရိုးရိုးထီးတောင် မရှိတဲ့ အချိန်မှာ အဖေနဲ့အမေဟာ နေပူထဲ ဖြတ်သန်းရင်း အသိုက်အမြုံ အနှောင်အဖွဲ့ကို ချွေးကလေးသုတ်လိုက်၊ ယပ်ကလေးယပ်လိုက်နဲ့ ပြုစုပျိုးထောင် လာခဲ့ကြတာ. . .။



မိဘနှစ်ပါးရဲ့ ပင်ပန်းကာလတွေကို တွေးပြီး မကြောင့် မကျနေခဲ့၊ စားခဲ့ရတာ တွေကို တစိမ့်စိမ့်မျက်နှာပူပြီး အားနာခဲ့ရ ပါသည်။ ငယ်ငယ်ကတည်းက ကိုယ်စားမယ့် အစားအစာ၊ ကိုယ်လိုချင်တဲ့ ပစ္စည်း၊ ကိုယ်သွားချင်တဲ့နေရာ တွေကို မစားရ၊ မယူရ၊ မသွားရတဲ့ အခါတိုင်း နောင်ဘယ်တော့မှ စားချင်တယ်၊ ယူချင်တာ၊ သွားချင်တယ်လို့ မပြောမိအောင် အံကြိတ်မာန်တင်းပြီး ဆန္ဒပြင်းပြင်းကို မြိုချခဲ့မိလို့လားတော့ မပြောတတ်တော့ပါဘူး၊ အရွယ်ရောက်လာတော့ မလိုအပ်ရင် ဘာဆိုဘာမှ ဝင်မပြော တတ်သည့် အကျင့်ကစွဲလာသည်။ စကားလုံးတွေကို မြိုသိပ်မိ လာသည်။ ကိုယ့်ဆီကိုလာတဲ့ စကားလုံးတွေဟာ ဘယ်လောက် သာသာ. . .။ ဘယ်လောက် နာနာ ရင်ထဲကိုဝင်ပြီး ရင်ထဲကပြန် မထွက်တော့၊ ထွက်အောင်လည်း မပြုချင်တော့၊ ပြုံးချင်ရင် ပြုံးနေလိုက်သည်၊ ကြည့်ချင်ရင် လည်း ခေါင်းစဉ်များစွာ၊ အခန်းများစွာပါ ပါသောအကြည့်များဖြင့်သာ ကြည့်နေမိလိုက် တော့သည်။

ကျွန်တော် ခုချိန်မှာ မျက်နှာနှစ်မျက်နှာကို ဘယ်တော့မှ စေ့စေ့မကြည့်မိ အောင်နေသည်။ ဒီနှစ်မျက်နှာနှင့် လည်း ဝေးအောင်ရှောင်ဖို့ဆိုတာ ဘယ်လိုနည်း နှင့်မှမဖြစ်နိုင်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနှစ်မျက်နှာဟာ ကျွန်တော်အောက်က ကျွန်တော်ညီနှစ်ယောက်ဖြစ်နေလို့ပါပဲ။

ခေတ်ကောင်းစဉ်ကတော့ (ကျွန်တော်တို့မိသားစု လေးရဲ့ ခေတ်ကိုပြောတာနော်) ညီနှစ်ယောက်က လူမဖြစ်သေး၊ ကျွန်တော် နဲ့ ကျွန်တော့်အထက် အမတွေကတော့ခေတ်ကောင်းကို မီလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့ အစားကောင်းတွေစား၊ အကောင်စား ဆိုတဲ့ ပစ္စည်းတွေကို ဟောဟောဒိုင်းဒိုင်းသုံးစွဲနေပြီး အပူအပင် မရှိငြိမ့်ချင်တိုင်း ငြိမ့်ခဲ့ကြသည်။ အဲဒီအချိန်မှာ စီးပွားကဘာဖြစ် သလဲမမေးနဲ့ဆိုတဲ့ အချိန်ပဲဖြစ်သည်။ ဒါပေမယ့် အချိန်တစ်ချိန် မှာတော့ (ကြောက်စရာကောင်းတဲ့အချိန်ပါပဲဗျာ) မထင်မှတ် မယုံကြည်အောင် ဇောက်ထိုးမှ တကယ့်ဇောက်ထိုး စိုက်ဆင်း သွားတော့တာပါပဲ။ အဖေတို့ အမေတို့မှာ နှုတ်ခမ်းတွေပြာလို့၊ မျက်နှာမှာလည်း မျက်လုံးပဲရှိတော့သည်။ ထိုအချိန်က ကျွန်တော်အဖေတို့ အမေတို့နှင့် ထမင်းတူတူ မစားမိအောင် ရှောင်ခဲ့သည်။ ဒါကလည်း ကျွန်တော့် မိဘတွေကို မမြင်ဝံ့၊ မကြည့်ရက်လို့ပါ၊ ဆိုးတာကတော့ တကယ့်အဆိုးဆုံး အချိန်မှာပိုပြီး ဆိုးတာက ကျွန်တော့် ညီနှစ်ယောက် အဖြစ်ပါပဲ၊ သူတို့မှာ လူပျိုပေါက်ကလေးတွေ ဖြစ်လာကြလို့ ဝတ်ချင်စားချင် အများသူ ငါလို သုံးစွဲချင်(ဒါဖြစ်ဖြစ်သင်တဲ့သဘာဝပါ)တဲ့ အချိန်ကျမှ ကျွန်တော်တို့ ကမ္ဘာလုံးကြီး တိမ်းစောင်းသွားတာကို (သူတို့နှစ်ယောက်)ဒယိမ်းဒယိုင် ကြုံရတော့သည်။ သူတို့ရဲ့ပျော်ရွှင်မှုဆိုတာ ဘာဆိုဘာမှ မရှိတော့ လူငယ်တွေရဲ့ စိတ်ခံစားမှု၊ စီးမျောမှု အရသာတွေလည်း ... တော့ပေ။ ပုံစံဇယားလေးတွေနဲ့ ရော့တစ်ကျပ်၊ ရော့ဟင်းတစ်... ဆိုပြီး နေခဲ ထိုင်ခဲ့ စားသောက်ခဲ့တဲ့ ကျွန်တော့်ညီ နှစ်ကောင်အ... ကို ကျွန်တော်ရင်ဘတ်ကြီးကွဲထွက်သွားသကဲ့သို့ နာနာကျင်... မျက်ရည်ကျခဲ့ ရပါသည်။ ဒီကောင်တွေကို ချီးလည်း ချီး... ရသည်။ ကြည့်စမ်း. . . ဘယ်လောက် ခံနိုင်ရည်ရှိတဲ့ ကောင်... ငါသာဆိုသွားပြီ. . . ဆိုပြီး အပြုံးမပျက်နှစ်မျက်နှာ...



ကြည့်ကြည့်ပြီး ကျွန်တော် ဝမ်းနည်းခဲ့တာ နာရီဖေါ်ပင်း ကုဋေကုဋာပါ. . ။ (အခုထိလဲ မပျောက်ပျက်သေးပါဘူး. . ။ သေတဲ့အထိ ပျောက်သွားမှာလဲ မဟုတ်တော့ပါဘူး) ကစဉ့်ကလျား ဖရိုဖရဲကာလတွေမှာ အဖေဟာ- အဲ့ဩဖို့ကောင်းလောက်အောင် (ကျွန်တော်တကယ်အံ့ဩခဲ့တာ)သူ့မိသားစုလေးကို ဟာသတွေချည်းပဲ ပြောနေသည်။ မိသားစု ထမင်းစားသောက်ပြီးတာနဲ့ အဖေ့ရှာက ဟာသတွေ၊ ဈေးသည်လုပ်ရင်း ကြုံရတဲ့ ဟာသတွေကို ပြောပြတိုင်း အမေကတော့ မျက်ရည်ထွက် အောင် ရယ်ပါ လေတော့သည်။ ကျွန်တော်တို့ မောင်နှမတွေ အရယ်သန်ခဲ့တာ အဖေ့ဟာသတွေက စခဲ့တာပဲ ဖြစ်ပါလိမ့်မည်။

♫ ချစ်စ xxx ခင်ဝxxx ကြင်နာစ- ရွှင်တပျပျပင်
xxxxလောကကမ္ဘာထဲxxx နှစ်ယောက်ထဲသာထင် xx
ကိုယ့်အရှင် xx ကိုယ့်သခင်xx ကိုယ့်လင်ကို
ပင်xxxတစိမ့်စိမ့်ကြည့်ရတာများxxxxအားမရချင်xxx
ထာဝစဥ်မခွဲxxxx အသည်းထဲ သိပ်ချစ်တာပဲရှင်xxx ♫

အမေဟာ အဖေ့မျက်နှာကို "ရှိခလေးရဲ့ချစ်စိတ်" သီချင်းလေးထဲကလို ကြည့် ခဲ့တာအမှန်ပင်။ ဒီသီချင်းကို အမေ့တို့နားထဲမှာ စွဲခဲ့သလားဆိုတာတော့ ကျွန်တော် မသိ။ ကျွန်တော်ကတော့ ဒီသီချင်းလေးလာရင် အမေနှင့်အဖေ့ မျက်နှာကိုသာ မြင်ယောင်နေသည်။

♫ မြတ်နိုးယုယ x x x သမုဒယ နှောင်ကြိုးငင်x x x
ချိုချဥ်ဖွယ်ဖွယ်ရာx x x စားတဲ့ သောက်တဲ့ နေရာများ
xxx ပျူငှာစကားနဲ့x x x သူသာစားစေအရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုးရာရာ × × ကိုယ်တိုင်ရွေး ကိုယ်တိုင်ကျေးလို့
သူ့ကို ခွံ့ပေးချင် × × × ဟင် × × × တစ်ဦးနဲ့တစ်ဦး × ×
× အမြဲပဲ မငြိုငြင် × × × မငြိုငြင်ဘူးရှင့် × × ×
ကြည်နူးမြူးကာသာ ပျော်ရွှင် × × ×♫

ခုတော့ သားသမီးတွေ အားလုံးကိုယ်စီ အိမ်ထောင်ရက်သား ကျကုန်ကြပြီ။ ကျွန်တော်တစ်ယောက်သာ လျှင် နောက်ဆုံး (နောက်ဆုံးမှ တကယ့်လတ်လတ် ဆတ်ဆတ် ၁၉၉၃၊ ဇန်နဝါရီ ၁၇-ရက်မှာ မင်္ဂလာဆောင်တာ) အိမ်ထောင်ကျပြီး အိမ်ထောင်သက်လေး တစ်နှစ်စွန်းစွန်းလားရ သေးသည်။ ညီငယ်ဆုံးကောင် အိမ်ထောင်ပြုတော့ ကျွန်တော်နှမျောပြီး စိတ်မကောင်းဖြစ်ရသည်။ "အမေရယ်. . . ဒီကောင့် ဘဝတစ်လျှောက်လုံး စိတ်ပင်ပင်ပန်းပန်းနဲ့ ကျပ်ကျပ်တည်းတည်းနေ လာခဲ့ရသေးတယ်။ ခုလဲကြည့်ဦး ရုန်းရကန်ရဦးမယ်"ဟု အမေ့ကို ပြောမိသေးသည်။ အမေကတော့ ထုံးစံအတိုင်း ဘယ်တတ်နိုင်မလဲလေ သူကယူချင်တာကိုး. . . ဒီလိုပဲ ဝိုင်းဝန်းပြီးစောင့်ရှောက်ကြရ တာပေါ့. . ဆိုပြီး ပြန်ပြောသည်။ ခုတော့ ညီအငယ် အမော်ကြီးက သူ့အိမ်ထောင်ကို လေးဘီးကားလေးမောင်းရင်း ရှာဖွေရုန်းကန် နေရသည်။

လွန်ခဲ့တဲ့နှစ်ပတ် တနင်္ဂနွေ တစ်နေ့၊ နေ့လည်ခင်းမှာ ကျွန်တော်အိမ်ရောက်သွားသည်။ အိမ်ရှေ့မှာ အမော်ကြီး လေးဘီးကား ရပ်ထားတာ တွေ့ရသဖြင့် ဒီကောင် ထမင်းပြန်စားပြီး အိပ်နေပြီနဲ့တူတယ်. . . ဟု ထင်ပြီး အိမ်ထဲဝင်လိုက်သည်၊ ဝင်ဝင်ချင်းပဲ အမော်ကြီးက နှစ်ယောက်ထိုင်ခုံကြီးပေါ်မှာ အိပ်နေပြီး အမော်ကြီး ခြေရင်းမှာ ကျွန်တော့်တူ (အလတ်ကောင်အသိန်းရဲ့သား)



ဇော်မင်းထက်က လက်ကလေး ပိုက်ကာ ရပ်နေသဖြင့် ကျွန်တော် ကြောင်ပြီး ကြည့်လိုက်မိသည်။ အမော်ကြီး ပါးစပ်က

"ဟော့ကောင် ဇော်မင်းထက်"

"ဗျာ. . ဗျ"

"ဟော့ကောင်. . ဇော်မင်းထက်"

"ဗျာ. . ဗျ"

ကျွန်တော်လည်း ထိုမြင်ကွင်းကို သဘောပေါက်သွားပြီး မပြောမဆို အားရ ပါးရ ထရယ်လိုက်မိတော့သည်။ ကျွန်တော့် ရယ်သံကြောင့် အိမ်ထဲက အဖေတို့၊ အမေတို့၊ အမတို့ ထွက်လာကြသည်။ အမော်ကြီးလည်း လန့်နိုးသွားသည်။ ကျွန်တော်ကတော့ အရယ်မရပ်နိုင်သေး၊ ကျွန်တော်ရယ်နေ တာကိုကြည့်ပြီး အမေတို့၊ အမတို့ က နားမလည်ရယ်ချင်ချင် ဖြစ်လာပုံရသည်။ အမ စိတ်မရှည်တော့ဘဲ ကဲ. . . ဘာလဲဟာ. . . ပြောစမ်းပါ. . . ဟု ပြောတော့သည်။ ကျွန်တော်လည်း ခုချိန်ထိ လက်ပိုက်ရပ်နေသော ဇော်မင်းထက်ကို သွားထိုင်ခိုင်းပြီးမှ ရှင်းပြရတော့သည်။

အမော်ကြီးက အိပ်ရင် ဘယ်လောက်ပဲ အိပ်မောကျကျ သူ့မျက်လုံးအပေါ် မျက်ခမ်း၊ အောက်မျက်ခမ်း မထိပေ။ မျက်လုံးကလေးက သာသာလေးပွင့်နေတတ်သည်။ ကျွန်တော်တို့ တစ်အိမ်သားလုံးမှာ သူတစ်ယောက်ထဲ ထိုသို့ဖြစ်နေသည်။ ထူကလေးကတော့ ဘာသိပါမလဲ၊ ဖြစ်ချင်တော့ အမော်ကြီးက ယောင်လည်းယောင် တတ်သည်။ ဒီတော့ အိပ်ပျော်ရင်းဟေ့ကောင် ဇော်မင်းထက်၊ ဟော့ကောင် ဇော်မင်းထက် ဆိုပြီးယောင်တော့

www.burmeseclassic.com



ဇော်မင်းထက်ခမျာ ကစားနေရင်းသူ့ကို ခေါ်တယ် အောက်မေ့ပြီး အမော်ကြီးနားရပ်ကာ ဗျာ. . . ဗျ၊ ဗျာ. . . ဗျ ထူးနေခြင်း ဖြစ်သည်။ အမော်ကြီးက တခါယောင်ပြီးခေါ်လိုက်၊ ဇော်မင်းထက် က တစ်ခါထူးလိုက် ဖြစ်နေပုံ ကို ရှင်းပြတော့မှ အားလုံးရယ်လိုက် ကြတာ. . .။

အိမ်မှာ ယောင်တတ်တာက အမော်ကြီးတစ်ယောက်ထဲ မဟုတ်၊ ကျွန်တော် လည်းပါပါသည်။ တစ်ခါကတော့ ကိုယ်ယောင် တာနည်းနည်း ကိုယ့်ထက်ဆိုးတဲ့သူနဲ့တော့ နဖူးတွေ ဒူးတွေ တွေ့ခဲ့ရတဲ့အကြောင်း (ကားပေါ်မှာ အိပ်ပျော်ရင်း ကျွန်တော် ပေါင်ကို ယောင်ပြီးမှားကုတ်တဲ့ လူတယောက်အဖြစ်ကို ရွှေရဲ့ အသည်းကွဲမှာပဲ ရေးခဲ့ပြီးပါပြီ) အဖေတို့၊ အမေတို့ကို တတိယ အကြိမ်လောက် ထပ်ပြော ဖြစ်တော့ ထပ်ရယ်ဖြစ်ကြ ပြန်သေးသည်။ ဒီအချိန်မှာ မကုန်နိုင်သေးသော အဖေ့ဟာသ တစ်ခုကို ကြားရပြန်တော့ သည်။

အဖေ့၊ အမ၊ ကြီးကြီးမစိန်တင်ကို အဖေ့အဖေ(အဖိုး)က အဖေတို့ ကျုံ့ဒါတ် ရွာကလေးနဲ့ ဆက်ရက်ဖြစ်သော စူးကလပ်ရွာမှ ဘကြီးဦးအောင်မြတ်နှင့် ပေးစားတဲ့ အကြောင်းကစသည်။

“. . . ဒီတုန်းကတော့ လူကြီးမိဘသဘောတူတာကိုပဲ ယူကြရတာမဟုတ်လားကွဲ၊ ကိုအောင်မြတ်က ရိုးသားတယ် ကြိုးစားတယ်၊ လူကြီးချင်းလည်း ရင်းနှီးတယ် ဒါတွေ အကုန်ပါတာ ပေါ့ကွာ၊ သူတို့နှစ်ယောက်ကတော့ တစ်ဖ ဘက်စိတ်တစ်ယောက် အကြောင်း ဘယ်လာသိကြမှာလဲ၊ သူတို့ယူကြတော့ အိမ်တွေဘာ တွေလည်း မခွဲပါဘူးကွာ၊ ရွာအိမ်တွေက အကျယ်ကြီးကိုး



အဲ. . မင်္ဂလာဦးညမှာတော့ အဟစ်. . . ဟစ်. . . ဟီး. . . ဟီး”

အဖေက ဆက်မပြောနိုင်သေးဘဲ သူ့ဟာသူ အရင်စရယ် နေသည်။ ရယ်ရတော့မှာဘဲဆိုတာကို သိနေတော့ နားထောင်ရတဲ့ သူအဖို့ နှုတ်ခမ်းစေ့ထားသူ တစ်ယောက်မှ မရှိတော့၊ ရယ်သံသာ မထွက်ဖြစ်သေးရင် ရှိရမည်။ သွားတော့ပေါ်နေကြပြီဖြစ်သည်၊ ဆက်မပြောသေးဘဲ ရယ်ရယ်နေတဲ့ အဖေ့ကို အမေက စိတ်မရှည် တော့ဘဲ ပြောမှာဖြင့် ပြောစမ်းပါတော်. . . ဟု ပြောမှ. . .

“အေး. . . ဟေး. . . ဟေး. . . အဲဒီညမှာ ကိုအောင်မြတ် ထယောင်တော့ တာပဲ၊ ဒါကလည်း မစိန်တင်ပြန် ပြောပြမှ သိကြရတာ။ အဖေတို့လည်း အသံတွေ တော့ ကြားနေရ တာပေါ့ကွာ၊ ညသန်းခေါင်ကြီးမှာ ကိုအောင်မြတ်က အိပ်နေရာ ကနေ ငေါက်ကနဲ ထထိုင်ပြီး၊ ပုဆိုးကို ခပ်တွင်းတင်း ပြင်ဝတ်လိုက် တယ်၊ ပြီးတာနဲ့ ခြင်ထောင် ပြင်ကို ထွက်ပြီး အဲဒီခြင်ထောင်ကြီးကို ပတ်ပြေးနေတော့တာပေါ့”

အဖေက ပြေးပုံလေးကိုပါ လက်ဟန်ခြေဟန် လုပ်ပြတော့ ကျွန်တော်တို့ ရယ်သံတွေက အဖေစကားကို ဖုံးလွှမ်းသွားတော့ သည်။

“ဒီတော့ မစိန်တင်က ကိုအောင်မြတ်ကိုကြည့်ပြီး ကြောက်လာတယ်။ ဒါ ယောင်နေတာပါလားဆိုတာကိုလည်း မတွေးမိဘူး၊ ဘယ်တွေးမိမလဲကွာ၊ အဲဒီလို ယောင်တာတွေ ဘာတွေကို သူတစ်ခါမှ မမြင်ဘူးတာ၊ မစိန်တင် ထင်တာက ဒါအမှောင့်လား၊ ပယောဂဖြစ်တာလား၊ သရဲပူးတာလား တွေးပြီး ပါးစပ်က အမယ်လေး. . . အဖေ. . ၊ အဖေရေ. . . အမယ်လေး

www.burmeseclassic.com



လာပါဦးအဖေ၊ လုပ်ပါဦး အဖေဆိုပြီး အော်နေတာ အခွန်းပေါင်း မရေမတွက်နိုင်အောင်ပဲ. . . တော်တော်ကြီး အော်ပြီးလို့ မင်းတို့ အဖိုး အိပ်ရာက နိုးလာတဲ့အထိ ကိုအောင်မြတ် ခြင်ထောင်ကို ပတ်ပြေးနေတာ မရပ်သေးဘူး၊ ဒါကို အဖေ (အဖိုး) လည်းမြင်ရော ဟော့ကောင် အောင်မြတ် ဆိုပြီး. . . ပုခုံးကို ဆွဲကိုင်လိုက်တော့မှ ကိုအောင်မြတ်လည်း အပြေး ရပ်သွား၊ အငယောင်ရပ်သွား တော့တယ်. . . ဟား ဟား ဟား"

BURMESE CLASSIC

ကျွန်တော်တို့မှာ အဖေ့စကား မဆုံးခင်ရယ်လိုက်ကြ တာ (ကန်တော့ပါရဲ့) အမဆိုသေးတောင် ထွက်သည်။ ထိုအကြောင်းကို ကျွန်တော် အိမ်ပြန်ရောက်တော့ ဥမ္မာ့ကို ပြောပြောပြီး နှစ်ယောက်သား ရယ်ဖြစ်ကြရသေးသည်။ ဖြစ်နိုင်ရင် ဘဝကို ရယ်စရာများနှင့် သာ ဖြတ်သန်းချင်ခဲ့တာ အမှန်ပါ။ ဒါပေမယ့်ဘဝဆိုတာ ဘယ်သူ့ဘဝ ဖြစ်ဖြစ် အရောင်တစ်ရောင်ထဲ မရှိဘူးဆိုတာ ကျွန်တော်သိပါသည်။

***

♫ နွေအကြောင်းကို xxx ဥသြလေးတွေ သိသလိုxxx ပိတုန်းနဲ့ လိပ်ပြာအကြောင်းကို xx x ပန်းကလေးတွေ သိတယ်xxx ချစ်တဲ့သူတွေ အကြောင်းကို xxx အချစ်ဆုံးသူတွေ သိကြလိမ့်မယ်ကွယ် မောင့်မေတ္တာ xxx ကမ္ဘာအတွင်းမှာ မှီတင်းရတဲ့ သူအဖြစ်တွေ xxx သဲနောက်ကျိဗျာပွေ xxx စာတွေရေးxxx ကဗျာတွေရေး



x x x အတွေးမဖွဲ့ချင်ပါပေ x x xလှိုင်းကြမ်းလေထန် x x x ရေဆန်ခရီး x x x မညည်းညူဘဲ x x x ခရီးတူ ပဲ မခွဲတမ်း လိုက်ချင်ပေ x x x♫

ငယ်စဉ်ကတော့ သံယောဇဉ်ဆိုတာ ဘယ်လာသိပါ မလဲ၊ ဒီစကားလေးသုံးလုံးနဲ့မကအောင် အနှောင်အဖွဲ့ ကြီးမားပါလား ဆိုတာလည်း သိလာ ဖို့ ဝေလာဝေးမှ တကယ့်ဝေးဝေးပါပဲ။ သံယောဇဉ်ဆိုတာကလည်း ကျွန်တော်နားလည် သလောက် ပြောရရင် လက္ခဏာ ကြိုမပြတဲ့ ရောဂါတစ်ခုလိုပါပဲ၊ ရောဂါကျွမ်းမှ ပါလား ဆိုတာကို သိရတော့ ဆေးမမီတော့သလိုပဲ။ ကာစက ကာလမှာ ဘာမှမသိလိုက်သလိုပဲ၊ ကာလလယ်လောက်တော့ သံယောဇဉ် အစွဲအလမ်းကြောင့် အိပ်ပျက်ညတွေ များလာတယ်၊ ဒါလဲ ဒီသံယောဇဉ်ကြီးကြောင့်ဆိုတာ ပျက်ပျက်ထင်ထင် ကျွန်တော် မသိခဲ့ပါဘူး၊ သိလာတော့ ရောဂါကျွမ်းနေပါပြီ။

လက်နက်ဆန်း ရှိခဲ့ရင်တောင် သံယောဇဉ်ကိုဖြတ်ဖို့ ခက်လှပါသည်။

♫ x x ရင်မှာစွဲငြိ တိုးဝင်တယ် x x ခွဲငင်ရစ်ပတ်မိတော့ x x x သံယောဇဉ်ဖြတ်ဖို့ ခက်တယ်ကွယ် x x အသည်းနာ ခြင်း xx ခွဲခွာခြင်းxx မတွေ့လို မကြုံလိုသော်လည်း ရှောင်လွှဲ မရပါ x x x(အဲဒီနေရာ စကားလုံးလေးကို ကျွန်တော်မရဘူး) ဒီကနှလုံးသားဝယ် x x x ဘယ်ဖို့ ရှိပါမယ်ကွယ် x x x မောင်စဉ်းစားရင် သိနိုင်တယ် x x x အချစ်နယ်က အပြန် မလှသူလေး အတွေးအိမ်ဝယ် x x x သစ္စာအကြိမ်ကြိမ်ဆက်လို့ x x x မေတ္တာရေကြည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက်နဲ့ ဝေးခဲ့ရသူ အဝေးကမ္ဘာဒီကိုကွယ် ×× ♫

သန်းသန်းမြင့်လေးနဲ့ သံယောဇဉ်ဖြတ်ဖို့ခက်တယ်

သီချင်းလေးကို မကြားရတာ ကြာပါပြီ။ ကျွန်တော်တို့နှစ်ယောက်က အိမ်မှာ ရေဒီယို အမြဲဖွင့်လို့သာ အပြေးအလွှား ကြားလိုက်ရတာ။ ဒါတောင် ဒီသီချင်းလာတဲ့ညက အချိန်က အလျင်မမီတော့ဘူး။ ကိုးနာရီ ထိုးနေလို့ တီကနဲဖြတ်သလို ဖြစ်သွားပုံ ရသည်။

♫ မိန်းခလေးတိုင်းရဲ့အသည်းမှာ × × × ချစ်လာမိခဲ့ရင်

ပါတကယ် × × × မေတ္တာအသိနဲ့ ယှဉ်ကာရယ် × × ×

သစ္စာမရှိတဲ့ × × × ညဉ်ကလေးများကို တွေးလို့

ကြောက်ကြတယ့် တသက်သာအမြဲ × × × မျက်နှာများ

တတ်သူပါကွယ် × × × ရင်မှာ စွဲငြိတိုးဝင်တယ် ×××

ဆွဲငင်ရစ်ပတ် မိတယ် ××× သံယောဇဉ်ဖြတ်ဖို့ခက်

တယ်ကွယ် × × × ♫

သံယောဇဉ်ကို ကြောက်လို့တော့ မဟုတ်ပါဘူး။

တစ်ကမ္ဘာ တစ်ဘဝတွေမှာ ရှင်ကွဲ ရှင်ကွာတွေဟာ သံယောဇဉ် တရားခံလို့လည်း မဆိုလိုချင်တော့ပါဘူး။ ကိုယ်က တစ်ခါ အခွဲခံရဖူးတော့ တစ်သက်နီးနီး ခံစားရသည်။ အခွဲခံရမှာစိုးလို့ ဒုတိယတစ်ခါ ကိုယ်ကစတင် ထွက်ပြေးခဲ့သည်။ ထိုအခါ တစ်ဖက်ကို ခွဲခဲ့သလို ဖြစ်သွားသည်။

အဲဒီဖြစ်ရပ်နှစ်ခုကို ဘာနဲ့တိုင်းမလဲ၊ ကျွန်တော်မသိပါ။

ဇော်ဇင်

BURMESE CLASSIC

www.burmeseclassic.com